
# မိုးကျော်သူ






ထုတ်ဝေသူ
ဦးကျော်ဝမ်း
မိုးကျော်သူစာပေ (၀၁၆၁၁)
၁၀၀ အေး၊ ဘောဂဒရီလမ်း၊ ဗဟန်

ပုံနှိပ်သူ
ဦးထွန်းအောင်လင်း
ဒေးလီဂေဇက်စာပုံနှိပ်တိုက် (၀၁၉
၁၀၁၊ ကျုံးကြီးလမ်း၊ ရန်ကုန်။



အကြိမ် ....ပထမအကြိမ်
အုပ်ရေ ... ၁၆၀၀
ထုတ်ဝေသည့်
ကာလ ....၁၉၈၅-ခု
မတ်လ
တန်ဘိုး .... ၂၅/-
မျက်နှာဖုံးပန်းချီ....ငြိမ်းအောင်
မျက်နှာဖုံးရိုက်....ဒေးလီဂေဇက်
ပုံနှိပ်တိုက်။

စာမူကိုတင်ခွင့်ပြုချက်အမှတ် (၁၄၀၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၅၇၄)





# မိုးကျော်သူ

## စွန် (၁၈)

အသစ်စက်စက်

လုံးချင်း

ဘာသာပြန် သိုင်းဝတ္ထု

F. 1.

# အခန်း၊ တစ်

# ကာယ် တင်ရှင်

## (၁)

စင်စစ် ခက်ဝါမြို့သည် မြို့ကြီးတမြို့မဟုတ်ပေ။

တောမြို့လေးတမြို့သာဖြစ်သည်။

သို့သော်....

ဈေးတည်ရှိရာမြို့လယ်ပိုင်းကား မြို့ကြီးတမြို့နှင့်မခြား စည်ကားလှ၏။

မိုးလင်းသည်နှင့် ဈေးရောင်းဈေးဝယ်သံများကကျက်ကျက်ညံ နေတတ်သည်။

လမ်းတလျှောက်လုံးတွင်လည်း လူများဖြင့် စည်ကားလျက်ရှိ၏ နရာ ယနေ့လည်း ပရွက်ဆိတ်အုံကို တုတ်နှင့်ထိုးသကဲ့သို့လှုပ်

လှုပ်ရှရှ ရှိနေလေသည်။

စက်ဝါမြို့၏ ဈေးလမ်းတလျှောက်သည် ခါတိုင်းကဲ့သို့ လူများဖြင့် စည်ကားလျက်ရှိနေသည်။

လူအုပ်ထဲတွင် ခမောက်ကို မျက်နှာတဝက်အထိ ဖုံးကွယ်လျက် ခပ်ငိုက်ငိုက်ဆောင်းထားသော အသက်ငါးဆယ်ကျော်အရွယ် လူကြီးတယောက်သည် စားသောက် ဆိုင်တန်းဘက်သို့ ဦးတည်သွားနေ၏။

ခမောက်အကွယ်အောက်မှ စူးရှသည့် မျက်လုံးအစုံကလည်း အရာရာကိုအကဲခတ်နေသည့်နှယ်။

ငြိမ်သက်မှုမရှိ။

* * *

တချိန်တည်းမှာပင်....

အသက် ဆယ့်သုံးနှစ်အရွယ် လူငယ်လေး တဦးသည်လည်း စားသောက်ဆိုင်တန်းထဲသို့ တလှမ်းချင်းဝင်လာသည်။

လူငယ်လေး၏ လမ်းလျှောက်ဟန်မှာ အင်အားမရှိသလို ချိနဲ့နေ၏။

ခြေလှမ်းများမမှန်ချင်။

ယိမ်းယိုင်လျက်ရှိသည်။

ဝတ်စားထားသည့်အဝတ်အစားများကလည်း အရောင်အ



ဆင်းမပေါ်။

ဟောင်းနွမ်းညစ်ထေးသည့်ပြင် စုတ်ပြတ်နေသည်။

မျက်လုံးအကြည့်ကလည်းမတည်ငြိမ်။

ကြီးကန်းတောင်းမှောက်၊ ပျာယီးပျာယာဖြစ်နေ၏။

* * *

လူစည်ကားသော စားသောက်ဆိုင်တဆိုင်ရှေ့တွင် လူငယ်လေးရပ်တန့်လိုက်သည်။

သူသည်ချိတ်ဆွဲထားသော အသားကင်များ၊ ဝက်အူချောင်းများကိုကြည့်ကာ နှုတ်ခမ်းကိုလျှာဖြင့်သပ်လိုက်သည်။

ထို့နောက်....

ဆိုင်ထဲသို့လှမ်းကြည့်သည်။

စားသောက်နေသူများကိုကြည့်ကာ တံတွေးမကြာခဏမျိုချနေရသည်။

ကြာတော့....အားမလိုအားမရဖြစ်လာဟန်တူသည်။

လူငယ်လေးသည် ဆိုင်ထဲသို့ မသိမသာလှမ်းဝင်၍ သွား၏။

မျက်လုံးကလည်း ဆိုင်အလုပ်သမားများ၏ လှုပ်ရှားမှုကို အကဲခတ်ကြည့်နေမိသည်။

အကွယ်တနေရာမှ မိမိ၏လှုပ်ရှားမှုကို တန်ပြန်အကဲခတ်နေသည့် ဆိုင်ရှင်အဘိုးကြီးကိုမူ လူငယ်လေးကသတိမထားမိပေ။

ထို့ကြောင့်....

လူလစ်ပြီအထင်နှင့် ဝက်အူချောင်းကိုဖြုတ်ကာနဲ ဆွဲယူလိုက်ပြီး ဆိုင်ထဲမှပြေးထွက်လိုက်သည်။

သို့သော်....

ဆိုင်အပြင်သို့မရောက်မီ သန်မာသော လက်ချောင်းများက လူငယ်လေး၏ ဂုတ်ကိုဖမ်းဆွဲထားလိုက်ပြီးဖြစ်နေသည်။

"လာခဲ့....သူခိုးလေး၊ မင်းကိုငါ အခြေအနေကြည့်နေတာ မင်းကိုကောင်းကောင်းဆုံးမရမယ်"

ဆိုင်ရှင်အဘိုးကြီး၏အသံကြောင့် အလုပ်သမားအချို့ပြေးလာကြသည်။

လူငယ်လေးသည် ဆိုင်ရှင်အဘိုးကြီးလက်မှ ရုန်းမထွက်နိုင်အောင်ဖြစ်နေသည်။

"ဟေ့ကောင်တွေ၊ ဒီသူခိုးလေးကို ဆုံးမလိုက်ကြစမ်း"

ဆိုင်ရှင်အဘိုးကြီးသည် အမိန့်ပေးယင်း လူငယ်လေးကို အလုပ်သမားများဆီသို့ တွန်းပို့လိုက်၏။

"ဖုန်း...."

"အမလေးဗျ"

အဘိုးကြီး၏အသံပင်မဆုံးသေး၊ ဆိုင်အလုပ်သမားတဦးက လူငယ်ကလေးကို ခြေဖြင့်ကန်လိုက်သည်။

လူငယ်လေးလဲကျသွားသည်။

"ဖုန်း....ဖုန်း....ဖုန်း"

"ကြောက်ပါပြီဗျ....အမလေးဗျ"

လူငယ်လေးပြန်မဆန်နိုင်မီမှာပင် အခြားအလုပ်သမား များ



ကလည်း တချက်စီကန်ကြပြန်သည်။

လူငယ်ကလေးမြေပေါ်တွင် သုံးလေးပတ်မျှ လိမ့်သွားလေသည်။

လူငယ်ကလေးသည် ကပျာကယာအားယူထကာ လက်နှစ်ဖက်ကာယှက်ပြီး သနားစဖွယ်တောင်းပန်ရှာသည်။

"မ....မလုပ်ပါနဲ့ဗျာ... ကြောက်ပါပြီ၊ ကျွန်.... ကျွန်တော်ဆာလွန်းလို့ ခိုး....ခိုးမိတာပါ"

"အေး....ခိုးလို့ရှိယင်အခုလိုခံရမှာပေါ့ကွ"

"ခွပ်..."

လူငယ်လေး တောင်းပန်နေသည့်ကြားမှပင် အလုပ်သမားတဦးက လက်သီးဖြင့်ထိုးလိုက်ပြန်သည်။

"အမလေးဗျာ"

"ဟား....ဟား....ဟား"

လူငယ်လေး၏နာကျင်စွာ အော်လိုက်သံကို ဆိုင်ရှင်အဘိုးကြီးနှင့် အခြားအလုပ်သမားများက သဘောကျစွာမယ်မောနေကြသည်။

"ဖုန်း..."

"အမလေးဗျ"

"ဟား....ဟား....ဟား"

မြင်ကွင်းကား တဖြည်းဖြည်းနှင့် အရုပ်ဆိုးအကျည်းတန်၍ လာပေပြီ။

ဝိုင်းဝန်းကြည့်နေကြသည့် ဈေးဝယ်သူများကလည်း လူငယ်လေးကိုပြေးမထွက်သာအောင် ပိတ်ဆို့ထားသကဲ့သို့ဖြစ်၍

နေလေသည်။

လူငယ်လေး၏မျက်နှာမှာလည်း ဖူးရောင်၍ ညှိုမည်းနေပေပြီ။

နှုတ်ခမ်းမှလည်း သွေးများယိုစီးကျနေသည်။

သို့သော်....

ဆိုင်ရှင်အဘိုးကြီးနှင့် အလုပ်သမားများမှာ အားရကျေနပ်ပုံ မရသေးပေ။

အလုပ်သမားတဦးက ဝက်အူချောင်းတတွဲကို လူငယ်လေးရှေ့ပြကာ....

"ရော့....ယူလေကွာ"

လူငယ်လေး လှမ်းယူလိုက်သည်။

လူငယ်လေး၏လက် ဝက်အူချောင်းဆီမရောက်မီ ကျန်အလုပ်သမားတဦးက ခြေဖြင့် ကန်လိုက်ပြန်သည်။

ထို့နောက် သဘောကျစွာ ရယ်ကြ၏။

ထိုစဉ်....

လူအုပ်ကို ဖယ်ရှားကာ ခမောက်ဆောင်းထားသည့် လူကြီးတိုးဝှေ့ဝင်လာ၏။

* * *

"ဟေ့....ရပ်လိုက်ကြစမ်း"

ခမောက်ဆောင်းထားသည့် အဘိုးကြီး၏ လေသံက ခြသေ့်



တကောင် ဟိန်းဟောက်လိုက်သည့်ပမာ ဆိုင်တဆိုင်လုံးကို ငြိမ်ကျ သွားစေသည်။

အဘိုးကြီး၏ အသံကြောင့် ရယ်နေကြသော ဆိုင်အလုပ်သမားများ ဆက်၍ မရယ်နိုင်ကြတော့ချေ။

အဘိုးကြီးဘက်သို့ လှည့်ကြည့်ကြသည်။

အဘိုးကြီး၏ စူးရှသောအကြည့်ကို ခံနိုင်ပုံမပေါ်၊ မျက်လွှာလေးများ ချကာ နောက်သို့ သုံးလေးလှမ်းမျှ ဆုတ်ခွာသွားကြ၏။

အဘိုးကြီးသည် မကျေနပ်သော အကြည့်ဖြင့် ကြည့်ယင်း....

"လူမမယ်လေးတယောက်ကို ဒီလောက်ထိ နှိပ်စက်နေတာတော့ မသင့်တော်ဘူးထင်တယ်"

အဘိုးကြီးစကားကြောင့် ဆိုင်ရှင်လူကြီး မျက်ခုံးများ ပင့်တက် သွားကာ....

"ခင်ဗျားက ဘာသိလို့လဲ ဒီကောင်လေးက သူခိုးလေးဗျ၊ ကျုပ်ဆိုင်က ဝက်အူချောင်းကိုခိုးတဲ့ သူခိုးလေးဗျ"

"ဒါပေမယ့်....ခင်ဗျားတို့ပစ္စည်းပါမသွားဘူး မဟုတ်လား"

"ကျုပ်လျင်လို့ မပါတာပေါ့၊ ကျုပ်သာ သတိမထားမိသင်ပါသွားပြီ"

ဆိုင်ရှင်လူကြီးက ဝင့်ကြွားစွာ ပြန်ပြောလိုက်၏။

"ဘယ်လိုပဲ ဖြစ်ဖြစ်လေ၊ ကလေးသူငယ် တယောက်ကို ဒီလောက်နှိပ်စက်တာတော့ လူစိတ်မဲ့ရာ ကျလွန်းပါတယ်၊ ခများလဲ ဆာလွန်းလို့ ခိုးတာနေမှာပေါ့"

ခမောက်ဆောင်း အဘိုးကြီးက အေးဆေးတည်ငြိမ်စွာ ပြန်

ပြောသည်။

ဆိုင်ရှင်လူကြီးက နှာခေါင်းရှုံ့လိုက်ပြီး....

"နေစမ်းပါဦး....ခင်ဗျားက သူခိုးလေးဘက်က ဒီလောက်ထိနာနေရအောင် ခင်ဗျားက သူခိုးလေးနဲ့ ဘာတော်နေလို့လဲ....သူခိုးလေးရဲ့အဖေလား"

ဆိုင်ရှင်လူကြီး၏စကားကြောင့် ဘေးမှလူများ ပြုံးသွားကြသည်။

ဆိုင်အလုပ်သမားများကလည်း ရှေ့သို့ ပြန်တိုးလာကြ၏။

"ကျုပ်ကလေးရဲ့အဖေမဟုတ်ဘူး၊ ကျုပ်က မတရားတာကိုကြည့်မနေတတ်လို့ ခင်ဗျားတို့ကို ဟန့်တားနေရတာ"

"ဩော်....ဒါဆို ခင်ဗျားက သူခိုးလေးကို သနားနေတာပေါ့"

"ဟုတ်တယ်"

"သူခိုးလေးကို သနားတယ်ဆိုတော့ ကေန္တ ခင်ဗျားလဲ သူခိုးကြီး ဖြစ်နေလို့နဲ့တူတယ်"

"ဟား....ဟား....ဟား"

ဆိုင်ရှင်လူကြီးက ကိုယ့်စကားကိုယ် သဘောကျစွာဟန်ဖြင့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

ဆိုင်အလုပ်သမားများကလည်း ဝိုင်း၍ ရယ်ကြပြန်သည်။

သို့သော်....

ခမောက်ဆောင်းထားသည့် လူကြီးကား စိတ်ဆိုးဟန်လုံးဝမပြ။

တည်ငြိမ်အေးဆေးစွာပင် ပြန်ပြောလိုက်သည်။



"မဆိုးဘူး... မင်းမဆိုးဘူး၊ မင်းပြောတာ နီးစပ်တယ်၊ ဒါပေမယ့် ငါဟာ မင်းတို့ဘင်သလို သူခိုးကြီးဘော့မဟုတ်ဘူး၊ သူခိုးကြီးထက် ကြောက်စရာကောင်းတဲ့ကောင်ပဲ"

အဘိုးကြီး၏စကားကြောင့် ဆိုင်ရှင်လူကြီး မျက်လုံးပြူးသွားကာ ...

"ဒါ....ဒါဖြင့်....ခင်ဗျားက"

ကြောက်ကြောက်လန့်လန့်ဖြင့် ပြန်မေးလိုက်သည်။

"ငါဘယ်သူလဲ သိချင်သလား....ဒီမှာကြည့်"

ခမောက်ဆောင်းလူကြီးသည် စကားဆုံးသည်နှင့် ဆောင်းထားသော ခမောက်ကို ချွတ်ပြလိုက်၏။

ဆိုင်အလုပ်သမားများနှင့် ဝိုင်းကြည့်နေကြသော လူများဘေးသို့ ရှဲသွားကြသည်။

ဆိုင်ရှင်လူကြီး၏ မျက်နှာလည်း ဖြူဖပ်ဖြူရော်ဖြစ်သွားကာ ထစ်ထစ်ငေါ့ငေါ့ဖြင့်....

"ခင်....ခင်ဗျား"

* * *

ကျွန်....ကျွန်တော်....ဆ....ဆရာမှန်း မသိလို့ပါ၊ ဟို....ကျွန်တော် ပြောမှားဆိုမှား ဖြစ်မိတာကို ခွင့်....ခွင့်လွှတ်ပါနော်ဆရာ"

ဆိုင်ရှင်လူကြီးသည် အဘိုးကြီး၏ ခြေထောက်နားတွင် ဒူးထောက် ထိုင်လျက် အသနားခံသော လေသံဖြင့် တောင်းပန်နေ၏။

ဆိုင်ထောင့်တနေရာတွင် ပုန်းကွယ်ကာ ကပ်ကပ်ကလေး ဆိုင်နေသော လူငယ်လေးသည် ဆိုင်ရှင်အဘိုးကြီးကို နားမလည်နိုင်စွာဖြင့် ငေးကြည့်နေမိလေသည်။

"အေး....ဒီတခါ ခွင့်လွှတ်လိုက်မယ်၊ နောက်ကို ဒီလို နိုင်ထက်ကလူ အပြုအမူမျိုး မလုပ်ပါနဲ့"

"ဟုတ်....ဟုတ်ကဲ့ပါဆရာ"

"ခိုးတယ်ဆိုးတယ်ဆိုတာ မရှိလို့ကွ....ကိုယ့်မှာ ရှိယင် ဘယ်သူ့ပစ္စည်းမှ မခိုးဘူး....ခု....ဒီကလေးလဲ စားစရာမရှိလို့ ဆာလဲဆာလို့ သူ့ဝမ်းပူဆာ မနေသာလို့"

"ဟုတ်....ဟုတ်ပါတယ်ဆရာ....ကျွန်....ကျွန်တော့် မှားသွားပါတယ်"

အဘိုးကြီး၏စကားမဆုံးခင် ဆိုင်ရှင်ကကြားဖြတ်၍ တောင်းပန်သည်။

"ကောင်းပြီ....အခု....ဒီကလေးကို စားစရာတွေ ထုပ်ပေးလိုက်"

အဘိုးကြီးက အမိန့်ပေးလိုက်၏။

ဆိုင်ရှင်လူကြီးကဲ ......

"ဟုတ်ကဲ့ပါဆရာ၊ ဟုတ်ကဲ့.......ဟုတ်ကဲ့"

ဆိုင်ရှင်သည် ဆိုင်တွင်းဝင်ကာ စားစရာများကို ထုတ်ယူလေသည်။



အဘိုးကြီးလည်း လူငယ်လေးနား ချဉ်းကပ်သွား၏။

လူငယ်လေးမှာ အကြောက်ပြေးသေးဟန် မတူပေ။

အဘိုးကြီးကို မျက်လုံးပြူးကြည့်ကာ နောက်သို့ တရွေ့ရွေ့ဆုတ်သွား၏။

"မကြောက်ပါနဲ့ကလေးရယ်၊ မင်းကို ငါရန်မလုပ်ပါဘူး၊ မင်းဗိုက်ဆိပ်ဆာနေတယ် မဟုတ်လား"

လူငယ်လေးက ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ခေါင်းညိတ်လိုက်သည်။

ဆိုင်ရှင်လူကြီးက အဘိုးကြီးလက်သို့ စားစရာအထုပ်များ ပေးယင်း မျက်နှာချိုသွေးသည်။

"ကောင်းပြီ"

မျက်နှာထားတည်တည်ဖြင့် ပြောလိုက်၏။

ထို့နောက်....

လူငယ်ကလေးလက်ကိုဆွဲကာ....

"လာ... သွားကြမယ်၊ ငါ့နောက်ကိုလိုက်ခဲ့"

လူငယ်လေးသည် စဉ်းစားခြင်းပင် မပြုတော့ပဲ၊ အဘိုးကြီးခေါ်ရာနောက်လုံ ကောက်ကောက်ပါအောင် လိုက်သွားလေတော့သည်။

* * *

(၂)

လူစည်ကားသော ဈေးလမ်းကလေးမှ ခမောက်ဆောင်းထားသော အဘိုးကြီးသည် လူငယ်လေးလက်ကိုဆွဲကာ ကျောနိုင်း ထွက်ခွာလာခဲ့၏။

အကယ်၍သာ... စားသောက်ဆိုင် ဘက်သို့ ပြန်လှည့်ကြည့်မည် ဆိုပါက ဆိုင်ရှင်လူကြီးသည် မကျေနပ်သော မျက်နှာထားဖြင့် ဆိုင်အလုပ်သမားများအား ကြိမ်းမောင်းနေသည်ကို တွေ့မြင်ရမည် ဖြစ်လေသည်။

* * *

(၃)

သစ်တောအုပ်အတွင်းရှိ စမ်းချောင်းကလေး၏ ရေစီးသံသည် ဂီတသံနှယ် သာယာလှသည်။

စမ်းရေစီးသံနှင့်အတူ ကျေးငှက်သာရကာများ၏ မာဂဓ တေးသံများကိုလည်း နှစ်လိုဖွယ် ကြားနေရလေသည်။

စမ်းချောင်းလေး၏ တဘက်တွင် ငါးမျှားနေသူတချို့ကို မြင်ရသည်။

အေးချမ်းသာယာသော နေရာလေးတနေရာ ဖြစ်သဖြင့် ခရီးသွားဧည့်သည်တိုင်း အနားယူစရာ နေရာလေး တခုနှယ် ဖြစ်နေလေသည်။



ခမောက်ဆောင်း အဘိုးအိုသည် စမ်းချောင်းဘေးရှိ သစ်ပင် အရိပ်အောက်၌ ထိုင်ချလိုက်၏။

ခမောက်ကိုလည်း ချွတ်လိုက်သည်။

"ကဲ...ကလေး ဒီစမ်းလေးထဲမှာ ရေချိုးလိုက်၊ ပြီးယင် ဝယ်လာတဲ့ အဝတ်အစားတွေလဲပြီး အစာစားကြရအောင်"

အဘိုးအိုသည် မိမိနံဘေးမှ လူငယ်လေး၏ တင်ပါးကို ပုတ်ယင်း ပြောလိုက်သည်။

လူငယ်လေး၏ မျက်နှာ ရွှင်ပျသွား၏။

ညစ်ပေ စုတ်ပြတ်နေသော အဝတ်အစားများကို ချွတ်ပြီး စမ်းချောင်းလေးထဲ ပြေးဆင်းသွားလေတော့သည်။

* * *

လူငယ်လေး စမ်းချောင်းထဲမှ ပြန်တက်လာ၏။

ညစ်ပေနွမ်းလျှမှုအားလုံး ပျောက်ပျက်လွင့်ပြယ် သွားဟန်တူသည်။

လူငယ်လေး၏ အသွင်အပြင်သည် ရွှင်လန်းတက်ကြွလျက် ရှိနေ၏။

ကြည်နူးပျော်ရွှင်သွားပုံရသည်။

မျက်နှာက ရွှင်လန်းလျက်....

အဘိုးကြီးသည် လူငယ်လေးကို အဝတ်အစားသစ်များ

လဲပေးလိုက်သည်။

မျက်နှာဝိုင်းဝိုင်းလေး၌ အညိုအမည်းများ စွဲထင်လျက်ရှိနေသေး၏။

သို့သော်..

ရုပ်ရည်သန့်ပြန့်ခြင်းကိုကား ဖုံးကွယ်၍မရပေ။

မျက်ခုံးမွှေးများကထူ၍ မည်းနက်ပြီး နှုတ်ခမ်းကလည်း ပါးလျားသည်ဖြစ်ရာ၊ စဉ်းစားဉာဏ် အမြော်အမြင်ရှိ၍ တိကျပြတ်သား ထက်မြက်မည့်လူငယ်လေး ဖြစ်ကြောင်း အဘိုးအိုအကဲခတ်မိသည်။

"ကဲ....ရော့....စားလိုက်အုံး"

အဘိုးအိုသည် စားစရာများကို ချပေးယင်း ပြောလိုက်သည်။

* * *

စားစရာများ တခဏအတွင်း ကုန်သွား၏။

အဘိုးအိုသည် လူငယ်လေး အားရပါးရ စားသောက်နေပုံကို ကြည့်ကာ ပြုံးနေသည်။

လူငယ်လေးသည် စားစရာများ ကုန်သွားပြီဖြစ်၍ အဘိုးအိုကို မော့ကြည့်သည်။

ဗိုက်ဝနေပုံရ၏။



ဗိုက်ကို ပွတ်သပ်လျက် ပြုံးနေသည်၊

လူငယ်လေးကို ကြည့်ကာ အဘိုးအို သက်ပြင်းတချက်ချသည်။

ဆုံးဖြတ်ချက်တရပ်ကိုလည်း ခိုင်မာစွာ ချမှတ်လိုက်၏။

သူ၏ဆုံးဖြတ်ချက်မှာ လူငယ်လေး၏ဘဝကို အသေအချာ စစ်ဆေးမေးမြန်းရန်ဖြစ်သည်။

အကယ်၍ မိဘမရှိ၊ ခိုကိုးရာမဲ့ အစစ်အမှန်ဖြစ်ပါက မွေးစားလိုက်ရန်လည်း ဆုံးဖြတ်ထားသည်။

လူငယ်လေးကို ပြုံး၍ကြည့်ပြီး....

"မင်းနာမည်ဘယ်လိုခေါ်သလဲကွ"

လူငယ်လေးက အဘိုးအိုကို မော့ကြည့်သည်။

စူးစမ်းသလို မော့ကြည့်လိုက်ခြင်းဖြစ်သည်။

အဘိုးအိုက ပြုံးပြလိုက်သည်။

"မကြောက်ပါနဲ့ကွ၊ မင်းနဲ့ငါဟာ မိတ်ဆွေ ဖြစ်သွားကြပြီပဲ၊ ကဲ....ပြောပါဦးမင်းနာမည်"

"ရှောင်မော်"

လူငယ်လေးကပြုံးလျက်ဖြေသည်။

"မင်းရဲ့အဖေနဲ့အမေတွေရော ဘယ်မှာနေကြသလဲ"

အဘိုးအို၏အမေးကြောင့် လူငယ်လေး၏မျက်နှာမှာ ညှိုးကျသွားလေလည်း။

"ပြောလေကွာ၊ မင်းအဖေနဲ့အမေ ဘယ်သူလဲလို့ သိတယ်မဟုတ်လား"

အဘိုးအိုက လူငယ်လေး၏ပခုံးကို အသာအယာပုတ်ယင်း

ထပ်မေးသည်။

လူငယ်လေး၏နှုတ်ခမ်းသည် တဖြည်းဖြည်းလှုပ်လာ၏။

"အဖေရောအမေပါသေသွားကြပြီ"

လူငယ်လေး၏အသံသည် တုန်ယင်အက်ကွဲနေသည်။

အဘိုးအိုမျက်မှောင်ကုပ်သွားသည်။

"ဒါဖြင့် မင်းမှာ အစ်ကိုအစ်မတွေရောမရှိဘူးလား"

"မရှိဘူး"

"မင်းရဲ့အိမ်ကဘယ်မှာလဲ"

"ဟိုး....အဝေးကြီးမှာ"

"မင်းပြန်တတ်ပါ့မလား"

"ပြန်တတ်တယ်၊ ဒါပေမယ့်...."

"ဘာဖြစ်သလဲ"

"ကျွန်တော်မပြန်ရဲဘူး"

"ဟေ...."

အဘိုးအို မျက်ခုံးပင့်တက်သွားသည်။

"ဘာဖြစ်လို့မပြန်ရဲတာလဲကွ"

"ပြန်လာယင်သတ်ပစ်မယ်တဲ့"

"ဘယ်သူကပြောတာလဲ"

"အိမ်ရှင်အဘိုးကြီး ဦးလေးကြီးလီက ပြောတာပါ"

အဘိုးအိုသက်ပြင်းချလိုက်မိသည်။

ရှောင်မော်ဆိုသော လူငယ်လေးသည် ဆင်းရဲနွမ်းပါးသော မိဘမှပေါက်ဖွားလာပြီး၊ မိဘများ ကွယ်လွန်သည်နှင့် အိမ်ရှင်က နှင်ထုတ်ခြင်းခံလိုက်ရသော ကလေးပါလားဟု နား



လည်လိုက်လေသည်။

"ဒီလိုဆို မင်းအခုဘယ်ဆက်သွားမလဲ"

ရှောင်မော်မဖြေနိုင်ပေ။

တွေတွေလေးငေးကြည့်နေသည်။

"မင်းငါနဲ့လိုက်နေမလား"

အဘိုးအို၏စကားကြောင့် ရှောင်မော် ရုတ်တရက်မော့၍ ကြည့်လိုက်လေသည်။

အဘိုးအို၏စကားသည် ရေနစ်သူတဦး ကောက်ရိုးတမျှင် တွေ့ရသည့်ပမာ လူငယ်လေးအား အားတက်သွားစေသည်။

"တကယ်ခေါ်သွားမှာလားဟင်"

"မင်းသာလိုက်ယင်တကယ်ခေါ်မှာပေါ့"

"ဒါဆိုကျွန်တော်လိုက်မယ်ဗျာ"

အဘိုးအိုက ရှောင်မော်အားဖက်၍ပွေ့လိုက်ပြီး....

"ငါဘယ်သူဘယ်ဝါဆိုတာ မင်းမေးဖို့မေ့နေသလား၊ မင်း ငါနဲ့လိုက်ယင် ငါဘယ်သူဆိုတာ သိဖို့လိုတာပေါ့"

"ဒါဖြင့်ခင်ဗျားကဘယ်သူလဲ"

အဘိုးအိုက အသံထွက်အောင်ရယ်မောလိုက်ပြီးမှ....

"ငါ့နာမည် မောက်ဝမ်း၊ တောကြောင်ကြီးမောက်ဝမ်း"

* * *

တောကြောင်ကြီး....တောကြောင်ကြီး"

ရှောင်မော်က ရေရွတ်မိသည်။

"ဟုတ်တယ်....ငါဟာတောကြောင်ကြီးပဲ၊ ငါ့မှာတပည့်တွေလဲအများကြီးရှိတယ်၊ ဒီနယ်တဝိုက်မှာ ငါ့ကို တော်တော်များများသိကြတယ်၊ မင်း....ငါနဲ့လိုက်ရဲပါ့မလား"

ရှောင်မော်က ရုတ်တရက်မဖြေ။

စဉ်းစားနေပုံရသည်။

"ငါ့လိုလူနောက်လိုက်ယင် မင်းကိုလဲဘယ်သူမှနှိပ်စက်အနိုင်ကျင့်ရဲမှာ မဟုတ်တော့ဘူး"

"ဘာဖြစ်လို့လဲ"

"ငါ့ကိုကြောက်ကြလို့ပေါ့ကွာ...... ဟား....ဟား"

သဘောကျစွာ ရယ်လိုက်သည်။

ရှောင်မော်ကလည်း မောက်ဝမ်းနှင့်အတူရယ်လိုက်မိလေ၏။

"ဘယ်လိုလဲ....မင်း။ ငါနဲ့လိုက်မလား"

"လိုက်မယ်"

ရှောင်မော် ပြတ်သားစွာပြောလိုက်သည်။

"ငါလိုတောကြောင်ကြီးနဲ့လိုက်ယင် မင်းလဲ တောကြောင်လေးဖြစ်မှာ မတွေးမိဘူးလား"

"တွေးမိပါတတ်၊ ဒါပေမယ်.......ခင်ဗျားကို လူတိုင်းကကြောက်ရသလို ကျွန်တော့ကိုလဲ ကြောက်ကြမှာပဲ၊ ဒါဆိုယင်ကျွန်တော့ကို ဘယ်သူမှအနိုင်မကျင့်ရဲတော့ဘူး"

"ကြိုက်သွားပြီ ...ဟား....ဟား....ဟား"

မောက်ဝမ်းသည် အားရကျေနပ်စွာ ရယ်မော ပြောဆိုပြီး ရှောင်မော်၏ဦးခေါင်းကိုအသာအယာ ပွတ်သပ်လိုက်လေသည်။

* * *



(၄)

"မင်" မင်းဆက်အုပ်စိုးသောအချိန်ကာလဖြစ်သည်။

တရုတ်ပြည်တွင်းရှိ မြေယာပိုင်ဆိုင်မှုပြဿနာနှင့် လယ်သမား ဆင်းရဲသားများ အခွန်ပို၍၊ ဆင်းရဲပင်ပန်းမှုပြဿနာတို့ကြောင့် နိုင်ငံတွင်း၌ ပုန်ကန်ထကြွမှုများ ရှိလာသည်။

ထို့အပြင်.......

မွန်ဂိုလီးယားမှ မန်ချူးများကလည်း လူသူလက်နက်အင်အား အမြောက်အမြားဖြင့် တရုတ်ပြည်တွင်းသို့ ကျူးကျော်၍နယ်ချဲ့လျက်ရှိနေသည်။

နယ်ချဲ့စစ်ပွဲများတွင် နှစ်ဦးနှစ်ဘက်ရာချီ၍ သေဆုံးကြရသော်လည်း၊ တရုတ်ပြည်၏နယ်မြေတစိတ်တဒေသသည်မန်ချူးတို့လက်အောက်သို့ ကျရောက်ခဲ့ရသည်၊

ထို့ကြောင့်လည်း....

မန်ချူးတို့သည် စိတ်ဓာတ်တက်ကြွလာကာ တရုတ်တပြည်လုံး သိမ်းပိုက်ရန် တာစူခဲ့ကြတော့သည်။

ထိုသို့သောအချိန်တွင်....

တရုတ်နိုင်ငံတွင်းရှိ မန်ချူးများနှင့်ဆက်သွယ်ကာနိုင်ငံတော်၏ လျှို့ဝှက်ချက်များကို ရောင်းစားကြသည့် တိုင်းပြည်သစ္စာဖောက်များသည်လည်းကောင်း၊ နန်းတော်တွင်း ဝင်ရောက်ကာစစ်သတင်းများကို ထောက်လှမ်းနေကြသည့် သူလျှိုများသည်လည်းကောင်း၊ ဘယ်သူသေသေ ငတေမာပြီးရောဆိုသည့် တ

ကိုယ်ကောင်းသမားများသည်လည်းကောင်းနေရာအနှံ့ကျက်စားလျက်ရှိရာ အချင်းချင်းပင် သတိထားနေရသော ကာလဆိုးကြီးဖြစ်၏။

သို့သော်...

တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးသည့် သိုင်းပညာရှင်များ၊ လူငယ်များက နယ်ချဲ့မန်ချူးတို့နှင့် သစ္စာဖောက် အလိုတော်ရိများကို ပြောက်ကျားနည်းဖြင့်စစ်ဆင်၍ တိုက်ခိုက်ခုခံလျက်ရှိနေသေးသည်။

အရေးကြီးလျှင် သွေးနီးကြရမည်မဟုတ်ပါလား။

* * *

မျိုးချစ်သိုင်းသမားများသည် မိမိတို့၏ အစွမ်းဖြင့် မန်ချူးအလိုတော်ရိများကို တိုက်ခိုက်သုတ်သင်ခဲ့ကြ၏။

ခံယူချက်တူညီသည့် သိုင်းသမားချင်းစုပေါင်းကာ ဂိုဏ်းအဖွဲ့များဖွဲ့ပြီး နယ်ချဲ့များကို တိုက်ခိုက်ခဲ့ကြသည်။

နန်းတော်တွင်းဝင်ရောက်ကာ စစ်သတင်း ထောက်လှမ်းနေကြသော သူလျှိုများကိုလည်း စုံစမ်းဖမ်းဆီးပြီး၊ဘုရင့်ရှေ့မှောက်အရောက်ပို့ကာ ပြစ်ဒဏ်ပေးစေခဲ့၏။

နိုင်ငံတွင်း၌ ထိုကဲ့သို့ အခြေအနေရှုပ်ထွေးနေစဉ်....

သိုင်းလောက၌'တောကြောင်'သည် အစွမ်းထက်သည့် ဂိုဏ်းတဂိုဏ်းအဖြစ် ကျော်ကြားခဲ့၏။



တောမီးလောင် တောကြောင် လက်ခမောင်းခတ် ဆိုသောစကားရှိ၏။

သို့သော်....

တောကြောင်ဂိုဏ်းသားများကား ထိုသို့မဟုတ် တိုက်ပြည်မငြိမ်မသက် ဖြစ်နေမှုအပေါ် အခွင့်ကောင်းယူ ကိုယ်ကျိုးရှာသည့် တောကြောင်များမဟုတ်ချေ။

မန်းချူးတို့ကို တိုက်ခိုက်ရာ၌ လည်းကောင်း....

အလိုတော်ရိများကို သုတ်သင်ရာ၌သည်းကောင်း....

အစွမ်းထက်၍ တောကြောင်ပမာ လျင်မြန်ဖျတ်လတ် ပေါပါးသောကြောင့်တောကြောင်ဟု အမည်ပေးထားခြင်းဖြစ်၏။

တောကြောင်ဂိုဏ်းသည် မန်ချူးအလိုတော်ရိတို့၏ အာရုံစူးစိုက်ခြင်းခံရသော အဖွဲ့အအစည်းဟုဆိုပါကမမှားချေ။

တောကြောင်အဖွဲ့သည်...

ဆင်းရဲသားလယ်သမားများအပေါ် ဂုတ်သွေးစုပ် အမြတ်ထုတ်ကြသည့် ဝိသမလောဘသမားများနှင့် နယ်ချဲ့မန်ချူးတို့၏ မျက်နှာသာပေးခြင်းခံရရေးအတွက် ကိုယ့်အမျိုးကို ရောင်းစားကြသောအလိုတော်ရိ သစ္စာဖောက်များကို သိုင်းပညာစွမ်းဖြင့်တိုက်ခိုက်ရာ၌ တနေ့တခြားနာမည်ကြီးလာခဲ့၏။

တောကြောင်အဖွဲ့၏ ခေါင်းဆောင်မှာ 'မောက်ဝမ်း'ဆိုသူဖြစ်လေသည်။

* * *

မောက်ဝမ်းဦးဆောင်သည့် တောကြောင်ဂိုဏ်း၏ လှုပ်ရှားမှုကို ဘုရင်မင်းမြတ်၏ အမှုထမ်းများက ကြည့်၍မရကြပေ။

သိုင်းပညာအားကိုးဖြင့် ကိုယ်ထင်ရာ ကိုယ်စိုင်းနေကြသူများဟုယူဆကြ၏။

သို့သော်လည်း........

တိုင်းပြည်မငြိမ်မသက်ဖြစ်နေချိန်တွင် တဘက်တလမ်းမှအကူအညီရသေးသည်ဟု သတ်မှတ်ကာ မျက်စိမှိတ်လျက် မမြင်ဟန်ဆောင်ကာ လက်ပိုက်ကြည့်နေရခြင်းဖြစ်သည်။

* * *

(၅)

အချိန်နှင့်ဒီရေသည် လူကိုစောင့်ဆိုင်းတတ်သော အရာမဟုတ်ချေ။

သူ့ခရီးသူဆက်၍သွားယင်း ရာသီစက်ဝိုင်းကို လှည့်ပတ်နေတတ်သည်သာဖြစ်၏။

နွေမှသည်မိုး...

မိုးမှသည်ဆောင်း....

ဆောင်းမှသည်နွေ....



မဆုံးနိုင်သောရာသီ သံသရာကို အမြဲမပြတ် လှည့်ပတ်ရွှေ့လျားစေသည်။

ထို့ကြောင့်လည်း...

လူသားတိုင်းသည်၊ အချိန်နှင့်အမျှ လှုပ်ရှားယင်း ဘဝ အမျိုးမျိုးကို ကျင်လည်နေကြရသည်။

အချိန်ပြောင်းလဲသည်နှင့်အမျှ ဘဝသည်လည်း ပြောင်းလဲခဲ့ကြရ၏။

မှန်ပါသည်။....

ယခုဆိုလျှင်....

'ရှောင်မော်'အမည်ရှိ လူငယ် ကလေးသည် တောကြောင်ကြီးမောက်ဝမ်းနှင့်အတူ နေထိုင် လာခဲ့သည်မှာ ငါးနှစ်ပင်ရှိသွားခဲ့ပြီ။

ထိုငါးနှစ်အတွင်းရှောင်မော်ဘဝသည်လည်းပြောင်းလဲခဲ့၏။

အတွေ့အကြုံများကို တွေ့ကြုံခဲ့ရသည်။

သိုင်းမညာရပ်ကိုလည်း အချိန်နှင့်အမျှ သင်ကြားလေ့ကျင့်ခဲ့ရသည်ဖြစ်ရာ သိုင်းလောကဌ် ရှောင်မော်၏အမည်သတင်းသည် ထင်ရှားခဲ့ရပြီဖြစ်သည်။

ငါးနှစ်ကာလအတွင်းတွင်........

ရှောင်မော်သည် များစွာပြောင်းလဲခဲ့လေသည်။

မိဘမဲ့၊ အခြေအနေမဲ့ အနှိမ်ခံ လူငယ်ကလေး ရှောင်မော်မဟုတ်တော့။

တောကြောင်ဂိုဏ်း၏ခေါင်းဆောင်တောကြောင်ရှောင်မော်ဖြစ်ခဲ့ပေပြီ။

ရှောင်မော်ဘဝ၊ ရှောင်မော်အခြေအနေသည် အချိန်ကာလအလိုက် ပြောင်းလဲခဲ့သော်လည်း မပြောင်းလဲသော အရာတခုကားရှိနေခဲ့သည်။

ထိုအရာကား....

တိုင်းပြည်၏အခြေအနေပင်ဖြစ်သည်။

မှန်ပါသည်။....

တိုင်းပြည်၏အခြေအနေသည် မန်ချူး နယ်ချဲ့ရန်မှ မလွတ်မြောက်နိုင်သေးသကဲ့သို့ မန်းချူး အလိုတော်ရိ များကလည်း တိုင်းပြည်နေရာအနှံ့နေရာယူ ကျက်စားနေဆဲပင်ဖြစ်သည်။

* * *

အခန်း နှစ်

## မျိုးချစ်လူငယ်

(၁)

ခက်ဝါမြို့ ၏ဈေးတည်ရာအရပ်ကား ပြောင်းလဲမှုမရှိပဲ စည်ကားမြဲစည်ကားလျက်ရှိနေသည်။

မနက်လင်းသည်နှင့် ဈေးရောင်း ဈေးဝယ်တို့၏ အသံများဖြင့် ကျွက်ကျွက်ညံနေ၏။

ဈေးလမ်းတလျှောက်တွင်လည်း ဈေးသွားဈေးပြန်များဖြင့် ရှုပ်ယှက်ခတ်နေလေသည်။

ပျားပန်းခတ်မျှ ရှုပ်ထွေးနေသော လူအုပ်ကြားတွင် လူရွယ်တဦး ဈေးလမ်းအတိုင်း လမ်းလျှောက်လာသည်။

သူသည်အပြာရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး၊ ခမောက်

ကို မျက်နှာကွယ်အောင် ဆောင်းထားသည်။

သူ၏ခြေလှမ်းသည် စားသောက်ဆိုင်တန်းဘက်သို့ ဦးတည်နေသည်။

လူရှယ်ကိုသတိထားမိသူ လူတချို့က ဘေးဖယ် ပေးကြသည်။

လူတချို့ကလည်း လူရှယ်ကို စူးစမ်းသော အကြည့်ဖြင့်ကြသည်။

သို့သော်....

လူရှယ်ကားမည်သူ့ကိုမျှ ဂရုမစိုက်၊ သူ့လမ်းသူဆက်လျှောက်သွား၏။

လူစည်ကားသော စားသောက်ဆိုင် တဆိုင် ရှေ့သို့ရောက်သော် လူရှယ်၏ ခြေလှမ်းအစုံသည် ရပ်တန့်သွား၏။

ပြီးနောက်...

လူရှယ်သည်ဆိုင်အတွင်းသို့ ကြည့်လိုက်၏။

စားသောက်သူများ စည်ကားလျက်ရှိသည်။

လူရှယ်သည် သက်ပြင်းတချက်ချလိုက်သည်။

ထို့နောက်....

ပတ်ဝန်းကျင်ကို အကဲခတ်သောအကြည့်ဖြင့် တချက်ကြည့်လိုက်ပြီး၊ ဆိုင်အတွင်းသို့ တလှမ်းချင်း လှမ်းဝင်သွားသည်။

ထောင့်စားပွဲတွင် နေရာယူဝင်ထိုင်လိုက်၏။

ခမောက်အကွယ်အောက်မှ စူးရှတောက်ပသော မျက်လုံးအစုံသည် ဆိုင်အတွင်းရှိလူများကို အကဲခတ် ကြည့်ရှုလျက်ရှိသည်။



ခဏကြာသော်....

လူရှယ်၏အကြည့်သည် ဆိုင်အတွင်းဘက် စားပွဲတွင်ထိုင်နေသော ပန်းနုရောင်ဖဲအင်္ကျီဝတ်ဆင်ထားသည့် မိန်းကလေးထံသို့ရောက်ရှိသွား၏။

ပန်းနုရောင်မိန်းကလေးသည် လူရှယ်ကိုတွေ့သည်နှင့် မျက်နှာပျက်သွားသည်။

မိန်းကလေး၏ ပြောင်းလဲသွားသော မျက်နှာထားကြောင့် လူရှယ်မျက်ခုံးတွန့်သွားသည်။

ထိုစဉ်....

ပန်းနုရောင် မိန်းကလေးသည် ထိုင်ရာမှထပြီး လူရှယ်ထံလျှောက်လာ၏။

လူရှယ်အနီးရောက်သည်နှင့်ဘေး ဗယ်ညာသို့အကဲခတ်ကြည့်လိုက်ပြီး၊ စာရွက်ခေါက်လေး တခုကို အမှတ်မထင် ထိုးထည့်ပြီး ခြေလှမ်းကိုမရပ်ပဲ ဆိုင်ပေါက်ဝသို့ တဆက်တည်းလျှောက်သွားလေသည်။

ထိုမိန်းကလေး ဆိုင်ပြင်သို့ရောက်ရှိသွားသည့်အခါမှ....

လူရှယ်သည် စာရွက်ခေါက်ကလေးကို မသိမသာ ဖြန့်ဖတ်လိုက်သည်။

"ဒီဆိုင်က အမြန်ဆုံးထွက်သွားပါ....
မုန်ချူးအလိုတော်ရိတွေ အဝင်အထွက် သိပ်များနေတယ်။
သတိထား....အန္တရာယ်...."

လူရှယ် မျက်ခုံးပင့်တက်သွား၏။

သူ့စိတ်ထဲတွင် အန္တရာယ်အငွေ့အသက်များ လွှမ်းခြုံလာသလို ခံစားလိုက်ရသည်။

သည်ဆိုင်တွင်း၌ တာရှည်မနေသင့်တော့ဟု လူရွှယ်ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့်....

လူရွှယ်သည် ထိုင်ရာမှ ထလိုက်သည်။

ထိုစဉ်....

ခေါင်းရှည်တချောင်း လွယ်ထားသော နှုတ်ခမ်းမွေးနှင့် လူထွားကြီးတယောက် ဆိုင်ထဲဝင်လာသည်။

လူထွားကြီး၏နောက်တွင် အနီရောင် ဝတ်ဆင်ထားသော လူရွှယ်တယောက်ပါလာသည်။

အပြာရောင် လူရွှယ်သည် ခမောက်ကို အောက်ငိုက်ကျအောင်ဆွဲချလိုက်ပြီး ဆိုင်တွင်းမှ လျင်မြန်စွာ ထွက်လာခဲ့၏။

လူထွားကြီးနှင့် အနီရောင်လူရွှယ်သည်၊ နံဘေးမှ ဖြတ်ထွက်သွားသော အပြာရောင်လူရွှယ်ကို ကြည့်လိုက်မိသည်။

လူထွားကြီးကစုံတရာကို စဉ်းစားမိပုံရပြီး၊ မျက်မှောင်ကုပ်သွား၏။

ထို့နောက်....

အနီရောင်လူရွှယ်နား တိုးကပ်ကာ တီးတိုး ပြောလိုက်သည်။

"မင်းသားလေး....အဲဒါ တောကြောင် ရှောင်မော်နဲ့တူတယ်"

အနီရောင်လူရွှယ်၏ မျက်နှာသည် ရုတ်တရက် တင်းမာသွား၏။

ကျွင် ၈၅ ၉၀
ဒဂုံစာ(၁၃၈) ဖြ သင်း



"သူ့နောက်ကိုလိုက်စမ်း ရောင်ပေါင်း"

ရောင်ပေါင်းအမည်ရှိ လူထွားကြီး ဆိုင်ပြင်သို့ ပြေးထွက်လိုက်သည်။

လူအုပ်ထဲတွင် ဘေး ဗယ်ညာ လိုက်ကြည့်သည်။

ခမောက်ဆောင်း လူရွှယ်ဖြစ်သည့်တောကြောင် ရှောင်မော်ကို မတွေ့ရတော့ပေ။

မြေလျှိုးသွားလေသလား၊ မိုးပေါ်ပဲ ပျံသွားလေရော့သလားမသိ၊ ရှောင်မော်၏ အရိပ်အရောင်ကိုမျှပင်၊ မတွေ့ရတော့ချေ။

* * *

နေအပူရှိန်ကား ပြင်းပြလွန်းလှ၏။

သစ်ပင် ပန်းမာလ်များသည် နေအပူရှိန်ကြောင့် စိမ်းလန်းစိုပြည်မှုမရှိနိုင်ကြတော့၊ ညှိုးနွမ်းခြောက်သွေ့နေကြ၏။

သစ်ပင်အိုကြီးများလည်း အရွက်အခက်များ ဝေဆာမှုမရှိတော့၊ အရိုးပြိုင်းပြိုင်းဖြစ်နေကြပြီ။

စမ်းချောင်း ငလေးတွင်လည်း သာယာသော ရေစီးသံကို မကြားရတော့၊ ခမ်းခြောက်လုနီး အခြေအနေဖြစ်နေသည်။

ရှောင်မော်သည် စမ်းချောင်းနံဘေးရှိ သစ်ပင်ကြီးအောက်တွင်စိတ်လွတ်ကိုယ်လွတ် ထိုင်ချလိုက်ပြီး၊ ခမောက်ကို ချွတ်ကာ

ယပ်ခတ်နေသည်။

ထို့နောက် ......

မျက်နှာပေါ်မှ ချွေးများကို သပ်ချလိုက်ယင်း၊ သက်ပြင်းတချက်မှုတ်ထုတ်လိုက်၏။

"တောကြောင် ရှောင်မော်" ဟူသောအမည်သည်၊ မန်ချူးဘက်တော်သားများ၏ ပါးစပ်တွင် ပြောစမှတ် ဖြစ်လာသည်ထိ သူ့သတင်းက ပြန့်နေသည်။

ပြန့်သည့် သတင်းကလည်း ကောင်းသော သတင်းမဟုတ်၊ သွေးနံ့ရသည့်သတင်း။

မှန်သည်။

တောကြောင် ရှောင်မော်သည်၊မန်းချူးတို့အတွက်အန္တရာယ်ကောင်း၊ ဆူးငြောင့်ခလုတ်။ ထို့ကြောင့်လည်း သူတို့သည် ရှောင်မော်၏ခေါင်းကို အလိုရှိနေကြသည်။

ရှောင်မော်သွေးဖြင့် ခြေဆေးချင်ကြသည်။

သို့သော်....

ရှောင်မော်ကလျင်သည်။ လှုပ်ရှားမှုမြန်ဆန်သည်။

ကိုယ့်အန္တရာယ်ကို အမြဲသတိထားသည်။

စင်စစ်....

ခက်ဝါမြို့သို့ ရှောင်မော်မလာချင်။

ခက်ဝါတွင် မန်ချူးတို့ ခြေရှုပ်နေကြသည်ကိုလည်းသိ၏။

သို့သော်....

ချစ်သူ ပြောင်ပြောင်၏မျက်နှာကို တွေ့မြင်ချင်လှန်းသဖြင့် အရဲစွန့်လာခဲ့ခြင်းဖြစ်သည်။



တခါတခါတော့လည်း ရှောင်မော် တောကြောင်ဘဝကို စွန့်ခွာလိုက်ချင်စိတ်ဝင်လာသည်။

ရှောင်မော်အဝသည်၊ သိုင်းလောက၌ နာမည်ကြီးသည်နှင့်အမျှ ကိုယ့်အသက်ကိုအမြဲစိုးရိမ်နေရသည်။

အသွားအလာလွတ်လပ်မှုမရှိ။

အရာရာကို သံသယ အကြည့်ဖြင့်သာ ကြည့်ရတော့သည်။

ကိုယ်စားသည့်အစားအသောက်တွင် အဆိပ်ခတ်မှာကိုလည်း တွေးပူရသဖြင့် ဆာကိုင်းမစားရဲသည့်ဘဝ။

ငယ်သားများနှင့် အတူနေသည့်အခါတွင်လည်း စိတ်မချရဲ။ ကိုယ့်အနားတွင်ထိုင်ပြီး ကိုယ့်ကိုလုပ်ကြံ သတ်ဖြတ်သွားမည်ကိုလည်း တွေးတောစိုးရိမ်ရသည်။

'ဗိုလ်'ဖြစ်ချင်စိတ်ကြောင့်၊ကိုယ့်ဆရာကို လုပ်ကြံကာဗိုလ်လုပ်ကြသည့် သတင်းများကလည်း သိုင်းလောကတွင် မကြာခဏ ကြားနေရသည်မဟုတ်ပါလား။

ထိုအကြောင်းများကိုတွေးမိလေတိုင် ရှောင်မော်သည် သိုင်းလောကမှလည်းကောင်း၊ တောကြောင်ဂိုဏ်းမှ လည်းကောင်း၊ ထွက်ခွာသွားချင်စိတ်ပေါ်လာခဲ့သည်မှာ အခါခါဖြစ်၏။

သို့သော်....

တကယ်တမ်းတွင် မထွက်ခွာဖြစ်....။

မွေးစားဖခင် တောကြောင်ကြီး မောက်ဝမ်း၏ မျက်နှာကိုငဲ့နေရသည်မဟုတ်ပါလား။

* * *

ရှောင်မော်သည် စမ်းချောင်းလေးကို စိုက်ကြည့်နေမိသည်။ ငါးနှစ်ကာလမှ အတိတ်ဖြစ်ရပ်ကလေးကို မမေ့နိုင်သေး။

စမ်းချောင်းလေးတွင် ရေဆင်းချိုးခဲ့ပုံ...။

တောကြောင်ကြီးမောက်ဝမ်က အဝတ်အစားသစ်များဝတ်ဆင်ပေးခဲ့ပုံ။

စားသောက်စရာများကို ကျွေးမွေးခဲ့ပုံ။

ရှောင်မော်၏အတွေးအာရုံတွင် မွေးစားဖခင်မောက်ဝမ်း၏ မျက်နှာကို ပြန်၍မြင်ယောက်လာ၏။

ထို့ပြင်....

ဖခင်ဖြစ်သူ မောက်ဝမ်းသည်၊ သူ၏ ဇာတိတောရွာလေးတွင် မည်သို့နေထိုင်လေမည်နည်း။

နေမှကောင်းပါလေစ။ စိတ်မှချမ်းသာပါစ....ဟူသော အတွေးများဝင်ရောက်လာကာ မောက်ဝမ်းကို သတိတရရှိလာပြန်သည်။

စင်စစ်....

တောကြောင်ကြီး မောက်ဝမ်း၊ သိုင်းလောကမှ အနားယူသွားသည်မှာ တနှစ်ကျော်ခဲ့ပေပြီ။

သို့သော်.......

ရှောင်မော်၏စိတ်ထဲတွင်မူ မနေ့တနေ့ကနှယ် ခံစားရ၏။ ထိုနေ့လေးကိုလည်း ရှောင်မော်မေ့၍မရနိုင်ပေ။

* * *



(၂)

တောအုပ်ကလေးတအုပ်အတွင်းရှိ တဲရှေ့ကွက်လပ်တွင် မီးခိုရောင်ဝတ်စုံဝတ်ဆင်ထားကြသည့် သိုင်းသမားများ ငြိမ်သက်စွာထိုင်နေကြသည်။

သူတို့၏မျက်နှာသည် ညှိုးနွမ်းနေကြ၏။

တဦးတယောက်မျှ ရွှေ့ပြောင်းခြင်းမရှိ အားလုံးငြိမ်သက် တိတ်ဆိတ်နေကြသည်။

လေငြိမ်နေသဖြင့်....

သစ်ရွက်ကလေးများ၏ လှုပ်ရှားသံကိုပင် မကြားရချေ။

အရာရာသည် သက်မဲ့ပန်းချီကားတချပ်ကဲ့သို့ ငြိမ်သက်တိတ်ဆိတ်နေလေသည်။

တခါတရံအဝေးဆီမှ ပျံလွင့်လာသော ဥသြငှက်ကလေး၏ တွန်ကျူးသံသည် လွမ်းဆွတ်ကြေကွဲဖွယ်အဖြစ် သတ္တလောကအား လှုပ်ရှားသက်ဝင်ရှိစေလေသည်။

ထိုစဉ်....

တဲအိမ်တွင်းမှ အသက်ခြောက်ဆယ်အရွယ် အဘိုးကြီးတဦးနှင့် ဆယ့်ခုနစ်အရွယ် လူရွယ်လေးတယောက် လေးလံသောခြေလှမ်းဖြင့် တလှမ်းချင်းဆင်းသက်လာ၏။

သူတို့ကား တခြားသူများမဟုတ်ကြ။

တောကြောင်ကြီးမောက်ဝမ်းနှင့် တောကြောင်လေး ရှောင်မော်တို့ပင်ဖြစ်သည်။

မီးခိုးရောင်ဝတ်စုံ သိုင်းသမားများကား တောကြောင်ဂိုဏ်းသားများဖြစ်ကြသည်။

သူတို့အားလုံး ဦးညွှတ်လိုက်ကြလေသည်။

* * *

တောကြောင်ဂိုဏ်းသားများ ခေါင်းမော့လာကြသည်။

တဲအိမ်မှဆင်းလာသော မောက်ဝမ်းကိုကြည့်ကြ၏။

သူတို့၏အကြည့်သည် တက်ကြွမှုမရှိ။

ကွက်လပ်ရှေ့တွင် မောက်ဝမ်းရပ်လိုက်သည်။

ရှောင်မော်သည်၊ မောက်ဝမ်းဘေးတွင် ရပ်လျက်ရှိသည်။

မောက်ဝမ်း....ငယ်သားများကို ကြည့်လိုက်သည်။

ထို့နောက် သက်ပြင်းတချက်ချလိုက်ပြီး...

"တပည့်တို့...."

တည်ကြည်သော အသံဖြင့်ခေါ်လိုက်သည်။

ငယ်သားများသည် ဆက်ပြောလာမည့်စကားကို နားထောင်နေကြသည်။

"ဆရာလဲ မင်းတို့နဲ့ မခွဲချင်ပါဘူး၊ မင်းတို့နဲ့ လက်တွဲပြီး ဆက်လက်လှုပ်ရှားချင်ပါသေးတယ်၊ ဒါပေမယ့်....ဆရာ့မှာ အသက်ကကြီးလာတော့ စိတ်သွားတိုင်း ကိုယ်မပါ နိုင်တော့ဘူး၊ တဘက်ကလည်း 'အိုရန်ဂိုဏ်း" ဟာ ဆရာတို့ထက် အင်အားပိုတောင့်နေတယ်၊ အိုရန်လက်ချက်ကြောင့် ဆရာတို့ ဂိုဏ်းသားတွေလဲ တဝက်ကျော်ကျော်ကျဆုံးခဲ့ရပြီ၊ ဒါဟာလဲ ဒီလိုဖြစ်ရတာကလဲ ဆရာဟာ အသက်ကြီးလာပြီး၊ လှုပ်ရှားမှုမသွက်လက်တော့တဲ့အတွက်ကြောင့်လို့ဆိုယင် မမှားဘူး၊ ပြောရယင် ဆရာဟာ ဒီတောကြောင်ဂိုဏ်းကို ဖျက်လိုက်ချင်တာပဲ"



မောက်ဝမ်း၏စကားအဆုံးတွင် ငယ်သားများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။

မောက်ဝမ်း အံကြိတ်လိုက်ပြီး၊ ချောင်းတချက်ဟန့်လိုက်၏။

ငယ်သားများပြန်ငြိမ်သွားကြသည်။

ဒါပေမယ့်....ဆရာစဉ်းစားပါတယ်၊ အဲဒီလို ဖျက်လိုင်ယင် တကွဲတပြားစီဖြစ်သွားကြတဲ့ မင်းတို့ကို အိုရန်အဖွဲ့က တယောက်ချင်း လိုက်သတ်ပစ်မှာ စိုးရိမ်မိတယ်....ဒါကြောင့်"

မောက်ဝမ်းက စကားစကိုဖြတ်ပြီး ရှောင်မော်ကို တချက်ကြည့်လိုက်၏။

အတန်ကြာမှ....

"ဆရာ့ရဲ့ တောကြောင်ဂိုဏ်းကို မဖျက်တော့ပဲ၊ ဆရာ့ကိုယ်စား ဟောဒီက မင်းတို့ရဲ့ရှောင်မော်ကို ဆက်လက် အုပ်ချုပ်စေပြီး၊ မင်းတို့အယင်အတိုင်း ဆက်ပြီး လှုပ်ရှားကြဖို့ ဆရာအမိန့်ပေးတယ်၊ ဆရာကတော့ ဒီသိုင်းလောက ကနေ အနားယူပြီး၊ ဆရာ့ဇာတိတောရွာလေးမှာ သာမန်လူတယောက်ဘဝနဲ့ နေထိုင်သွားတော့မယ်"

မောက်ဝမ်းသည် စကားကို အဆုံးသတ်ပြီး သက်ပြင်းချလိုက်၏။

တောကြောင် ဂိုဏ်းသားများကား မောက်ဝမ်းဘေးမှ ရှောင်မော်ကိုကြည့်နေကြသည်။

ရှောင်မော်သည် တစုံတရာပြောရန်အတွက် ပါးစပ်ဟလိုက်သည်။

သို့သော်....

မပြောဖြစ်လိုက်....

မောက်ဝမ်းစကားသံကြောင့် ပါးစပ် ပြန်ပိတ်သွားရခြင်းဖြစ်သည်။

"ဆရာ့အမိန့်...... ဆရာစီစဉ်တာကို မကျေနပ်တာ ရှိကြသလား"

"မရှိပါဘူး....ဆရာကြီး"

ယယ်သားများ တက်ကြွစွာ အော်ဟစ်လိုက်ကြ၏။

"ကဲ... လူလေး ရှောင်မော်၊ ဒီကနေ့ကစပြီး၊ အဖေ တည်ထောင်ခဲ့တဲ့ တောကြောင်ဂိုဏ်းကို ဆက်ပြီး ထိန်းသိမ်းအုပ်ချုပ်သွားပါ၊ လူလေးဟာ ဖေဖေ့ရဲ့ကိုယ်ပွား တောကြောင် ရှောင်မော်......"

* * *

(၃)

ရုတ်တရက် ပေါ်လာသော ခြေသံကြောင့်၊ ရှောင်မော် အတွေးစပြတ်သွား၏။



ထို့နောက်....

ထိုင်ရာမှ ချက်ချင်းကိုယ်ဖော့ထရပ်ပြီး လေးငါးလှမ်း ခုန်ထွက်လိုက်၏။

တိုက်ခိုက်ရန် အသင့်အနေအထားဖြင့် ရပ်လိုက်ပြီး၊ အသံလာရာဘက်ကြည့်လိုက်သည်။

နောက်ပြန် လှည့်ကြည့်လှည့်ကြည့်နှင့် လျှောက်လှမ်းလာသော ပန်းနုရောင်မိန်းကလေးကို တွေ့လိုက်ရသည်။

"ဖြောင်ဖြောင်"

ရှောင်မော် ခေါ်လိုက်၏။

"အစ်ကို"

ဖြောင်ဖြောင် ပြေးလာသည်။

ထို့နောက်....

ပတ်ဝန်းကျင်ကို စိုးရိမ်သော အကြည့်ဖြင့် ကြည့်ယင်း....

"အစ်ကို့ကို စိတ်မချလို့ လိုက်ခဲ့တာ"

"အကြောင်းထူးသလား"

"အိုရှန် သခင်လေးနဲ့ သူ့တပည့် ရောင်ပေါင်းတို့ အစ်ကို့ကိုလိုက်ရှာနေကြတယ်၊ အစ်ကိုဒီဝန်းကျင်မှာ ကြာကြာမနေပါနဲ့"

ဖြောင်ဖြောင်က စိုးရိမ်ထိတ်လန့်သံဖြင့် သတိပေးသည်။

"အိုရှန်သခင်လေးက အစ်ကို့ကို ရုတ်တရက် မမှတ်မိပေမယ့်၊ ရောင်ပေါင်းက မှတ်မိသွားတယ်၊ ဆိုင်အပြင်ထွက်လိုက်ကြသေးတယ်၊ အစ်ကို့ကို မတွေ့တော့ ကျွန်မကို စစ်ဆေးကြတယ်"

"ဒီတော့....ညီမဘာပြောလိုက်သလဲ"

"သူတို့မေးသမျှ ညီမဘူးခံလိုက်တာပေါ့"

ရှောင်မော် သက်ပြင်းတချက်မှုတ်ထုတ်လိုက်ပြီး....

"ညီမလဲသတိထားပါ....အိုရန်တို့ ဖြောင်ဖြောင်ရဲ့ ဆိုင်လာတာအကြောင်းရှိပုံရတယ်"

"လောလောဆယ် အစ်ကို့အတွက် စိုးရိမ်ရတယ်၊ အိုရန်သခင်လေးက မကျေနပ်လို့ လူစုပြီး လိုက်ရှာနေကြတယ်၊အစ်ကို ဒီကသွားပါတော့"

ရှောင်မော် သက်ပြင်းချကာ....

"ကောင်းပြီလေ....ကျုပ်သွားမယ်"

ရှောင်မော်သည် ဖြောင်ဖြောင်အား မချင့်မရဲ တချက်စိုက်ကြည့်လိုက်ပြီးနောက်....ချာကနဲလှည့်ထွက်သွားလေသည်။

ဖြောင်ဖြောင်သည် ရှောင်မော် ထွက်ခွာသွားရာ ဘက်သို့ မျက်စိတဆုံးကြည့်နေမိသည်။

ရှောင်မော်၏ အတွင်းအားနှင့် ကိုယ်ဖော့ပညာကို လမ်းနံဘေးရှိသစ်ပင်လေးများက သက်သေပြလိုက်ကြသည်။

ရှောင်မော်သွားရာ လမ်းတလျှောက်တွင် ရှိသော သစ်ပင်လေးများ လေတိုက်တော်သည့်နှယ်၊ လှုပ်ရှား ယိမ်းယိုင်သွားကြ၏။

ဖြောင်ဖြောင်သည် ရှောင်မော်ပျောက်ကွယ် သွားသည်ထိ မျက်စိတဆုံးကြည့်နေရာမှ နောက်ပြန်လှည့်လိုက်သည်။

ဖြောင်ဖြောင် မျက်လုံးလေးများ ဝိုင်းစက်သွား၏။



အိုရန်သခင်လေးခေါင်းဆောင်သော အဖွဲ့သည်၊ သူမနှင့် မလှမ်းမကမ်းတွင် ရောက်နေကြပြီ မဟုတ်ပါလား။

* * *

(၄)

"အိုရန်သခင်လေး"

အိုရန်သည်၊ သာမန်လူတဦးမဟုတ်။

အိုရန်သည် ဆွေစဉ်မျိုးဆက် ချမ်းသာကြွယ်ဝသူတဦး။

ရုပ်လက္ခဏာကလည်းချောသည်။ သန့်သည်။ အနေအထိုင်လည်း တည်ကြည်သည်။

ဝတ်စားဆင်ယင်ရာ၌လည်း သပ်ရပ်စွာ ဝတ်ဆင်နေထိုင်တတ်သကဲ့သို့ ဉာဏ်ပညာအရာ၌လည်းထက်မြက်လှသည်။

ထို့ကြောင့်....

အိုရန်သည် မင်းပိုင်းစိုးပိုင်းအတွင်းထိ ဝင်ဆံ့၍ ပေါင်းသင်းဆက်ဆံရေး ကျယ်ပြန့်သူ တယောက်ဟု ဆိုရပေမည်။

အိုရန်၏ ဆွေမျိုးသားချင်းများကလည်း၊ အိုရန်နှယ် မင်းပိုင်းစိုးပိုင်းပေါက်ရောက်ကြသူများဖြစ်ရာအိုရန်၏ဘုန်းတန်ခိုးက ကြီးမားလှ၏။

တခုတော့ရှိသည်။

အိုရန်သည် သူသဘောကျနှစ်သက်သည့် မိန်းကလေးဆိုလျှင်

မရ ရအောင်ယူတတ်သော အကျင့်တရပ်ရှိ၏။

ထို့ကြောင့်လည်း...

အိုရန်သဘောကျသည့် မိန်းကလေးဆိုလျှင် မည်သူမျှ အိုရန်လက်မှ လွတ်သွားရိုးထုံးစံမရှိခဲ့ချေ....

အိုရန်အကြောင်းသိသူများကလည်း၊ အိုရန်နှင့် ပတ်သက်သော မိန်းကလေးဆိုလျှင် ဝေးဝေးက ရှောင်တတ် ကြသည်။

လူအများသည် အိုရန်ကို သဌေးလေးတယောက်အဖြစ်လည်းကောင်း၊ ရည်မွန်သူလူရွယ်လေးတယောက်အဖြစ်လည်း ထင်မှတ်ရလောက်အောင် အနေအထိုင်ပိုင်းတွင် အိုရန် ပိရိသေသပ်သည်။

သို့သော်....

မည်သူမျှ မစဉ်းစားမိသော....မည်သူမျှမသိသော အချက်တချက်ရှိသည်။

ထိုအချက်ကား....

အိုရန်သည် လက်စွမ်းထက်သော လူသတ်သမားတယောက်ဖြစ်ကြောင်း....

ထို့ပြင်....

* * *

အခန်း သုံး

## (၁)

ပတ်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်နေ၏။

ကြယ်ရောင်လရောင်လည်းမရှိသဖြင့် အမှောင်ထုက ကြီးစိုးထားပြန်သည်။

ထိုသို့ တိတ်ဆိတ်မှောင်မိုက်သော ကာလတွင် အမည်းရောင်အင်္ကျီ ဝတ်ထားသော လူတယောက်သည် ထဲအိမ်လေးတလုံး၏ မလှမ်းမကမ်းတွင် အခြေအနေအရပ်ရပ်ကို အကဲခတ်ကြည့်နေ၏။

အခြေအနေထူးခြားမှုမရှိကြောင်း စိတ်ချသွားပုံရသည်။

ထဲအိမ်လေးဆီးသို့ ပြေးကပ်သွားကာတံခါးဝတွင် ရပ်လိုက်သည်။

ထို့နောက်.......

ထဲတံခါးဝကို ခပ်ဖွဖွထုယင်း....

"ညီမလေး....ညီမလေး...."

ဟု အသံတိုးတိုးဖြင့် ခေါ်လိုက်သည်။

သို့သော်....

အထဲမှ တုံ့ပြန်သံပေါ်မလာပေ။

လူရှယ် ဆက်၍ခေါ်သည်။

"အာထန်....အာထန်....ညီမလေး"

အတန်ကြာခေါ်သည်အထိ အတွင်းမှ ထူးသံကထွက်မလာ။

လူရှယ်မျက်ခုံး တွန့်သွားသည်။

တစုံတရာကိုလည်း သံသယ ဝင်သွားပုံရသဖြင့်၊ တံခါးကို တွန်းဖွင့်လိုက်၏။

တံခါးဂျက်ထိုးမထားကြောင်းသိလိုက်ရ၏။

တံခါးပွင့်သွားသည်။

အခန်းတွင်း၌ကား မည်းမှောင်လျက်ရှိနေသည်။

လူရှယ်စိုးရိမ်သွားပုံရသည်။

"ညီမလေး....အာထန်"

စိုးရိမ်တကြီးခေါ်ယင်း အထဲဝင်လိုက်ရာ အရာဝတ္ထုတခုနှင့် တိုက်မိသွားရာ လဲမလိုဖြစ်သွား၏။

လူရှယ်စိတ်လှုပ်ရှားသွား၏။

လျင်မြန်စွာ မီးထွန်းညှိလိုက်သည်။

မီးအလင်းရောင် အောက်တွင် မြင်လိုက်ရသော မြင်ကွင်းကြောင့် လူရှယ်မျက်လုံးပြူးသွားသည်။

လွင်စာပေ
အမှတ်( ) ငှားရန် (၁၈) သင့်
တောင်ငူ



လူရှယ်တိုက်မိသောအရာကား အရာဝတ္ထုပစ္စည်းမဟုတ်။

ရင်ဝတွင် ဓားတန်းလန်းဖြင့် သေဆုံးနေသော မိန်းကလေး တဦး၏အလောင်းဖြစ်နေသည်။

မိန်းကလေး၏လက်ထဲတွင် စာရွက်ခေါက်လေးတရွက် ဆုပ်ကိုင်ထားသည်။

လူရှယ်အံကြိတ်လိုက်ပြီး၊ အလောင်းနား ဒူးထောက်ထိုင်ချလိုက်သည်။

"ညီမလေး....အဖြပ်ဆိုးလှချည်လား... ညီမရယ်"

လူရှယ်သည် အက်ကွဲသောအသံဖြင့် ရေရွတ်လိုက်၏။

ထို့နောက်....

မိန်းကလေးအလောင်းလက်ထဲမှ စာရွက်ကို ဆွဲယူဖတ်လိုက်သည်။

လူရှယ်၏ မျက်နှာထားသည် ကြေကွဲဝမ်းနည်းနေသော အသွင်မှ တဖြည်းဖြည်းတင်းမာလာ၏။

မျက်လုံးများကလည်း မီးတောက်ပမာနီရဲ တောက်ပလာ၏။

လူရှယ်သည် လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်လိုက်သည်။

"တောက်...."

နာကျည်းခံပြင်းစွာ တောက်တချက်ခေါက်လိုက်သည်။

ထို့နောက်........

အံကြိတ်ပြီး ကြိမ်းဝါးလိုက်ပြန်သည်။

"တွေ့ကြသေးတာပေါ့ အိုရန်ရယ်"

* * *

"ဒေါ်သကို ရွှေမထားရဘူး ချင့်ဝူ၊ ဒေါ်သရွှေထားယင် အမှားနဲ့ရင်ဆိုင်ရတတ်တယ်"

ရှောင်မော်သည်၊ သူ၏ရှေ့မှ အမည်းရောင်အင်္ကျီ ဝတ်ဆင်ထားသည့် ချင့်ဝူအမည်ရှိလူရွယ်ကို ဖျောင်းဖျနေသည်။

ချင့်ဝူကား ဒေါ်သမပြေနိုင်သေး။

လက်သီးဆုပ်လျက်...

"ဒီကောင် အိုရန်ကို ကျွန်တော် ဟောဒီလက်နဲ့ လက်စားချေမယ်အစ်ကို ရှောင်မော်...."

ချင့်ဝူသည် ဒေါ်သတကြီးဖြင့် လက်သီးကို မြှောက်ပြယင်း ကြုံးဝါးပြန်သည်။

ချင့်ဝူသည် လက်သီးကိုအားကိုးသူ။

သိုင်းလောကတွင်လည်း လက်မောင်းအားသန်၍ လက်သိုင်းနှင့် နာမည်ရထားသူတယောက်ဖြစ်သည်။

ချင့်ဝူ၏လက်သီးတချက်မိလိုက်သည်နှင့် လောကကြီးကို တဆက်တာ မေ့သွားနိုင်လောက်သည်။ ,

ရှောင်မော်သက်ပြင်းချလိုက်ပြီး....

"လက်စားချေတယ်ဆိုတာလွယ်ပါတယ် ချင့်ဝူ၊ ဒါပေမယ့် အချိန်အခါနဲ့အခြေအနေကို သုံးသပ်တတ်ရမယ်၊ အချိန်အခါ မရောက်သေးပဲနဲ့ လက်စားသွားချေယင် ကိုယ့်အတွက်ပါ ရန်များလာတတ်တယ်၊ အကောင်းဆုံးကတော့ဥပဒေနဲ့အညီ အရေးယူ အပြစ်ပေးနိုင်အောင် ကြိုးစားဖို့ပဲ"

ရှောင်မော်စကားတို ချင့်ဝူ နားဝင်ပုံမရ။



"အစ်ကိုရှောင်မော် စဉ်းစားကြည့်ဗျာ၊ ကျွန်တော့မှာ ဒီညီမလေး တယောက်တည်းရှိတာ၊ ဒီညီမလေးကိုလဲ သူ့ဘဝရွှေရေးစိတ်ချရအောင် ရိုးသားလိမ်မာတဲ့ ကျင့်တဆိုတဲ့ လက်သမားလေးနဲ့ပေးစားဖို့ စီစဉ်ထားတာ၊ ဒီကြားထဲက အိုရန်က ကျွန်... ကျွန်တော့ညီမကို...."

ပြောယင်းပြောယင်း ကြေကွဲလာပုံရ၏။

ချင့်ဝူ၏အသံသည် တုန်ယင်အက်ကွဲလာ၏။

စကားကိုပင် ဆုံးအောင် မပြောနိုင်ပဲ တိမ်ဝင်သွားသည်၊ ပြီးမှ စိတ်ကိုထိန်းပြီး စကားကိုဆက်သည်။

"ခုတော့....ကျွန်တော့ညီမလေးက သူ့အရှက်ကို အသက်နဲ့လဲသွားပြီ... ဒါဟာ ခွေးကောင် အိုရန့်ကြောင့်ဗျ၊ ဒီကောင့်ကို သတ်မယ်....လက်စားချေမယ်"

"သိပ်လဲ ဆန္ဒမစောပါနဲ့ကွာ"

ချင့်ဝူသည် ရှောင်မော်ကို စိုက်ကြည့်လိုက်သည်။

မျက်လုံးကား နီရဲနေ၏။

"ဒီကိစ္စမှာ မင်းကိုယ်စား ငါဝင်ရှင်းပေးပါ့မယ်"

ရှောင်မော်က နှစ်သိမ့်စကားပြောလိုက်သည်။

ထိုစဉ်....

အခန်းတွင်းသို့ ဝင်လာသောလူရိပ်ကြောင့်၊ ရှောင်မော် ကြည့်လိုက်၏။

ခက်ဝါရှိ ဖြောင်ဖြောင်ထံသို့ စေလွှတ်လိုက်သော ဂိုဏ်းသားတဦးဖြစ်နေသည်။

ဂိုဏ်းသား၏အမည်မှာ ကမ်းရှန်ဖြစ်၏။

ကမ်းရှန်မျက်နှာ မသာယာကြောင်းသတိပြုမိ၏။

"ဆိုစမ် ကမ်းရှန်....အကြောင်းထူးလာသလား"

ကမ်းရှန်ခေါင်းညိတ်ပြီး...

"ဖြောင်ဖြောင်ကိုတော့မတွေ့ဘော့ဘူး အစ်ကိုရှောင်မော်"

"ဒါဖြင့်... "

ရှောင်မော် စိတ်လှုပ်ရှားစွာမေးလိုက်၏။

"ဆိုင်ကအလုပ်သမားတယောက်ကိုတော့ အစ်ကိုရှောင်မော် လာယင်ပေးဖို့ဆိုပြီး ဒီစာပေးထားခဲ့တယ်တဲ့"

ကမ်းရှန်က အိတ်အတွင်းမှ စာကို ထုတ်ပေးယင်း ပြောလိုက်၏။

ရှောင်မော် စာရွက်ကိုလျင်မြန်စွာယူဖတ်လိုက်သည်။

> အစ်ကို....ဖြောင်ဖြောင်ကို လာပြီးမတွေ့ပါနဲ့တော့၊ ဖြောင်ဖြောင်ကိုရှာဖို့လဲ မကြိုးစားပါနဲ့၊ မေ့လိုက်ပါတော့....။
>
> ဖြောင်ဖြောင်

ရှောင်မော် အံကြိတ်လိုက်သည်။

ရင်ထဲဘွင်လည်း နာကျင်စွာခံစားလိုက်ရသည်။

မျက်နှာချင်းဆိုင်ရှိ ချင့်ဝူဘက်ကိုလှည့်ကြည့်လိုက်သည်။

လက်သီးဆုပ်လျက် စားပွဲကိုထုနေ၏။

ရှောင်မော်သည်း လက်သီးဆုပ်မိလျက်သားဖြစ်နေသည်။

* * *



(၂)

ကမ်းရှန်သည် ရှောင်မော်၏နံဘေးတွင် ရပ်လျက်ရှိသည်။

ရှောင်မော်သည်၊ ကမ်းရှန်အစီရင်ခံခဲ့သည့် သတင်းများကို စဉ်းစားနေဟန်တူ၏။

မျက်မှောင်ကုပ်ကာ ခေါင်းတဆတ်ဆတ်ညိတ်နေသည်။

ချင့်ဝူအပါအဝင် တောကြောင်ဂိုဏ်းသားများသည်၊ ရှောင်မော်ထံမှ ထွက်လာမည့်စကားကို နားစွင့်နေကြပုံရသည်။

အားလုံးတိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။

အတန်ကြာမှ...

ရှောင်မော်သည်၊ ကမ်းရှန်ဘက်လှည့်လိုက်ပြီး....

"မင်းစုံစမ်းခဲ့တဲ့သတင်းတွေဟာ အတိအကျပဲနော်"

စိတ်မချသည့်နှယ် ပြန်မေးလိုက်သည်။

"အတိအကျပါပဲ အစ်ကိုရှောင်မော်"

ကမ်းရှန် ကျိုးနွံစွာပြန်ဖြေသည်။

ရှောင်မော် လက်ဖျောက်တချက်တီးလိုက်ပြီး....

"ဒါဆိုယင် အစီအစဉ်စကြမယ်....ဟင့်ယင်နဲ့ တောကြောင်နံပါတ် ၁၄၊ ၁၅၊ ၁၇ က ငါနဲ့လိုက်ခဲ့၊ ကမ်းရှန်နဲ့ ကျန်တဲ့အဖွဲ့က ဆိပ်ကမ်းမှာစောင့်ကြည့် အခြေအနေကို အကဲခတ်ကြ၊ အားလုံး အသင့်စီစဉ်ထားကြ၊ မနက်သုံးနာရီ ခရီးစထွက်မယ်"

ရှောင်မော်၏ အမိန့်စကားအဆုံးတွင် အားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားကြ၏။

ရှောင်မော် ဦးဆောင်သည့် တောကြောင်များ လှုပ်ရှားကြပြန်ပြီ။

သူတို့ဘာလုပ်ကြမည်နည်း။

ဘယ်ကိုသွားကြမည်နည်း။

ဂျမ်းရှန် အစီရင်ခံခဲ့သော သတင်းသည်၊ မည်သည့်သတင်းနည်း။

မည်သို့ပင်ဖြစ်စေ....။

တောကြောင်များကား စိတ်တက်ကြွနေပုံရသည်။

တိုက်ပွဲသစ်ပွဲအစပြုရန် တာစူနေကြသည်တကား။

* * *

"ရှောက်ဖုန်း"

ရှောက်ဖုန်းသည် တရုတ်သဌေးတဦး ဖြစ်သည့်ပြင်၊ အခွင့်အရေးသမားတယောက်လည်းဖြစ်သည်။

သူသည်အခွင့်အရေးကို တွက်ချက်ရာတွင် လိမ္မာပါးနပ်လှ၏။

တစ်ကျပ်တန်ပစ္စည်းကို ဆယ်ဂဏန်းမှသည်၊ရာဂဏန်းရသည်အထိ ရောင်းချနိုင်ရန် ကြံစည်နိုင်စွမ်းရှိသည်။

ထို့ကြောင့်လည်း၊ သူသည် သုံးလေးနှစ်အတွင်း ငွေကြေးမရေတွက်နိုင်အောင် ချမ်းသာလာခဲ့သည်။

သူသည် အသက်အရွယ်အားဖြင့် လေးဆယ်ကျော် ဖြစ်သော်လည်း၊ သန်မာဖျတ်လတ်ဆဲ ရှိသေးသည်။



ထို့ပြင်....

ရုပ်ရည်ကလည်း မိန်းကလေးများ သဘောကျနိုင်သေးသည် ထိန်နုပျိုနေလျက် ရှိ၏။

သူသည် မည်သို့သောလုပ်ရှားဆောင်ရွက်မှုကြောင့် သုံးလေးနှစ် အတွင်း ချမ်းသာကြွယ်ဝခဲ့လေသနည်း။

မည်သူမျှ အဖြေရှာမရကြပေ။

သို့သော်.......

ယခုတော့ ထိုအဖြေကို သိရှိသွားသူ ပေါ်လာခဲ့ပြီ။

ထိုသူကား....

* * *

ကြီးကျယ်ခမ်းနားသော ရှောက်ဖုန်း၏ စာကြည့်ခန်းထဲသို့ လူရွယ်တယောက် ဝင်လာ၏။

လူရွယ်သည် အပြာရောင် ဖဲအင်္ကျီကို သေသပ်စွာ ဝတ်ဆင်ထား၏။

ရုပ်ရည်ကလည်း ခန့်ညားသည်ဖြစ်ရာ ကြွယ်ဝသူ တဦးဟု ထင်မှတ်ရသည်။

လူရွယ်သည် တလှမ်းချင်း လှမ်းဝင်လာ၏။

ရှောက်ဖုန်းက အသေအချာ စိုက်ကြည့်ပြီး...

"ကျုပ်ဆီကပစ္စည်းကို ဝယ်မယ်ဆိုတာ"

"ကျွန်တော်ပါပဲ"

လူရွယ်က တည်ငြိမ်သောအသံဖြင့် ပြောယင်း၊ ကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။

"ကျုပ်ဆီက ပစ္စည်းတွေက ဈေးကြီးတယ်ဆိုဘာကော...."

"သိပါတယ်၊ ခင်ဗျားစိတ်ကြိုက်ဈေးကို ကျွန်တော်ပေးနိုင်ပါတယ်"

လူရွယ်၏စကားကို ရှောက်ဖုန်းမယုံကြည်သော အကြည့်ဖြင့် ကြည့်လိုက်၏။

ရှောက်ဖုန်း၏ အကြည့်ကို လူရွယ်နားလည်ပုံရသည်။

လက်ထဲမှ လုံခြုံစွာ ပိတ်ထားသောအိတ်ကို စားပွဲပေါ်တင်ပြီး၊ ရှောက်ဖုန်းရှေ့သို့ တွန်းပို့ကာ....

"မယုံဘူးဆိုယင်၊ ခင်ဗျားအဲဒီအိတ်ထဲမှာကြည့်ပါ၊ ခင်ဗျားတောင်းတဲ့ဈေးကို ပေးနိုင်မပေးနိုင် နားလည်သွားပါလိမ့်မယ်"

လူရွယ်စကားအဆုံးတွင် ရှောက်ဖုန်းက လူရွယ်ပေးသောအိတ်ကိုယူပြီး ဖွင့်ကြည့်လိုက်၏။

အိတ်အတွင်းမှ ငွေသားများ တွေ့မြင်သွားပုံရသည်။

မျက်လုံးအစုံ ဝင်းလက်တောက်ပသွားပြီး၊ သွားများပေါ်သည်ထိ အားရကျေနပ်စွာ ပြုံးလိုက်သည်။

သို့သော်....

သူ၏အပြုံးသည် တာရှည်မခံလိုက်ပေ။

နှုတ်ခမ်းများမဲ့သွားကာ၊ မျက်လုံးအစုံမှာ ပြူးကျယ်သွားသည်။

ထို့နောက်....

မျက်လုံးများ တဖြည်းဖြည်း ပြန်သည်မှေးစင်းကာ စားပွဲပေါ်သို့ ခေါင်းငိုက်စိုက်ကျသွား၏။

လူရွယ်သည် အိတ်ကိုပြန်ယူကာ ပိတ်လိုက်သည်။

ထို့နောက်....

အောင့်ထားသောအသက်ကို တဝရှူလိုက်ပြီး....

"ခွင့်လွှတ်ပါ ရှောက်ဖုန်း၊ ဒီအိတ်ထဲမှာ အင်မတန် ပြင်းထန်တဲ့ မေ့ဆေးကို ထည့်ထားတယ်ဆိုတာ နောက် ခုနစ်နာရီလောက်ဆို နားလည်သွားမှာပါ"

ပြောပြီးသည်နှင့် အခန်းပြင်ထွက်ကာ လက်ခုပ်သုံးချက်တီးလိုက်၏။

နေရာအသီးသီးမှ ဖျတ်လတ်လျင်မြန်သော လူရွယ်များ ပေါ်ပေါ်ပါးစွာ ရောက်လာကြသည်။

"အပြင်ဘက်က အစောင့်တွေရဲ့ အခြေအနေက ဘယ်လိုလဲ ချင့်ဝူ"

လူရွယ်က မေးလိုက်သည်။

"ကျွန်တော်တို့အားလုံး ရှင်းပြီးပါပြီ အစ်ကိုရှောင်မော်"

"ကောင်းပြီ ဒါဆို ပစ္စည်းတွေအားလုံး သယ်ကြ"

ရှောင်မော်စကားအဆုံးတွင် တောကြောင်များ ရှောက်ဖုန်းအခန်းထဲသို့ အသီးသီးဝင်သွားကြ၏။

ထို့နောက်....

ပစ္စည်းများကို ရှာဖွေသယ်ဆောင်ကြသည်။

ထူးဆန်းသည်မှာ သူတို့သယ်ယူသောပစ္စည်းများသည် ရွှေငွေ ကျောက်မျက်ရတနာများ မဟုတ်ခြင်းပင်ဖြစ်၏။

သို့ဆိုလျှင်....

မည်သည့်ပစ္စည်းများ ဖြစ်ပါသနည်း။

* * *

(၃)

လဆန်းရက်ဖြစ်သည်။

ဆိပ်ကမ်းတွင် သမ္ဗန်များ ဆိုက်ကပ်ထားကြသည်။

ထိုဆိပ်ကမ်းသည် သမ္ဗန်များ ဆိုက်ကပ်ထား၍ သေးငယ်သော ဆိပ်ကမ်းတခု ထင်မှတ်ရ၏။

သို့သော်....

သေးငယ်သော ဆိပ်ကမ်းမဟုတ်ပေ။

ဆိပ်ကမ်းကြီး တခုဖြစ်၏။

မြစ်ပြင်ကို ဖြတ်သန်းလာသောလေသည် တဖြူးဖြူး တိုက်ခတ်နေလျက်ရှိသည်။

ရေပြင်ပေါ်သို့ လရောင်ဖြာဆင်းလျက်ရှိရာ လှပသော ညချမ်းချိန်ခါ ပန်းချီကားတချပ်နှယ် ထင်မှတ်ရသည်။

ဆိပ်ကမ်းပေါ်တွင် လူတယောက်သည်၊ ယပ်တောင်အဖြူ တချောင်းကိုင်လျက် တစုံတရာကို စောင့်ဆိုင်းနေပုံရသည်။

သူ၏မျက်လုံးသည် မြစ်ပြင်အဝေးတနေရာသို့ စူးစိုက်ကြည့်နေသည်။



မကြာမီ....

ထိုသူကြည့်နေသော အရပ်ဆီတွင် သမ္ဗန်တစင်းကို တွေ့လိုက်ရသည်။

သမ္ဗန်၏ လှုပ်ရှားနေပုံမှာလည်း ထိုလူစောင့်ဆိုင်းရာ ဆိပ်ကမ်းသို့ ဆိုက်ကပ်မည့်ပုံစံ။

ဆိပ်ကမ်းမှလူသည်၊ ကိုင်ထားသောအဖြူရောင် ယပ်တောင်ကို စတင်လှုပ်ရှားလိုက်သည်။

* * *

ဆိပ်ကမ်းပေါ်မှလူသည်၊ လေတဟူးဟူး တိုက်ခတ်နေသည့်ကြားက ယပ်တောင်အဖြူကြီးကို စည်းချက်ဝါးချက်ညီညီ လှုပ်ရှားယမ်း ယပ်ခတ်နေသည်။

ထူးခြားလှသော အပြုအမူတရပ်ပင် ဖြစ်သည်။

ယပ်တောင်အဖြူကလေးသည်၊ ဝှေ့ယမ်း လိုက်သည့်အခါတိုင်း လရောင်နှင့် ရောင်ပြန်ရိုက်ခတ်ကာ၊ ဖြတ်ကနဲဖြတ်ကနဲ လင်းလက်သွားသည်။

ဆိပ်ကမ်းပေါ်မှလူသည် ထိုသို့ဖြစ်စေရန် တမင်ပြုလုပ်နေခြင်းပင်ဖြစ်၏။

မြစ်တွင်းရှိ သမ္ဗန်ပေါ်မှ လူသည် ယပ်တောင် ဖြူကလေး ထလက်လက် ဖြစ်နေသည်ကို လှမ်းမြင်ရဟန်တူသည်။ ဆိပ်ကမ်းဆီသို့ ဦးတည်လှော်ခတ်လာ၏။

ကုန်းပေါ်တွင် မသက်ာစရာ အတားအဆီးမရှိကြောင်းနှင့် ဆိပ်ကမ်းသို့ ကပ်ရန်အချိန်ကျပြီ ဖြစ်ကြောင်း အချက်ပြနေပြီ မဟုတ်ပါလော။

ထို့ကြောင့်.......

သမ္ဗန်ကလေးသည် ဆိပ်ကမ်းဆီသို့ ဦးတည်လှော်ခတ်လာခြင်းပင်ဖြစ်တော့သည်။

* * *

ဆိပ်ကမ်းမှ အချက်ပြနေသူမှာ ကမ်းရှန်ဖြစ်သည်။

သမ္ဗန်ကိုလှော်ခတ်လာသူမှာ ရှောင်မော်ဖြစ်သည်။

ဆိပ်ကမ်းတွင် မသက်ာစရာ အတားအဆီးမရှိကြောင်းနှင့် သမ္ဗန်ပေါ်မှ ပစ္စည်းများ ဆိပ်ကမ်းပေါ်တင်ရန် အခွင့်အရေးကောင်းကြောင်း၊ ကမ်းရှန်က အချက်ပြသဖြင့် ဆိုက်ကပ်လာရခြင်းဖြစ်သည်။

သို့သော်...

ရှောင်မော်ကား စိတ်မချနိုင်သေးပေ။

စိတ်လှုပ်ရှားလျက်ပင် ရှိနေ၏။

သမ္ဗန်ပေါ်မှပစ္စည်းများကိုလည်း မျက်ခြည်မပြတ် စောင့်ကြည့်နေမိသည်။

ထိုပစ္စည်းများကို ရှေးဟောင်းပစ္စည်း စုဆောင်းလေ့ရှိသော တရုတ်အမျိုးသားတဦးထံ ရောင်းချရန် စီစဉ်ထားခဲ့ပြီး



ဖြစ်သည်။

အနှောင့်အယှက်မရှိရန် ဂရုစိုက်နေမိခြင်းဖြစ်လေသည်။

* * *

ရှေးဟောင်းပစ္စည်းများသည်တိုင်းပြည်တပြည်၏ ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည်။

ထိုပစ္စည်းများကို တိုင်းတပါးသို့ ရောင်းချခြင်းသည်၊ မိမိတိုင်းပြည်၏ ကျေးဇူးသစ္စာကို သွေဖည်ဆန့်ကျင်ခြင်းပင်ဖြစ်၏။

ရှောက်ဖုန်းသည် မိမိကိုယ်ကျိုးအတွက် ရှေးဟောင်းပစ္စည်းများကို ပြည်ပသို့ ခိုးထုတ်ရောင်းချနေသူဖြစ်သည်။

ထို့ကြောင့်....

တောကြောင် ရှောင်မော်သည် ရှောက်ဖုန်းထံမှ ရှေးဟောင်းပစ္စည်းများကို ခိုးထုတ်ယူလာခဲ့ခြင်းဖြစ်သည်။

ထိုပစ္စည်းများကို အမျိုးသားအမွေအနှစ်အဖြစ် စုဆောင်းနေသူမျိုးချစ်ပုဂ္ဂိုလ်တဦးထံ ပြန်လည်ရောင်းချရန် ရှောင်မော်စီစဉ်ခဲ့သည်။

ထို့ကြောင့်....

ယင်းပစ္စည်းများကို ရှောင်မော်ကိုယ်တိုင် သမ္ဗန်ဖြင့် သယ်ဆောင်လာခဲ့ခြင်းပင်ဖြစ်လေသည်။

* * *

သမ္ဗန်ပေါ်မှ ပစ္စည်းများ တင်ရန်အတွက် ဆိပ်ကမ်းတွင် မြင်းလှည်းတစီး ရပ်စောင့်နေသည်မှာ ကြာပြီ။

လှည်းဝန်းကျင်တွင် တောကြောင်ကိုအားသားများ ပတ်ဝန်းကျင်ကို အကဲခတ်သတိထားနေကြသည်။

သူခိုးလက်က လုမည့်သူဂွင်များမရှိဟု မည်သူပြောနိုင်မည်နည်း။

ထို့ကြောင့်....

အစစအရာရာ သတိထားနေကြခြင်းဖြစ်လေသည်။

(၄)

ရှောင်မော် သက်ပြင်းချလိုက်သည်။

သမ္ဗန်ပေါ်မှ ပစ္စည်းများကို မြင်းလှည်းပေါ်သို့ သေသပ်ပိရိစွာ တင်ဆောင်ပြီးပြီ။

တင်ပြီးသမျှပစ္စည်းများကို တဖန်စစ်ဆေးပြီးနောက်... ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ပြန်သည်။

မသင်္ကာစရာ လှုပ်ရှားမှု တစွန်းတစမျှ မတွေ့ရသေး။

ပတ်ဝန်းကျင်သည် ပကတိငြိမ်သက်နေဆဲဖြစ်၏။

ရှောင်မော်သည်မြင်းလှည်းပေါ်တက်ထိုင်လိုက်ပြီးနောက်...

"မောင်းတော့...."



အမိန့်ပေးလိုက်၏။

မြင်းလှည်းသည် ဆိပ်ကမ်းမှထွက်ခွာခဲ့တော့သည်။

ဆိပ်ကမ်းမှထွက်ခွာခဲ့ပြီး လမ်းကျယ်သို့ပင်မရောက်သေး။

လမ်းချိုးကွေ့ကကွေ့တွင် မြင်းလှည်း ရုတ်တရက် ရပ်သွားသည်။

"ဆရာ....ရှေ့မှာမြင်းလှည်းနှစ်စီး လမ်းပိတ်ရပ်ထားတယ်"

မြင်းလှည်းမောင်းသည့် ငယ်သားက ရှောင်မော်ကိုစိုးရိမ်တကြီးပြောလိုက်သည်။

ရှောင်မော်မျက်နှာပျက်သွားသည်။

ရုတ်တရက်ဆိုသလို...

ထိုင်ခုံအောက်မှ ဓါးတင်းကိုဆုပ်ကိုင်လိုက်မိလေသည်။

* * *

တဘက်မြင်းလှည်းပေါ်မှ လူများဆင်းလာကြသည်။

သူတို့၏ မျက်နှာထားများက တင်းမာ ခက်ထန်လျက်ရှိ၏။

သူတို့သည် လမ်းကိုဖြန့်ကာ တန်းစီရပ်လိုက်ကြသည်။ သူတို့၏အမူအရာကြောင့်....

ကမ်းရှန်သည် ဓါးဆွဲ၍ပြေးဆင်းသွားပြီး....

"လမ်းဖယ်ပေးကြပါ"

ကမ်းရှန်၏စကားကို တဘက်လူများက ရယ်စရာစကားနှယ် အောက်မေ့ပုံရသည်။

"ဟား... ဟား....ဟား"

သူတို့သည် ဟက်ဟက်ပက်ပက် ရယ်မောယင်း ကမ်းရှန်ကို သရော်သလို ဝိုင်းကြည့်လိုက်ကြသည်။

"ဒီလမ်းက မင်းဝယ်ထားတဲ့လမ်းလား"

"ဟား....ဟား....ဟား...."

တဘက်မှ မုတ်ဆိတ်မွေးနှင့်လူတယောက်ကပြောပြီးသဘော ကျစွာရယ်ပြန်သည်။

ကမ်းရှန်၏မျက်နှာ တင်းမာသွား၏။

ဓားကိုကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်ပြီး......

"ခင်ဗျားကရော....သင်းချိုင်းလာရှာတာလား"

ဟု ပြောပြီးသည်နှင့် မုတ်ဆိတ်မွေးနှင့်လူ၏ လည်ပင်းဆီသို့ ဓားကို ဇွေ့လိုက်သည်။

သို့သော်....

ကမ်းရှန်၏ဓားသည် မုတ်ဆိတ်မွေးနှင့် လူ၏ လည်ပင်းဆီသို့ ရောက်မသွားချေ။

မုတ်ဆိတ်မွေးနှင့်လူက လျှပ်တပြက် ရှောင်တိမ်းလိုက်ပြီး၊ ကမ်းရှန်၏ညာလက်မောင်းကို ဆုပ်ကိုင်လိုက်သည်။

"အား...."

ကမ်းရှန်၏လက်မှ ဓားလွတ်ကျသွားပြီး နာကျင်စွာ အော်လိုက်၏။

ရှောင်မော်မနေသာပြီ....

မြင်းလှည်းပေါ်မှဆင်းလိုက်ပြီး....

"ဟိတ်... လွှတ်လိုက်"



ရှောင်မော်အသံက ကျားဟိန်းသံနှယ် ထွက်ပေါ်လာသည်။

မုတ်ဆိတ်မွေးနှင့်လူသည်၊ ဆုပ်ကိုင်ထားသော ကမ်းရှန်၏ လက်ကိုလွှတ်လိုက်၏။

ကမ်းရှန်သည်၊ ညာလက်မောင်းကို ဗယ်လက်ဖြင့် ဆုပ်ကိုင် ယင်း၊ နာကျင်စွာ ညည်းနေသည်။

သူ၏ညာလက်ကျိုးသွားပြီဖြစ်ကြောင်း ရှောင်မော်သိရှိလိုက် သည်။

ရှောင်မော်သည် မျက်မှောင်တချက်ကုပ်ယင်း၊ မုတ်ဆိတ်မွေး နှင့်လူထံ လျှောက်လာခဲ့လေသည်။

* * *

"ခင်ဗျားတို့က ဘယ်ကလဲ....ဘာလို့....ခုလို လုပ်လိုက်ရတာ လဲ၊ အနှောင့်အယှက်မပေးပါနဲ့ဗျာ"

ရှောင်မော်က မုတ်ဆိတ်မွေးနှင့်လူကို ပြောလိုက်ရာ မုတ်ဆိတ် မွေးနှင့်လူက သဘောကျစွာရယ်မောလိုက်ပြီး....

"ဟုတ်တယ်....တို့ကလဲ မင်းတို့ကိုအနှောင့်အယှက်မပေးချင် ပါဘူး၊ ဒီတော့မင်းတို့အားလုံး ဒီနေရာကထွက်သွားကြ"

"ဒါဆို....လမ်းဖယ်ပေးပါ"

"လမ်းဖယ်ပေးဖို့ မလိုဘူး၊ တို့မြင်းလှည်းဘေးနားက ကပ် လျှောက်သွား"

"ကျွန်တော်တို့သွားမယ်ဆိုယင် မြင်းလှည်းပါ မောင်းသွား

ရမှာပဲ"

"မင်းတို့ကို လူပုံလွှတ်လိုက်တာ လှည်းမပါဘူး"

ရွှောင်မော် မျက်နှာပျက်သွား၏။

သို့သော်....

ချက်ချင်းပြင်လိုက်ပြီး....

"ကျွန်တော်တို့ အတွက် နည်းနည်းပါးပါးတော့ ချန်ထားသင့်တာပေါ့ဗျာ"

ရွှောင်မော်စကားကြောင့်၊ မုတ်ဆိတ်မွေးနှင့်လူကမျက်မှောင်ကုပ်လိုက်ပြီး....

"ဒါဆို....နည်းတနည်းတော့ရှိတယ်"

"ဘာနည်းလဲ...."

ရွှောင်မော်က ပြန်မေးသည်။

မုတ်ဆိတ်မွေးနှင့်လူက ချက်ချင်းအဖြေမပေးသေး။

လမ်းအလယ် ခြေတဘက်ကို ကားယားခွရပ်လိုက်ပြီး မထီမဲ့မြင် မျက်နှာထားဖြင့်ပြောလိုက်သည်။

"မင်းတို့အားလုံး....ငါ့ခြေနှစ်ဖက်ကြားက ထွက်သွားကြ"

မုတ်ဆိတ်မွေးနှင့် လူ၏ စကားအဆုံးတွင် ကျန်လူများက သဘောကျစွာရယ်မောကြသည်။

ရွှောင်မော်မျက်နှာတွင် စိတ်ဆိုးသည့်အမူအရာလုံးဝမရှိ။

သို့သော်...

ရဲတင်းကို မြဲမြဲဆုပ်ကိုင်လျက်....

"ကောင်းပြီ....ဒါဆို ကျွန်တော်ဝင်မယ်"

ဟု ပြတ်သားစွာပြောလိုက်သည်။



သို့သော်....

တကယ်တန်းတွင်၊ ရွှောင်မော်မဝင်ချေ။

ထို့အတူ........

မုတ်ဆိတ်မွေးနှင့်လူကလည်း တဟားဟားဖြင့်ရယ်မနေတော့ပေ၊ တိုက်ခိုက်ရန် အသင့်အနေအထား ပြင်ဆင်လိုက်သည်။

* * *

# အခန်း လေး

## အချစ်လည်းဆုံး၊ ပစ္စည်းလည်းပြုန်း

(၁)

တိတ်ဆိတ်သော ပတ်ဝန်းကျင်သည် လှုပ်ရှားသွားပြီ။

ဆိတ်ငြိမ်မှုမရှိတော့။

လမ်းချိုးကွေ့တွင် လူသံများ၊ အော်ဟစ်သံများ၊ ခေါ်သံများက ကမ္ဘာပျက်သည့်နှယ်။

ဆူညံပွက်လောရိုက်သွား၏။

ရှောင်မော်သည် မုတ်ဆိတ်မွေးနှင့်လူအား ယှဉ်ပြိုင်တိုက်ခိုက်နေသည်။

သူသည် မုတ်ဆိတ်မွေးနှင့်လူကို အထင်မသေးရဲ။

ကမ်းရှန်၏ လက်မောင်းမှဒဏ်ရာသည် မုတ်ဆိတ်မွေးနှင့်လူ၏

အတွင်းအားကို ခန့်မှန်းနိုင်၏။
မုတ်ဆိတ်မွေးနှင့်လူသည် အတွင်းအားကောင်းသလို၊ သိုင်းပညာကလည်းမသေး။
အရှောင်အတိမ်းလျင်မြန်သလို၊ အသတ်အပုတ်လည်း ဖျတ်လတ်သည်။
သို့သော်....
ရှောင်မော်ကိုမူ ထိအောင်ပင်မတိုက်နိုင်သေး။
ရှောင်မော်ဘက်ကလည်း ထိုနည်းတူပင်။
မုတ်ဆိတ်မွေးနှင့်လူအား ထိအောင်မတိုက်နိုင်သေးပေ။
ထိုအချိန်တွင်...
နောက်ထပ်မြင်းလှည်းသုံးစီး မောင်းဝင်လာပြန်သည်။

* * *

တိုက်ခိုက်ရာမှ ရှောင်မော်က အကဲခတ်လိုက်သည်။
နောက်ထပ်လာသော မြင်းလှည်းပေါ်မှလူများသည် ကပျာကယာ ပြေးဆင်းလာကာ ရှောင်မော်တို့လူစုအား ဝင်ရောက်တိုက်ခိုက်ကြသည်။
အခြေအနေမှာ မည်သည့်နည်းနှင့်မျှ ကောင်းနိုင်တော့မည်မဟုတ်ချေ။
မိမိဘက်မှ အထိနာနေသည်ကို ရှောင်မော် မြင်တွေ့နေရပြီဖြစ်သည်။



ရှောင်မော်သည် စိတ်မသက်သာစွာဖြင့် သက်ပြင်းတချက်ချလိုက်သည်။
စင်စစ်....
ရှောင်မော်သည် အလွယ်တကူ အရှုံးပေးတတ်သူမဟုတ်ပေ။
သို့သော်...
ယခုတကြိမ်၌ အရှုံးမပေး၍မဖြစ်တော့ မိမိငယ်သားများကို ညှာရမည်။
"အားလုံးရပ်လိုက်ကြ....ငါတို့ရှုံးနေပြီ"
ရှောင်မော် အော်ဟစ်အမိန့်ပေးလိုက်၏။
တောကြောင်များ လှုပ်ရှားရာမှရပ်တန့်သွားကြပြီး၊ ရှောင်မော့်ကို နားမလည်စွာကြည့်လိုက်ကြသည်။
တဘက်မှ မုတ်ဆိတ်မွေးနှင့်လူက အောင်ပွဲရသူနှယ် ရယ်မောလိုက်ပြီး....
"မင်းတို့အရှုံးပေးတယ်ပေါ့"
ရှောင်မော်ခေါင်းညိတ်လိုက်ပြီး....
"ဟုတ်တယ်....ဒါပေမယ့် ငါ့လူတွေကိုတော့ အားလုံး ပြန်လွှတ်ပေးလိုက်ပါ"
"ဘယ်ဖြစ်မလဲ....ဒါဟာ ကျားကို တောထဲပြန်ပို့သလိုဖြစ်နေမှာပေါ့"
"ဒါဆို ဆက်တိုက်မှာလား....တိုက်ချင်လဲတိုက်၊ ဆက်တိုက်ယင် ခင်ဗျားတို့ဘက်က နောက်ထပ်ဆယ့်လေးငါးယောက် ဒဏ်ရာ ရနိုင်သလို ကျုပ်တော်တို့လဲ ဘာအကျိုးမှ ရှိမှာမဟုတ်ဘူး၊ အဓိပ္ပာယ်မဲ့အလုပ်ကို မလုပ်ချင်ပါနဲ့ဗျာ"

ရှောင်မော်၏စကားအဆုံးတွင် မုယ်ဆိတ်မွေးနှင့်လူပြန်ပြော ရန် ပါးစပ်ဟလိုက်၏။

သို့သော်....

မုတ်ဆိတ်မွေးနှင့်လူထံမှ အသံထွက်မလာ။

ထွက်လာသည့် အသံက မုတ်ဆိတ်မွေးနှင့်လူ၏နောက်မှဖြစ် သည်၊

* * *

(၂)

"အဲဒါမှန်တယ် မုတ်ဆိတ်၊ အစီပွာယ်မရှိတာ မလုပ်ချင်နဲ့"

အသံကြောင့် မုတ်ဆိတ်လှည့်ကြည့်လိုက်သည်။

ခက်ထန်နေသောမျက်နှာထား ချက်ချင်းပြေကျသွား၏။

ရှောင်မော်လည်း အသံရှင်ကိုကြည့်လိုက်သည်။

အဖြူရောင် ဖဲဝတ်စုံကို သေသပ်စွာဝတ်ဆင်ထားသောလူရွယ် တယောက်။

ရှောင်မော်နှင့် အသက်ရွယ်တူခန့်ရှိမည်။

သူ့လက်တွင် တန်ဖိုးရှိသော လက်စွပ်ကို ဝတ်ဆင်ထား၏။

သူ့လက်ေအောက်တွင်လည်း တပည့်ပေါင်းများစွာရှိပုံရသည်၊

တပည့် အားလုံးသည်လည်း အဆင့်မြင့် သိုင်းသမားများ ချည်း ဖြစ်ပုံရ၏။

သူ....မည်သူနည်း။



သူကား အထက်တန်းလွှာ အသိုင်းအဝိုင်း၏ အချစ်တော် အိုရန်မင်းသားလေးပင်တည်း။

* * *

အိုရန် ထွက်လာသည်နှင့် ချင့်ဝူ၏မျက်နှာထား တင်းမာ သွား၏။

ရင်ဝတွင် ဓားတန်းလန်းဖြင့် ကိုယ့်ကိုယ်ကို သတ်သေသွားခဲ့ရ ရှာသော ညီမလေး အာထန်၏အလောင်းကို ပြန်လည်မြင်လာ မိသည်။

မျက်လုံးအကြည့်က နီရဲတောက်ပလာ၏။

ဓားကိုတင်းတင်းဆုပ်ကိုင်ပြီး၊ အံကြိတ်လိုက်သည်။

အိုရန်ကို ချင့်ဝူလက်စားချေချင်နေသည်မှာကြာပြီ။

ရှောင်မော်ဖျောင်းဖျ၍ နာခံငြိမ်သက်ခဲ့ရခြင်းသာဖြစ်သည်။

သို့သော်....

ယခု....အိုရန်နှင့်ထိပ်တိုက်တွေ့နေရပြီ။

ချင့်ဝူ သည်းမခံနိုင်တော့။

စိတ်ကိုလည်း ထိန်းမထားနိုင်တော့ပေ။

* * *

ချင့်ဝူ ရပ်နေသောနေရာနှင့် အိုရန်ရပ်နေသော နေရာသည် ဝေးကွာလှသည်မဟုတ်။

လေးငါးလှမ်းလောက်သာခြားသည်။

ချင့်ဝူလက်ထဲတွင် ဓားကအသင့်။

လက်ထဲမှဓားဖြင့် အိုရန်၏သည်ကိုဖြတ်နိုင်ပါက၊ ညီမဖြစ်သူ အာထန်အတွက် လက်စားချေနိုင်ပြီဟု ချင့်ဝူတွက်ဆလိုက်၏။

မိမိသေမည်ရှင်မည်ကိုမူ လုံးဝထည့်မတွေးတော့။

ညီမအတွက် လက်စားချေပြီးပါက ချင့်ဝူသေပျော်ပြီ။

ချင့်ဝူသည် မေးကြောများ ထောင်ထလာသည်ထိ အံကြိတ်လိုက်သည်။

ထို့နောက် ရှိသမျှအင်အားများကို စုစည်းလိုက်ပြီး....

"ယား..."

ချင့်ဝူသည် အော်ဟစ်မာန်သွင်းယင်း အိုရန်ဆီသို့ ခုန်အုပ်လိုက်၏။

လက်မှဓားကလည်း အိုရန်၏လည်ပင်းဆီသို့ဦးတည်နေသည်။

အိုရန်ဆီသို့ လူမရောက်မီ လက်မှဓားက အိုရန်ဘက် ဦးစွာလွင့်ထွက်သွားသည်။

"ရပ်လိုက်"

ရှောင်မော်အော်ဟစ်အမိန့်ပေးလိုက်သည်။

သို့သော်

ချင့်ဝူသည် မည်သည့်အသံမျှ ကြားပုံမပေါ်။

ရှောင်မော်၏အမိန့်ကို တလျှောက်လုံး နာခံခဲ့သော ချင့်ဝူသည် ယခုအခါ၌ ညီမအတွက် လက်စားချေရေးဆန္ဒ တခုတည်းသာ ရှိပုံရတော့သည်။

အိုရန်တားသော်လည်း မရတော့။



တလောကလုံးတွင် အိုရန်နှင့်သူ နှစ်ယောက် တည်းသာ ရှိတော့သည်ဟု သဘောထားပုံရ၏။

ချင့်ဝူ၏ကိုယ်သည် လေးမှပစ်လိုက်သောမြားနှယ်။

အိုရန်ဆီသို့ တရှိန်ထိုးဝင်ရောက်သွားသည်။

* * *

အိုရန်အနေဖြင့် ချင့်ဝူသည် မည်သူမည်ဝါ ဖြစ်ကြောင်း၊ မသိသကဲ့သို့၊ သူ့ပယောဂကြောင့် သေဆုံးသွားခဲ့သော အာထန်၏ အစ်ကိုဖြစ်မှန်းလည်း မသိပေ။

အိုရန်သိသည်မှာ တခုတည်း....

ချင့်ဝူသည် တောကြောင်ရှောင်မော်၏ ဂိုဏ်းသား တယောက်။

မိမိအား အငြိုးတကြီးသတ်မည့်ရန်သူ။

ဤသို့သာသိထားသည်။

သို့သော်....

အိုရန် ရှောင်တိမ်းခြင်းမပြုပေ။

ချင့်ဝူသည် မိမိအနီးသို့ ကပ်နိုင်လိမ့်မည်ဟုလည်းမျှော်လင့်မထားခဲ့ပေ။

ကျောက်ရုပ်တရုပ်ပမာ မလှုပ်မယှက်ရပ်နေ၏။

ချင့်ဝူက မိမိထံ ဓားနှင့် တဟုန်ထိုးခုန်ဝင်လာသော်လည်း အိုရန်သည် တချက်မျှပင် ဟန်မပျက်ခဲ့ချေ။

ပြုံး၍သာ ကြည့်နေလေသည်။

ချင့်ဝူသည် ဓားကိုဆန့်ထုတ်လျက် အိုရန်၏ ရင်ဝဆီသို့ထိုးသွင်းလိုက်သည်။

နံဘေးမှ ကြောင်အမ်းအမ်းဖြင့်ကြည့်နေသူများ မျက်လုံးပြူးသွားကြ ည်။

"အား..."

နာကျင်စွာ အော်ဟစ်ညည်းညူသံထွက်လာ၏။

ချင့်ဝူထံမှထွက်လာခြင်းဖြစ်သည်။

အိုရန်မှုကား အပြုံးမပျက်။

အေးတိအေးစက်ရပ်နေမြဲဖြစ်သည်။

သူ့နံဘေးရှိ သက်တော်စောင့် ရောင်ပေါင်းက ချင့်ဝူအားသရော်ပြုံးဖြင့်ကြည့်လျက်ရှိသည်။

ချင့်ဝူက အိုရန်အား ဓားဖြင့်ထိုးရန်ရွယ်လိုက်စဉ် ရောင်ပေါင်းက ဓားဖြင့်လှမ်းပစ်လိုက်ခြင်းဖြစ်သည်။

ထို့ကြောင့်....

ချင့်ဝူ၏ဓားသည် အိုရန်အားထိမှန်ခြင်းမရှိပဲ ရောင်ပေါင်း၏ဓားကသာ သူ၏ဝမ်းဗိုက်ထဲသို့ စူးနစ်ဝင်သွားသည်။

ချင့်ဝူ၏လက်ထဲမှဓားသည် မြေပေါ်သို့ကျသွားသည်။

ရောင်ပေါင်းသည် ကျေနပ်စွာပြုံးလိုက်ပြီးချင့်ဝူ၏ ဝမ်းဗိုက်ထဲတွင် စူးနစ်ဝင်နေသောဓားကိုဆွဲနှုတ်ရန် ရှေ့သို့တိုးလိုက်လေသည်။

"ရပ်လိုက်"

ဟန့်တားသံနှင့်အတူရှောင်မော်ရှေ့သို့တိုးထွက်လာလေသည်။



အကယ်၍....

ဓားကိုသာဆွဲနှုတ်လိုက်ပါက ချင့်ဝူအနေဖြင့် အသက်ရှင်ရန်မျှော်လင့်ချက်ရှိမည် မဟုတ်တော့ပေ။

ရောင်ပေါင်းသည် အိုရန်အားလှမ်းကြည့်လိုက်၏။

အိုရန်က ဓားကိုမယူရန် ဟန့်တားပြလိုက်ပြီး ရှောင်မော်အားပြုံး၍ကြည့်လိုက်သည်။

"ဒီဓားကို ရောင်ပေါင်းကိုယ်စား ကျုပ်ကပဲ ပေးလိုက်ပါ့မယ်၊ ဒီကောင့်ကိုလဲ သမားတော်ဆီအမြန်ခေါ်သွားပါ၊ ဒီကောင်အသက်ရှင်နိုင်သေးတယ်"

"ထွေ"

အိုရန်စကားဆုံးသည်နှင့် ချင့်ဝူကတံတွေးတချက်ကို ထွေးလိုက်ပြီး...

"ငါ့သေရမှာ မကြောက်ဘူးကွ အိုရန်"

ချင့်ဝူသည် ခံပြင်းစွာ ပြန်အော်ပြီး ဓားကိုဆွဲနှုတ်မည်ပြုရာ ရှောင်မော်ကဟန့်တားလိုက်ရသည်။

"ဟေ့ကောင်ချင့်ဝူ မင်းရူးနေသလား၊ ဒီဓားမျိုးက နှုတ်လိုက်တာနဲ့လေဝင်ပြီး သေသွားနိုင်တယ်ဆိုတာ နားမလည်ဘူးလား"

"သေမှာကြောက်တာယောကျ်ားမဟုတ်ဘူးကွ"

ချင့်ဝူသည် ရှောင်မော်ကိုပြန်အော်ပြီ ဓားကိုသာ ဆွဲနှုတ်မည် တကဲကဲဖြစ်နေ၏။

သူ့အသွင်သည် မုန်ယိုနေသော ဆင်တကောင်ကဲ့သို့ ဖြစ်၍နေသည်။

"မင်းဒီလောက်သေချင်လဲ နှုတ်ပေါ့ကွာ၊ မင်းတခုသိထားဖို့က မင်းသေသွားယင် အာထန်အတွက် ဘယ်သူကလက်စားချေမလဲ၊ မင်းစဉ်းစား"

ရှောင်မော်စကားကြောင့် ချင့်ဝူငေးငိုင်သွားသည်။

အတန်ကြာမှ...

"ဟုတ်တယ်....ငါမသေဘူး.......ငါမသေဘူး"

"ဒီလိုမှပေါ့ ချင့်ဝူရဲ့"

ရှောင်မော်သည် သူ၏ဂိုဏ်းသားများကိုကြည့်ပြီး ဆက်၍ပြောလိုက်သည်။

"မင်းတို့အားလုံးနားထောင်ကြ၊ ငါတယောက်တည်းဒီမှာနေခဲ့မယ်၊ မင်းတို့ချင့်ဝူကိုခေါ်ပြီး ဒီနေရာက ထွက်သွားကြ၊ ဒီမှာ မင်းတို့ဒီမှာနေလို့ဘာမှမျှော်လင့်ချက်ရှိမှာမဟုတ်ဘူး၊ ဒီတော့....မင်းတို့ဒီနေရာကအမြန်ဆုံးထွက်သွားကြ၊ချင့်ဝူရောကမ်းရှန်ပါ ဆရာဆီသွားကြ"

ရှောင်မော်က သွားရန်ပြောသော်လည်း မည်သူမျှမလှုပ်ရှားကြသေး။

ဘာမှလည်းပြန်မပြောကြ၊ တိတ်ဆိတ်စွာရပ်နေကြဆဲရှိသေးသည်။

အတန်ကြာမှ...

ချင့်ဝူ၏အသံထွက်လာ၏။

"အားလုံးသွားကြမယ်၊ ငါ့ကိုလဲသမားတော်ဆီအမြန်ဆုံးခေါ်သွားပေးကြ"

* * *



(၃)

တောကြောင်များထွက်ခွာသွားကြပြီဖြစ်သည်။

ရှောင်မော်သည် မိမိ၏ဂိုဏ်းသားများကို မျက်စေ့တဆုံးကြည့်နေမိသည်။

အိုရန်နှင့်အဖွဲ့ကလည်း မည်သို့မှဟန့်တားခြင်း မပြုကြပေ။

ဂိုဏ်းသားများ မြင်ကွင်းမှပျောက်သွားသည်နှင့် ရှောင်မော်ကသက်ပြင်းချလိုက်သည်၊

ရွှင်ပျခြင်းလည်းမရှိတော့။

အတန်ကြာမှ....

အိုရန်ဘက်လှည့်ကာ.......

"ကဲ....အခုလိုအခြေအနေမှာ ကျွန်တော့်ကို ယူမလား၊ လှည်းပေါ်ကပစ္စည်းတွေကိုယူမှာလား"

ရှောင်မော်၏အမေးကြောင့် အိုရန်ကရယ်မောလိုက်ပြီး.......

"ခင်ဗျားရဲ့အသက်က ပစ္စည်းထက်တန်ဖိုးကြီးတယ်လို့ ခင်ဗျားထင်နေသလား"

"ကျွန်တော့အနေနဲ့ကတော့ အသက်လောက် တန်ဖိုးကြီးတာဘာမှမရှိဘူး"

"ကျွန်တော့အတွက်ကတော့ ခင်ဗျားရဲ့အသက်ဟာဒီလှည်းထဲက ရှေးဟောင်းပန်းအိုးတအိုးလောက်တောင် တန်ဖိုးမရှိပါဘူး"

အိုရန်ကမဲ့ရွဲ့ပြောလိုက်သည်။

ထို့နောက်....

မျက်နှာထားသည် တဖြည်းဖြည်းတင်းမာလာသည်။

"စောစောက ငါ့ကိုခေါ်နဲ့ဝင်ပိုင်းတဲ့ကောင်ဟာ အာထန်နဲ့ဘာတော်သလဲ"

ပြတ်သားစွာမေးသည်။

ရှောင်မော်က ဘာမှပြန်မဖြေ။

ဖြေလည်းမဖြေချင်။

သို့သော်....

ချင့်ဝူကို ရောင်ပေါင်းကသိပုံရသည်။

အိုရန်အမေးကို ဖြေချင်နေဟန်တွေ့ရသဖြင့်....

"မင်းသိသလားရောင်ပေါင်း"

အိုရန်ကမေးလိုက်သည်။

ရောင်ပေါင်းက ချက်ချင်းပင် ခေါင်းညိတ်လိုက်ပြီး....

"သိပါတယ်ဆရာ၊ အဲဒီကောင်ဟာ အာထန်ရဲ့အစ်ကိုချင့်ဝူပါ"

ရောင်ပေါင်း၏စကားကြောင့် အိုရန်မျက်ခုံး ပင့်တက်သွားကာ....

"ဘာ....အာထန်ရဲ့အစ်ကို ဟုတ်လား"

အံ့သြသံဖြင့် ပြန်မေးသည်။

"ဟုတ်ပါတယ်ဆရာ"

"အာထန်နဲ့မတူပါလား"

အိုရန်ခေါင်းတဆတ်ဆတ်ညိတ်ယင်းပြောသည်။

အိုရန်၏ပုံစံကိုကြည့်ပြီး ရှောင်မော်ရယ်မောလိုက်ကာ....



"လောကကြီးမှာ ခင်ဗျားစဉ်းစားလို့မရတဲ့ အရာတွေ အများကြီးရှိတယ်အိုရန်၊ ကြည့်လေ....ခင်ဗျားကို လူတွေကဂုဏ်သရေရှိလူကြီးလူကောင်းတယောက်လို့ ထင်နေကြတယ်၊ တကယ်တော့ခင်ဗျားဟာ...."

"ဟေ့ကောင် မင်းပါးစပ်ပိတ်လိုက်စမ်း"

ရှောင်မော်၏စကားမဆုံးမီ အိုရန်က တားမြစ်လိုက်သည်။

ရှောင်မော်နှုတ်ခမ်းတဘက်တွန့်ကာ ပြုံးလိုက်ပြီး....

"ခင်ဗျားတို့အကြောင်းသိမှာ သိပ်စိုးရိမ်နေသလား၊ ကျုပ်ပြောချင်တာပြောရမှာပဲ၊ ဒီလိုပြောလို့သတ်ချင်လဲ သတ်လိုက်၊ မျက်မှောင်တချက်မကုပ်ပဲ မျက်ခုံးတချက်မတွန့်ပဲအသေခံသွားမယ် နားလည်လား"

ရှောင်မော်၏စကားကြောင့် အိုရန်မျက်နှာထား ပြောင်း၍သွားသည်။

"ခင်ဗျားကကျွန်တော့်ကို ရန်သူလိုပဲ ထင်နေပါလား၊ ကျွန်တော်ဟာ လူသတ်သမား သစ္စာဖေါက်အလိုတော်ရိလို့ခင်ဗျား ထင်နေသလား"

"ဒါကတော့ကိုယ့်အကြောင်းကိုယ်အသိဆုံးပေါ့"

ရှောင်မော်က မာဆတ်ဆတ်လေသံဖြင့်ပြောလိုက်၏။

အိုရန်ကပြုံးလိုက်ပြီး...

"ဒါတွေနောက်မှ ရှင်းတာပေါ့ကွာ၊ ကဲ....သွားကြမယ်၊ လှည်းပေါ်တက်"

"ဘယ်လှည်းပေါ်တက်ရမှာလဲ"

"ကျွန်တော့်လှည်းပေါ်ပေါ့၊ ကျွန်တော်ခင်ဗျားနဲ့ပဲ အတူ

သွားမယ်ရှောင်မော်"

"ခင်ဗျားကိုကျွန်တော် လက်တို့ပြန်မှာ ထည့်မတွက်မိဘူးလား"

ရှောင်မော်၏စကားကြောင့်အိုရန်ကကျေနပ်စွာပြုံးလိုက်ပြီး....

"မြင်းလှည်းပေါ်မှာ ခင်ဗျားကကျွန်တော့်ကို သတ်နိုင်ယင် ခင်ဗျားအတွက်ကျွန်တော်ဂုဏ်ယူပါတယ်ဗျာ"

အိုရန်က တည်ငြိမ်စွာပြောပြီး မြင်းလှည်းဆီသို့ လျှောက်၍ သွားလေတော့သည်။

* * *

(၄)

အိုရန်ကအရက်ခွက်ကို ရှောင်မော်အား ကမ်းပေးလိုက်လေသည်။

ရှောင်မော်က ခေါင်းခါယမ်းပြသည်။

အိုရန်ကပြုံးလိုက်ပြီး အရက်ခွက်ကို မော့သောက်လိုက်လေသည်။

"ဘာလဲ....ငါ့အရက်ထဲမှာအဆိပ်ပါတယ် ထင်နေလို့လား"

"မသင့်ပါဘူး၊ မင်းတောင်သောက်ပြီးနေမှပဲ"

"တကယ်သုံ့ ငါ့ပါးစပ်ထဲမှာ ဖြေဆေးကို ထည့်ထားယင်ကော"

"ဒါဆိုသဲမင်းရဲ့အစာအိမ်ထိခိုက်မှာပေါ့"



"ဖန်ခွက်မှာ အဆိပ်သုတ်ထားတယ် ထင်နေလို့လား"

"ဒီလောက်ထိလဲ ငါမစဉ်းစားဘူးအိုရန်"

ရှောင်မော်က မဲ့ပြုံးပြုံးလိုက်သည်။

အိုရန်က ခေါင်းတဆတ်ဆတ်ညိတ်လျက်....

"မင်းနဲ့ငါ အတွေ့အထိနည်းပေမယ့် မင်းအရက်ကို သိပ်သောက်တယ်ဆိုတာ ငါသိထားပါတယ်ရှောင်မော်"

ရှောင်မော် နှုတ်ခမ်းတဘက်တွန့်လိုက်သည်။

"မင်းသိတာဒီထက်မကနိုင်ပါဘူး အိုရန်"

အိုရန်ကသဘောကျစွာရယ်ပြီး....

"ဒါဆို... ငါတိုက်တဲ့အရက်ကို ဘာလို့မသောက်ရတာလဲ"

"မတန်လို့"

ရှောင်မော်ခပ်ပြတ်ပြတ်ပြောချလိုက်သည်။

အိုရန်မျက်ခုံးနှစ်ဘက်ပင့်တက်သွားကာ....

"ဘာမတန်တာလဲ၊ မတန်ဘူးလို့ မင်းကိုဘယ်သူကပြောလို့လဲ"

"မတန်ဘူးလို့ ငါ့ဘာသာငါပြောတာပါ"

"ဘယ်လို... ရှောင်မော်"

အိုရန်သည် ရှောင်မော်၏စကားကို နားမလည်စွာ ပြန်မေးလိုက်သည်။

"ဟုတ်တယ်၊ ငါဟာအခုလက်နက်ချအညွှံ့ခံနေရတဲ့ကောင် မင်းကအောင်နိုင်သူ၊ ဒီတော့.......မင်းနဲ့ငါအရက်အတူ သောက်ဖို့အခွင့်အရေးမရှိဘူးလို့ ငါ့ဘာသာငါယူဆတယ်"

'စကားဆုံးသည်နှင့်အရက်ဖန်ခွက်ကိုယူပြီး ဆုပ်ကိုင်လိုက်၏။

ဖန်ခွက်သည် အစိတ်စိတ်အမြွာမြွာကွဲကြေသွားသည်။
မလမ်းမကမ်းတွင် ရပ်နေသော ရောင်ပေါင်း လှုပ်လှုပ် ရှား ရှား ဖြစ်သွားသည်။

* * *

"ဘာမှဖြစ်တာ မဟုတ်ဘူး ရောင်ပေါင်း၊ ကိုယ့်နေရာကိုယ် ပြန်နေ"

အိုရန်က ရောင်ပေါင်းဘက်လက်ကာပြပြီး ပြောလိုက်သည်။

ရောင်ပေါင်း မူလရပ်နေရာတွင် ပြန်ရပ်နေလိုက်သည်။

သို့သော်....

မျက်နှာထားက မကြည်လင်။

ရှောင်မော်ကိုရန်လိုသောအကြည့်ဖြင့်စိုက်ကြည့်လျက်ရှိသည်။

အိုရန် အရက်ခွက် ငှဲ့သောက်လိုက်ပြန်သည်။

အတန်ကြာမှ ဖြည်းညင်းစွာ ပြောလာသည်။

"ရှောင်မော်... မင်းဟာ ငါတို့အပေါ်မှာ တမျိုးမြင်နေခဲ့ တယ်ဆိုတာ ငါသဘောပေါက်ပါပြီ"

ရှောင်မော် သဘောကျစွာ ရယ်သည်။

"ဒီလောက်ထိလဲ မဟုတ်သေးပါဘူးအိုရန်"

အိုရန် သက်ပြင်းတချက်ချပြီး....

"ဒီမယ်ရှောင်မော် အယင်တုန်းကတော့ မင်းတို့နဲ့ ငါတို့ အဖွဲ့ဟာ အတော်များများ ကိစ္စတွေမှာ မတည့်ကြတာ များ



တယ်၊ ဒါပေမယ့်...."

ပြောလက်စ စကားကို ရပ်တန့်ပြီး အရက်တခွက် သောက် လိုက်ပြန်သည်။

"ဒါပေမယ့်....ဘာဖြစ်သလဲအိုရန်"

ရှောင်မော်က စိတ်မရှည်စွာ ပြန်မေးသည်။

"ခုတော့....ဒါတွေဟာမလိုအပ်တဲ့ပြဿနာတွေလို့ပဲ သဘော ထားလိုက်ပါ ရှောင်မော်"

ရှောင်မော် နှုတ်ခမ်းမဲ့၍ ပြုံးလိုက်ပြီး...

"ခုမှ ဒါတွေလာပြောနေလို့ အပိုပဲအိုရန်"

"အေးလေ....ဒါတွေနောက်တော့ ပြောကြတာပေါ့၊ မင်း မနက်စာကို ဘာစားချင်သလဲ"

အိုရန်က မေးလိုက်သည်။

"မား"

ရှောင်မော် တည်ငြိမ်သောလေသံဖြင့် ပြောသည်။

အိုရန် မျက်မှောင်ကုပ်သွားကာ....

"ဘာ....မား....ဟုတ်လား ရှောင်မော်"

အံ့သြစွာမေးသည်။

"ဟုတ်တယ်....ငါ့အတွက် ပျော်ပျော်ရွှင်ရွှင်သေဖို့ မားဟာ အကောင်းဆုံး အစားအသောက်ပဲ"

အိုရန် ကျေနပ်စွာ ရယ်လိုက်ပြီး....

"ဒါဆိုလဲ အဆောင်ထဲသွားကြတာပေါ့ ရှောင်မော်"

* * *

# အခန်း ဝါး

# နယ်ချဲ့ကို လက်တွဲတွန်းလှန်ကြမယ်

(၁)

တိတ်ဆိတ်ငြိမ်သက်သောနေရာ။

အေးချမ်းသာယာသည့် နယ်မြေ။

လမ်းတလျှောက်တွင် ကျောက်ဖြူများ ခင်းထား၏။

လမ်းတဘက်တချက်တွင်လည်း သစ်ပင် ပန်းမာလ်များ ဝေဆာ ပွင့်ဖူးနေလျက် ရှိသည်။

လမ်းအဆုံးတွင် ရေကန်လေးတကန်ရှိ၏။

ကန်ရေသည် ကြည်လင်သဖြင့် ကန်အောက်ခြေကိုပင် ထွင်းဖောက် မြင်နေရသည်။

ရေကန်အလွန်တွင် အဆင့်ဆင့် ဆောက် လုပ် ထား သော

အဆောင်တဆောင်ရှိသည်။

အဆောင်သည် ထည်ဝါခမ်းနားလှ၏။

အဆောင်ကား အိုရန်မင်းသားလေး၏ အဆောင်ပင်တည်း။

* * *

## (၂)

ရှောင်မော်သည် ကုလားထိုင်တွင် ထိုင်နေလျက်ရှိသည်။

မျက်နှာထားက ပကတိ တည်ငြိမ်လှသည်။

တုန်လှုပ်မှုလုံးဝမရှိသည့်ဟန်။

သူ့ဘေးတွင် ပန်းအိုးနှစ်လုံး ရှိနေသည်။

ပန်းရနံ့က မွှေးကြိုင်သင်းပျံ့လျက်ရှိ၏။

ဧည့်ဆောင်ကလည်း ကျယ်ဝန်းခမ်းနားလှသည်ကို ရှောင်မော် သတိပြုမိသည်။

စားသောက်ခုံဘေးတွင် အပြူရောင်ဝတ်စုံ ဝတ်ဆင်ထားကြသည့် လူခြောက်ယောက် ရပ်နေကြသည်။

လိုအပ်သမျှကို စီစဉ်ဆောင်ရွက်ပေးရန် အတွက် အသင့် အနေအထားပုံစံ။

အိုရန်သည် ရှောင်မော်နှင့် မျက်နှာချင်းဆိုင်ထိုင်လျက်။

"မနက်စာအသင့်ပဲ ရှောင်မော် စားကြစို့"

ရှောင်မော် လှုပ်ရှားမှုမရှိသေး။



မတုန်မလှုပ် ကျောက်ရုပ်နှယ်။

အိုရန်က တူတစုံကို ကိုင်လိုက်ပြီး....

"ဘာလဲရှောင်မော်၊ ငါဟာ မင်းအတွက် မုန်းစရာလူ ဖြစ်နေသလား"

ရှောင်မော်မဖြေ။

အရာရာကို မသင်္ကာသောအကြည့်ဖြင့် ကြည့်နေမိ၏။

အိုရန် သက်ပြင်းချပြီး၊ လက်ထဲမှ တူကိုလည်း စားပွဲတွင် ပြန်ချထားလိုက်၏။

"ရှောင်မော် ဒီလိုဆိုလဲ ငါထွက်သွားမယ်၊ မင်းတယောက်တည်း အေးအေးဆေးဆေးစား၊ အစားအသောက်တွေထဲမှာ ဘာအဆိပ်မှမပါဘူးဆိုတာတော့ မင်းစိတ်ရှင်းအောင် ငါ ပြောခဲ့မယ်"

ထို့နောက်....

အခန်းတွင်းရှိလူများဘက်လှည့်ကာ....

"မင်းတို့လဲ အားလုံး ထွက်သွားကြ၊ ဒီအခန်းထဲမှာ သူတယောက်တည်းနေပါစေ၊ ငါ့အမိန့်မရမချင်း မင်းတို့ဒီအခန်းထဲကို ဘယ်သူမှ မဝင်ကြနဲ့"

အိုရန်၏ အမိန့်သံဆုံးသည်နှင့် အခန်းထဲမှလူများ အသီးသီး ထွက်ခွာသွားကြကုန်သည်။

အိုရန်...... ရှောင်မော်ကို ကြည့်လိုက်ပြီး.......

"ငါလဲသွားမယ်၊ မင်းစိတ်ကြိုက် လွတ်လွတ်လပ်လပ်စားပါ"

အိုရန်ထွက်ခွာသွား၏။
အခန်းထဲတွင် ရှောင်မော်တယောက်တည်း။

*　　*　　*

မည်မျှကြာသွားသည်မသိ။

နေရောင်သည် သစ်ပင်ကြားမှဖြတ်ကာ အဆောင်တွင်းသို့ ဝင်ရောက်လာပြီ။

အစားအသောက်များလည်း အေးစက်ကုန်ပြီ။

ရှောင်မော်ကား မတုန်မလှုပ်

ထိုစဉ် ......

အခန်းတွင်းသို့ ဝင်လာသော ခြေသံကို ကြားလိုက်ရသည်၊

ရှောင်မော် လှည့်မကြည့်ပေ။

ခြေသံသည် ရှောင်မော်၏ ကျောဘက်ဆီသို့ လျှောက်လှမ်းလာသည်ကို ကြားနေရသည်။

ရှောင်မော့်ကဲ ဂရုမစိုက်။

မည်သူလာ၍ မည်သို့လုပ်လုပ်။

မည်သည့်ကိစ္စကိုမှ အရေးမစိုက်ပဲ ပြုသမျှခံတော့မည့်ပုံစံမျိုး ဖြစ်နေ၏။

ခြေသံသည် တဖြည်းဖြည်းနှင့် နီးကပ်လာပြီ။

ရှောင်မော် တုတ်တုတ်မျှမလှုပ်။

ပကတိ ငြိမ်သက်နေဆဲ။



အခန်းတွင်းသို့ ဝင်လာသောခြေသံသည် ရှောင်မော်၏ ကျောဘက်တွင် ရပ်တန့်သွား၏။

အမျိုးသမီးတယောက်၏ အရိပ်သဏ္ဍာန်သည် ရှောင်မော်၏ ရှေ့တွင် ကျရောက်လာသည်။

ရှောင်မော်လှည့်မကြည့်။

သို့သော်.......

ပါးစပ်ကတော့ အသံထွက်သွားလေသည်။

*　　*　　*

"မင်းဘယ်သူလဲ"

အမျိုးသမီးတဦး၏ရယ်သံကို ကြားလိုက်ရသည်။

ထို့နောက်...

"ရှင်....ကျွန်မကို ရှာတွေ့သွားပြီ ရှောင်မော်"

အမျိုးသမီးအသံကြောင့် ရှောင်မော်စဉ်းစားစရာ ဖြစ်သွားသည်။

သူ့နောက်မှ အသံရှင်သည်...

သူ့နောက်မှ မိန်းကလေးသည်....

စဉ်းစားမိသည်နှင့် ရှောင်မော် တုန်လှုပ်သွားပြီ၊ ချက်ချင်း လှည့်ကြည့်လိုက်သည်။

ရှောင်မော် မျက်လုံးပြူးသွား၏။

မိန်းကလေးကား ရှောင်မော်တသက် ပြန်တွေ့ကော့မည်ဟု

မထင်သော....ရှောင်မော်တသက် မေ့ပျောက်၍ ရနိုင်မည်မဟုတ်သော........

ရှောင်မော့ဘဝ၏ ကိုယ်ပွားလေး........

ရှောင်မော်အံ့ဩစွာ မေးလိုက်၏။

"မင်း... မင်း....ဖြောင်....ဖြောင်"

* * *

(၃)

ရှောင်မော့်နောက်မှ အမျိုးသမီးသည်....

ဖြောင်ဖြောင်ဖြစ်၏။

ဖြောင်ဖြောင်သည် ရှောင်မော်၏အချစ်ဦး....

ရှောင်မော့်ဘဝ၌ တဦးတည်းသော တွေ့ကြုံဖူးသော မိန်းကလေးဖြစ်သည်။

ဖြောင်ဖြောင်သည် ခက်ဝါမြို့မှ စားသောက်ဆိုင်ရှင်ကြီး ဝမ်းယင်း၏ သမီးဖြစ်သည်။

ခက်ဝါသို့သွားလာယင်း၊ ဖြောင်ဖြောင်နှင့် တွေ့ဆုံကာ ချစ်ကြိုက်ခဲ့ကြသည်။

နောက်ဆုံးအခေါက် ခက်ဝါမြို့ စားသောက်ဆိုင်သို့ရောက်စဉ်၊ မန်ချူးအလိုတော်ရိမျာ း ခြေရှုပ်နေကြသည်။

ပြန်ပါဆိုသော ဖြောင်ဖြောင်၏ သတိပေး စာကြောင့်



ရှောင်မော် ပြန်လာခဲ့၏။

ဆိုင်ဝတွင်လည်း အိုရန်မင်းသားလေးနှင့်အတူ ရောင်ပေါင်းကို တွေ့ခဲ့ရသဖြင့် ခက်ဝါမှ ထွက်ခွာခဲ့ရသည်။

နောက်ပိုင်းတွင် ခက်ဝါမြို့ရှိ ဖြောင်ဖြောင်ထံသို့ရှောင်မော် မရောက်ဖြစ်တော့ပေ။

အိုရန်နှင့် အဖွဲ့ကလည်း ရှောင်မော့်အဖွဲ့ကို ရှာဖွေ ဖမ်းဆီးသုတ်သင်ခဲ့ကြသည်ဟု ကြားရသည်။

ရှောင်မော်ကိုယ်တိုင် မသွားဖြစ်သော်လည်း ကမ်းရှန်ကိုမူ အခြေအနေအမြဲသွားကြည့်နေစေခဲ့၏။

တနေ့တွင် ကမ်းရှန် သတင်းတရပ် သယ်ဆောင်ခဲ့၏။

ထိုသတင်းကား ဖြောင်ဖြောင်မရှိတော့သည့် အကြောင်းနှင့် ဖြောင်ဖြောင်ရေးပေးခဲ့သော စာတစောင်။

စာထဲတွင်လည်း၊ ဖြောင်ဖြောင်ကို မရှာပါနှင့်တဲ့။

သို့သော်လည်း....

ရှောင်မော် မနေသာပါ။

ဖြောင်ဖြောင်ကို နေရာအနှံ့ လိုက်ရှာဖွေသော်လည်း၊ ဖြောင်ဖြောင်၏ အရိပ်ကိုပင် မတွေ့ခဲ့ရ။

အဖြစ်အပျက်တို့သည် အိပ်မက်တမက်နှယ် ရေရာမှုမရှိခဲ့ချေ။

ယခုတော့....

ရှောင်မော်ရှာခဲ့သော ဖြောင်ဖြောင်သည် မရှာဖွေတော့ပြီဖြစ်သော အချိန်တွင် ပြန်လည်ရောက်လာပြန်ပြီကော...

* * *

"ဟုတ်ပါတယ် ရွှေခင်မော်၊ ကျွန်မ....ဖြောင်ဖြောင်ပါ"

ဖြောင်ဖြောင် ဖြည်းညင်းစွာဖြေသည်။

ရွှေခင်မော်ကိုယ့်မျက်လုံးပင် ကိုယ်မယုံချင်တော့ပေ။

"မင်းဘယ်လိုလုပ်ပြီး ဒီရောက်လာရတာလဲ ဖြောင်ဖြောင်"

ရွှေခင်မော်အမေးစကားကြောင့် ဖြောင်ဖြောင် ရယ်လိုက်ပြီး...

"ကျွန်မ ဒီနေရာမရောက်သို့ ဘယ်နေရာရောက်ရမလဲ"

ရွှေခင်မော် မျက်မှောင်ကုပ်လိုက်သည်။

"ဒါပေမယ့် ..... မင်းဒီနေရာကို မရောက်သင့်ဘူး"

"ဘာဖြစ်လို့လဲ"

"ဒီနေရာရဲ့ပိုင်ရှင်ကို မင်းသိရဲ့လား ဖြောင်ဖြောင်"

ဖြောင်ဖြောင်သဘောကျစွာရယ်ပြီး......

"ကျွန်မမသိဘူးထင်နေသလား ရွှေခင်မော်၊ ဒီနေရာရဲ့ ပိုင်ရှင်ဟာ အိုရန်မင်းသားလေးပဲ"

ရွှေခင်မော်မျက်ခုံး ပင့်တက်သွားကာ....

"မင်းကို ဒီနေရာမျိုးမှာ တွေ့ရမယ်လို့ လုံးဝမထင်မှတ်ခဲ့ဘူး ဖြောင်ဖြောင်"

"ဒီအတွက် ရှင်သိပ်အံ့ဩနေတယ်ပေါ့"

ရွှေခင်မော်အံကြိတ်ပြီး ခေါင်းညိတ်လိုက်၏။

ဖြောင်ဖြောင်သည် ရွှေခင်မော်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီး....

"ဒီက အစားအစာတွေ စားလို့မကောင်းဘူးလား ရွှေခင်မော်"



"မသိဘူး"

"ဘာလို့မသိရတာလဲ"

"ငါမှမစားရသေးတာ"

"ဒါဆို ရှင်နဲ့ကျွန်မ အတူတူစားကြရအောင်"

ဖြောင်ဖြောင်က တူကိုကိုင်ယင်းပြော၏။

ရွှေခင်မော် ဖြောင်ဖြောင်ကို ကြည့်နေမိသည်။

ဖြောင်ဖြောင်သည် ယခင်ကနှယ် လှပနေဆဲ။

ချစ်စရာကောင်းနေဆဲ။

ရွှေခင်မော် တူတစုံကိုကောက်ယူလိုက်သည်။

ထို့နောက်....

ဖြောင်ဖြောင်နှင့်အတူ စားသောက်ကြသည်။

သို့သော်....

ရွှေခင်မော်သည် အစားအစာတွင် စိတ်ဝင်စားမှုမရှိပေ။

* * *

စားသောက်၍ ပြီးသည်နှင့် သိလိုသော အကြောင်းအရာများကို ရွှေခင်မော်မေးလိုက်၏။

"ဘာလို့....ဒီနေရာမှာ လာနေရတာလဲ ဖြောင်ဖြောင်"

ဖြောင်ဖြောင်သည်၊ ရွှေခင်မော်၏စကားကို မကြားဟန်ပြုကာ....

ပန်းအိုးမှ ပန်းတပွင့်ကိုခူးပြီး၊ သူမအင်္ကျီပေါ်တွင်ထိုးလိုက်သည်။

"လှရဲ့လား ရှောင်မော်"

"ငါ...ပန်းကိုစိတ်မဝင်စားဘူး ဖြောင်ဖြောင်၊ လှတယ်မလှဘူးဆိုတာလဲ ငါမခံစားတတ်ဘူး"

"လှတော့....လှတယ်မို့လား"

ရှောင်မော် သက်ပြင်းရှိုက်လိုက်သည်။

"လှတော့လှပါတယ်၊ ဒါပေမယ့်....ပန်းဆိုတာ ကြာရှည်မခံပါဘူး၊ ဘယ်လောက်ပဲလှလှ တနေ့ကျယင် နွမ်းကြေရမှာပဲ၊ ပန်းတို့ရဲ့အလှဆိုတာ ညနေထိပဲခံကြတာ နေစောင်းတာနဲ့ ကြွေလွင့်ပျက်သုဉ်းကြရတာပဲ"

အတန်ကြာမှ သက်ပြင်းတချက်မှုတ်ထုတ်လိုက်ပြီး....

"ရှောင်မော်....စောစောက ရှင်ပြောတာ မိန်းကလေးတွေရဲ့ဘဝကို ပန်းနဲ့တင်စားလိုက်တာလား"

ရှောင်မော် မဲ့ပြုံးပြုံးလိုက်ပြီး ခေါင်းခါယမ်းလိုက်၏။

"မဆိုင်ပါဘူး၊ မိန်းကလေးဟာ မိန်းကလေးပဲ ပန်းမှမဟုတ်တာ"

"ဒါပေမယ့်....လူတော်တော်များများက မိန်းကလေးတွေကို ပန်းနဲ့နှိုင်းယှဉ် တင်စားတတ်ကြတယ်မို့လား"

"ပန်းဆိုတာ အတွေးအခေါ်မရှိတဲ့ မချစ်တတ်တဲ့ သက်မဲ့ပစ္စည်းပဲ"

"နင်ပြောတာမှန်တယ် ရှောင်မော်၊ တကယ်တော့ လောကကြီးမှာ လူတွေဟာ ရှင့်လိုပဲတွေးတတ်ကြယင် သိပ်ကောင်းမှာပဲ၊ ဝမ်းနည်းစရာ နာကျည်းစရာတွေလဲရှိမှာမဟုတ်ဘူး"



"ဒါပေမယ့်... လောကကြီးမှာ ဝမ်းနည်းစရာဆိုတာ ရှိကြစမြဲပဲ ဖြောင်ဖြောင်၊ ဘယ်လောက်ပဲ တရားမျှတပါတယ်ပြောပြော အင်အားချင်းဖိလာတော့ တိုက်ကြခိုက်ကြရတာပဲ မဟုတ်လား"

ရှောင်မော် စကားကြောင့် ဖြောင်ဖြောင် မျက်နှာတချက်ပျက်သွား၏။

ထို့နောက်....

မျက်နှာကိုချက်ချင်းပြန်ပြင်ကာ သက်ပြင်းချလိုက်၏။

"ဒါတွေပြောမနေပါနဲ့ ရှောင်မော်၊ ကျွန်မရှင့်ဆီက အကူအညီတခုတောင်းချင်တယ် အကူအညီပေးမလား"

ရှောင်မော် မျက်ခုံးနှစ်ဖက်တွန့်သွားသည်။

"ဘာကိစ္စလဲ"

"ကူညီမယ်မို့လား"

"အရေးကြီးတဲ့ကိစ္စလား"

ဖြောင်ဖြောင်ခေါင်းညိတ်ပြီး....

"ကျွန်မအနေနဲ့ကတော့ အရေးကြီးတယ် ရှောင်မော်"

"ဒါဆိုလဲ ပြော"

"ရှင်....အိုရန်မင်းသားလေးနဲ့လက်တွဲပါ"

"ဘာ...."

မျှော်လင့်မထားသော စကားကြောင့် ရှောင်မော် အံ့သြသွား၏။

"ကျွန်မစကားကို ဆုံးအောင်နားထောင်ပါအုံး"

"ဆက်ပြောပါ"

"အိုရန်မင်းသားလေးနဲ့လက်တွဲပြီးတော့ တိုင်းပြည်ကိုရောင်းစားနေတဲ့အမျိုးသားသစ္စာဖောက်တွေနဲ့ နယ်ချဲ့မန်ချူးတွေကို ရင်ဆိုင်ပါ"

ဖြောင်ဖြောင်၏စကားကြောင့် ရှောင်မော်ငေးငိုင်သွား၏။

ဖြောင်ဖြောင်သည်၊ အဘယ့်ကြောင့်ထိုစကားမျိုးကို ပြောလေသည်မသိ။

ရှောင်မော်သိသည်မှာတမျိုး။

ဖြောင်ဖြောင်ပြောသည်ကတမျိုးဖြစ်နေပြီ မဟုတ်ပါလား။

"အမျိုးသားသစ္စာဖောက်တွေထဲမှာ ဘယ်သူတွေပါဝင်နေသလဲ"

ရှောင်မော်မေးလိုက်သည်။

"အိုရန်က ရှင့်ကိုသေသေချာချာ ဖွင့်မပြောသေးဘူးလား"

"သူပြောတော့ကောဘာထူးမှာလဲ၊ ဒီကိစ္စတွေကငါလက်ခံမှဖြစ်မှာ ငါလက်မခံယင် ဘာတတ်နိုင်မှာလဲ"

"အိုရန်မင်းသားလေးရဲ့စကားကို လက်မခံတာဟာ ငါပြောတာကိုလဲလက်မခံတဲ့သဘောပေါ့ ဟုတ်လား ရှောင်မော်"

ရှောင်မော်သည်၊ ဖြောင်ဖြောင်မေးသောအမေးကို မဖြေပဲ-

"နေစမ်းပါဦး မင်းက အိုရန်နဲ့ ဘယ်လိုပတ်သက်ပြီးဒီကိုရောက်လာရတာလဲ၊ ဒါကိုလဲငါမရှင်းဘူး"

သိလိုသော အမေးကိုသာပြန်မေးသည်။

သို့သော်....

ဖြောင်ဖြောင်မဖြေပါ။



မျက်လွှာချ ခေါင်းငုံ့သွား၏။

ထိုစဉ်....

အခန်းတွင်းသို့ ဝင်လာသောခြေသံနှင့်အတူ သဘောကျစွာ ရယ်မောလိုက်သံကို ကြားလိုက်ရသဖြင့်၊ ရှောင်မော်လှည့်ကြည့်လိုက်သည်။

* * *

အိုရန်သည် သဘောကျစွာရယ်မောယင်း၊ အခန်းတွင်းသို့ တလှမ်းချင်းဝင်လာသည်။

ထို့နောက်....

ရှောင်မော် သိချင်သော အမေးစကားကို ဖြောင်ဖြောင်ကိုယ်စား ဝင်ဖြေပေးလိုက်၏။

"ဖြောင်ဖြောင်ဟာ ဒီမှာပဲနေရမှာပေါ့၊ ဒီနေရာဟာ ငါ့နေရာ၊ ငါ့ပိုင်နက်၊ ငါ့ရဲ့နယ်မြေ၊ ငါ့နယ်မြေဟာ ဖြောင်ဖြောင်ရဲ့နယ်မြေပဲပေါ့ရှောင်မော်၊ ဒီတော့....သူဒီမှာမနေယင် ဘယ်ကိုသွားနေရမလဲ၊ ဖြောင်ဖြောင်ဟာ ငါနဲ့မကွဲမကွာအတူရှိနေရမယ့် ငါ့ရဲ့အိမ်ရှင်မ... ငါ့ရဲ့မိန်းမပဲ"

အိုရန်၏စကားတို့သည် နှစ်ဘက်ချွန်ဓားနှယ်။

ရှောင်မော်၏နှလုံးသားကို ထိုးစိုက်သွားသည်ဟု ထင်ရလေသည်။

ရှောင်မော်သည် အကြီးအကျယ်တုန်လှုပ်ချောက်ချားသွားသည်။

ဖြောင်ဖြောင်သည် အိုရန်၏မိန်းမဖြစ်နေပါပေါ့လား။

* * *

တချိန်က စွဲစွဲလမ်းလမ်းချစ်ခဲ့ဖူးသော ဖြောင်ဖြောင်...

"လိုက်မရှာပါနဲ့တော့" ဟုစာတစောင်ထားခဲ့ကာ ခြေရာဖျောက်သွားသောဖြောင်ဖြောင်။

နေရာအနှံ့ရှာဖွေခဲ့ရသောဖြောင်ဖြောင်။

ယခု....

ဖြောင်ဖြောင်ကိုတွေ့ရပြီ။

ထမင်းလည်း အတူစားခဲ့ကြပြီ။

သို့သော်....

ဖြောင်ဖြောင်သည် သူရန်ဘက်၏ဇနီးဖြစ်နေပြီ။

ရှောင်မော်နာကျင်စွာခံစားနေရသည်။

ဦးခေါင်းများမူးဝေလာသည်။

နားထဲတွင် အိုရန်၏ပျော်ရွှင်စွာ ရယ်မောသံနှင့်အတူ မျက်စိထဲတွင်လည်း ပြုံးနေသောအိုရန်၏မျက်နှာကို မြင်နေရဆဲ

အိုရန်သည် အခန်းထဲသို့ တလှမ်းချင်းလှမ်းဝင်လာပြီး နေရာလွတ်တွင်ဝင်ထိုင်လိုက်သည်။



ရှောင်မော်နှုတ်ဆိတ်သွားရသည်။

ဘာပြော၍ ပြောရမှန်းပင် မသိတော့ပါလား။

* * *

"ငါတို့မင်္ဂလာဆောင်ဟာ ပျော်ရွှင်စရာသိပ်ကောင်းခဲ့တာ ရှောင်မော်၊ ဒီတုန်းကမင်းမရှိခဲ့ဘူး၊ မင်းသာရှိယင်အရက်တဝ သောက်ရမှာ၊ မကြုံလိုက်ရတာဝမ်းနည်းစရာပါပဲ ရှောင်မော် ဟဲ....ဟဲ....ဟဲ..."

အိုရန် ရယ်မောပြောဆိုလာသည်။

အိုရန်၏ရယ်မော ပြောဆိုသံသည် ရှောင်မော်ကို လှောင်နေသည့်နှယ်။

အိုရန်၏စကားလုံးတို့သည်လည်း ထက်မြက်သည့် ဓားချွန်များနှယ်။

ရှောင်မော် နာကျင်စွာခံစားနေရသည်။

ရှောင်မော်သက်ပြင်းချလိုက်သည်။

ထို့နောက်...

အံကြိတ်လိုက်ပြီး ပြတ်သားစွာပြန်ပြောလိုက်သည်။

"ဒါဆိုအခုသောက်မယ်၊ အခုသောက်လဲနောက်မကျသေးပါဘူး"

အိုရန်နှစ်ခြိုက်စွာရယ်သည်။

"ဒါပေါ့....နောက်မကျသေးပါဘူး၊ ကဲ....သောက်လိုက်ကြ

ရအောင်"

ပြောပြီးလက်ခုပ်သုံးချက်တီးလိုက်သည်။

အဖြူရောင်ဝတ်စုံနှင့်လူသုံးယောက် ဝင်လာကြပြီး အိုရန်၏ ခုံဘေးတွင်ရိုကျိုးစွာ ရပ်လိုက်ကြသည်။

"အရက်သုံးအိုးထပ်ယူခဲ့"

အိုရန်အမိန့်ပေးလိုက်သည်။

အဖြူရောင်ဝတ်စုံနှင့်လူများ ထွက်ခွာသွားကြ၏။

ထိုအချိန်တွင်....

ဖြောင်ဖြောင်မျက်နှာပျက်သွားပြီး...

"ငါနေမကောင်းချင်ဘူးအိုရန်"

ညည်းညည်းညူညူပြောလိုက်သည်။

အိုရန်သည် ဖြောင်ဖြောင်ကို ခြေဆုံးခေါင်းဆုံး တမျက်မျ ကြည့်လိုက်ပြီး ပြုံးလိုက်သည်။

"ဒါပေါ့... နင်လဲမကြာခင်ကလေးအမေ ဖြစ်ရတော့မှာပဲ၊ နေထိုင်လို့ဘယ်ကောင်းပါ့မလဲ၊ အနားသွားယူတော့"

အိုရန်စကားကြောင့် ရှောင်မော်ပို၍အံ့ဩသွားသည်။

ဖြောင်ဖြောင်အခန်းထဲမှ လေးကန်စွာထွက်သွားသည်။

ရှောင်မော်သက်ပြင်းချလိုက်မိပြန်သည်။

* * *

## အခန်း ခြောက်

## ပဟေဠိဆန်သော မိန်းမလှလေး

---

### (၁)

အဖြူရောင်ဝတ်စုံနှင့်လူများ ပြန်ဝင်လာကြသည်။ သူတို့လက်ထဲတွင် အရက်တအိုးစီကိုင်ဆွဲလာကြ၏။ စုစုပေါင်းအရက်သုံးအိုးပါလာသည်။

အရက်အိုးကိုစားပွဲပေါ်တင်ပြီး အိုရန်ဆက်ပေးမည့်အမိန့်သံကို စောင့်ဆိုင်းသည့်အနေဖြင့် ရပ်နေကြဆဲ။

"မင်းတို့မလိုတော့ဘူး သွားကြတော့"

အိုရန်အမိန့်ပေးလိုက်သည်နှင့် ချက်ချင်း ထွက်ခွာသွားကြသည်။

အိုရန်က ရှောင်မော်သောက်ရန် အရက်ငှဲ့ထည့်ပေးမည်ပြု

ရာ ရှောင်မော်လက်ကာတားလိုက်ပြီး...

"မထည့်နဲ့"

ရှောင်မော်လေသံက မာဆတ်ဆတ်လေသံ။

တစုံတရာကိုမကျေနပ်သည့်သဘောဆောင်နေသည်။

အိုရန် နားမလည်သောအကြည့်ဖြင့် ရှောင်မော်ကို မျက်မှောင်ကုပ်ကြည့်လိုက်သည်။

"ဘာလဲ...မသောက်တော့ပြန်ဘူးလားရှောင်မော်"

"မဟုတ်ဘူး"

အိုရန်မျက်ခုံးတွန့်သွားပြီး....

"ဒါဖြင့်ယင်...."

"မင်းရဲ့အရက်ခွက်ကသေးနေတယ်၊ အိုးလိုက်ပေး"

ဟု ပြောပြီး အိုရန်ဆီမှ အရက်အိုးကိုတောင်းသည်။

အိုရန် အရက်အိုးကို ရှောင်မော်ဘက်သို့တိုးပေးလိုက်၏။

ရှောင်မော်သည် အရက်တအိုးလုံးကုန်သည်ထိ မရပ်မနားမော့သောက်လိုက်သည်။

အံ့ဩက်ပင်မရှူ။

အိုရန်ငေးကြောင်ကြည့်နေမိသည်။

ရှောင်မော်ကား အရက်သောက်နေဆဲ။

* * *



(၂)

အရက်တအိုးကုန်သွားပြီ။

ရှောင်မော် နှုတ်ခမ်းများ ထူအန်းအန်း ဖြစ်သယောင်ခံစားနေရသည်။

စင်စစ်... ရှောင်မော်မူးချင်နေပြီဖြစ်သည်။

သို့သော်....

မူးချင်စိတ်ကို ထိန်းချုပ်ထားသည်။

သူ၏စိတ်ထဲတွင် မျက်နှာချင်းဆိုင် ထိုင်နေသော အိုရန်ကိုသတ်ပစ်ချင်စိတ်ပေါက်နေပြီ။

အိုရန်ကို လောကထဲတွင်ရှိမနေစေချင်တော့။

အိုရန်သည် သူ့ကိုလည်းဖမ်းခဲ့သည်။

သူ့ပစ္စည်းကိုလည်း လုယက်သိမ်းပိုက်သွားသည်။

သူ၏အဖွဲ့သား ချင့်ဝူနှင့် ကမ်းရှန်ကိုလည်း ဒုက္ခပေးခဲ့သည်။

ထိုမျှမကသေး....

ယခု....

သူ၏ချစ်သူ ဖြောင်ဖြောင်ကိုလည်း သိမ်းပိုက်ထားခဲ့ပြီ။

အဘယ်မှာ ခွင့်လွှတ်နိုင်စရာရှိပါတော့မည်နည်း။

သို့သော်...

ဖြောင်ဖြောင်က ရှောင်မော်ကိုအကူညီတောင်းခဲ့သည်။

ထိုအကူအညီကလည်း အိုရန်နှင့်လက်တွဲရန်ဖြစ်သည်။

ရှောင်မော် စဉ်းစား၍ မရတတ်တော့။

လောကကြီးသည်၊ အမြင်မတူသူနှစ်ဦးကို အဘယ်ကြောင့်

လက်တွဲရန်ဖန်တီးရလေသနည်း။

ဖြောင်ဖြောင်ကရော....

အဘယ်အကြောင်းကြောင့် လက်တွဲခိုင်းရလေသနည်း။

ဖြောင်ဖြောင်သည်၊ အိုရန်အကြောင်း မည်သည့်အကိုင်းအတာထိသိထားလေသနည်း။

ရှောင်မော် စဉ်းစား၍မရ။

စဉ်းစားယင်း စဉ်းစားယင်း ပို၍မှုးလာသလို ဖြစ်လာသည်။

ဖြောင်ဖြောင် ယခုတောင်းခံသည့်အကူအညီက ထို့ထက်အခံရခက်နေသည်။

စင်စစ်.......

အိုရန်၏အဖမ်းကိုခံလာရကတည်းက ပြန်ရှင်လမ်းကို ရှောင်မော်ထည့်မစဉ်းစားမိခဲ့ပေ။

သေရန်လည်းမကြောက်ချေ။

ယခု.......

သူ၏အဖွဲ့သားများ လွတ်မြောက်စေရန်လည်းသူကြံခဲ့ပြီးပြီ၊

သူ့ဆရာမွေးစားဖခင်ဖြစ်သော ဝံမောက်ဝမ်း၏ အမိန့်အတိုင်းတောကြောင်အဖွဲ့ကိုလည်း ခေါင်းဆောင်လှုပ်ရှားခဲ့သည်။

မွေးစားဖခင်၏ မျှော်မှန်းချက် ရည်ရွယ်ချက်လည်း မထိခိုက်စေခဲ့ပေ။

ပြောရမည်ဆိုလျှင်....

ရှောင်မော်အနေဖြင့် အတိုင်းအတာတရပ်ထိ တာဝန်ကျေလှုပ်ရှားခဲ့ပြီးပြီ၊ သေရန်မကြောက်တော့ပေ။

တကိုယ်လုံးပြာကျသည်ထိ။



ရွှံ့ကဲ့သို့ ကြေမွသွားသည်ထိ။

သေမည့်အရေးကို ရင်ဆိုင်ရဲသည်။

သေရမည်ကိုလုံးဝမကြောက်တော့။

သို့သော်....

ယခုထိ သူမသေနိုင်သေး။

အိုရန်၏ ပြုစုခြင်းကိုပင်ခံနေရပြီ။

ထို့ပြင်....

အိုရန်နှင့်လက်တွဲပြီး၊ အမျိုးသားသစ္စာဖောက်များကို တိုက်ဖျက်ရမည်။

မန်ချူးနယ်ခွဲများကို တွန်းလှန်တိုက်ခိုက်ရမည်....တဲ့။

သည်သို့ဆိုပါက -

အိုရန်သည် မည်သို့သောလူစားနည်း။

နောက်ဆုံးတွင်....

ရှောင်မော်ဆုံးဖြတ်ချက်ချမှတ်လိုက်၏။

ထိုဆုံးဖြတ်ချက်ကား....

အကယ်၍ အိုရန်သည် ဖြောင်ဖြောင်ပြောသကဲ့သို့ တိုင်းပြည်ရောင်းစားသူ အမျိုးသားသစ္စာဖောက်များကို တိုက်ဖျက်သူဆိုပါက အိုရန်နှင့်လက်တွဲမည်။

ထိုသို့မဟုတ်ပါက သူကိုယ်သူ ဖြောင်ဖြောင်မျက်စိရှေ့မှောက်မှာတွင် သတ်သေလိုက်မည်။

အိုရန်နှင့်တော့ မဟုတ်တာမလုပ်ချင်။

* * *

တအိုးကုန်သည်အထိ မမူးသေး။
နှစ်အိုးကုန်ပြီ။
ရှောင်မော်မူးစပြုပြီ။
သုံးအိုးကုန်သွားပြီဖြစ်ရာ။
ရှောင်မော်မူးလဲကျသွားပြီ။
စားပွဲပေါ်တွင် မှောက်လျက်လဲကျနေသော ရှောင်မော်ကို အိုရန်သနားစွာကြည့်လိုက်သည်။
ရှောင်မော်သည် အရက်အလွန်သောက်နိုင်သောသူဟု သိထား၏။
ယခု....သုံးအိုးတည်းနှင့် လဲကျသွားသည်မှာ အဘယ်ကြောင့်နည်း။
အိုရန်မင်းသားလေးကြောင့်လား။
ပြောင်ပြောင်ကြောင့်လား။
သို့မဟုတ်....

* * *

(၃)

မိုးစုပ်စုပ်ချုပ်နေပြီ။
အခန်းထဲတွင် မီးရောင်တို့ မှိန်လဲ့လဲ့။
ရှောင်မော်မျက်စိဖွင့်ကြည့်လိုက်သည်။



လိုက်ကာ....ကာရန်ထားသော အခန်းတခုထဲတွင် ရောက်ရှိနေသည်ကိုသတိထားမိသည်။
ထထိုင်လိုက်သည်။
ခုတင်တလုံး၏ အိစက်သော အိပ်ရာပေါ်တွင် ရောက်နေကြောင်းသိလိုက်ရသည်။
ခုတင်ဘေးတွင် ပန်းအိုးလေးတလုံးရှိသည်။
ပန်းရနံ့ကလည်း သင်းသင်းပျံ့ပျံ့။
ရှောင်မော် အသက်ပြင်းပြင်းတချက်ရှူလိုက်သည်။
မျက်မှောင်ကုပ်သွားသည်။
သတိထား၍ အသက်ရှူလိုက်ပြန်သည်။
ပန်းရနံ့အပြင်အနံ့တခုကို သိသာစွာရှူလိုက်မိသည်။
သူ၏မေးစေ့ကို စမ်းသပ်ကြည့်ရာ လန့်ဖျပ်သွားပြန်သည်။
ဆယ်ရက်ကျော်ကျော် မရိတ်ပဲထားခဲ့သော နှုတ်ခမ်းမွေးနှင့် မုတ်ဆိတ်မွေးများမရှိတော့ချေ။
မည်သို့ဖြစ်ရလေသနည်း။
မည်မျှကြာကြာအရက်မူးရလေသနည်း။
အရက်မူးမေ့လဲကျနေစဉ်၊ မည်သည့်အဖြစ်အပျက်များ ဖြစ်ခဲ့လေသနည်း။
စဉ်းစားတွေးတောနေစဉ်....
မဝေးကွာသောနေရာဆီမှ ရေသံကိုကြားလိုက်ရသည်။

* * *

ခြုံထားသောစောင်ကို ကိုယ်ပေါ်မှ ဖယ်ရှားလိုက်မည်ပြု၏။

ထိုအခိုက်အတန့်လေးမှာပင် ကြားနေရသော ရေသံရပ်တန့်သွားပြီး၊ အခန်းတွင်းသို့ဝင်လာသောခြေသံကို ကြားလိုက်ရ၏။

ရှောင်မော်လှည့်ကြည့်လိုက်၏။

အခန်းတွင်းသို့ဝင်လာသော ခြေသံရှင်ကား ရေချိုးခန်းမှ ပြန်လာဟန်တူသော မိန်းမချောလေးတယောက်။

* * *

ရှောင်မော်သည် မိန်းကလေးကိုတွေ့သည်နှင့် အသက်ရှူရပ်မတတ်ဖြစ်သွားသည်။

မိန်းကလေး၏အလှသည်၊ သူ၏ တကိုယ်လုံးသိမ်းကြုံး ဆွဲဆောင်ထားသည့်နှယ်။

မိန်းကလေးသည် ရှောင်မော်ထံလျှောက်လာ၏။

လမ်းလျှောက်ပုံကလည်း အသည်းယားဖွယ်။

လှုပ်လီလှုပ်လဲ့။

ပြည့်ဖြိုးသောရင်သည် ခြေလှမ်းရာတွင် စည်းချက်ဝါးချက်နှယ် အချက်ကျကျလှုပ်ရှားနေလျက်ရှိ၏။

ရှောင်မော်၏ အသွေးအသားများ ပူနွေးလာသည်။

မိန်းကလေး၏အလှအတွင် နစ်မြောယင်း စိတ်လှုပ်ရှားနေလျက်....

"ရှင်နိုးနေတာကြာပလား...."



မိန်းကလေးက သာယာဖွယ်အသံဖြင့် မေးလိုက်၏။

ရှောင်မော်ငေးကြည့်နေရာမှ ခေါင်းညိတ်လိုက်သည်။

"ဘာလို့ ဒီလောက်ထိစိုက်ကြည့်နေရတာလဲ"

မိန်းကလေးကမေးသည်။

"ငါလဲမပြောတတ်ဘူး၊ ဒါပေမယ့်... မင်းသိပ်လှတယ်၊ မင်းနာမည်ဘယ်သူလဲ"

"နီနီ...."

"နီနီ....ဟုတ်လား"

"ဟုတ်တယ်....ကျွန်မနာမည်နီနီ"

ရှောင်မော် ခေါင်းခါလိုက်သည်။

"မင်းကို အိုရန်ကလွှတ်လိုက်တာလား"

"ဟုတ်တယ်....ရှင့်ကိုပြုစုဖို့ လွှတ်လိုက်တာပဲ"

"ငါ့ကိုပြုစုဖို့ယောကျ်ားလေးတွေ လွှတ်လဲ ရရက်သားနဲ့ မင်းကိုဘာလို့လွှတ်ရတာလဲ"

"အိုရန်ကသူကိုယ်တိုင်လဲ မိန်းကလေးရဲ့ အပြုအစုကို ခံနေတော့ ရှင့်ကိုလဲအဲဒီလိုသဘောထားပြီး ကျွန်မကိုလွှတ်လိုက်တာနေမှာပေါ့"

နီနီက ရှောင်မော်၏ အမေးစကားကို ရှင်းပြလိုက်၏။

ရှောင်မော် ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး....

"မင်းလိုမိန်းကလေး ဘယ်နှစ်ယောက်ရှိသလဲ"

နီနီက လက်ရှစ်ချောင်းထောင်ပြလိုက်ကာ....

"ရှစ်ယောက်"

"အားလုံးမင်းလိုပဲ ချောကြသလား၊ လှကြသလား"

နီနီပြုံးလိုက်သည်။
"ရှစ်ယောက်ထဲမှာ ကျွန်မရုပ်အဆိုးဆုံးပဲ"
"ဒါပေမယ့်....ငါကတော့ မင်းအလှဆုံးပဲထင်တယ်"
ပြောဆိုယင်း၊ နီနီလက်ကို ဖမ်းဆွဲလိုက်သည်။
နီနီလည်း ရှောင်မော်ခေါ်ရာသို့ အလိုက်သင့် ပါသွားတော့သည်။
မှိန်လဲ့သော မီးရောင်သည်အမှောင်ဘက်သို့ ကူးပြောင်းသွားချေပြီ။
တခန်းလုံးမှောင်ပိန်းလျက်။
သို့သော်....
နီနီနှင့် ရှောင်မော်ကား ထိုထက်မကသောအမှောင်ထဲသို့ ဦးတည်နေကြတော့သည်။

* * *

နီနီအတွက် ရှောင်မော်သည်၊ ပထမဦးဆုံး တွေ့ကြုံဖူးသောယောကျ်ားသားတယောက်ဖြစ်သည်။
ကြုံတွေ့ခဲ့ရသည့်အဖြစ်အပျက်ကလည်း ပထမဦးဆုံးအဖြစ်အပျက်ဖြစ်သည်။
ထိုအတွက်ကြောင့်ဖြစ်ဟန်တူသည်။
နီနီ၏ မျက်လုံးမှ မျက်ရည်များ စီးကျနေသည်။
ငိုနေသော နီနီကို ရှောင်မော်ကြည့်ပြီး....



"မင်းငိုနေတယ်"
တုန်လှုပ်အံ့သြစွာမေးသည်။
နီနီမဖြေ။
ဆက်၍သာငိုနေမြဲ။
"ဘာဖြစ်လို့ ငိုရတာလဲ"
နီနီမတုန်မလှုပ်လုပ်နေသည်။
"ငါဘယ်လိုလူဆိုတာကော မင်းသိရဲ့လား နီနီ"
ရှောင်မော့်အသံက စိတ်မရှည်ချင်တော့သည့်လေသံ။
သာမန်လေသံထက် မာသွား၏။
နီနီငိုနေရာမှ ခေါင်းမော့ကြည့်လိုက်ပြီး....
"ရှင်ဘယ်လိုလူဆိုတာ ကျွန်မသိဖို့မလိုဘူး၊ သိလဲမသိချင်ဘူး၊ ရှင့်ဘာသာ ဘာပဲဖြစ်ဖြစ်၊ ကျွန်မနဲ့မဆိုင်ဘူး၊ ကျွန်မကကော ရှင့်ကိုတသက်လုံး ချစ်နေမယ်လို့ရှင်ထင်သလား"
ပြန်မေးလာသော နီနီ၏အမေးကို ရှောင်မော် မည်သို့ဖြေရမှန်း မသိတော့။
အတန်ကြာမှ....
"ဒါဆို မင်းငါ့ကိုမချစ်ဘူးပေါ့"
"ကျွန်မ သဘောမကျတဲ့လူဆိုယင် ကျွန်မအသားတောင် ထိခွင့် မပြုဘူး၊ အိုရန်မင်းသားတောင် ကျွန်မက သဘောမကျယင် ကျွန်မအသားကို ထိဖို့မတတ်နိုင်ဘူး၊ အေး....ကျွန်မ သဘောကျယင်တော့ ကျွန်မထိခွင့်ပေးလိုက်တာပဲ"
"ဒါဆို.. မင်းက ငါ့ကိုသဘောကျတယ်ပေါ့"
"ရှင့်ဘာသာစဉ်းစားကြည့်"

"ငါမရှင်းတာတော့ရှိတယ် ပြောမလား"

"ဘာလဲ"

"အိုရန်ဟာ ငါ့ထက်ငွေလဲရှိတယ်၊ ရုပ်လည်းချောတယ်၊ အဲဒီလိုလူကို မင်းကဘာလို့ သဘောမကျချင်ရတာလဲ"

ရှောင်မော် စကားကြောင့် နီနီ့နှုတ်ခမ်းတဘက်တွန့်၍ ပြုံးလိုက်ပြီး....

"အိုရန်ဟာ ရှင်ပြောသလို ရုပ်ချောတာ၊ ငွေကြေးချမ်းသာတာ မှန်ပေမယ့် သူ့မှာ မိန်းမတွေကများတယ်၊ ကျွန်မက မိန်းမချင်းမပြိုင်ချင်ဘူး၊ အဲဒီအချက်ဟာ အိုရန်ကို ကျွန်မ သဘောမကျနိုင်တဲ့ အိုရန်ရဲ့ချွတ်ယွင်းချက်ပဲ"

နီနီ၏ ပြတ်သားစွာ ပြောလာသော စကားများကြောင့် ရှောင်မော် သက်ပြင်းချလိုက်မိသည်။

သူ့အနေနှင့် နီနီကိုတွေ့စက အိုရန် သက်အောက်မှ ပျော်တော်ဆက် မိန်းကလေးတယောက်ဟု ထင်မှတ်ခဲ့၏။

သို့သော်....

ယခု နီနီ၏ခံယူချက်ကို သိရသည်နှင့် သူ၏အထင်မှာ မှား သွားကြောင်း နားလည်လိုက်သည်။

နီနီသည် သာမန် မိန်းကလေးတယောက် မဟုတ်ဟုလည်း ချက်ချင်းအကဲခတ်မိ၏။

"ကောင်းပြီလေ၊ ဒါဆိုယင် နောက်ထပ်ငါနဲ့ ပတ်သက်လို့ ဘာဆက်စရာရှိသေးသလဲ"

ရှောင်မော်မေးကြည့်သည်။

"အိုရန်ကပြောတယ်"



"ဘာပြောသလဲ"

"ခုတလော ဘာမှလုပ်စရာမရှိဘူး၊ ရှောင်မော်စိတ်ပျော်ရွှင်အောင် ရှောင်မော့် အနားမှာသာ ပြုစုပေးရမယ်တဲ့"

"နားထောင်လို့ကောင်းတဲ့စကားတွေပဲ"

ရှောင်မော်ပြုံးလိုက်သည်။

"ကျွန်မကို ရှင်ငြီးငွေ့ယင်၊ တခြားမိန်းကလေးလဲလို့ ရနိုင်သေးတယ်၊ ရှင့်မှာလဲပိုင်ခွင့်ရှိတယ်"

ရှောင်မော်မျက်မှောင်ကုပ်လိုက်သည်။

"ဘယ်သူကပြောတာလဲ"

"အိုရန်မင်းသား"

ရှောင်မော် မဲ့ပြုံးတချက်ပြုံးပြီး....

"ဘယ်မိန်းကလေးမှ ငါမလဲတော့ဘူး၊ မင်းလဲဘယ်မှမသွားရတော့ဘူး၊ မင်းအပြင်လဲ ဘယ်မိန်းကလေးမှ ငါ့အနား အကပ်မခံနိုင်တော့ဘူး"

ရှောင်မော်စကားသည် ရယ်စရာ မပါသော်လည်း၊ နီနီ သဘောကျစွာ ရယ်လိုက်သည်။

နီနီရယ်ရသည့် အကြောင်းကို ရှောင်မော် မစဉ်းစားတတ်သဖြင့်...

"ဘာလို့ရယ်ရတာလဲ"

ကြောင်အမ်းအမ်းမေးမိသည်။

နီနီသည် ရှောင်မော်၏နားနားသို့ တိုးကပ်လိုက်ပြီး....

"ရှင်....အိုရန်ကတော်တော် အကပ်မခံနိုင်တော့ ဘူးလား"

တိုးတိုးပြောလိုက်၏။

နီနီ၏စကားသည် ဖြောင်ဖြောင်ကိုရည်ညွှန်းလိုက်မှန်း ရှောင်မော် နားလည်လိုက်သည်။

ရှောင်မော်တုန် လှုပ်သွား၏။

"ရှင့်စိတ်ထဲမှာ ဖြောင်ဖြောင်ကိုပဲ သတိရရှိနေတာ မဟုတ်လား"

နီနီစကားကြောင့် ရှောင်မော်မျက်နှာထား တင်းသွားသည်၊

"ငါအခု သူ့အကြောင်း ဘာမှမစဉ်းစားချင်တော့ဘူး"

ခေါင်းခါ၍ ငြင်းပယ်စကားဆိုလိုက်သည်။

ထို့နောက် ဆက်၍ပြောလိုက်ပြန်သည်။

"ဟိုတုန်းတတော့....ငါဟာ ဖြောင်ဖြောင်အတွက်ဆို သေရမှာတောင် မကြောက်တဲ့ထိ စွန့်စားဝံ့တယ်၊ ဒါပေမယ့် ခုတော့ ငါ....မင်းကလွဲပြီး ဘယ်သူ့အကြောင်းမှ မတွေးချင်တော့ဘူး ဆိုတာ နားလည်လိုက်ပါ"

စကားဆုံးအဆည်နှင့် နီနီကိုတင်းကျပ်စွာ ဖက်လိုက်ပြန်သည်။

* * *

(၄)

အိုရန် နေရာချပေးထားသော အခန်းထဲတွင် နေလာခဲ့သည်မှာ (၁၅)ရက်ကြာပြီ။

ထို(၁၅)ရက်အတွင်း အိုရန်လာရောက်ခြင်းမရှိပေ။

သို့သော်....



ရှောင်မော့်အတွက်လိုအပ်သမျှကိုတော့ စီစဉ်ပေးထားသည်။

ရှောင်မော် အနေဖြင့်လည်း ထိုအခန်းကလေးထဲက ဘယ်မှ ထွက်ခြင်းမရှိခဲ့။

မည်သည့်အကြောင်းမျှလည်း မစဉ်းစားတော့။

ရှေ့ဆက်ဖြစ်ပျက်လာမည့် ကိစ္စများကို ရဲရဲရင်ဆိုင်ရန် အသင့်ပြင်ထားယင်း....

အိုရန်စီစဉ်ပေးသည့် အကောင်းဆုံး စားသောက်ဖွယ်ရာများ စားခဲ့သည်။

အကောင်းဆုံးအရက်များ သောက်ခဲ့သည်။

ထို့နောက်...

နီနီနှင့်အတူ အချစ်ပင်လယ်တွင် လွင့်မျောနေခဲ့သည်။

အိုရန်၏လုပ်ဆောင်မှုကိုရှောင်မော်မစဉ်းစားတတ်တော့ပေ။

မည်သည့်အကြံအစည်ရှိ၍နေ၍၊ ရှောင်မော့်အပေါ် သည်မျှအထိ လိုက်လျောနေရလေသနည်း။

အဘယ့်ကြောင့် ရှောင်မော်ကို မသတ်သေးသနည်း။

ထို့အတူ ဖြောင်ဖြောင် ပြောသည့် လက်တွဲရန်ကိစ္စဆိုသည်ကိုလည်း အဘယ့်ကြောင့် မစ,လာသေးသနည်း။

မည်သို့ဖြစ်စေ။

အိုရန်တွင် အကြံအစည်တရပ်ရှိနေမည်ကိုတော့ ရှောင်မော် ခန့်မှန်းမိတယ်"

မည်သို့သော အကြံအစည်ပါနည်း။

* * *

# အခန်း ခုနစ်

## ခံစစ်မဲ့သောတိုက်ကွက်များ

(၁)

ရှစ်လ၊ ဆယ့်နှစ်ရက်။

သာယာသောနေ့တနေ့ မနက်ပိုင်းဖြစ်သည်။

အိုရန်နေရာတနေရာမှ ပြန်လာပုံရသည်။

လက်ထဲတွင်လည်း စာရွက်ဝါလေးတရွက်ကို ကိုင်ထား၏။

သူသည် ကုလားတိုင်တွင် ထိုင်လိုက်ပြီး လက်ခုပ် တီးလိုက်သည်။

သက်တော်စောင့် ရောင်ပေါင်း ချက်ချင်းရောက်လာ၏။

* * *

အိုရန်သည် လက်ထဲမှ စာရွက်ဝါကို ရောင်ပေါင်းအားထုတ်ပေးလိုက်၏။

ရောင်ပေါင်းယူပြီး ဖြန့်ကြည့်လိုက်သည်။

စက္ကူပေါ်တွင် လူတယောက်၏အမည်နှင့် ထိုလူ၏ နေရာအညွှန်းကိုရေးထားသည်!

စာရွက်ပေါ်မှလူအမည်ကိုကြည့်ပြီးရောင်ပေါင်းခေါင်းညိတ်လိုက်သည်။

သူဘာလုပ်ရမည်ကိုသိသည်။

"လူအပိုထပ်ခေါ်သွား....မမှားဘူး"

အိုရန်က ရောင်ပေါင်းကို တပ်ဆင့်အမိန့်ထုတ်လိုက်၏။

ရောင်ပေါင်း ခေါင်းညိတ်ကာ အိုရန်အနီးမှ လျင်မြန်စွာထွက်ခွာသွား၏။

ရောင်ပေါင်း မည်သည့်နေရာသွား၍ မည်သည့် တာဝန်ကိုဆောင်ရွက်လေမည်နည်း။

စာရွက်ဝါပေါ်တွင်ရေးထားသောလူ၏အမည်သည် မည်သူဖြစ်မည်နည်း။

ထိုလူကို ရောင်ပေါင်းမည်သို့ လုပ်မည်နည်း။

ထိုလူနှင့် အိုရန်အဖွဲ့ မည်သို့များပတ်သက်နေသနည်း။

မည်သို့ဖြစ်စေ။

ရောင်ပေါင်းကတော့ အလျင်အမြန် ထွက်ခွာသွားပြီ။

● ● ●



ထိုနေ့....နေ့လယ်ပိုင်းအချိန်ဖြစ်သည်။

လက်ဖက်ရည်ဆိုင်ထဲတွင် လူများပြည့်လျှံနေသည်။

ထိုဆိုင်သည် ဟောင်းနွမ်း၍ကြာမြင့်နေသော ဆိုင်တဆိုင်ဖြစ်သည်။

ဆိုင်ရှင်အဘိုးကြီးသည်ပင် အသက်ငါးဆယ်ကျော်နေပြီ။

အဘိုးကြီးသည် အသက်ကြီးရင့်ပြီဖြစ်သော်လည်း၊ ဖျတ်လတ်တက်ကြွနေဆဲဖြစ်သည်။

ထို့ကြောင့်လည်း....

ထိုလက်ဖက်ရည်ဆိုင်လေးသည်၊ ဆက်ဆံရေးပြေပြစ်၍ ဖျတ်လတ်သော ဆိုင်ရှင်အဘိုးကြီးကြောင့် လူပြတ်သည်မရှိ။

ဆယ့်နှစ်ရာသီ လူစည်နေလျက်ရှိသည်။

* * *

အင်္ကျီအနက်ရောင်ဝတ်ထားသော လူတယောက်သည်၊ လက်ဖက်ရည်ဆိုင်အပြင်ဘက်တွင် ရပ်စောင့်နေသည်မှာ ကြာပြီ။

သူသည် ပေါက်စီစားရန်အတွက် စောင့်ဆိုင်း နေခြင်းဖြစ်သည်။

ပေါက်စီကပေါင်းနေဆဲဖြစ်၏။

သို့သော်....

ဆိုင်ထဲတွင်လူပြည့်နေသဖြင့်၊ ဆိုင်အပြင်ဘက်မှရပ်စောင့်နေရသည်။

ထိုလူစောင့်နေသည်မှာကြာပြီ။
စောင့်ရလွန်းသဖြင့် စိတ်တိုစပြုလာပြီ။
သို့သော်....
သူ့အနေဖြင့် ထိုဆိုင်မှထွက်ခွာ၍မဖြစ်သေး။

* * *

ထိုနေ့ မွန်းလွဲပိုင်းဖြစ်သည်။

အနက်ရောင်အင်္ကျီဝတ်ထားသော လူအတွက် လက်ဖက်ရည်ဆိုင်ထဲတွင် ထိုင်ရန်နေရာတနေရာရလိုက်သည်။

ဆာဆာနှင့်စားလိုက်ပုံရသည်။

တခဏအတွင်း ပေါက်စီနှစ်လုံးကုန်သွားလေသည်။

နောက်ထပ်မှာမည်ပြုစဉ်၊ ချုံကျွဲတယောက် သူ့အနားရောက်လာကာ...

"သွားမယ်....မြန်မြန်သွားကြမယ်"

တီးတိုးပြောလိုက်သည်။

ချုံကျွဲ၏ပုံစံက အရေးကြီးသောကိစ္စရှိနေသည့်ပုံ။

အနက်ရောင်ဝတ်စုံနှင့် လူသည် ထိုင်ရာမှ လျင်မြန်စွာထပြီး၊ ချုံကျွဲနှင့်အတူ ဆိုင်အပြင်သို့ထွက်လာခဲ့၏။

* * *

လွင်စာပေ
အမှန်(...) ★ ...
...

ဆိုင်အပြင်ရောက်သည်နှင့် ချုံကျွဲကပြောသည်။

"မင်း....ဆေးဆရာကြီး အိမ်ပြန်မသွားနဲ့တော့"

အနက်ရောင်ဝတ်စုံနှင့်လူ မျက်နှာပျက်သွား၏။

"ဘာဖြစ်လို့လဲ"

"အိုရန်က မင်းကိုလူလွှတ်ပြီး သတ်ခိုင်းထားတယ်"

ချုံကျွဲစကားကြောင့်၊ အနက်ရောင်ဝတ်စုံနှင့်လူ မျက်နှာထား တင်းမာသွား၏။

"ဒီအိုရန်တော့လားကွာ"

မကျေနပ်စွာ ကြိမ်းလိုက်သည်။

"သူတို့ဘယ်နှစ်ယောက်လိုက်လာကြသလဲ"

အနက်ရောင်ဝတ်စုံနှင့်လူက သိလိုသောအချက်ကို ထပ်မေးလိုက်၏။

"ဘာလဲ....မင်းကသူတို့နဲ့တိုက်အုံးမလို့လား၊ သူတို့ဆေးဆရာကြီးအိမ်တောင် ရောက်နေကြပြီ"

"ဒါဆို....ဆေးဆရာအိမ်ကို သွားမယ်"

"ဘာ....မင်းကဲဆေးဆရာအိမ်ပြန်သွားအုံးမယ်"

ချုံကျွဲက အံ့ဩစွာမေးသည်။

"ဟုတ်တယ်"

အနက်ရောင်ဝတ်စုံနှင့်လူက မာဆတ်ဆတ်ပြန်ဖြေ၏။

"သူတို့က အင်အားများတယ်၊ မင်းနိုင်ဖို့လမ်းမရှိဘူး"

ချုံကျွဲက အခြေအနေကို ပြောပြ၏။

"မင်းသတ္တိနည်းတဲ့ကောင်ပဲကွ"

အနက်ရောင်ဝတ်စုံနှင့်လူက ရှုံ့ချလိုက်သည်။

သို့သော်...

ချုံကျားကဂရုစိုက်ဟန်မတူ။

ဆက်၍ ပြောပြန်သည်။

"မင်းရဲ့ဒဏ်ရာက အကင်းသေသေးတာမှ မဟုတ်တာ မင်း ပြန်မတိုက်ချင်စမ်းပါနဲ့ကွာ၊ သူတို့က ဘာမှ ပြန်မလုပ်ရခင် ကိုယ်က ဒီဒဏ်ရာဟောင်းနဲ့တင် အသက်ထွက်နိုင်တယ်"

အနက်ရောင်ဝတ်စုံနှင့်လူ ခေါင်းခါယမ်းပြီး....

"မဖြစ်ဘူး....ငါပြန်တိုက်မယ်၊ငါ....ဆေးဆရာကြီးကိုကယ်ဖို့ ပြန်တိုက်မှဖြစ်မယ်"

ဟုပြောပြီး ထွက်ခွာသွားမည်ပြုရာ ချုံကျားက တဖက် တည်းသာရှိသော သူ၏လက်တဖက်ဖြင့် ဖမ်းဆွဲလိုက်သည်။

"မင်းရူးနေသလား ဒီအချိန်မှာ သွားလို့ ဘာမှအသုံးမဝင် တော့ဘူး"

အနက်ရောင်ဝတ်စုံနှင့်လူက ချုံကြားကို နားမလည်စွာ ပြန် ကြည့်ပြီး........

"ဘာလို့ အသုံးမဝင်ရမှာလဲကွ"

"သူတို့ ဆေးဆရာကို သတ်သွားကြပြီ"

ချုံကျားက သက်ပြင်းချကာ ပြောလိုက်သည်။

အနက်ရောင်ဝတ်စုံနှင့်လူ အံကြိတ်လိုက်ပြီး...

"တကယ်လား"

မယုံကြည်စွာ မေးလိုက်သည်။

"ငါ....မင်းကိုလိမ်ဖူးလို့လား"



အနက်ရောင်လူ လက်သီးဆုပ်လိုက်ပြီး အံတင်းတင်း ကြိတ် ကာ....

"ဆေးဆရာကြီးရဲ့အသက်ကို ငါမကယ်နိုင်လိုက် ပါလား ကွာ....ကောင်းပြီလေ၊ မှတ်ထားလိုက်မယ်၊ ဒီအိုရန်ကို ပြန်ဆပ် ဖို့ အကြွေးနှစ်ခုရှိသွားပြီ၊ အဲဒီအကြွေးနှစ်ရပ်အတွက် တနေ့ကျ ယင် အမြတ်ပါ ပြန်ယူရမယ်"

ဟုကြိမ်းဝါးလိုက်၏။

ချုံကျားကလည်း ပြတ်နေသောလက်တဖက်ကို ကြည့်ပြီး....

"မင်းတင်မဟုတ်ဘူး၊ ငါလဲ သူတို့ကို ဆပ်စရာ အကြွေးရှိ တယ်၊ ငါ့လက်တဖက်ကိုဖြတ်တဲ့အကြွေး ပြန်ဆပ်ရမယ်ကွ"

အံကြိတ်ကာ ပြောလိုက်၏။

မှန်ပါသည်။

သူတို့နှစ်ဦးစလုံးသည် အိုရန်ကို အကြွေးဆပ်ကြရမည့်သူများ ဖြစ်နေကြသည်။

အနက်ရောင် ဝတ်စုံနှင့်ချုံကျားသည် တခြားသူများ မဟုတ် ကြချေ။

အိုရန်၏ပယောဂကြောင့် ကိုယ့်ကိုယ်ကိုသတ်သေသွားသော အာထန်၏အစ်ကို ချင့်ဝူနှင့် ဆိုင်ကမ်းတိုက်ပွဲတွင် လက်တဖက် ကျိုးသွားသော ကမ်းရှန်တို့ဖြစ်နေကြသည်။

ချင့်ဝူနှင့် ကမ်းရှန်တို့စိတ်ထဲတွင် အိုရန်ကို လက်စားချေရန် ရည်ရွယ်ချက်ကိုယ်စီ ရှိနေကြပြီ။

* * *

(၂)

ထိုနေ့ညနေပိုင်းအချိန် ဖြစ်သည်။

အိုရန်၏အခန်းတွင်းသို့ ရောင်ပေါင်း ဝင်သွားသည်။

အိုရန်ကလည်း ရောင်ပေါင်းကို ထိုင်စောင့်နေ၏။

ရောင်ပေါင်းသည် လုပ်ဆောင်ခဲ့သော လုပ်ငန်းများနှင့် ပတ်သက်၍ ဖြစ်ပျက်သမျှ အဝဝကို အိုရန်အား ပြောပြနေသည်။

အိုရန် ငြိမ်သက်စွာ နားထောင်နေ၏။

သို့သော်...

မျက်နှာထားက တဖြည်းဖြည်း တင်းမာလာလေသည်။

ရောင်ပေါင်း၏ စကားဆုံးသည်နှင့် အိုရန်၏ မျက်နှာထားသည် အတင်းမာဆုံး အခြေအနေသို့ ရောက်ရှိသွား၏။

ရောင်ပေါင်းကို မကျေမနပ်စိုက်ကြည့်နေလိုက်သည်။

အိုရန်၏အကြည့်ကြောင့် ရောင်ပေါင်း တုတ်တုတ်မျှ မလှုပ်ရှား ဝံ့ပေ။

ရောင်ပေါင်း တုန်လှုပ်ခြောက်ချားလာသည်။

ထိုအချိန်တွင်....

အိုရန်သည် စားပွဲကို လက်သီးဖြင့် ထိုးလိုက်ပြီး....

"ငါ....မင်းတို့ကို သတ်ခိုင်းတာချင့်ဝူ.... ဆေးဆရာကြီးကို သတ်ခိုင်းတာ မဟုတ်ဘူး"

ရှောင်ပေါင်းမျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

"ကျွန်တော်သိပါတယ်၊ ဒါ... ဒါပေမယ့်....ဆေးဆရာကြီးက ချင့်ဝူဘယ်မှာ ရှိနေတယ်ဆိုတာ မပြောလို့ စိတ်တိုပြီး သတ်လိုက်မိတာပါ"

"မင်းတို့ဒီလိုဖြစ်လာမယ်ဆိုတာ ငါကြိုတွက်ထားပြီးသား"

အိုရန်အော်ပြောလိုက်သည်။

အသံသည် ကျားဟိန်းသံနှယ် ကျယ်လောင် သွေးသဖြင့် ရောင်ပေါင်း လန့်ဖျပ်သွား၏။

"ဒီကိစ္စကို ကျွန်တော်ဆက်ရှင်းပေးပါ့မယ် မင်းသားလေး၊ ဆေးဆရာကို သတ်တဲ့ကောင်ရဲ့ လက်နှစ်ဖက်ကို ကျွန်တော် ကိုယ်တိုင်ဖြတ်လိုက်ပါ့မယ်"

"ဒါမကောင်းဘူး"

"ဒါဆိုသတ်လိုက်မယ်"

အိုရန် ခေါင်းညိတ်လိုက်ပြီး....

"မင်းမသတ်ရပါဘူးကွာ"

ရောင်ပေါင်း၏ အတွင်းစိတ်သဘောကို စမ်းကြည့်လိုက်သည်။

"ကိုယ်ထင်ရာ ကိုယ်လျှောက်လုပ်တဲ့ကောင် သတ်ပစ်တာ နားအေးပါတယ်"

ရောင်ပေါင်းက ချက်ချင်းပြန်ဖြေသည်။

"သိပ်ကောင်းတယ်၊ ချင့်ဝူကို မသတ်နိုင်တဲ့အပြစ် ကိုယ့်လူတောင် ပြန်အသတ်ခံရမယ့်နည်းပါလားကွ"

ရောင်ပေါင်းကို အိုရန်က အပြစ်တင်လိုက်၏။

ရောင်ပေါင်းခေါင်းငုံ့သွားသလို ကိုယ်လည်းကြုံ့သွား၏။

အိုရန်မှာ မျက်နှာတင်းမာသွားကာ....

"မင်းထွက်သွားတော့"

အိုရန်၏ မျက်နှာထားကား ကြည်လင်မှုမရှိတော့။ ပြုံးမည့် မိုးနှယ် မည်းမှောင်နေလျက်ရှိ၏။

* * *

(၃)

နောက်တနေ့သို့ ကူးပြောင်းလာခဲ့သည်။

ရှစ်လ(၁၃ ရက်နေ့ဖြစ်၏။

မနက်မိုးလင်းသည်နှင့် ရှောင်မော်၏အခန်းထဲသို့ ပထမဆုံးသော အမျိုးသားတယောက် ရောက်လာသည်။

ရှောင်မော်၏ရှေ့တွင် ရပ်တန့်လိုက်ပြီး...

"မင်းသားလေးက မနက်စာစားဖို့ ဖိတ်ခေါ်ခိုင်းလိုက်ပါတယ်"

ရှောင်မော်သည် နံဘေးတွင်ရပ်နေသော နီနီကို ငဲ့ကြည့်လိုက်သည်။

"လာခဲ့မယ်လို့ ပြောလိုက်ပါ"

ရှောင်မော်ကိုယ်စား နီနီကပြေလိုက်လေသည်။

* * *



ထိုနေ့မနက်ခင်းဖြစ်၏။

ရှောင်မော်သည် နီနီနှင့်အတူ အိုရန်၏ညှော်ခန်းသို့ ဝင်ရောက်လာသည်။

အိုရန်သည် စားသောက်ခုံဘေးတွင် တယောက်တည်း ထိုင်ကာ တံခါးဝသို့ ကြည့်နေ၏။

ရှောင်မော်အလာကို စောင့်မျှော်နေဟန်တူသည်။

ရှောင်မော်ဝင်လာသည်နှင့် သေချာစွာ ကြည့်လိုက်ပြီး........

"မင်းဒီမှာနေတာ လာက်ရှိသွားပြီ၊ ဝလဲ၀လာတယ်"

"စားကောင်း သောက်ကောင်းတွေသာ စားနေရပြီး လှုပ်ရှားမှု ဘာမှမရှိတော့ ဒီထက်ပိုဝလာမှာတောင် စိုးရိမ်နေရပါတယ်"

"မင်းဝလို့မဖြစ်သေးဘူး"

"မဝစေချင်ယင်တော့ လှုပ်ရှားမှုတခုခု ပြုလုပ်သင့်တယ်ထင်တာပဲ"

ပြောဆိုယင်း ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

နီနီသည်လည်း သူ့နံဘေးကုလားထိုင်တွင် ဝင်ထိုင်သည်။

"လှုပ်ရှားမှုလုပ်ချင်တယ်ဆိုလဲ ရပါတယ်၊ ဒါပေမယ့် လှုပ်ရှားမှုမလုပ်ခင် ငါ့အပေါ်မှာ မင်းရဲ့မကြည်လင်တဲ့အမြင်တွေ ဖယ်ထုတ်ပစ်မှဖြစ်မယ်"

"ငါလဲ အယင်တုန်းက ကိစ္စတွေကို အတတ်နိုင်ဆုံး မေ့ပစ်ဖို့ ကြိုးစားနေတာပဲ"

အိုရန်ပြုံးသွားသည်။

"ဒါဆို....မင်းနဲ့လက်တွဲလို့ ဖြစ်နိုင်တဲ့အခြေအနေရောက်လာပြီလို့ ပြောရမှာပဲ၊ ဒီလိုမှမဟုတ်ယင် မင်းနဲ့ငါ ဘယ်လိုမှ လက်တွဲလို့ ရမှာမဟုတ်ဘူး"

နီနီကား ငြိမ်သက်စွာ ထိုင်နေလျက်ရှိသည်။

ရှောင်မေဉ်နှင့် အိုရန်ပြောသည့်စကားအပေါ် စိတ်မဝင်စားသည့်နှယ်။

* * *

(၄)

**ထိုနေ့မနက် နေထနီးတဖျားခန့်အချိန် ဖြစ်သည်။**

**အိုရန်၏ စာကြည့်ခန်းထဲတွင် ရှောင်မေဉ်ရောက်ရှိနေပြီ။**

**အိုရန်၏ သေတ္တာထဲမှ သိမ်းဆည်းထားသော ဖိုင်တွဲတတွဲကို ထုတ်ယူလာသည်။**

ထို့နောက်........

**ရှောင်မေဉ်ကို ပေးလိုက်သည်။**

ရှောင်မေဉ်ဖိုင်တွဲကိုယူပြီး တရွက်ချင်း လှန်ကြည့်၏။

ရှောင်မေဉ်၏ မျက်လုံးများ အရောင်တဖျပ်ဖျပ် တောက်လာ၏။

စာရွက်များကား လူတယောက်၏ ကိုယ်ရေး ရာဇဝင်ကို အပြည့်အစုံ ရေးသားထားသော စာရွက်များ ဖြစ်နေသည်။

နောက်ဆုံးစာရွက်ကို ကြည့်ပြီးသည်နှင့် ရှောင်မေဉ် ခေါင်းမော့လာကာ....



"ရင်ဆိုင်ရမှာ ဒီလူလား"

အိုရန်ကို မေးလိုက်၏။

အိုရန်ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်....သူဟာ တောဘုရင်တယောက်ပဲ"

"ငါနဲ့ဒီကောင်ဘယ်လိုအကြောင်းကိစ္စရှိနေလို့ ရင်ဆိုင်ရမှာလဲ"

"လွန်ခဲ့တဲ့ ခြောက်လလောက်တုန်းက စွန်ဂိုဏ်း ကယမ်းထုပ် လှက်နက်တွေ ပျောက်သွားတာ မင်းကြားမိရဲ့လား"

ရှောင်မေဉ် မျက်မှောင်ကုပ်သွားသည်။

ဒီတောဘုရင်ရဲ့ လက်ချက်လား"

"ဟုတ်တယ်....သူ့ရဲ့လုပ်ဆောင်ချက် အစစ်အမှန်ပဲ"

"နေပြည်တော်က မသိကြဘူးလား"

အိုရန် ခေါင်းခါယမ်းလိုက်ပြီး....

"တောဘုရင်လုပ်ဆောင်ချက်က ပိရိတယ်၊ တချို့အဖွဲ့တွေ လိုက်ကြပေမယ့် တောဘုရင်ရဲ့ သတင်းအစအနဆိုလို့ ဘာတခုမှ မရကြသေးဘူး"

"ဒါဆို မင်းကရော ဘယ်လိုလုပ်သိရတာလဲ"

အိုရန် သဘောကျသွားပုံရသည်။

အသံထွက်အောင်ရယ်ပြီး....

"ဒါကတော့ ငါ့မှာလဲ၊ ငါ့နည်းငါ့ဟန်တွေနဲ့ ရှိတာပေါ့ကွာ"

**ရှောင်မေဉ် မဲ့ပြုံးပြုံးလိုက်သည်။**

"ဒါဆိုလဲ မင်းနည်းမင်းဟန်နဲ့ပဲ ဆက်လိုက်ပါလား"

အိုရန်မဖြေပဲ ပြုံးနေသည်။

ရှောင်မော်သည် အိုရန်၏ပုံစံကို မကျေနပ်သဖြင့်....

"ဒီတောဘုရင်ကို ဘာလို့မင်းတို့က တိုက်ရိုက်ရင်မဆိုင်ရဲရတာလဲ"

"ငါ့မှာလဲ အကြောင်းရင်းတွေ အများကြီးရှိနေလို့ပေါ့ ရှောင်မော်ရာ"

စကားအဆုံးတွင် အိုရန်သက်ပြင်းရှည်ကြီးတချက် ချလိုက်သည်။

ထို့နောက်....

ရှောင်မော်ရှေ့မှ ဖိုင်တွဲကို ပြန်ယူထားလိုက်၏။

* * *

(၅)

အိုရန်သည် ဖိုင်တွဲကို ပြန်လည်သိမ်းဆည်းလိုက်ပြီး နေရာတွင် ပြန်ထိုင်လိုက်သည်။

သို့သော်....

ရှောင်မော်ကို မည်သည့်စကားမျှမပြောပဲ တစုံတရာကို အလေးအနက် စဉ်းစားတွေးတောနေလေသည်။

ရှောင်မော်သည် အိုရန်မည်သည့်စကား ပြောလာမည်ကို စောင့်ဆိုင်းနေသည်။



အတန်ကြာ တိတ်ဆိတ်ငြိမ်သက်နေရာ....

"ဘယ်လိုလဲအိုရန် တောဘုရင်ကို တိုက်ရိုက် ရင်မဆိုင်ရဲရအောင် ဘာအကြောင်းရင်းတွေများ ရှိနေလို့လဲ"

တိတ်ဆိတ်မှုကို သည်းမခံပူင်တော့သဖြင့် ရှောင်မော်ကပင် စတင်မေးမြန်းလိုက်၏။

သို့သော်....

အိုရန် အဖြေမပေး။

သက်ပြင်းတချက် ချလိုက်ပြီး ငြိမ်နေသဲ။

"ဘာလဲ....မင်းဒီယမ်းထုပ် လက်နက်တွေကို လိုချင်နေလို့လား"

ရှောင်မော်ထပ်မေးသည်။

"ငါလိုချင်တာမဟုတ်ဘူး"

အိုရန်ပြန်လည်ဖြေကြားလာ၏။

"ဒါဖြင့်ယင်...."

"တခြားတယောက်က လိုချင်နေတာ ရှောင်မော်"

"အဲဒီလူက ဘယ်သူလဲ"

"လင်းဝူတိ"

ရှောင်မော် မျက်ခုံးနှစ်ဖက် ပင့်တက်သွား၏။

'ဘာလဲ....စန်တုံနယ်စားကြီးလား"

"မင်းသိသလား"

အိုရန်အံ့ဩစွာ မေးသည်။

"ကြားဖူးတာပါ"

"ဒါဖြင့် စောစောက တောဘုရင်ကော မင်းသိရဲ့လား"

ရှောင်မော်ပြုံးလိုက်ပြီး....

"တောကြောင်က တောဘုရင်ကို မသိပဲနေပါ့မလား အိုရန်"

အိုရန်သဘောကျစွာရယ်ပြီး.......

"အဲဒီ... တောဘုရင်ကျင့်ပဆိုဘဲ့ ကောင်ရဲ့ မျက်လုံးထဲမှာ လူဆိုတာ မရှိဘူး၊ အင်မတန် ရက်စက် ကြမ်းကြုတ်တဲ့ကောင်၊ သူ့အဖွဲ့သားတွေကလဲ သူ့ကိုမုန်းကြတယ်၊ ငါ့အနေနဲ့ကတော့ ငါသိကွာ ငါ့ဂုဏ်ကိုငဲ့နေလို့ပေါ့ကွာ၊ နို့မဟုတ်ယင် ဒီကောင် ကျင့်ပနဲ့ တောထဲသွားပြီး သူသေကိုယ်သေ ယှဉ်ပြိုင်ရဲတယ်"

"ဒါကြောင့်မို့ မင်းကငါ့ကို ရွေးလိုက်တာပေါ့"

အိုရန် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်.......မင်းကိုငါရွေးချယ်လိုက်တာ နည်းလမ်းမှန် ကန်တယ်လို့ ငါယုံကြည်တယ်"

"ဒါပေမယ့်....မင်းတခုတော့ စဉ်းစားဖို့ကောင်းတယ်"

"ဘာလဲ"

"ငါဟာ မင်းရဲ့ရန်သူတယောက် ဖြစ်နေတယ်ဆိုတာပဲ"

"တခါတလေမှာ ရန်သူရဲ့ယုံကြည်မှုဟာ မိတ်ဆွေတွေ အပေါ်ယုံကြည်မှုထက် ပိုပြီးစိတ်ချရတယ်လို့ ငါယူဆတယ်"

ရှောင်မော်ရယ်လိုက်သည်။

သို့သော်....

မည်သည့်အကြောင်းကြောင့် ရယ်ရသည်ကိုတော့ သူကိုယ်တိုင်လည်းမသိချေ။

ထို့အတူ ......



အိုရန်နှင့်အတူ သည်မျှအထိ ဆွေးနွေးမိခြင်းကိုလည်း စဉ်းစား၍မရဖြစ်သွားသည်။

ဖြောင်ဖြောင်၏စကားကြောင့်ပေလား။

သို့မဟုတ်....

သူ့တွင် ထူးခြားအစီအစဉ်များ ရှိနေရော့သလား။

* * *

အခန်း ရှစ်

## မြားယောင်းသိမ်းသွင်းမှု

(၁)

စကားဆက်ပြောရန်အတွက် အိုရန်ချောင်းတချက်ကို ဟန့်လိုက်သည်။

ရှောင်မော်ကြည့်လိုက်သည်။

အိုရန်သည် တည်ငြိမ်သောမျက်နှာထားဖြင့်ပြောသည်။

"ဒီယမ်းထုပ်လက်နက်ကတိုက်ခိုက်ရာမှာ သိပ်ထိရောက်တယ်၊ ယမ်းထုပ်လက်နက်ပေါက်ကွဲယင်လူပေါင်းများစွာ တပြိုင်တည်း သေဆုံးနိုင်တယ်၊ ဒါကြောင့်လဲ ဒီလက်နက်တွေကို လိုချင်တဲ့ ဂိုဏ်းလေးဂိုဏ်းရှိနေတယ်"

"ဘယ်ဂိုဏ်းတွေလဲ"

"ပထမလိုချင်တဲ့ဂိုဏ်းကတော့ ငါပဲ၊ ဒုတိယလိုချင်တာကတော့ စန်တုံနယ်စားကြီး လင်းဝူတိ၊ ဒါပေမယ့်....လင်းဝူတိက သူကိုယ်တိုင်မအောင်မြင်မှန်း ကြိုသိထားလို့ သူကိုယ်စား ငါ့ကို ခိုင်းတယ်"

"စန်တုံနယ်စားကြီးက ဘာလို့လိုချင်ရတာလဲ"

"မန်ချူးတွေရဲ့ရန်ကို ကာကွယ်ဖို့ပေါ့ကွာ၊ သူမှာလက်အောက်ခံတပည့်တွေရဲ့အင်အားက သောင်းချီရှိနေတော့လဲလက်နက်လိုတယ်၊ သူသာ ဒီလိုလက်နက်မျိုးရနိုင်ယင် မန်ချူးတွေကို အပြတ်တိုက်ခိုက်နိုင်မယ်၊ အဲဒီလိုပဲစွန်ဂိုဏ်းကခေါင်းဆောင်ကျူးယစ်ထူကလဲ ထိပ်သီးသိုင်းသမားတွေထပ်စုပြီး ဒီပစ္စည်းတွေပြန်ရဖို့ကြိုးစားနေတယ်၊ ဒါပေမယ့်....ဒီယမ်းထုပ်လက်နက်တွေကိုယူသွားတဲ့ ဂိုဏ်းဟာ တောဘုရင်ကျင့်ပမှန်း မသိကြသေးဘူး၊ စတုတ္ထကတော့ ဝံပုလွေစန့်ကွမ်ဝေါင်းပဲ"

"စန့်ကွမ်ဝေါင်း....ဟုတ်လား"

အိုရန်၏စကားအဆုံးတွင် ရှောင်မော်ပြန်မေးသည်။

"ဟုတ်တယ်...မန်ချူးအလိုတော်ရိ စန့်ကွမ်ဝေါင်းပဲ"

ရှောင်မော် မျက်ခုံးနှစ်ဘက်ဆက်လုနီးပါးအထိ မျက်မှောင်ကုပ်ကာ....

"ဒီကောင်ကြီးကို မန်ချူးအလိုတော်ရိမှန်းသိလို့ လုပ်ကြံခံရပြီး သေသွားတယ်ကြားမိပါတယ်"

"အေး....လူတွေက သေပြီလို့ပဲမှတ်ခဲ့ကြတယ်၊ တကယ်တော့ မင်းတို့ငါတို့ ကြားခဲ့ရတဲ့သတင်းက လုပ်ကြံသတင်းပဲ၊ ဒီကောင်ကြီးခုထိမသေသေးဘူး၊ သေတယ်ဆိုတာလိမ်ညာလှည့်



စားကွက်တကွက်ပဲ"

"ဩြော်....ဒီလိုကိုး"

ရှောင်မော်ကရေရွတ်ယင်း ခေါင်းတဆတ်ဆတ်ညိတ်လျက်။

"ဒီယမ်းထုပ်တွေက ဘယ်လောက်များလို့လဲ"

"များတာပေါ့ကွာ၊ ဒါပေမယ့်....စန့်ကွမ်ဝေါင်းက အဲဒီထဲက အနည်းအကျဉ်းလောက်ပဲယူပြီးကျန်တာကိုမန်ချူး လက်ထဲရောင်းမယ်၊ စန့်ကွမ်ဝေါင်းဟာ သစ္စာဖေါက်၊ တိုင်းပြည်ကို ရောင်းစားတဲ့ကောင်၊ စန့်ကွမ်ဝေါင်းကထပ်ဆင့် ပြီးတုံးဝူအဖွဲ့က ရှက်မိုးဝေကိုရောင်းမယ်"

ရှောင်မော်သည် အိုရန်ရှင်းပြသမျှကို အံ့အားသင့်စွာ နားထောင်ယင်း အံကြိတ်လိုက်မိသည်။

"ရှက်မိုးဝေဟာ မန်ချူးတို့ကြိုးဆွဲရာကနေတဲ့ မန်ချူးရုပ်သေးမဟုတ်လား"

"ဟုတ်တာပေါ့၊ အဲဒီတုံးဝူအဖွဲ့ကလဲ မန်ချူးက ထောက်ပံ့ထားတဲ့အသင်း၊ ဒီလိုကောင်မျိုးတွေလက်ထဲသာ အန္တရာယ်ပေးနိုင်တဲ့ ဒီယမ်းထုပ်တွေရောက်သွားယင် တို့တိုင်းပြည် ဘယ်လောက်အတိုင်းအတာအထိ ဒုက္ခရောက်သွားနိုင်မယ်ဆိုတာ မင်းလဲစဉ်းစားကြည့်ပေါ့ကွာ"

"တောက်"

ရှောင်မော်သည် ဒေါသကို ချုပ်တီးမရတော့သည့်အလား တောက်တချက်ပြင်းထန်စွာခေါက်လိုက်ပြီး....

"ငါဟာ တောကြောင်ဆိုပေမယ့် ငါ့တိုင်းပြည် အပေါ် သစ္စာမဖေါက်ဘူးအိုရန်၊ ခုလဲမဖေါက်ဘူး၊ ဘယ်တုန်းကမှလဲ

မပေါက်ခဲ့ဘူး၊ နောင်လဲမပေါက်ဘူး၊ အေး....သစ္စာပေါက်တွေကို ငါရှုံမုန်းတယ်”

“ငါသိပါတယ်၊ မင်းဟာ ရှက်မိုးဝေတို့၊ စန်းကွမ်ဝေါင်းတို့နဲ့မတူဘူးဆိုတာ ငါနားလည်ပါတယ်၊ ဒီကောင်တွေဟာ တိုင်းပြည်ရဲ့ခလုတ်ကန်သင်းတွေလေ၊ ဒါကြောင့်လဲ မျိုးချစ်စိတ်ရှိတဲ့မင်းကို သူတို့နဲ့ရင်ဆိုင်ဖို့ရွေးလိုက်တာပေါ့၊ အခုအခြေအနေမျိုးမှာ ငါတို့ရင်ဆိုင်ရမှာ တဘက်တည်း မဟုတ်ဘူး၊ ကျင့်ပ၊ စန်းကွမ်ဝေါင်း၊ ရှက်မိုးဝေနဲ့ အဲဒီနောက်ကမန်ချူးနယ်ချဲ့တွေပဲ၊ နောက်ပြီး စွန်ဂိုဏ်းကလဲ နောက်ထပ်ထိပ်သီးသိုင်းသမားတွေ အင်အားထပ်ဖြည့်ပြီး ပစ္စည်းကိုပြန်လိုက်နေကြတာ၊ အားလုံးဟာ သတိထားရမယ့် လူတွေချည်းပဲ၊ တို့ကအရှုံးမပေးနိုင်မှဖြစ်မှာ”

ရှောင်မော်ငြိမ်သက်စွာ နားထောင်နေပြန်သည်။

သို့သော်........

မျက်နှာထားကားတင်းမာနေဆဲ။

“မင်းအနေနဲ့ ငါပြောတာလက်ခံသည်ဖြစ်စေ လက်မခံသည်ဖြစ်စေ၊ ဘယ်လိုပဲဖြစ်ဖြစ် တို့နှစ်ယောက် လက်တွဲဖြစ်လိမ့်မယ်လို့ ငါမျှော်လင့်ထားတယ်။ ငါ........မင်းနဲ့ မိတ်ဆွေအဖြစ်ရပ်တည်ချင်တယ်”

ရှောင်မော်သည် အတန်ကြာသည်အထိ ငြိမ်သက်စွာစဉ်းစားပြီး ညာလက်ကိုဆန့်ထုတ်လိုက်ကာ........

“ကောင်းပြီ........ငါမင်းနဲ့လက်တွဲမယ်၊ မင်းအပေါ်မှာ ငါ အမြင်မကြည်လင်ခဲ့တာကို ခွင့်လွှတ်ပါ”



အိုရန်သည် ရှောင်မော်၏ညာလက်ကို ဆုပ်ကိုင်ယင်း........

“ဝမ်းသာတယ်ရှောင်မော်၊ ငါ့အပေါ်အမြင်ရှင်းသွားတဲ့အတွက် ပိုဝမ်းသာတယ်၊ ငါ့ရဲ့ဆွေစဉ်မျိုးဆက်ဟာ မင်းမှုထမ်းတွေပါကွာ၊ ငါဟာ...... ငါ့ရဲ့ဆွေဂုဏ်မျိုးဂုဏ်ကို ဖျက်ပြီး ငါ့တိုင်းပြည်ကို ငါရောင်းစားမယ့်ကောင်လား၊ တခုတော့ရှိတယ်၊ ငါဟာ ငါချစ်တဲ့မိန်းကလေးဆိုယင်တော့ မရရအောင်ယူတတ်တယ်၊ ဒါကလဲ ငါ့ရဲ့ဖျက်လို့မရတဲ့ ညာဉ်ဖြစ်နေလို့ပါ၊ ဒီအတွက်ငါ့ကို ခွင့်လွှတ်စေချင်တယ်”

ရှောင်မော်ပြုံးလိုက်ပြီး.......

“လူဆိုတာ ခြောက်ပြစ်ကင်း သဲလဲစင်တော့ ဘယ်ဖြစ်နိုင်ပါ့မလဲကွာ”

အိုရန်ကျေနပ်စွာပြုံးလိုက်သည်။

ရှောင်မော် မျက်နှာထား ပြန်တည်လိုက်ကာ.......

“တခုတော့ရှိတယ်၊ ငါ့ကိုမင်းအချက်နှစ်ချက်တော့ လိုက်လျောရမယ်”

အိုရန်တွေဝေသွားသည်။

“ဘာအချက်နှစ်ချက်လဲ”

“နံပါတ်တစ်၊ ငါ့အဖွဲ့သား ဖြစ်တဲ့ ချင့်ဝူကို မင်းဘယ်တော့မှ လူလွှတ်ပြီး မသတ်ခိုင်းရတော့ဘူး၊ ချင့်ဝူကိုမင်းကခွင့်လွှတ်နိုင်ရမယ်”

အိုရန်တစုံတရာကိုဖြေရှင်းပြောမည်ပြုသည်။

သို့သော် .......

မပြောဖြစ်။

ရွှောင်မော် ဆက်ပြောလာသဖြင့် ပါးစပ်ကိုပိတ်ထားလိုက်ရသည်။

"ချင့်ဝူဟာ ဒေါသကြီးတယ်၊ သူဟာမင်းကိုသိပ်ပြီး လက်စားချေချင်တယ်၊ ဒါပေမယ့် ……သူမင်းကို မယုဉ်နိုင်ပါဘူး၊ မင်းကလဲ ငါ့ချက်နှာကိုထောက်ပြီး သူ့ကိုမယှဉ်ပါနဲ့"

စင်စစ် ……

အိုရန်၏စိတ်ထဲတွင် ချင့်ဝူကိုသတ်လိုသည်သာ။

သို့သော်……

အခြေအနေအရ စိတ်ကိုဖျက်ပစ်ကာ ရွှောင်မော်စကားကို လက်ခံရမည်ဖြစ်သဖြင့်……

"ကောင်းပြီလေ ……ငါအားလုံးလက်ခံတယ်"

"ငါ့အနေနဲ့လဲ အခွင့်အရေးရယင် ချင့်ဝူကိုဒီကိစ္စတွေရှင်းပြပေးပါ့မယ်"

"ကောင်းပါပြီ၊ တကယ်တော့ မင်းတပည့်ချင့်ဝူဟာသတ္တိရှိတဲ့ကောင်ပဲ၊ ကဲပါ……နံပါတ်နှစ်အချက်ကဘာလဲ"

"နံပါတ်နှစ်ကတော့ ……"

စကားကိုရပ်တန့်လိုက်ကာပြုံးပြလိုက်ပြီး……

"ဒီလဝက်အတွင်း နီနီဟာ ငါ့ကို လိုလေသေးမရှိ ပြုစုခဲ့တယ်၊ သဘောလဲကောင်းတယ်၊ လှလဲလှတယ်၊ ဒီတော့— မင်းကသာ မကန့်ကွက်ဘူးဆိုယင် ငါ့အနားမှာ နီနီကိုအမြဲရှိနေစေချင်တယ်၊ နီနီကို ငါ့ကိစ္စကလွှဲပြီး မင်းတခြား အကိစ္စမှ မခိုင်းရတော့ဘူး"

အိုရန်ကကျေနပ်စွာပြုံးလိုက်ပြီး……



"ဒါဟာ သိပ်ကောင်းတဲ့အချက်ပဲ၊ ငါဘာမှ ကန့်ကွက်စရာမရှိဘူး၊ ဟုတ်တယ်……နီနီဟာလှပပြီး သဘောကောင်းတဲ့မိန်းကလေးပဲ၊ မင်းနဲ့လဲလက်တွဲညီတယ်၊ ငါအားလုံးခွင့်ပြုတယ်၊ နောက်ဘပ်မင်းဘာပြောချင်သေးသလဲ"

"ကျင့်ပရဲ့အကြောင်းဖိုင်ကွဲကို ငါပြန်ဖတ်ချင်တယ်"

အိုရန်က ထိုင်ရာမှထ၍ ဖိုင်တွဲကိုယူသွားပြီး ရွှောင်မော်ကိုပေးလိုက်သည်။

ရွှောင်မော်သည် ဖိုင်တွဲထဲမှ ကျင့်ပအကြောင်းကို အသေးစိတ်ပြန်လည်ဖတ်ရှုမှတ်သားလိုက်သည်။

* * *

(၂)

"ကျင့်ပ"

တောဘုရင်ကျင့်ပ။

မှန်သည်။

ကျင့်ပသည် တောဘုရင်ဟူသော ဂုဏ်နှင့်အညီဝေးလံသောတောတွင်းတနေရာ၌ တဗိုလ်ဘမင်းအာဏာတံခွန်လွှင့်ထူထားသူတယောက်ဖြစ်၏။

ကျင့်ပ၏ စခန်းတည်ရှိရာတောတွင်းသို့ လူသူအရောက် အပေါက်နည်းသလိုသိသူလည်းရှားသည်၊

ကျင့်ပ၏ စခန်းတည်ရှိရာကို သိသည်ပဲထားဦး။

သွားရောက်ရန်မလွယ်ပေ။

ကင်းစခန်းအထပ်ထပ်ကို ဖြတ်ကျော်ရမည်။

ထောင်ချောက်အသီးသီးကို ဖြတ်ကျော်နိုင်ရမည်။

ထိုသို့ အထပ်ထပ်ချထားသော ကင်းများနှင့် ထောင်ချောက်များကို ဖြတ်ကျော်နိုင်မှသာလျှင် ကျင့်ပ၏ စခန်းသို့ ရောက်ရှိနိုင်မည်ဖြစ်သည်။

သို့သော်........

ကျင့်ပကိုလွယ်ကူစွာတွေ့နိုင်မည်မဟုတ်သေး။

ကျင့်ပသည် ဉာဏ်အမြော်အမြင်ကြီးသူတယောက်ဟု ဆိုနိုင်သည်။

သူ၏စခန်းတွင်အထူးစီစဉ်ထားသော ကျောက်လိုဏ်ဂူများ၊ လျှို့ဝှက်မြေအောက်လမ်းများနှင့် အရေးကြုံကထွက်ခွာပြေးနိုင်ရန် လျှို့ဝှက်ထွက်ပေါက်များလည်း စီမံထားသည်။

ထိုအကြောင်းကို သိသူများကား သူ၏အဖွဲ့သားများအဖြစ် သူ၏ယောက္ခမနှင့် သူ၏ဇနီးသာ ရှိသည်။

သူ၏ယောက္ခမကလည်း အခြားသူမဟုတ်။

"..................." မြို့ကလေး၏ မြို့စောင့်ဖန်အတိုးကြီး ဖြစ်သည်။

"..................." မြို့ကလေးကလည်း ကျင့်ပစခန်း တည်ရာတောတွင်းနှင့်မဝေးကွာလှ။

ထို့ကြောင့်လည်း....

ကျင့်ပ၏သြဇာအာဏာသည် ထိုမြို့ကလေးတိုင် သြဇာသက်ရောက်လျက်ရှိသည်။



ထိုသို့သြဇာရောက်နိုင်လောက်အောင်လည်း ကျင့်ပ၏အရှိန်က မသေး။

ထို့ပြင်....

သိုင်းပညာကလဲ အဆင့်မြင့်သည်။

ထိပ်သီးသိုင်းသမား တဦးဖြစ်သည့်ပြင် ဝံပုလွေ တကောင်နယ် ကောက်ကျစ်တတ်၍ ကျားရဲနှယ်ခက်ထန်သောကျင့်ပအား တော်ရုံတန်ရုံသာ အာခံရဲကြသည်မှာ ဆန်းသည့် ကိစ္စတော့ မဟုတ်။

သို့သော်....

ယခု....

ကျင့်ပကိုအာခံမည့်....

ကျင့်ပကို ကိုက်ခိုက်မည့်သူပေါ်လာပြီ။

သူကား....

တောကြောင် ရှောင်မော်....။

တောဘုရင်နှင့် တောကြောင်တွေ့ဆုံရန်အချိန်သည် တဖြည်းဖြည်းနှင့် နီးကပ်လာချေပြီ။

*   *   *

(၃)

ရှောင်မော်၏တကိုယ်လုံး ချွေးများရွှဲရွှဲနစ်နေလျက်။

သို့သော် ......

လှုပ်ရှားမှုကား မရပ်နားနိုင်သေး။

ခြေ...... လက်....အကွက်ကျကျ လှုပ်ရှားနေသည်မှာ ရိပ်ကနဲ၊ ရိပ်ကနဲ။

လက်ထဲမှဓားကလည်း နေရောင်တွင်လင်းကနဲ၊ လက်ကနဲ။

ရှောင်မော်၏ လှုပ်ရှားမှုများကား မြန်ဆန် လွန်းလှပေသည်။

အနီးအနားရှိ သစ်ပင်များသည်ပင် လေမတိုက်ရပါပဲလျက် လေတိုက်ခတ်သည့်နှယ် ယိမ်းနွဲ့လှုပ်ရှားနေကြရ၏။

ရှောင်မော်၏ မျက်လုံးများကလည်း မှိန်းတည့် နေသကဲ့သို့ တောက်ပလှ၏။

ရှောင်မော်၏ လှုပ်ရှာ မှုကို မလှမ်းမကမ်းမှကြည့်နေသော အိုရန်ပြုံးနေမိသည်။

ကျေနပ်အားရသည့်အပြုံး။

အိုရန်သည် လက်ထဲမှ သစ်သားတုတ်တချောင်းကို ရှောင်မော်၏နောက်ကျောဘက်ဆီမှတဆင့် ရှောင်မော်ရှိရာသို့ အရှိန်နှင့်ပစ်လိုက်သည်။

"ဝှီး....ဒုတ်"

သစ်သားတုတ်သည် ရှောင်မော်ဆီသို့ တည့်တည့်မတ်မတ်ပင် ဝင်သွားသည်။

သို့သော်....

ရှောင်မော်ကိုမထိသည့်အပြင် သစ်သားစများ ဖွာလုံကြဲ၍ သွား၏။

အိုရန် လက်ခုပ်တဖြောင်းဖြောင်းတီးလိုက်၏။



သို့သော်....

ထိုအသံကိုပင် ရှောင်မော်ဂရုစိုက်ဟန်မပြ။

ဆက်လက်၍ သိုင်းကွက်များကိုလှုပ်ရှားနေဆဲ။

လှုပ်ရှားရမည်။

လေ့ကျင့်ရမည်။

ရှောင်မော် ယှဉ်ပြိုင်ရမည့်သူများသည် သာမန်သိုင်းသမားများမဟုတ်ကြ။

ထိပ်သီးသိုင်းသမားများ ဖြစ်နေကြသည် မဟုတ်ပါလား။

ကိုယ်ခံကောင်းထားမှ တော်ကာကျမည့်အခြေအနေမျိုးဖြစ်ရာ ရှောင်မော်မပေါ့ဆရဲ။

ယမ်းထုပ်များကိုလည်း သစ္စာဖေါက်များလက်ထဲ အရောက်မခံနိုင်။

ထို့ကြောင့်လည်း....

ရှောင်မော်သည် နေ့စဉ်နှင့်အမျှ သိုင်းကွက်များကို လေ့ကျင့်နေရသည်။

အားမွေးနေရသည်။

ရှောင်မော်သည် အချိန်နှင့်အမျှ သိုင်းကွက် များတွင်သာ အာရုံနှစ်ထား၏။

ရှောင်မော်နှင့်သိုင်းကွက်။

သိုင်းကွက်နှင့်ရှောင်မော်။

ဖြောင့်ဖြောင့်ဆိုသော မိန်းကလေးကားရှောင်မော်၏အာရုံမှ လွင့်စင်သွားချေပြီ။

သို့သော်...
ပြုစုရန်အတွက် နီနီဆိုသော မိန်းကလေးကားရှိနေဆဲ။

* * *

(၄)

အဘိုးကြီးတုကုဟန်။
**စင်စစ်**....

တုကုဟန်သည် တချိန်သောအခါက လွန်စွာချမ်းသာကြွယ်ဝခဲ့သူဖြစ်၏။

ချမ်းသာသော မိဘများမှမွေးဖွားလာပြီး၊ မိဘများ ကွယ်လွန်သောအခါတွင်လည်း၊ အမွေများကိုတဦးတည်းပိုင်ဆိုင်ခဲ့သူဖြစ်သည်။

သို့သော်....

တုကုဟန်သည် လောင်းကစားရာ၌ အလွန် ဝါသနာထုံသူဖြစ်ရာ ဖဲကစားရမည်ဆိုလျှင် ငယ်စဉ်ကဘည်းက ထမင်းမေ့ဟင်းမေ့ ကစားတတ်သော လူစားမျိုးဖြစ်သည်။

မိဘများကွယ်လွန်သွားကြချိန်တွင် သူ့အတွက် အချုပ်အချယ်မရှိတော့သဖြင့် အချိန်ပြည့်ဖဲဝိုင်း၌သာ ရှိနေခဲ့သည်။

ဖဲဝိုင်းသည်သူ့အိမ်နှယ်ဖြစ်ခဲ့သည်။

သို့သော်....

လောင်းကစားဆိုသည့်မျိုးကား ကောင်းကျိုး ပေးတတ်



သည့်အရာမဟုတ်။

လူတယောက်၏ဘဝပျက်စီးစေခြင်းတွင် အဖျက်အဆီး တမျိုးဟုဆိုရပေမည်။

ကြည့်လေ....

တချိန်က ချမ်းသာကြွယ်ဝခဲ့သောတုကုဟန်သည် ဖဲကစားရာမှ ရှိသမျှပစ္စည်းများတစထက်တစလျော့ပါးလာခဲ့ရာ နောက်ဆုံးတွင် လက်ရှိနေထိုင်လျက်ရှိသော အိမ်ကြီးတလုံးသာ ကျန်တော့သည်အထိ ဘဝပြောင်းလဲသွားခဲ့သည်။

ဖဲရိုက်စရာလည်းငွေမရှိ၊ ဝါသနာလည်းမစွန့်နိုင်သော တုကုဟန်သည် ဘာဆက်လုပ်ရမှန်းမသိဖြစ်ခဲ့သည်။

နောက်ဆုံးတွင်မူ....လက်ရှိကျန်ရှိသေးသော နေအိမ်တွင် ဖဲဝိုင်းထောင်ကာ အကောက်များကောက်ခံခြင်းဖြင့် စီးပွားရေးပြန်ထူထောင်လာနိုင်ခဲ့သည်။

ဖဲရှုံးခဲ့သော ငွေကြေးများလည်း ပြန်လည်စုဆောင်းလာနိုင်ခဲ့ပြီ။

သူ၏ဖဲဝိုင်းသို့ လာကစားကြသည့်သူများမှာလည်း၊ လူကြီးလူကောင်းများသာဖြစ်ကြသည်။

ထိုအထဲတွင် အိုရန်မင်းသားလေးနှင့် စေကျဖ်ထင်မင်းသားကြီးလည်းပါဝင်၏။

* * *

(၅)

စကျောင်ထင်....

စကျောင်ထင်ဆည်၊ လူကြီးလူကောင်းအမည်ခံကာ မကောင်းမှုခပ်သိမ်းကို နောက်ကွယ်မှကြိုးဆွဲချုပ်ကိုင်ထားသူတဦးဖြစ်၏။

စင်စစ်.......

တုကုဟန်သည်၊ ဖဲဝိုင်းထောင်သက် သုံးနှစ်အတွင်း ရှုံးသမျှငွေများအပြင် ပိုလျှံ၍ပင် ရရှိခဲ့ပြီဖြစ်သည်။

သို့သော်....

ဝမ်းမသာနိုင်ရှာခဲ့ပေ။

အဘယ့်ကြောင့်ဆိုသော်..

တုကုဟန်၏လုပ်ရှားမှု လုပ်ဆောင်မှုခပ်သိမ်းသည်၊ စကျောင်ထင်၏စေခိုင်းမှုအရ လုပ်နေရခြင်း၊ စကျောင်ထင် ကြိုးဆွဲရာကနေရခြင်းဖြစ်နေသည့်အတွက်ကြောင့်ပင်။

ထို့ကြောင့်လည်း....

တုကုဟန်သည်၊ စကျောင်ထင်ကို လူ့လောကမှ နှင်ထုတ်ပစ်ချင်ပြီ။

လွတ်လပ်စွာ လှုပ်ရှားလုပ်ဆောင်ချင်ပြီ။

စကျောင်ထင်ကို သူ့မျက်စိရှေ့တွင် မရှိစေချင်တော့။

သူ့ဘဝကို မချုပ်ကိုင်စေချင်တော့ပေ။

သို့သော်...

သူ့အနေဖြင့် စကျောင်ထင်ကို အာမခံရဲ။



စကျောင်ထင်သည် သူ့ထက်အစစအရာရာ အင်အားတောင့်တင်းနေသောကြောင့်ဖြစ်၏။

ဖားတု၍ ခရုမခုန်ရဲ။

ခုန်လိုက်ပါက အိုင်ပျက်ရုံသာဖြစ်မည်။

ယခု....

တုကုဟန်ဘဝက စကျောင်ထင်ကို တုပြိုင်လိုက်ပါက အိုင်ပျက်ရုံတင်မက၊ အသက်ပါထွက်သွားနိုင်သည်။

သို့သော်....

နောက်ဆုံးတွင် တုကုဟန်အကြံကောင်းတရပ်စဉ်းစားလိုက်မိသည်။

ထိုစဉ်းစားချက်ကား....

စကျောင်ထင်ကိုသတ်ပေးနိုင်မည့်သူ တယောက်ကို တိတ်တဆိတ်ရှာဖွေရန်ပင်ဖြစ်နေသည်။

* * *

မကြာပါ။

တပတ်အတွင်းမှာပင် လူတယောက်ကိုရှာဖွေတွေ့ရှိခဲ့၏။

ထိုလူတွင် တုတ်တချောင်းရှိသည်။

ထိုတုတ်ကလည်း သာမန်မဟုတ်ပေ။

တုတ်ထဲမှ အဆိပ်လက်နက်ပုန်း လေးမျိုး တပြိုင်တည်းထွက်ပေါ်လာစေသည့် အန္တရာယ်တုတ်ချောင်းဖြစ်၏။

ထိုတုတ်မှအဆိပ်လက်နက်ပုန်းဖြင့် စေကျင်ထင်ကို သေစေရန် တုကုဟန်ကြံစည်လိုက်သည်။

အဆိပ်လက်နက်ပုန်းတုတ် ကိုင်ဆောင်သူသည်၊ မည်သူဖြစ်မည်နည်း။

* * *

# အခန်း ကိုး

# ဓနဂိုဏ်း ရည်ရွယ်ချက်

## (၁)

ပြည့်ရွှန်းသောလဝန်းသည် ထိန်ထိန်သာနေ၏။
တိတ်ဆိတ်ငြိမ်သက်နေသည်။
လူသွားလူလာမရှိ။
သို့သော်...
လူတယောက်သည် လမ်းပေါ်တွင်ထိုင်နေလျက်ရှိသည်။
ထိုင်နေသည့် ပုံစံကလည်း အင်အားချိနဲ့သည့် ချုံကျွားက ပိုက်ဆံစွန့်ကြဲပေးကမ်းမည့်သူကို စောင့်ဆိုင်းနေသည့်ပုံစံမျိုး။
ရှပ်ဆင်းအင်္ကျီကလည်း ချုံကျွားတယောက်နှယ် စုတ်ပြတ်စွာဝတ်ဆင်ထားပြီး၊ မျက်မှန်အမည်းတလက်ကို တပ်ဆင်ထားသည်။

သူ၏လက်ထဲတွင်လည်း တောင်းရမ်းသည့် ပန်းကန်တချပ်တုတ်ဘချောင်းရှိနေသည်။

သူပုံစံကြည့်ရသည်မှာ ဖျားနာနေသော မျက်ကန်းချုံကျားပမာဖြစ်၏။

မိုးလေဝသအခြေအနေအရ အေးစိမ့်မှုမရှိသော်လည်း၊ သူသည် အင်္ကျီကို ထူထပ်စွာဝတ်ဆင်ထား၏။

လမ်းမပေါ်တွင်ထိုင်နေသည်မှာလည်း အတော်ကြာပြီ ဖြစ်သည်။

သို့သော်....

ပိုက်ဆံတပြားတချပ်မှ မရသေးချေ။

ထိုသူထိုင်နေသောနေရာကား....အဘိုးကြီးတုကုဟာန်၏ဖဲဝိုင်းထောင်ထားသည့် အိမ်ကြီးဘေးနားတွင်ဖြစ်သည်။

* * *

ဖဲဝိုင်းကား လူစည်ကားလျက်ရှိသည်။

စေကျင်ထင်နှင့် အိုရန်သည် တဝိုင်းတည်း ကစားနေကြ၏။

တစ်ပွဲ....

နှစ်ပွဲ....

သုံးပွဲ....

... ..................... ....

..............................



ရှစ်ပွဲ....

ရှစ်ပွဲဆက်တိုက် အိုရန်ချည်းနိုင်နေသည်။

ပင်တိုင်ရှုံးသူကား စေကျင်ထင် မင်းသားကြီးဖြစ်လေသည်။

သို့သော်....

စေကျင်ထင်အပြုံးမပျက်ပေ။

စေကျင်ထင်ရှုံးသည်မှာ ယနေ့မှမဟုတ်။

မကြာခဏရှုံးတတ်သည်သာ။

ရှုံးသည့်တိုင် စေကျင်ထင်မကစားပဲမနေနိုင်။

အချိန်တန်လျှင် ဖဲဝိုင်းသို့ရောက်လာစမြဲပင်။

ယခုလည်း စေကျင်ထင်သည် ပါသမျှငွေများရှုံးသွားပြီဖြစ်ရာ ဖဲဝိုင်းမှထလိုက်သည်။

စေကျင်ထင်နှင့်အတူ အိုရန်လည်း ထလိုက်သည်။

ထို့နောက်.......

နှစ်ယောက်အတူ အိမ်အပြင်သို့ ထွက်လာခဲ့ကြသည်။

နှစ်ယောက်စလုံး ပြုံးရွှင်ရယ်မောလျက်ရှိ၏။

အရှုံးအနိုင်သည် သူတို့နှစ်ဦးအတွက် စာဖွဲ့လောက်သည့်ကိစ္စဟုတ်ဟန်မတူချေ။

* * *

ညဥ့်နက်ပိုင်းအချိန် ရောက်လာသည်။

ဖဲဝိုင်းအိမ်အပြင်ဘက်တွင်မြင်းလှည်းအသင့်ရပ်နေလျက်ရှိ၏။

ထိုလှည်းသည် တစုံတဦးအား စောင့်ကြိုနေဟန်ရှိ၏။ စေကျင်ထင်နှင့် အိုရန် အိမ်ထဲမှ ထွက်လာခဲ့ကြသည်။

အိမ်ရှေ့တွင်ရပ်ထားသော မြင်းလှည်းကို စေကျင်တင်တွေ့မြင်သွားရာ....

"ဩော်... မြင်းလှည်းတောင် အကြိုရောက်နေမှပဲ"

ဟု ပြောပြီး အိုရန်နှင့် လက်ချင်းဆွဲ၍ နှုတ်ဆက်ကာ....

"မင်းသိပ်ကံကောင်းတယ်၊နက်ဖြန်တော့ မင်းနဲ့ငါ မကစားရဲတော့ဘူး"

"ကောင်းတာပေါ့၊ စေအစ်ကိုကြီး မကစားဘူး ဆိုယင်ကျွန်တော်က အစ်ကိုကြီးကို အနိုင်ရလိုက်ပြီလို့ သတ်မှတ်ရမှာပေါ့"

အိုရန်၏ တုံ့ပြန်စကားကြောင့် စေကျင်ထင် သဘောကျစွာ ရယ်ယင်း အိုရန်၏ပခုံးကို ပုတ်လိုက်သည်။

"ကဲ....ငါသွားတော့မယ်....မင်းကော မပြန်သေးဘူးလား"

"ပြန်မယ်....ကျွန်တော့လှည်းလဲ မကြာခင် လာမှာပါ"

အိုရန် ပြန်ပြောလိုက်သည်။

* * *

စေကျင်ထင်၏ မြင်းလှည်း ထွက်ခွာသွားချေပြီ။

အဘိုးကြီးတုကုဟန် မကျေမနပ်ဖြစ်နေသည်။

စားပွဲကို လက်သီးဖြင့် ထုလိုက်သည်။



စေကျင်တင် ထွက်လာသည်နှင့် အဆိပ်လက်နက်ပုန်းဖြင့် ပစ်သတ်ရန် လူသတ်သမားကို သူတာဝန်ပေးခဲ့သည်။

ယခု....စေကျင်ထင် ထွက်ခွာသွားပြီ။

လူသတ်သမား၏ လှုပ်ရှားမှုကို လုံးဝမတွေ့ရချေ။

ထို့ကြောင့်....

တုကုဟန် ဒေါသအကြီးအကျယ်ထွက်သွားရခြင်းဖြစ်သည်။

စေကျင်ထင်ကို သေစေချင်သော ဆန္ဒသည် အဘိုးကြီး တုကုဟန်၏ အကြီးမားဆုံး ဆန္ဒဖြစ်၏။

ယခုတော့ အဘိုးကြီး တုကုဟန် ဆန္ဒမပြည့်တော့ပေ။

သူခေါ်ထားသော လူသတ်သမားသည် နောက်ထပ် အရန်လူသတ်သမား သုံးဦးကိုပင် ထပ်ခေါ်လာခဲ့သေးသည်ကို အဘိုးကြီး တုကုဟန် သိထားသည်။

သို့သော်...

ယခု....တယောက်မှ ပေါ်မလာကြသေး။

လူသတ်သမားများသည် စေကျင်ထင်ကို မသတ်ချင်ကြ၍လား။

သို့တည်းမဟုတ်....သတ်မည့်အချိန်တွင် အခွင့်အရေး မရ၍နောက်ဆုတ်လိုက်ကြခြင်းလား....အဘိုးကြီး တုကုဟန်စဉ်းစား၍မရတော့။

ထိုအချိန်မှာပင် အိမ်ရှေ့သို့ မြင်းလှည်းတစီး ထပ်မံ ဆိုက်ရောက်လာ၏။

အိုရန်မင်းသားလေးကို လာရောက်ကြိုဆိုခြင်း ဖြစ်သည်။

* * *

## (၂))

ချုံကျား အဘိုးကြီးသည် တပ်ဆင်ထားသည့် မျက်မှန် အမည်းကို နှာခေါင်းထိ လျှောချကာ အဘိုးကြီးတုကုဟန်၏ ဖဲဝိုင်း အိမ်အဝသို့ စူးစိုက်ကြည့်လိုက်၏။

မျက်လုံးများ တောက်ပြောင်နီရဲလာသည်။

အဘိုး ကြီး တုကုဟန်သည် သူ့ကိုသတ်ရန် ငှားခဲ့သည်။

သို့သော်...

ယခု... ပစ်မှတ်ပြောင်းလဲသွားပြီ။

သူသတ်ရမည့်သူသည် အဘိုးကြီး စေခိုင်းထားသည့် စော်ကျော်ထင် မဟုတ်တော့။

အိုရန်မင်းသားလေးသည်သာ သူ့ပစ်မှတ်ဖြစ်နေပြီ။

မှန်ပါသည်။

စင်စစ်....

သူသည် စောကျော်ထင်ကို သတ်ပေးမည်ဟု အကြောင်းပြကာ ဖဲဝိုင်းအိမ်ရှေ့တွင် လာရောက်စောင့်ဆိုင်းနေခြင်းဖြစ်သည်။

မူလကတည်းကလည်း သူ၏ ပစ်မှတ်သည် စောကျော်ထင် မဟုတ်။

အိုရန်ကိသာဖြစ်သည်။

အဘိုးကြီး တုကုဟန်သည်လည်း ထိုအကြောင်းကို စဉ်းစား မိမည် မဟုတ်ပေ။

သူသည် စောကျော်ထင်ကို သတ်ချင်၍ လာစောင့်နေသည် မဟုတ်ပဲ၊ အိုရန်ကို သတ်ချင်၍ လာစောင့်နေကြောင်းကိုသာ အဘိုးကြီးသိလျှင် မည်မျှဒေါသထွက်မည်မသိ။



အိုရန်သည် မြင်းလှည်းဆီသို့ တလှမ်းချင်း လျှောက်လှမ်း လာနေပြီ။

* * *

လူသတ်သမားလေးဦးသည် အဆိပ်လက်နက်ပုန်းတုတ်များ ကိုင်ကာ အိုရန်ဆီသို့ တရွေ့ရွေ့လှမ်းလာကြသည်။

တစထက်တစ....

အတောင် နှစ်ဆယ်အကွာအဝေးထိ ရောက်လာကြသည်။

ချုံကျားအယောင်ဆောင်ထားသည့်သူ အမိန့်ပေးသည် နှင့် အိုရန်ကို တိုက်ခိုက်ကြတော့မည့် အခြေအနေ ရောက်နေကြပြီ။

အိုရန်သည် ဘေးရန်မရှိသည့်နှယ် အေးဆေးစွာ လျှောက် လှမ်းလာ၏။

ချုံကျားအယောင်ဆောင်သူသည် သူ၏လူများအား အိုရန် ကိုတိုက်ခိုက်ရန်လေသံဖြင့် အချက်ပေးမည်ဟု ကြံတင်မှာကြား ထားသည်။

ယခုတိုက်ခိုက်ရန် အချိန်ရောက်ပြီဖြစ်သည်။

ထို့ကြောင့်....

ပလွေကိုမှုတ်ရန် နှုတ်ခမ်းတွင် တေ့လိုက်စဉ်....

"ချင့်ဝူ"

ခေါ်သံနှင့်အတူ အားပြင်းသော လက်တဖက်က သူ့ပါးစပ်ကို ပလွေ့မမှုတ်နိုင်ရန် ပိတ်လိုက်၏။

သူဒေါသထွက်သွားပြီ၊ နောက်ပြန်လှည့်ကြည့်လိုက်ရာ မျက်လုံး အစုံ ပြူးကျယ်သွား၏။

သူအံ့ဩနေသည်။

နံဘေးမှလူများလည်း ငေးငိုင်သွား၏။

သူ့ပါးစပ်ကို ပိတ်လိုက်သူကား....သူ၏ဆရာ တောကြောင် ရှောင်မော် ဖြစ်နေသောကြောင့်တည်း။

* * *

"မင်းဒီအချိန်မှာ ဘယ်နည်းနဲ့မှ မလုပ်ရဘူးချင့်ဝူ၊ ဒီအချိန်ဟာ လူသတ်တဲ့အချိန်မဟုတ်တော့ဘူး၊ မင်းမလုပ်ရဘူး"

ရှောင်မော်၏စကားသည် အမိန့်သံနှယ် ပြတ်တောက်စွာထွက်ပေါ်လာ၏။

ချင့်ဝူ အိုရန်ဘက်ကို လှည့်ကြည့်လိုက်သည်။

အိုရန်ဒီ လှည်းပေါ်ရောက်သွားပြီ။

မြင်းလှည်းထွက်ခွာသွား၍ အဝေးရောက်မှ ရှောင်မော်သည် ချင့်ဝူပါးစပ်ကို ပိတ်ထားသောလက်အား လွှတ်ပေးလိုက်သည်။

"အစ်ကိုကြီးမသေသေးဘူး"

ချင့်ဝူက ဝမ်းသာအံ့ဩစွာ မေးလိုက်သည်။



"ဟုတ်တယ်....ငါမသေသေးဘူးချင့်ဝူ"

ချင့်ဝူ မျက်နှာကြောများ ပြန်လည်တင်းမာသွားကာ....

"စောစောက အိုရန်ကိုလွှတ်ပေးလိုက်တာ ကျားကိုတောထဲပြန်လွှတ်သလိုဖြစ်နေပြီ"

"မင်း....သူ့ကိုသတ်လို့ရမယ် ထင်နေသလားချင့်ပူ"

"ကျွန်တော်က သူ့မသတ်လဲ သူကကျွန်တော့ကိုသတ်မှာပဲ"

ရှောင်မော်ခေါင်းခါယမ်းလိုက်ပြီး....

"အခုဒီလိုမဟုတ်တော့ဘူး၊ မင်းလဲသူ့လူဖြစ်သွားပြီ"

ချင့်ဝူမျက်လုံးပြူးသွားပြီး ပါးစပ်ဟသွားကာ....

"ကျွန်တော် နားကြားလွဲတာမဟုတ်ပါဘူးနော်"

ရှောင်မော်ပြုံး၍ခေါင်းညိတ်သည်။

"ဒါဆို....အစ်ကိုကြီးနဲ့သူက လုပ်ဖော်ကိုင်ဘက် ဖြစ်သွားကြလို့လား"

ရှောင်မော် ဒုတိယအကြိမ်ခေါင်းညိတ်ပြလိုက်ပြန်သည်။

ချင့်ဝူနားမလည်စွာကြည့်ယင်း.......

"အစ်ကိုကြီးတို့ဘာလုပ်ကြအုံးမှာလဲ"

"ဒီကိစ္စဟာ တိုတိုလေးပြောလို့ရတဲ့ ကိစ္စမဟုတ်ဘူး၊ အရေးကြီးတာက မင်းတို့ငါ့ကိုယုံကြည်ကြသေးလား၊ ငါနဲ့ကော လက်တွဲနိုင်ကြသေးလား၊ အဲဒီအဖြေကိုငါအယင်ဆုံး သိချင်တယ်"

ချင့်ဝူက စဉ်းစားပဲ ချက်ချင်းဆုံးဖြတ်ကာပြောသည်။

"အစ်ကိုကြီးဟာ တောကြောင်အဖွဲ့ ခေါင်းဆောင်ကြီးပဲ၊ အစ်ကိုကြီးနောက်မှမလိုက်ယင် ကျွန်တော်တို့ဘယ်သူ့နောက်ကို

လိုက်ရမှာလဲ၊ ကိုကြီးနဲ့ပတ်သက်လို့ နောက်ဆုတ်စရာ မရှိသလို မယုံကြည်စရာလဲမရှိဘူး၊ အစ်ကိုကြီး ဘယ်ခန်ရာရောက်ရောက် ဘယ်ကိုပဲသွားသွား၊ ဘာပဲလုပ်လုပ်၊ ကျွန်တော်တို့က လိုက်ကြမှာပဲ"

ရှောင်မော်ကျေနပ်စွာပြုံးလိုက်ပြီး....

"ငါသိပါတယ်၊ ငါတို့အဖွဲ့သားတွေဟာ သတ္တိရှိကြသလို၊ သစ္စာလဲရှိကြတယ်လို့၊ ကဲ...လာ လောင်ဝမ်းရဲ့ အရက်ဆိုင်ကို သွားပြီး အရက်သောက်ယင်းဆွေးနွေးကြမယ်"

* * *

(၃)

လောင်ဝမ်း....

လောင်ဝမ်းသည် ချင့်ဝူ၏သူငယ်ချင်းဖြစ်သည်။

ချင့်ဝူနှင့်ပတ်သက်၍ ရှောင်မော်နှင့်ပါ သိကျွမ်းခင်မင်ခဲ့သူဖြစ်သည်။

လောင်ဝမ်းသည် အခြေအနေအရ အရက်ရောင်းနေရသော်လည်း သာမန်လူမဟုတ်ချေ။

ချင့်ဝူကဲ့သို့ပင် လက်အားသန်သော သိုင်းသမားကောင်းတယောက်ဖြစ်သည်။

မျိုးချစ်စိတ်ဓာတ်ရှိသူ တဦးလည်းဖြစ်၏။

သို့သော်....



ယခုအခါ သူသည်အရက်ရောင်းနေရသော အရက်ဆိုင်ရှင်တယောက်ဖြစ်နေလေသည်။

* * *

လောင်ဝမ်းအရက်ဆိုင်သို့ ရောက်သွားချိန်တွင် ဆိုင်ပင်ပိတ်နေပြီဖြစ်သည်။

"လောင်ဝမ်း....လောင်ဝမ်း"

ပိတ်ထားသောတံခါးကို လက်ဖြင့်ခပ်ဆတ်ဆတ်ပုတ်ကာချင့်ဝူလိုက်ခေါ်သည်။

"ဘယ်သူလဲကွ"

အထဲမှပြန်မေးလာသည်။

"ငါပါကွ"

"ဘယ်ကငါလဲ"

"ချင့်ဝူကွ.......ချင့်ဝူ"

ချင့်ဝူစိတ်မရှည်စွာ အော်ပြောလိုက်ရာ အတွင်းဘက်မှ သဘောကျစွာရယ်သံနှင့်အတူ........

"မင်းအသံကြားကတည်းက ငါသိပါတယ်ကွာ၊ ငါကတမင်နောက်တာပါ"

ဟု ပြောယင်းတံခါးဖွင့်ပေးသည်။

ရှောင်မော်နှင့်အဖွဲ့သားများ ဆိုင်ထဲဝင်ကြပြီး....

"အရက်အိုးတွေချပေးကွာ"

ထိုင်ခုံများတွင်ထိုင်ကာ ပြောလိုက်သည်။

လောင်ဝမ်းအရက်အိုးများကို လျင်မြန်ဖျတ်လတ်စွာယူပေးသည်။

ချင့်ဝူသည် အရက်အိုးတအိုးကိုယူပြီး အိုးလိုက်မော့သောက်လိုက်သည်။

ရှောင်မော်သည် ချင့်ဝူ၏အရက်သောက်ပုံကို ကြည့်ကာ အိုရန်၏ညှော်စန်းဆောင်တွင် စရောက်သည့်နေ့ကအရက်သောက်ခဲ့ပုံကို ပြန်လည်သတိရမိသည်။

ထို့နောက်....

ဖြောင်ဖြောင်....

ဖြောင်ဖြောင်အကြောင်းတွေးမိလျှင် ရင်မှာနာချင်သလို ခံစားလိုက်ရသည်။

သို့သော်....

တခဏသာ ခံစားရသည်။

နီနီဆိုသောမိန်းကလေးကို သတိရမိသည်နှင့် ဖြောင်ဖြောင်သည် အတွေးထဲမှထွက်ပြေးသွားရတော့သည်သာ။

"အစ်ကိုကြီးရဲ့ကိစ္စကိုပြောလေ"

အရက်တအိုး ကုန်အောင်သောက်ပြီးသည်နှင့် ချင့်ဝူက စတင်မေးလာသည်။

"လောင်ဝမ်း....ခုခြောက်လအတွင်း သိုင်းလောကမှာ မင်းတာများကြားမိသေးသလဲ"

ချင့်ဝူအမေးကိုမဖြေပဲ လောင်ဝမ်းဘက်သို့ လှည့်မေးလိုက်၏။

"ဘာဖြစ်လို့လဲ၊ ဘာထူးခြားနေလို့လဲအစ်ကိုကြီး"



လောင်ဝမ်းနားမလည်စွာပြန်မေးသည်။

"အားလုံးနားထောင်ကြ၊ လွန်ခဲ့တဲ့ခြောက်လက စွန်ဂိုဏ်းက ယမ်းထုပ်လက်နက်တွေ တောဘုရင်ကျင့်ပဆိုတဲ့ကောင်လက်ထဲရောက်သွားတယ်"

အားလုံးအံ့အားသင့်စွာငေးမောသွားကြသည်။

"ယမ်းထုပ်လက်နက်"

ချင့်ဝူကမေးသည်။

"ဟုတ်တယ်....ပေါက်ကွဲပြီး လူတွေအများကြီး သေစေနိုင်တဲ့လက်နက်ပဲ"

"စွန်ဂိုဏ်းဆိုတာက...."

လောင်ဝမ်းက ကြားဖြတ်ဝင်မေးပြန်သည်။

"စွန်ဂိုဏ်းဆိုတာက တခြားမဟုတ်ဘူး၊ နယ်ချဲ့မန်ချူးတွေကို တော်လှန် တိုက်ခိုက်နေကြတဲ့ မျိုးချစ် သိုင်းသမားတွေပဲ၊ အဖွဲ့ခေါင်းဆောင်က စွန်လက်သဲ ကျူးယစ်ထူပဲ"

"ဆက်ပြောပါအစ်ကိုကြီး"

ချင့်ဝူကစိတ်ဝင်စားသဖြင့် ဆက်မေးသည်။

"အခု အဲဒီယမ်းထုပ်လက်နက်တွေကို တောဘုရင်ကျင့်ပလက်ကနေတဆင့် လိုချင်နေတဲ့အဖွဲ့တွေရှိတယ်၊ စန့်တုံနယ်စားကြီးလင်းဝူတိ၊ ဝုပုလွေ စန့်ကွမ်ဝေါင်း၊ တုံးဝူအသင်းက ရှက်မိုးဝေ၊ အဲဒီထဲမှာ စွန်လက်သဲ ကျူးယစ်ထူးကလဲ ထိပ်သီးသိုင်းသမားတွေထပ်စုပြီးပစ္စည်းပြန်ရဖို့ကြိုးစားနေတယ်၊ ဒါပေမယ့်....သူတို့အနေနဲ့ ပစ္စည်းဟာ ကျင့်ပ လက်ထဲမှာဆိုတာမသိကြသေးဘူး၊ ဒီတော့ ဒီပစ္စည်းဟာ စန့်တုံနယ်စားလက်ထဲနဲ့ စွန်လက်သဲကျူး

ယစ်ထူလက်ထဲရောက်ယင် ကောင်းမယ်၊ ဒီလိုမှမဟုတ်ပဲ တော ဘုရင် ကျင့်ပလက်ကနေတဆင့် ဝံပုလွေ စန်းကွမ်ဝေါင်းနဲ့ မန်ချူးကြိုးဆွဲရုပ် ရှက်မိုးဝေလက်ထဲရောက်သွားယင် တိုင်းပြည်အတွက် အန္တရာယ်ပဲ၊ မျောက်လက်ထဲ မီးတုတ်ပေးသလို ဖြစ်သွားနိုင်တယ်"

"တုံးဝူအသင်းခေါင်းဆောင်ရှက်မိုးဝေဆိုတာမန်ချူးသစ္စာခံ တိုင်းပြည်သစ္စာဖောက်လား"

လောင်ဝမ်းကမေးသည်။

"ဟုတ်တယ်..."

ရှောင်မော်ခေါင်းညိတ်ပြလိုက်၏။

"ဒီကောင် ရှက်မိုးဝေ တနေ့ငါ့လက်သီးနဲ့တွေ့စေရမယ်"

ချင့်ဝူကလက်သီးလက်မောင်းတန်းယင်း ကြိမ်းလိုက်သည်။

"မင်း....လက်သီးက ဘာအသုံးကျမှာလဲ၊ ဒီယမ်းထုပ် လက်နက်တွေသာတုံးဝူသင်းလက်ထဲရောက်သွားယင်နိုင်ငံဖို့မလွယ်ဘူး"

လောင်ဝမ်းက ချင့်ဝူကိုကြည့်ကာ ပြောလိုက်သည်။

ချင့်ဝူက ဘာမှပြန်မပြောတော့ပဲ တစုံတရာကို စဉ်းစားမိပုံ ရသွားသည်။

မျက်မှောင်ကုပ်လျက်...

"နေစမ်းပါအုံး၊ အစ်ကိုကြီး စောစောက ပြောတဲ့အထဲမှာ ဝံပုလွေ စန်းကွမ်ဝေါင်းဆိုတာ ပါသွားပါတယ်၊ ဒီကောင်ကြီး မသေသေးဘူးလား"

"ငါတို့မှ သူ့ကိုမရှင်းနိုင်ယင် သက်ဆိုးရှည်နိုင်သေးတယ်၊ ဒီတော့....ဒီကိစ္စကို စန်းတုံနယ်စား လင်းဝူတိက အိုရန်ကို တာဝန်ပေးလို့ ငါ....အိုရန်နဲ့လက်တွဲပြီး ဒီလက်နက်တွေသစ္စာဖောက် လက်ထဲမရောက်ပဲ လူမှန်နေရာမှန်တွေလက်ထဲ ရောက်အောင်ပို့ဆောင်ပေးဖို့သဘောတူလိုက်တယ်၊ မင်းတို့ကရော"



ချင့်ဝူလက်သီးဆုပ်ကာ ချက်ချင်းပြောသည်။

"ဒါဟာ....တမျိုးသားလုံးရဲ့အရေးပဲအစ်ကိုကြီး၊ဒီလက်နက်တွေ သစ္စာဖောက်တွေလက်ထဲမရောက်စေရဘူး၊ ကျွန်တော်တို့လဲ အစ်ကိုကြီးတို့နဲ့လက်တွဲပြီး သစ္စာဖောက်တွေ လက်ထဲက ပြန်ရအောင်ယူမယ်၊ ဒီကောင်တွေလက်ထဲလဲမရောက်စေရဘူး၊ ကိုယ့်တမျိုးအားလုံး နစ်နာစေရမယ့်ကိစ္စမျိုး ရှောင်လွှဲလို့ ဖြစ်ပါ့မလား"

ချင့်ဝူစကားအဆုံးတွင် ရှောင်မော်သည်၊ ချင့်ဝူလက်ကိုဆုပ်ကိုင်ပြီး....

"ဝမ်းသာတယ်....ချင့်ဝူ"

"ကျွန်တော်လဲ လိုက်မယ်၊ ကျွန်တော်လဲ သစ္စာဖောက်တွေကို အစ်ကိုကြီးတို့နဲ့အတူ ရှင်းမယ်"

လောင်ဝမ်းက ကြားမှဖြတ်ကာ ဝင်ပြောလိုက်သည်။

ရှောင်မော်....လောင်ဝမ်းကိုကြည့်၍ တချက်ပြုံးလိုက်ပြီး...

"မင်းမှာ ပညာတွေ ရှိသေးလို့လား၊ တဘက်က လူတွေက ထိပ်သီးတွေချည်းနော်....

လောင်ဝမ်းရင်ကော့လိုက်ပြီး....

"ကျွန်တော် လူပျော့မဟုတ်ဘူး၊ ကျွန်တော့မှာ အင်အားတွေအများကြီးရှိသေးတယ်၊ ဘိုင်းလဲတရက်မပြတ် လေ့ကျင့်နေတာပဲ"

ရှောင်မော် ကျေနပ်စွာပြုံးလိုက်ပြီး——

"ကောင်းပြီလေ....ဒါဆိုလဲလိုက်ခဲ့ပေါ့ လောင်ဝမ်း"

ချင့်ဝူက အရက်ခွက်ထဲ အရက်ငှဲ့ကာ...

"ကျွန်တော်တို့သစ္စာဖောက်တွေကိုသွားရှင်းကြမယ်၊ မသွားခင်သုံးခွက်စီသောက်ကြမယ်"

ချင့်ဝူတက်ကြွစွာပြောသည်။

ရှောင်မော် ပြုံး၍ကြည့်လိုက်ပြီး....

"ကောင်းပြီ....ဒါဆိုမနက်ဖြန်လူစုကြမယ်"

"စိတ်ချ....အစ်ကိုကြီး"

ချင့်ဝူအရက်ခွက်မြှောက်၍ သောက်လိုက်ပြီးပြောသည်။

* * *

လရောင်သည် တဖြည်းဖြည်းမှေးမှိန်ရာမှ ကွယ်ပျောက်ခဲ့ပြန်ပြီ။

အရှေ့ဆီမှ နေရောင်ခြည်ဖြာကျလာခဲ့ပြီ။

နောက်တနေ့သို့ ကူးလာခဲ့ပြီဖြစ်သည်။

* * *

မနက်ပိုင်း....

အိုရန်မင်းသားနေအိမ်နှင့် မနီးမဝေးကွာလှသော နေရာတနေရာ။



နေရာဆိုပေမယ့်၊ မြေကွက်လပ်တခုဟု ဆိုပါက ပိုမှန်ပေလိမ့်မည်။

မြေကွက်လပ်သို့ လူအများတဖြည်းဖြည်း ရောက်လာကြ၏။

တယောက်ချင်း...

နှစ်ယောက်တဖွဲ့....

သုံးလေးယောက်တအုပ်စု....

စုစုပေါင်း လူအင်အား(၃၈)ယောက်။

သူတို့မည်သူတွေနည်း။

* * *

"အခြေအနေ ဘယ်လိုလဲချင့်ဝူ"

ရှောင်မော်ကမေးသည်။

"လူစုံပါပြီအစ်ကိုကြီး၊ စုစုပေါင်း(၃၈)ယောက်၊ တချို့လဲ လိုက်ချင်ကြပေမယ့်....ဆိပ်ကမ်းတိုက်ပွဲတုန်းက ရတဲ့ ဒဏ်ရာမပျောက်ကြသေးတဲ့အတွက် ချန်ထားခဲ့တယ်၊ သွားမယ်ဆိုယင်အားလုံးအသင့်ပဲ"

"ရှောင်မော်ဘာမျှပြန်မပြောသေးပဲ နောက်ဘက်သို့ မကြာခဏ လှည့်ကြည့်နေသည်။

"ဘယ်သူကို စောင့်နေတာလဲ အိုရန်လား"

ရှောင်မော် ခေါင်းခါပြလိုက်သည်။

"ဒါဖြင့်ယင်..."

ရွှောင်မော် မျက်နှာထား ကြည်လင်သွားကာ နောက်ဘက်ဆီသို့ လက်ညှိုးညွှန်ပြယင်း...

"ဟိုမှာလာနေပြီ"

ချင့်ဝူကြည့်လိုက်ရာ အံ့အားသင့်သွားသည်။

လှပသော မိန်းကလေးတယောက် သွက်လက်စွာ လာနေသည်။

အန္တရာယ်ခရီးလမ်းတွင် သည်မိန်းကလေး လိုက်ပါလေဦးမည်တဲ့လား။

ချင့်ဝူ စိုးရိမ်စွာ တွေးမိပြီး....

"သူကဘယ်သူလဲ"

"ငါ့ရဲ့ခရီးဖော်နီနီ"

"သူက ကျွန်တော်တို့နဲ့အတူလိုက်မှာလား"

ရွှောင်မော်ခေါင်းညိတ်လိုက်သည်။

ထိုစဉ်...

နီနီရောက်ရှိလာပြီး....

"ကျွန်မကို မကြိုဆိုကြဘူးလား၊ ဘာလဲ....ကျွန်မကို မလိုက်စေချင်တဲ့သဘောလား"

ချင့်ဝူဘက် ကြည့်ကာမေးသည်။

ချင့်ဝူခေါင်းခါပြီး....

"မဟုတ်ဘူး၊ ကျွန်တော်တို့က စိုးရိမ်လို့ပါ"

"ဘာကိုစိုးရိမ်ရတာလဲ"

"အခုကျွန်တော်တို့သွားမယ့်ခရီးကပျော်ပွဲစားခရီးထွက်တာမဟုတ်ဘူး၊ အန္တရာယ်အမျိုးမျိုး ရင်ဆိုင်ရမယ့်ခရီးကြမ်းတခု



ဖြစ်နေလို့ပါ"

ချင့်ဝူက ခရီးအခြေအနေကို ရှင်းပြရာ နီနီပြုံးလိုက်ပြီး....

"ကျွန်မ နားလည်ပါတယ်၊ ဒီခရီးဟာ ကြောက်လန့်စရာအန္တရာယ်မရှား ခရီးကြမ်းဆိုတာ ကျွန်မသိပါတယ်"

"လူစုံယင် သွားကြမယ်လေ"

စကားဝိုင်းထဲသို့ လောင်ဝမ်းဝင်လာကာ သတိပေးလိုက်သည်။

အားလုံးထွက်ခွာရန်အသင့်....

ရွှောင်မော်ဦးဆောင်သည့် တောကြောင်အဖွဲ့ ပြန်လည် လှုပ်ရှား လာပေပြီ။

သူတို့ ဦးတည်ရမည့် ခရီးကား....သူတို့အဆိုအရ မရှားခရီးကြမ်းတဲ့။

* * *

# အခန်း တစ်ဆယ်

# မရဏခရီးကြမ်း

(၁)

**မရဏခရီးကြမ်း....**

ထိုသို့ဆိုက မှားမည်မဟုတ်သော ခရီးလမ်း။

လမ်းခရီးတွင် ရင်ဆိုင်ရမည့် အန္တရာယ်များက မသေးလှပေ။

ကောက်ကျစ်စဉ်းလဲသော ဝံပုလွေစန့်ကွမ်ဝေါင်း။

တုံ ဂူအဖွဲ့ခေါင်းဆောင် ရှက်မိုးဝေ။

တောဘုရင် ကျင့်ပ....

အားလုံးသည် ထိပ်သီးအဆင့်မြင့် သိုင်းသမားများ၊ စုစည်းထားကြသည့် အဖွဲ့များ ဖြစ်ကြသည်။

ကြောက်စရာကောင်းသော ထိုလူသားများတင်မကကျားရဲ တိရစ္ဆာန်များကလည်း တောထဲတွင် အချိန်မရွေး ဒုက္ခပေးနိုင်သည်။

ထို့ပြင်....

ထိုယမ်းထုပ် လက်နက်အကြောင်းကို အခြား အဖွဲ့များကကော မကြားသိဘူးတဲ့လား။

သိကြလျှင်ကော ငြိမ်သက်စွာ နေထိုင်ကြမည်လား။

အကယ်၍သာ... နောက်မှသိကြသော အဖွဲ့များပါ ငြိမ်သက်မှု မရှိပဲ လှုပ်ရှားလာပါကရှောင်မော်တို့ ရင်ဆိုင်ရဦးမည်လား။

ထိုအဖွဲ့များသည် မည်မျှများ၍၊ မည်သည့် အတိုင်းအတာထိ အန္တရာယ်ပေးနိုင်ကြသနည်း။

မည်သို့ဖြစ်စေ....

ရှောင်မော်နှင့်အဖွဲ့ကား မရဏခရီးကြမ်းသို့ နှင်လာကြပြီ။

လူတိုင်း၏စိတ်သည်ဖြစ်လာရမည့်အန္တရာယ်ဘေးကို စဉ်းစားယင်း ...

အတွေးများ ဝင်ရောက်လာကြသည်။

သူတို့သည် ခရီးစတင် ထွက်ခွာလာရာ အရပ်သို့ ပြန်၍မှ ရောက်နိုင်ကြပါဦးမည်လားဟု...

သို့သော်....

နောက်မဆုတ်ကြပါ။

တွေ့သမျှ အန္တရာယ်များကို ရဲဝံ့စွာ ရင်ဆိုင် ဖြေရှင်းကြမည်သာ။

* * *



(၂)

မြို့ကလေးတမြို့သို့ ရောက်ရှိလာကြပြီ။

ထိုမြို့ကလေးတွင် မြို့စောင့်တပ်၏ အင်အားသည် ပြောပလောက်အောင်ပင်မရှိ။

လွန်စွာ နည်းပါးလှသည်။

လူဦးရေလည်း မများလှပေ။

မြို့ပြင်ပသို့သွားကာ စီးပွားရှာနေကြသူများ၏။

သို့သော်....

ထိုမြို့ကလေးသည် အေးချမ်းသာယာလျက်ရှိသည်။

ထိုမြို့ကလေးကို မည်သည့်အဖွဲ့အစည်းမှလည်း ရန်မစခံကြပေ။

ထိုမြို့လေး၏ မြို့စောင့်ကား ဖန်အဘိုးကြီးဖြစ်သည်။

ထိုသို့ဆိုပါက....

ဖန်အဘိုးကြီး၏ သြဇာအာဏာကို ကြောက်ရွံ့ကြ၍ ရန်မစခြင်းလား။

မဟုတ်ပါ။

ဖန်အဘိုးကြီး၏ သြဇာအာဏာအရှိန်ကြောင့်မဟုတ်ပဲ၊ ဖန်အဘိုးကြီး၏သားသမက် တောဘုရင်ကျင့်ပ၏ အန္တရာယ်ကို ရင်မဆိုင်ဝံ့ကြ၍ဖြစ်သည်။

မှန်ပါသည်။

ထိုမြို့ကလေးသည် တောဘုရင်ကျင့်ပနှင့် ဝေးကွာလှသည် မဟုတ်။

ထိုမြို့ကလေးကို ကျင့်ပကိုယ်တိုင် ရံဖန်ရံခါလာ၍ အစောင့်အရှောက်ပေးလျက်ရှိရာ ကျင့်ပလိုလူစားနှင့်သက်ဆိုင်သော ထိုမြို့ကလေးကို နှောင့်ယှက်သူမှန်သမျှ ကျင့်ပ၏ လက်တွင်းသို့ သက်ဆင်းကြရမည်ကို နားလည်ထားကြသည်။

ကျင့်ပ၏ အဖွဲ့သားများပင်လျှင် ကျင့်ပအမိန့်မရပဲ မြို့တွင်းသို့ ဝင်သွက်ခွင့်မရှိကြ။

ထို့ကြောင့်လည်း ထိုမြို့လေးသည် အေးချမ်းသာယာလျက်ရှိခြင်းဖြစ်သည်။

သို့သော်....

ယခု....ထိုမြို့ကလေးသို့ တောကြောင်များ ဝင်ရောက်လာကြပြီ ဖြစ်သည်။

တောကြောင်သည် တောဘုရင်အား စိန်ခေါ်လိုက်သည့် သဘောပင် ဖြစ်တော့သည်။

* * *

(၃)

မြို့စောင့်ဖန်အဘိုးကြီး၏ နေအိမ်။

နေဝန်းနီသည် အတန်ငယ် မြင့်တက်လာခဲ့ပြီဖြစ်၏။

ဖန်အဘိုးကြီး အိပ်ရာမှမထသေး။

"ဒေါက်....ဒေါက်....ဒေါက်"

အခန်းတံခါးခေါက်သံကြောင့် ဖန်အဘိုးကြီး အိပ်ရာမှ လန့်



နိုးလာသည်။

ထရံပေါက်များမှတဆင့် ဖြာကျလာသော နေရောင်ကို ကြည့်ကာ နေမြင့်နေပြီဟု သိလိုက်သည်။

သည်အချိန်ထိ အိပ်နေမိသည့်အတွက် ကိုယ့်ကိုယ်ကိုလည်း မကျေမနပ် ဖြစ်မိသည်။

အိပ်ရာမှ လူးလဲထကာ အပေါ်အင်္ကျီကိုဝတ်ပြီး အခန်းတံခါးကို ဖွင့်လိုက်၏။

အပြင်တွင် လူတယောက်စောင့်နေသည်။

အဘိုးကြီး၏ သက်တော်စောင့် ဖန်ယူဖြစ်၏။

"အပြင်မှာ ဧည့်သည်တယောက်က တွေ့ချင်လို့တဲ့"

"ဘယ်သူလဲ"

"ရှောင်မော်တဲ့"

အဘိုးကြီး စဉ်းစားတွေးတောနေသည်။

"အဘိုးကြီး မတွေ့ချင်ယင် မောင်းထုတ်လိုက်ရမလား"

ဖန်ယူဝင်ကြွားစွာ ပြောသည်။

အဘိုးကြီးက ခေါင်းခါပြီး....

"ကိုယ့်အိမ်ရောက်လာမှတော့ တွေ့ရမှာပေါ့ကွာ"

"ရှောင်မော်ဟာ တောကြောင်ကြီးနော်"

ဖန်ယူက သတိပေးစကား ပြောသည်။

"သူဘာသာ ဘာကြီးပဲဖြစ်ဖြစ်၊ ငါမကြောက်ပါဘူးဖန်ယူ၊ ငါထွက်တွေ့မယ်၊ အပိုစကားတွေ ပြောမနေနဲ့၊ လာ....သွားကြမယ်"

ဖန်အဘိုးကြီးသည် ဧည့်ခန်းဆီသို့ ထွက်လာခဲ့၏။

ဖန်အဘိုးကြီး၏ဘေးတွင် သိုင်းသမားများဖြစ်သည့် ဝမ်းယိနှင့် ချင်တဝမ်းက အသင့်အနေအထား ပုံစံနှင့် စောင့်နေကြသည်။

ဝမ်းယိနှင့် ချင်တဝမ်းကားဖန်အဘိုးကြီး၏ ကိုယ်ရံတော်များဖြစ်ကြသည်။

*    *    *

ဧည့်ခန်းထဲတွင် ထိုင်စောင့်နေသော ရှောင်မော်ကို ဖန်အဘိုးကြီး မျက်မှောင်ကုပ်ကြည့်လိုက်သည်။

"ရုပ်ရည်ကတော့ ခန့်သားပဲ"

ဖန်အဘိုးကြီးကပြုံး၍ ပြောလိုက်သည်။

"ဒါပေမယ့်-ကျွန်တော်ဟာတောကြောင်ပါဖန်အဘိုးကြီး"

"တောကြောင်ပေမယ့် တရားရှိတဲ့ တောကြောင် ဆိုတာနားလည်ပါတယ်"

"ကျွန်တော်ကတော့ ကိုယ့်အလုပ်ကိုယ်တရားတယ်၊ မတရားတယ်၊ နားမလည်ဘူး၊ တခုတော့ရှိတယ်၊ ကျွန်တော်တိုင်းပြည်ကိုတော့ တိုင်းတပါးလက်ထဲ ရောင်းမစားဘူး"

"လေးစားပါတယ်၊ ကဲ....ရေနွေးကြမ်းလေး သောက်လိုက်ပါအုံး"

ဖန်အဘိုးကြီးက ရှောင်မော်ကိုညွှန်ခံစကားပြောသည်။

ရှောင်မော်က ရေနွေးကြမ်းကို မသောက်ပဲ ပြောလိုသော



စကားအတွက်....

"ကျွန်တော်တို့တရုတ်ပြည်ကို မန်ချူးနယ်ရှဲတွေက ကြီးစိုးနေကြသလို သစ္စာဖောက် အလိုတော်ရိတွေကလဲ တိုင်းပြည်ကိုတိုင်းတပါးလက်ထဲရောက်အောင် ရောင်းစားချင်နေကြတယ်ဆိုတာ ဖန်အဘိုးကြီးသိပါတယ်နော်"

"ဘာအဓိပ္ပာယ်နဲ့ ဒီစကားကိုပြောရတာလဲ"

ရှောင်မော်က ပြန်မဖြေပေ။

"မင်းဟာ သာမန်ကိစ္စနဲ့ လာတာမဟုတ်ပဲ၊ အရေးကြီးတဲ့ကိစ္စအတွက်ကြောင့် ငါ့ဆီကိုလာတယ်ဆိုတာ ငါနားလယ်တယ်၊ ဒီတော့လိုရင်းကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပါ"

"ကောင်းပြီလေ၊ ဒါဆိုလဲ ပွင့်ပွင့်လင်းလင်း ပြောပါ့မယ်၊ ဒါပေမယ့်....ရှောင်မော်က စကားကိုဖြတ်ကာ ဝမ်းယိ၊ ချင်တဝမ်းနှင့် ဖန်ယူတို့ကိုမျက်စိဝေ့ကြည့်လိုက်၏။

ရှောင်မော်၏အကြည့်ကို အဘိုးအိုကြီးကနားလည်ပုံရသည်။

"မင်းတို့အားလုံးအပြင်ထွက်သွားကြ"

သူ့သက်တော်စောင့်များ ကိုယ်ရံတော် များကို အမိန့်ပေးလိုက်ရာ....

ဝမ်းယိ၊ ချင်တဝမ်းနှင့် ဖန်ယူတို့ အခန်းပြင်သို့ ထွက်လာခဲ့ကြသည်။

အခန်းထဲတွင် ဖန်အဘိုးကြီးနှင့် ရှောင်မော်တို့ နှစ်ယောက်တည်းသာရှိတော့သည်။

"မင်း....ငါ့ကိုလာရှာတာတော့မဖြစ်နိုင်ဘူး"

ဖန်အဘိုးကြီးက ထင်မြင်ချက်စတင်ပေးလိုက်၏။

"ဒါဆို....ဘယ်သူ့ကိုလာရှာတာ ထင်သလဲ"

"ငါ့သားမက် ကျင့်ပကိုလာရှာတာ မဟုတ်လား"

ရှောင်မော်က ခေါင်းညိတ်ပြီး....

"ဟုတ်တယ်....ကျွန်တော် ကျင့်ပကို လာရှာတာ၊ သူနဲ့တွေ့မှ ဖြစ်မယ်"

"ကိစ္စက"

"စွန်ဂိုဏ်းက ယမ်းထုပ်လက်နက်တွေယူသွားတယ်"

"ဘယ်လောက်များသလဲ"

"အတိအကျတော့မသိသေးဘူး၊ ဒါပေမယ့်... ဒုက္ခ အင်မတန်ပေးနိုင်တယ်၊ ပြီးတော့... ဒီလက်နက်တွေကို မန်ချူးနယ်ချဲ့အလိုတော်ရိတွေနဲ့ အရောင်းအဝယ်လုပ်မယ်လို့ကြားတယ်၊ စွန်ဂိုဏ်းကလည်း ဒီပစ္စည်းတွေပြန်ရဖို့ အပြင်းအထန်လိုက်နေတယ်၊ ဒါပေမယ့်....ကျင့်ပယူသွားမှန်း မသိကြသေးဘူး"

အဘိုးကြီးက လေးလေးနက်နက်စဉ်းစားပြီး....

"မင်းပြောနေတာဟာ အားလုံးအမှန်တွေပဲလား"

"ကျွန်တော်ညာမပြောတတ်ဘူး၊ ကျွန်တော်လာရတာလဲ ဒီကိစ္စကြောင့်ပဲ၊ဒီပစ္စည်းတွေသာ နယ်ချဲ့အလိုတော်ရိတွေ လက်ထဲရောက်သွားယင် ကျွန်တော်တို့တိုင်းပြည်ဟာ မန်ချူးတွေရဲ့လက်က လွတ်နိုင်မယ်မထင်တော့ဘူး"

ဖန်အဘိုးကြီး၏ မျက်နှာ ညိုမည်းသွားပြီး မျက်မှောင်ကုပ်လျက်....

"ငါ့သားမက်ဟာသိပ်ဆိုးတဲ့ကောင်ပဲ ကိုယ့်ဖို့ တဘို့တည်းသာကြည့်တဲ့ကောင်၊ဒီကောင်ဟာ သိပ်ပြီးရက်စက်ကောက်ကျစ်တဲ့ကောင်"



အဘိုးကြီးသည် ရှောင်မော်ကို စေ့စေ့ကြည့်လိုက်ပြီး....

"မင်းတို့ကို သူတွေ့သွားယင်လဲ သက်သာမယ်မထင်ဘူး၊ ငါ့အနေနဲ့လဲ အသက်ကြီးပြီဆိုတော့ သူ့ကို ပြောဆိုတားထားနိုင်မှာမဟုတ်ဘူး ဒီတော့ မင်း....ဒီကနေ လှည့်ပြန် သွားစေချင်တယ်၊ ဒီကိစ္စတွေလဲ မင်းအနေနဲ့မေ့ထားလိုက်ပါ၊မင်းအေးအေးဆေးဆေးလှည့်ပြန်သွားပါ"

ရှောင်မော်က ပြုံးလိုက်ပြီး........

"ခင်ဗျား... လူကြည့်မှားနေပြီ အဘိုးကြီး၊ ကျွန်တော်ဟာ ဘာအန္တရာယ်မှကြောက်တဲ့ကောင်မဟုတ်ဘူး၊ ခင်ဗျားသားမက်ကျင့်ပကိုလဲ မကြောက်ဘူး"

"ဒီကောင်ဟာ သိပ်အန္တရာယ်များတဲ့ကောင်မို့ပါ"

အဘိုးကြီး၏ လေသံက ဖျောင်းဖျသည့်လေသံ။

"မှန်ပါတယ်၊ ခင်ဗျားသားမက်ကျင့်ပဟာ အန္တရာယ်ကောင်ပါ၊ ကျွန်တော်က သူ့ထက်အဆိပ်ပိုပြင်းတဲ့ အန္တရာယ်ကောင်ဖြစ်နေတော့ ခင်ဗျားသားမက်ကျင့်ပကို ဘာမှကြောက်စရာမလိုဘူး၊ ပြန်စရာအကြောင်းလည်းမရှိဘူး"

အဘိုးကြီးက သက်ပြင်း ချလိုက်သည်။

"မင်း–ပြောတာမဆိုးပါဘူး၊ ဒါပေမယ့်....ငါဟာကျင့်ပရဲ့ ယောက္ခမဆိုတာကော မင်းသိရဲ့လား"

"သိသားပဲ"

"ဒါဆိုယင် ငါဟာ ငါ့သားမက် ဒုက္ခရောက်မယ့် ကိစ္စမျိုး မင်းလိုပြင်ပလူကို အကူအညီပေးမယ်များ ထည့်တွက်နေသလား၊

မင်းကြောင့် ငါ့သမီးနဲ့ ငါ့သားမက်ကို ငါရင်ဆိုင်မယ်များ မှတ်နေသလား"

"ခင်ဗျားကူညီမှာပါ၊ ခင်ဗျားဟာ သမီးကိုလဲ ချစ်တယ်၊ ဒါပေမယ့် တိုင်းပြည်ကို ပိုပြီးချစ်တယ်ဆိုတာ ကျွန်တော်နားလည်ပါတယ်"

အဘိုးကြီး မျက်မှောင်ကုပ်သွားပြီး....

"မင်းစကားအဓိပ္ပာယ်က ဘာလဲ"

"ခင်ဗျားသားမက် ကျင့်ပက ဒီယမ်းထုပ် လက်နက်တွေကို ပံ့ပိုးလို့ စန့်ကွမ်ဝေါင်းကို ရောင်းမယ်....စန့်ကွမ်ဝေါင်းကမှ မန်ချူးရဲ့ကြိုးဆွဲရာ လှုပ်ရှားနေရတဲ့ မန်ချူးအလိုတော်ရိ တုံးဝူ အသင်းက ရှက်မိုးဝေကို တဆင့်ပြန်ဖြန့်မယ်၊ ဒီတော့ ခင်ဗျား စဉ်းစားပါ၊ ဒီလက်တွေဟာ ရှက်မိုးဝေလို ကောင်မျိုးလက်ထဲ အဆင့်ဆင့်ရောက်သွားတာနဲ့ မန်ချူးလက်ထဲ ခွဲပေးလိုက်သလိုဖြစ်သွားပြီး...... နောက်ဆုံး ဘယ်သူ ဒုက္ခ ရောက်မလဲ၊ ခင်ဗျားတို့ ကျွန်တော်တို့ တရုတ်အမျိုးသားတွေ ဒုက္ခရောက်ကြရမှာ၊ နှစ်နာစရာရှိလဲ ကျုပ်တို့တိုင်းပြည်ပဲ နစ်နာမှာ၊ ခင်ဗျား စဉ်းစားပါ"

ရှောင်မော်၏စကားသည် အဘိုးကြီး၏ နှစ်လုံးသားကို ဆုပ်ကိုင်လိုက်ပုံရသည်။

အဘိုးကြီး မျက်နှာထားပြောင်းသွား၏။

တင်းမာရာမှ ညှိုးကျသွားသည်။

ထို့နောက်........

ပြန်လည်၍ မျက်နှာထား တင်းမာလာပြန်သည်။



ဒေါသကြောင့်လားမသိ။

အံကိုတင်းတင်းကြိတ်ထားပုံရ၏။

မေးကြောများပင်ထောင်နေသည်။

"ကျင့်ပဆိုတဲ့ ကောင်က ဒီလောက်ထိ ယုတ်မာသလား"

ရှောင်မော်က ခေါင်းညိတ်လိုက်သည်။

"ကျွန်တော်တို့ ဒီလက်နက်တွေ အရောင်းအဝယ် မဖြစ်ခင်၊ လက်မလွှန်ခင် အမြန်ဆုံးတားဆီးနိုင်မှ ဖြစ်မယ်၊ ပြီးယင်ပစ္စည်းတွေကို အရပြန်ယူရမယ်၊ မန်ချူးနယ်ချဲ့တွေကို တော်လှန်တိုက်ခိုက်နေကြတဲ့ မျိုးချစ်သိုင်းသမားတွေ လက်ထဲ ဖြန့်ဝေပေးရမယ်"

"ဒါကြောင့်....မင်း ကျင့်ပကို လာရှာတာပေါ့"

"ဟုတ်တယ်"

"မင်းသူ့ကို သတ်မှာလား"

"ခုအချိန်မှာတော့ သူ့ကိုမသတ်ယင် သူက ကျွန်တော့ကို သတ်မှာပဲ၊ ကျွန်တော်နဲ့သူက ရန်သူတွေ ဖြစ်သွားကြပြီလေ"

"အန္တရာယ်စကားတွေပါလား၊ ငါလဲ အသက်မရှည်ချင်တော့ပါဘူးကွာ၊ မြန်မြန်သေယင် နားအေးမယ်၊ မလိမ္မာတဲ့ သားမက်ကြောင့် အမြဲသောက ရောက်နေရတာ"

"ဒါတွေက အဘိုးကြီးအပိုင်းပဲ၊ ကျွန်တော့ အပိုင်းကတော့ အချိန်မရှိတော့ဘူး........တဘက်ကလဲ ဝံပုလွေ စန့်ကွမ်ဝေါင်းတို့ အုပ်စုက လှုပ်ရှားနေကြပြီ"

"ဒီတော့ ငါကဘာလုပ်ရမှာလဲ"

"ကျင့်ပရှိတဲ့နေရာကို ညွှန်ပြပါ"

ရှောင်မော်က ပြတ်သားစွာ ပြောလိုက်သည်။

အဘိုးကြီးက အဖြေမပေးပဲ စဉ်းစား တွေးတောနေလေသည်။

ကျင့်ပသည့် သူ့သားမက်။

ကျင့်ပဒုက္ခရောက်လျှင် ဖခင်ဖြစ်သူအနေဖြင့်အဘယ်မှာ စိတ်ချမ်းသာစရာရှိနိုင်ပါမည်နည်း။

သို့သော်....

တဘက်ကလည်း မိမိ၏တိုင်းပြည်နှင့် လူမျိုးအရေးက ရှိနေပြန်သည်။

တိုင်းပြည်နှင့် လူမျိုး၊ သမီးနှင့်သားမက်....

ဘယ်ဘက်ကို လိုက်ရမည်ကို မစဉ်းစားတတ်အောင် ဖြစ်နေသည်။

**အ**တန်ကြာမှ ..

သက်ပြင်းတချက် လေးတွဲ့စွာ ချလိုက်ပြီး....

"ငါ့ကို သုံးရက်အချိန်ပေးပါ ရှောင်မော်"

တောင်းပန်သံနှင့် ပြောသည်။

ရှောင်မော်က ခေါင်းခါပြီး....

"မဖြစ်ဘူး အဘိုးကြီး၊ ကျွန်တော်တို့ ခြေတလှမ်းနောက်ကျတာနဲ့ လက်နက်တွေက နယ်ချဲ့လက်ထဲ ရောက်သွားမှာပဲ၊ ကိုယ်ကခြေတလှမ်း ဦးဖို့လိုတယ်"

"သိပ်မလောပါနဲ့ကွာ၊ ငါ့ကိုမင်း ယုံကြည်ပါ"

"ဒါပေမယ့်....ကျင့်ပက ခင်ဗျားသားမက် မဟုတ်လား"

"စိတ်ချပါ ငါ့သားမက်ဟာ မင်းပြောတဲ့အထိ အကြံအစည်



ပက်စက်တယ်ဆိုယင် ငါမင်းတို့ဘက်က လိုက်မှာပါ၊ မမှန်ကန်တဲ့ဘက်က ငါမလိုက်ဘူး၊ သုံးရက်အတွင်းမှာ မင်းကို ကျေနပ်စေ့မယ့် အဖြေတခုပေးပါ့မယ်"

ရှောင်မော်က အဘိုးကြီးကို အကဲခတ်ကြည့်သည်။

အဘိုးကြီးသည် မမှန်ကန်မှုကို လက်ခံမည့်ပုံမရှိ။

ရှောင်မော်ထိုင်ရာမှထလိုက်ပြီး....

"ကောင်းပြီလေ၊ အဘိုးကြီးသာကတိတည်ပါစေ၊ ကျွန်တော်သုံးရက်မြောက်တဲ့နေ့ကျလာခဲ့မယ်"

သတိပေးစကားပြောကာ ဖန်အဘိုးကြီးအိမ်မှ ထွက်လာခဲ့သည်။

ဖန်အဘိုးကြီးကား ငေးငိုင်တွေဝေယင်းကျန်ရစ်ခဲ့လေတော့သည်။

* * *

# အခန်း တစ်ဆယ့်တစ်

(၁)

မြင့်မားတော တောင်များက တဘက်တချက်တွင် ထီးထီးမားမား။

သစ်ပင်များကလည်း ထူထပ်စွာ ပေါက်လျက်ရှိသည်ဖြစ်ရာ တောင်ကြားလမ်းလေးသည် မည်းမှောင်လျက်ရှိနေသည်။

မိုးကောင်းကင်ကိုပင် မမြင်ရပေ။

ကျေးငှက်သံများ၊ မျောက်များပြေးလွှားအော်ဟစ်သံများ သာကြားနေရသည်။

တခါတရံ ကျားဟိန်းသံပင်ကြားနေရသည်။

ထိုတောင်ကြားလမ်းတွင် အဆိပ်ပြင်းသော မြွေများရှိသည်

ဟုလည်း ပြောကြသည်။

အမှောင်ကိုအမှောင်ကကြီးစိုးနေပြန်သည်။

မှန်သည်။

တောထဲတွင်မိုးမှောင်ကျနေသည်။

မကြာမီမိုးရွာချတော့မည့်နှယ်။

တိုက်ခတ်လာသောလေတွင် မိုးရနံ့ကိုရှူရှိုက်မိသည်။

ထိုမျှ မည်းမှောင်၍ အန္တရာယ်များသော တောင်ကြားလမ်းထဲသို့ လူနှစ်ယောက်ဝင်လာကြသည်။

နှစ်ယောက်သားစကားမပြောပဲ အတွေးကိုယ်စီနှင့်လျှောက်လာကြသည်။

ခရီးလမ်းသည် မှောင်သည်ထက်မှောင်လာသည့်နှယ်။

တောကလည်း တဖြည်းဖြည်း နက်လာပြီဖြစ်သည်။

ခရီးသွားလူနှစ်ယောက်အနက် တယောက်သည် ကြောက်ရွံ့ထိတ်လန့်ပုံရ၏။

ဘေးဗယ်ညာသို့ မကြာခဏကြည့်နေလျက်ရှိသည်။

* * *

(၂)

တောက နက်သည်ထက်နက်လာသည်။

မြင့်မားသောသစ်ပင်များက တဘက်တချက်ဆီတွင်တောင်



နံရံများသဖွယ် ကာဆီးလျက်ရှိသည်။

အလင်းရောင်သည် မှုန်ပြပြသာရှိတော့သည်။

ခရီးသွားနှစ်ယောက် ခြေလှမ်းပိုသွက်လာကြသည်။

"မင်းကြောက်နေသလားဖန်ယူ"

အသက်ကြီးသော ခရီးသွားက မေးလိုက်ရာ....

"မကြောက်ပါဘူးဖန်အဘိုးကြီး"

ဖန်ယူကပြောသည်။

သို့သော်....

ထွက်ပေါ်လာသည့် အသံကပြောသည့်စကားနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်။

ဖန်ယူ၏အသံသည် အနည်းငယ်တုန်နေသည်။

ထိုစဉ်....

ဖန်ယူ၏ ခြေလှမ်းများရပ်တန့်သွားကာ မျက်လုံးများပြူးကျယ်သွား၏။

ရှေ့သို့လက်ညှိုးထိုးကာ ကြောက်လန့်တကြီး အော်ဟစ်လိုက်လေသည်။

"ဟိုမှာ....ဟိုမှာ....ဘီလူးကြီး....ဘီလူးကြီး"

ဖန်အဘိုးကြီးကြည့်လိုက်သည်။

အဆမတန်ထွားကျိုင်းသောလူကြီးတယောက်က လမ်းရှေ့မှပိတ်ဆို့ထားသည်။

လူထွားကြီး၏မျက်နှာကလည်း ဘီလူးဟု ထင်ရလောက်အောင် ကြောက်စရာကောင်း၏။

"ပြေး....ပြေး....အဘိုးကြီးပြေး"

ဖန်ယူကအောင်ကာပြေးမည်ပြု၏။

သို့သော်....

မပြေးနိုင်ပါချေ။

ဖန်အဘိုးကြီးက ဖန်ယူ၏လက်ကိုဖမ်းဆွဲထားလိုက်၏။

ဖန်ယူအသားများ တဆတ်ဆတ်တုန်လာသည်။

လူထွားကြီးသည် တလှမ်းချင်းလျှောက်လာသည်။

လူထွားကြီးလာရာလမ်းတွင်ရှိသောသစ်ကိုင်းများ ကျိုးသံကို ကြားနေရသည်။

"ဘုရား... ဘုရား....ဒီလူကြီးအနင်းသာခံလိုက်ရယင် မသက်သာဘူး"

ဟု တွေးကာ ဖန်ယူကြောက်လန့်နေသည်။

"ဘယ်သူတွေလဲ"

လူထွားကြီးအသံဩဩနှင့်မေးသည်။

"လူတော်သာရှာတာ"

ဖန်အဘိုးကြီးက တည်ငြိမ်စွာဖြေလိုက်ရာ လူထွားကြီးကိုယ် ဆတ်ကနဲတွန့်သွားသည်။

ထို့နောက် ......

ရိုသေလေးစားသော အသွင်ပုံစံဖြင့်....

"ဒါဆိုယင် ကျွန်တော့်နောက် လိုက်ခဲ့ပါခင်ဗျာ"

ရိုကျိုးစွာပြောဆိုပြီး ရှေ့မှထွက်ခွာသွားသည်။

ဖန်ယူသည် အဘိုးကြီး၏လက်ကို မြဲမြဲဆုပ်ကိုင်ကာ လူထွားကြီးသွားရာနောက် လိုက်ပါခဲ့သည်။

"အဘိုးကဘယ်သူ့ဆီလာတာလဲ"



ဖန်ယူကဘီးတိုးမေးသည်။

"ငါ့သားမက်ကျင့်ပ"

* * *

ဖန်အဘိုးကြီးကိုတွေ့သည်နှင့် ကျင့်ပမျက်နှာပျက်သွားလေသည်။

ကြုံဆိုလက်ခံချင်ပုံမရသော အသွင်ဟန်သို့ ပြောင်းသွားသည်။

ခက်ထန်သော မျက်နှာထားကြောင့် ကျင့်ပသည်ကြောက်စရာကောင်းနေသည်။

ဖန်ယူ၏ ကြောက်လန့်မှုအရှိန်သည် မပြေပျောက်သည့်အပြင် ပို၍ပင်တက်လာခဲ့သည်။

"ခင်ဗျား....ကျွန်တော့်ကိုဘာကိစ္စလာရှာရတာလဲ"

ကျင့်ပ၏လေသံကမကျေနပ်သည့်လေသံ။

သို့သော်....

ဖန်ဘိုးဘိုးက ဂရုမစိုက်ပဲ အေး ဗယ်ညာ တချက်ဆီဝေ့ကြည့်လိုက်ပြီး....

"ဒီနေရာဟာ မင်းနဲ့ငါ စကားပြောလို့ ကောင်းတဲ့နေရာ မဟုတ်ဘူး"

အခြေအနေထူးခြားသည်ဟု ကျင့်ပကတွက်ဆမိပုံရသည်။

"ဒါဆိုလဲရပါတယ်ဗျာ၊ ကျွန်တော့်နောက်ကိုလိုက်ခဲ့ပါ"

ပြောဆိုပြီး နေရာမှ ထွက်ခွာသွားသည်။

ဖန်အဘိုးကြီးလဲ နောက်မှလိုက်သွား၏။

ဖန်ယူက အဘိုးကြီးနောက်မှ ဆက်လိုက်မည်ပြုရာ ကျင့်ပက နောက်လှည့်လိုက်ပြီး....

"မင်းနေခဲ့....မလိုက်ခဲ့နဲ့"

ဖန်ယူမျက်နှာပျက်သွား၏။

ကြောက်လန့်သဖြင့် ခေါင်းပုဝင်သွားသည်။

ဖန်အဘိုးကြီးအား အားကိုးသောအကြည့်ဖြင့် မျက်လုံးလှည့်ကြည့်သည်။

သို့သော်....

ဖန်အဘိုးက လက်ကာပြပြီး....

"ဒီမှာပဲနေခဲ့ပါ ဖန်ယူ....ဘာမှကြောက်စရာ မလိုပါဘူး"

ဟု နှစ်သိမ့်အားပေးလိုက်သည်။

ဖန်ယူက ခေါင်းညိတ်လိုက်၏။

သူလည်း နားလည်လိုက်ပါပြီ။

ဖန်အဘိုးကြီးနှင့်ကျင့်ပတို့တွင် အရေးကြီးသောစကားများ ပြောစရာရှိလိမ့်မည်ဟု....

* * *



ကျင့်ပသည် ဖန်အဘိုးကြီးကို ကျောက်ဂူတခုထဲ ၁ခါ ခေါ်ဆောင်လာခဲ့သည်။

ကျောက်နံရံတွင် ဓားအမျိုးမျိုး၊ လှံအမျိုးမျိုးချိတ်ဆွဲထားသည်။

တိရစ္ဆာန်အရည်များဖြင့် ခင်းကျင်းထားသည်။

အထဲတွင် ကျောက်စားပွဲ တလုံးနှင့် ကျောက်ကုလားထိုင်နှစ်လုံးရှိနေသည်။

ကျင့်ပနှင့် ဖန်အဘိုးကြီးတို့သည် ကျောက်ကုလားထိုင်တွင် မျက်နှာချင်းဆိုင်ထိုင်လိုက်ကြသည်။

နှစ်ယောက်စလုံး မျက်နှာထားမကြည်လင်ကြပေ။

ဖန်အဘိုးသည် အခန်းဝန်းကျင်ကို မျက်စိဝေ့ကြည့်လိုက်၏။

ကျင့်ပက အသံထွက်အောင်ရယ်ပြီး....

"စိတ်ချရပါတယ်ခင်ဗျ၊ ခင်ဗျားပြောချင်တာ လွတ်လွတ်လပ်လပ်ပြောနိုင်ပါတယ်"

"မင်းယမ်းထုပ်လက်နက်တွေ ရလာတာဟုတ်ရဲ့လား"

မေးလိုသောကိစ္စကိုသွယ်ဝိုက်မနေပဲတိုက်ရိုက်မေးချလိုက်၏။

ကျင့်ပ မျက်ခုံးနှစ်ဘက်မြင့်တက်သွား၏။

"ဪ... ဒီကိစ္စလား"

"မင်းဝန်မခံဘူးလား"

ကျင့်ပပြုံးလိုက်ကာ....

"ယောကျ်ားပဲဗျာ၊ လုပ်ရဲယင်ခံရဲပါတယ်၊ ဝန်ခံရမှာလဲ ဝန်မလေးပါဘူး၊ ကြောက်လဲမကြောက်ပါဘူး၊ ဘာဖြစ်ရမှာလဲ"

"မင်းသတ္တိရှိဘာငါသိတယ်၊ ဒါပေမယ့်....မင်းအခုလုပ်လာတဲ့ကိစ္စနဲ့ပတ်သက်လို့ ကောင်းတယ်ဆိုးတယ် ငါဘာမှမဝေဖန်ဘူး၊ဝေဖန်စရာလဲမလိုဘူး၊ တခုတော့ရှိတယ်၊ မင်းဒီလက်နက်တွေကို ဘယ်လိုလုပ်မှာလဲ၊ တဆင့်ပြန်ရောင်းမှာလား၊ အမြတ်ဘယ်လောက်ရမလဲ"

"မေးခွန်းတွေက များလှချည်လား ဘိုးဘိုးရ ဟား....ဟားဟား..."

အဘိုးကြီးကိုကြည့်ကာ ရယ်မောပြောလိုက်သည်။

ကျင့်ပ၏ ရယ်သံက လှောင်ပြောင်ရယ်သံ။

သို့သော်...

အဘိုးကြီးက ဂရုစိုက်ဟန်မပြ။

"ငါမေးတာဖြေစမ်းပါ"

"ဒါကကျွန်ဘော့ကိစ္စပါ၊ ကျွန်တော့အလုပ်ကို ကျွန်တော်နားလည်ပါတယ်"

"ငါသိချင်တာက မင်းရောင်းမယ့်လူကိုသိချင်တယ်၊ ဘယ်သူကိုရောင်းမှာလဲ"

ကျင့်ပက ခေါင်းခါယမ်းလိုက်ပြီး....

"ဒီကိစ္စကိုသိဖို့မကြ်းစားနဲ့၊ အောင်မြင်ယင် ကျုပ်ခင်ဗျားကို ငွေသားတသောင်းလာပေးမယ်၊ ဒါဆို ကျေနပ်ရောပေါ့"

ကျင့်ပ၏စကားသည် အဘိုးကြီး၏သိက္ခာကိုထိခိုက်ပုံရသည်။

အဘိုးကြီး၏မျက်နှာသည် သိသာစွာနီရဲသွား၏။

မျက်လုံးကလည်း နဂါးမျက်လုံးနှယ် ဝင်းဝင်းတောက်သွားသည်။



"ငါသိချင်တာငွေမဟုတ်ဘူးကွ၊ ငွေလိုချင်လို့ မင်းဆီလာတာမဟုတ်ဘူး၊ ငါသိချင်တာက ဒီပစ္စည်းတွေ မင်းဘယ်သူကိုရောင်းမှာလဲ"

ကျင့်ပသည် မဖြေသည့်အပြင် အဘိုးကြီးကို ပြုံးကြည့်နေ၏။ အဘိုးကြီ ဒေါသထွက်နေပုံကိုလည်း သဘောကျ ကျေနပ်နေပုံရသည်။

"ဘာလဲ....မင်းရောင်းမယ့်လူက စန်ကွမ်ဝေါင်းမို့လား"

သည်းမခံနိုင်တော့သည့်အဆုံး ဖန်အဘိုးကြီးက ဖွင့်မေးလိုက်သည်။

ကျင့်ပမျက်မှောင်ကုပ်သွားကာ......

"အသေးစိတ်တောင်သိနေပါလားဗျ"

ခနိုးခနဲ့လေသံဖြင့် ကျင့်ပကပြောသည်။

"မင်း....စန်ကွမ်ဝေါင်းကို တကယ်ရောင်းမှာလား"

ကျင့်ပက ခေါင်းညိတ်ပြီး........

"ဟုတ်တယ်....ကျုပ် ကြိုက်ဈေးရယင် ရောင်းမှာပဲ၊ သူ့ကို မရောင်းလို့ကျုပ်က ဘယ်သူ့ကိုရောင်းရမှာလဲ ပြောစမ်းပါအုံး"

"ဒီကောင်ဟာ တိုင်းပြည်သစ္စာဖောက်၊မန်ချူးအလိုတော်ရိဆိုတာမင်းမသိဘူးလား"

ကျင့်ပသည် ဟားတိုက်ရယ်လိုက်ပြီး....

"တကယ့်မျိုးချစ်ပုဂ္ဂိုလ်ကြီးနဲ့ လာတွေ့နေပါရောလား"

ဖန်အဘိုးကြီးက အံကိုတင်းတင်းကြိတ်လိုက်သည်။

"ဒီမယ်အဘိုးကြီး၊ ကျုပ်အနေနဲ့ စန်ကွမ်ဝေါင်းဘာကောင်ဆိုတာသိဖို့မလိုဘူး၊ သိလဲ ဘာအကြောင်းမှ ထူးမှာမဟုတ်ဘူး၊

အရေးကြီးတာက သူဘာသာသူ သစ္စာဖောက်မကလို့ မန်ချူး ဗိုလ်ချုပ်ကြီးပဲဖြစ်နေပေစေ၊ အရေးကြီးတာက ကျုပ်ပိုက်ဆံရဖို့ ကျုပ်အေးအေးချမ်းချမ်းနေရဖို့”

ဖန်အဘိုးကြီးသည် ထိုင်ရာမှဆတ်ကနဲထကာ....

ကျင့်ပဘက်သို့ လက်ညှိုးထိုးပြီး..

“မင်း....မင်းတော်တော် အတ္တကြီးတဲ့ကောင်၊ မင်းအတွက် တခုတည်းကိုသာ ကြည့်တဲ့ကောင်....

ကျင့်ပက ရယ်မောလိုက်ပြီး....

“လူတိုင်းဟာ ကိုယ့်အတွက်ကိုယ် လှုပ်ရှားနေကြရတာပဲ”

“မင်း....မင်းလူစိတ်မရှိတဲ့ကောင်”

အဘိုးကြီးကို ကြည့်ကာ ကျင့်ပ သဘောကျစွာ ရယ်မိ၏။

ငါ့သမီး ရှစန်ကော....ငါ့သမီး သူ အခုဘယ်မှာလဲ၊ ငါ တွေ့ချင်တယ်”

“ဘာလဲဒီအကြောင်းတွေ ခင်ဗျားသမီးကို ရှင်းပြပြီး မျိုးချစ်တရားတွေ ဟောမလို့လား”

“ဒါ မင်းအပူမဟုတ်ပါဘူး၊ အရေးကြီးတာက ဘယ်မှာလဲ ငါ့သမီးပြောစမ်း”

အဘိုးကြီး၏ အသံသည် ဒေါသအရှိန်ကြောင့်ပို၍ကျယ်သွားကာ ကျောက်ဂူထဲတွင် လိုဏ်သံအဖြစ် ပဲ့တင် ရိုက်ခတ်သွားသည်။

“ခင်ဗျားတို့ သားအဖဟာ တစိတ်တည်းပါလား၊ ရှစန်ကလဲ ဒီလက်နက်ပစ္စည်းတွေကို စန့်ကွမ်ဝေါင်းကို ရောင်းတာမကျေနပ်ဘူး”



“ကိုယ့်အမျိုး ချစ်သူတိုင်း မကျေနပ်တဲ့ လုပ်ရပ်ကွ”

အဘိုးကြီးက အော်ပြောလိုက်၏။

ကျင့်ပ ခါးကိုကုန်းလိုက်၏။

ထို့နောက်.......

ထိုင်နေသော ကျောက်တုံးကို ဖယ်ရှားလိုက်၏။

ကျောက်တုံးအောက်တွင် ကျောက်ပြားတချပ် ရှိသည်။

ယင်းကျောက်ပြားကို ဖယ်ရှားလိုက်ရာ အပေါက်ဝိုင်း တခုကို တွေ့လိုက်ရ၏။

“ကဲ......အဘိုးကြီး....လာခဲ့၊ ဒီမြေအောက်ခန်းမှာ ဘယ်သူလဲဆိုတာလာကြည့်စမ်းပါအုံး”

ကျင့်ပက မခိုးမခန့် ရယ်မောလိုက်ပြီး အဘိုးကြီးကို လှမ်းပြောလိုက်ရာ....

အဘိုးကြီးမှာ တုန်လှုပ်သွား၏။

ထို့နောက်....

ကျောက်အပေါက်ဝိုင်းလေးဆီသို့ လျင်မြန်စွာ လျှောက်သွားကာ ငုံ့ကြည့်လိုက်၏။

အဘိုးကြီး မျက်နှာမှာ သွေးဆုတ်သွားသည့်နှယ်၊ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

နှုတ်ခမ်းကို ကိုက်ထားလိုက်မိ၏။

“သမီး ...... ရှစန်”

အက်ကွဲတုန်ယင်စွာ လှမ်းခေါ်သည်။

သို့သော်..

မြေအောက်ခန်းဆီမှ တခွန်းမျှပင် တုံ့ပြန်မှုမရှိ။ တုံ့ပြန်

နိုင်သည့် အခြေအနေမျိုးလည်း မဟုတ်တော့ချေ။

ရှုစန်သည် မြောက်အောက်ခန်းတွင် လဲကျနေသည်။

မျက်နှာကလည်း ပိုးဟပ်ဖြူနှယ် သွေးရောင်လုံးဝမရှိတော့၊ မျက်လုံးကလည်း ကျောက်ဂူပေါက်ဆီသို့ ပြူးကျယ်စွာ ကြည့်နေသည်။ ––

အထိတ် လန့် ပုံစံအနေအထားမျိုးဖြစ်၏။

သို့သော်...

သူမသည် မည်သို့မျှ လှုပ်ရှားနိုင်မှုမရှိတော့။

သူမ၏ ရင်ဘတ်ပေါ်တွင် စိုက်နေသော ဓားတချောင်းနှင့် မြင်မကောင်းအောင် စီးကျနေသော သွေးများက သူမ၏အခြေအနေကို ဖော်ပြနေသည် မဟုတ်ပါလား။

"သမီး....သမီးရှုစန်သေပြီ"

အဘိုးကြီးသည် နင့်အက်ကွဲစွာ ရေရွတ်လိုက်သည်။

ကျင့်ပကတော့ ခါးထောက်လျက် သဘောကျစွာရယ်ယင်း-

"ခင်ဗျားသမီးက သိပ်ဆိုးတယ်၊ ကိုယ်နဲ့မဆိုင်တာကို ဝင်ရှုပ်ချင်တယ်၊ ဆုံးမလို့မရနိုင်တော့တာနဲ့ ကျုပ်ရဲ့ဓားနဲ့ တခါတည်း နှုတ်ပိတ်လိုက်ရတယ်"

အဘိုးကြီးက ဆတ်ကနဲ ကိုယ်ကိုမတ်လိုက်ပြီး....

"အေး... မင်းလိုလူယုတ်မာကိုလဲ ငါကဆုံးမရမယ်ကွ"

ဟု ပြောပြီး ကျင့်ပ၏ မျက်နှာဆီသို့ ညာလက်ကို အရှိန်ဖြင့် ဆန့်ထုတ်လိုက်သည်။

ကျင့်ပ မျက်နှာကို ငဲ့ရှောင်လိုက်၏။

ကျင့်ပ နားရွက်ဖျားတွင် လေပူတချက် ဟပ်မိသွား၏၊



ငဲ့ရှောင်ပြီးသည်နှင့် ညာလက်ခုံဖြင့် အဘိုးကြီး၏ မေးကို လက်ပြန်ရိုက်ထည့်ရာ........

"ခွပ်"

မြည်သံနှင့်အတူ အဘိုးကြီး နောက်သို့လဲကျသွား၏။

ပါးစပ်မှလည်း သွေးများယိုစီးကျလာသည်။

အဘိုးကြီးသည် ကျင့်ပကို မျက်လုံး ပြူးကျယ်စွာဖြင့်ကြောင်ကြည့်နေမိသည်။

သို့သော်....

* * *

(၃)

ဖန်အဘိုးကြီး ချိန်းဆိုထားသည့် သုံးရက်မြောက်သောနေ့။

ရှောင်မော်သည် မျှော်လင့်ချက်ဖြင့် ဖန်အဘိုးကြီး အိမ်သို့ လာခဲ့သည်။

အဘိုးကြီးက ကျနပ်ဖွယ်ရာအဖြေပေးမည်ဟု ပြောခဲ့သည်။

ဖန်အဘိုးကြီးသည် မည်သည့်အဖြေကို ပေးမည်နည်း။

ရှောင်မော်သည် ဖန်အဘိုးကြီးပေးလာမည့် အဖြေကို စိတ်ဝင်တစား ရှိနေမိ၏။

ဖန်အဘိုးကြီး အိမ်သို့လာသော ခြေလှမ်းအစုံသည် သွက်လက်လျင်မြန်နေသည်။

* * *

"ဖန်အတိုးကြီး မရှိဘူး"

ဖန်အတိုးကြီး၏ အစောင့်ဖြစ်သော ချင်တာဝမ်းက မာဆတ်ဆတ်နှင့် ပြောသည်။

ချင်တာဝမ်း၏ စကားကြောင့် ရှောင်မော်သည် မယုံကြည်သော အကြည့်ဖြင့် ကြည့်လိုက်ပြီး...

"မရှိလို့မဖြစ်ဘူး၊ ငါ့မှာအရေးကြီးတဲ့ ကိစ္စရှိတယ်၊ အတိုးကြီးနဲ့ တွေ့မှဖြစ်မယ်"

"တကယ်မရှိလို့ပါ"

"မင်း....ငါ့ကိုမညာနဲ့နော်"

"ကျွန်တော်မလိမ်တတ်ပါဘူး"

"ဒါပေမယ့်....အတိုးကြီးက ငါ့ကိုဒီနေ့ချိန်းထားတာ၊ ငါသိရသလောက် အတိုးကြီးဟာ ကတိဖျက်တတ်တဲ့ လူစားမျိုးမဟုတ်ဘူး"

"မကျေနပ်ယင် အထဲကိုကိုယ်တိုင်ဝင်ကြည့်နိုင်ပါတယ်"

ချင်ထာဝမ်း၏စကားကြောင့် ရှောင်မော်ငေးသွား၏။

မည်သည့်စကားဆက်ပြောရမှန်းမသိ။

ထိုစဉ်....

"အတိုးကြီးပြန်လာပြီ"

ဖန်အတို့ကြီး၏အစောင့်တဦးဖြစ်သည့် ဝမ်ယိက ဝမ်းသာအားရအော်ပြောလိုက်သည်။

ရှောင်မော် လှည့်ကြည့်လိုက်လေသည်။



မြင်းလှည်းတစီးသည် ဖန်အတိုးကြီး အိမ်သို့ ဦးတည်လာကာ ဖန်အတိုးကြီး၏အိမ်ရှေ့တွင် ရပ်တန့်သွား၏။

ထို့နောက်....

မြင်းလှည်းပေါ်မှ လူတာဒယာက်ဆင်းလာပြီး....

"မင်းတို့အိမ်က အတိုးကြီးပြန်လာပြီ၊ မြင်းလှည်းထဲမှာ ရှိတယ်"

ဟု ပြောပြီး မြည်းလှည်းမှမြင်းကိုဖြုတ်လိုက်သည်။

"အိမ်စောင့် ချင်တာဝမ်းသည် မြင်းလှည်းဆီသို့ လျှောက်သွားကာ မြင်းလှည်းထဲကြည့်လိုက်၏။

မျက်ခုံးများပင့်တက်သွားကာ....

"အတိုကြီးလဲမရှိပါလား"

ဟု ညည်းပြီး မြင်းလှည်းမောင်းလာသူဘက် လှည့်လိုက်၏။ သို့သော်....

နောက်ကျသွားချေပြီ။

မြင်းလှည်းမောင်းသူသည် မြင်းလှည်းတွင် တပ်ဆင်ထားသောမြင်းကိုဖြုတ်၍ ဂိုးနင်းထွက်ခွာသွားသောကြောင့် ဖြစ်၏။

မြင်းလှည်းသမား၏ အပြုအမူလုပ်ရပ်များကိုကြည့်ကာ....

"ဒီလူရူးများ ရူးနေပြီလား"

ဟု ချင်တာဝမ်းက ညည်းလိုက်သည်။

အခြေအနေထူးခြားမှုတရပ်တော့ရှိနေပြီဟု ရှောင်မော်တွက်ဆလိုက်သည်။

ထို့ကြောင့်...

မြင်းလှည်းဆီသို့ လျှောက်သွားကာ...

မြင်းလှည်းနေရာအနှံ့ ရှာဖွေရာ မြင်းလှည်း အောက်ပိုင်းထဲတွင် သေတ္တာတလုံးကိုတွေ့လိုက်ရသည်။

"ဒီမှာသေတ္တာတလုံးဟေ့"

ဟု ရှောင်မော်က အော်ပြောလိုက်သည်။

ချင်တဝမ်းနှင့် ဝမ်ယိတို့က ရှောင်မော်အနားပြေးလာ၏-

"ဘာသေတ္တာလဲ"

"သေတ္တာထဲမှာ ဘာပါသလဲ"

"သေတ္တာထဲမှာ ငွေတွေများပါလာသလား"

အမျိုးမျိုးထင်မြင်ချက်များပေးကြသည်။

ရှောင်မော်သည် မည်သည့် ခန့်မှန်းချက်မှ ထုတ်ဖော်မပြောပဲ သေတ္တာကိုဖွင့်လိုက်၏။

အနံ့တမျိုးက မခံရပ်နိုင်လောက်အောင် ထွက်လာသဖြင့် ရှောင်မော်နှာခေါင်းရှုံ့သွားလေသည်။

ထို့နောက်....

သေတ္တာထဲသို့ကြည့်လိုက်ရာ မျက်နှာပျက်သွားလေသည်။

ချင်တဝမ်းနှင့် ဝမ်ယိတို့လည်း သေတ္တာကို ငုံ့ကြည့်လိုက်ရာ မျက်လုံးများပြူးကျယ်ကြပြီး နောက်သို့ဆုတ်ခွာ ထွက်သွားကြလေသည်။

သေတ္တာထဲမှအရာကား သူတို့မျှော်လင့်ထားသလိုငွေသေတ္တာမဟုတ်ပဲ လူသေအလောင်းများသာဖြစ်နေသည်။

ဖန်အဘိုးကြီး... ရှုစန်နှင့် ဖန်ယူတို့၏အလောင်းများဖြစ်လေသည်။

* * *



ရှောင်မော်၏ခြေလှမ်းများ နှေးကွေးလေးလံနေသည်။

လုပ်ချင်ကိုင်ချင်စိတ်ပင် မရှိတော့လောက်အောင် နုံးချိ၍သွား၏။

ရှောင်မော်အတွက် ကျင့်ပထံသွားရန်လမ်းစ အဆက်ပြတ်ပြီ။ ဖန်အဘိုးကြီးကား ကျင့်ပလက်ချက်ဖြင့်သေခဲ့လေပြီ။

မည်သို့ပင်ဆိုစေ....

ရှောင်မော်အနေဖြင့် ကျင့်ပကိုဖြစ်သည့်နည်းဖြင့် ရင်ဆိုင်ရမည်သာ။

ထိုသို့မဟုတ်ပါက....

လက်နက်များသည် ဝံပုလွေလက်မှ တဆင့် တုံးဝူအသင်းထံဆင့်ပွားပျံ့နှံ့သွားပေတော့မည်။

ရှောင်မော်သည် အခန်းတွင်းရောက်သည်နှင့် စိတ်ပျက်လက်ပျက်ထိုင်ချလိုက်သည်။

"အခြေအနေဘာထူးခြားသလဲ"

ချင့်ဝူက စိတ်အားထက်သန်စွာဖြင့် မေးလိုက်၏။

ရှောင်မော်က မဖြေပဲ အနီးတွင်ရပ်နေသော နီနီဘက်လှည့်ကာ....

"အရက်အိုးတွေချပေးစမ်း"

အခြေအနေသည် မလှမပမှန်း နီနီရိပ်စားမိသည်။

ထို့အတူ....

ချင့်ဝူမှာလည်း နားလည်သဖြင့် ဘာမှ ဆက်မမေးတော့ပေ။

နီနီအရက်အိုးများယူလာပြီး စားပွဲပေါ်တင်ပေးလိုက်သည်။

ထုံးစံအတိုင်းပင်။

ရှောင်မော်သည် အရက်အိုးကို အိုးလိုက်မော့သောက်လိုက်သည်။

မည်သူ့မျှလည်းမကြည့်။

မည်သည့်စကားမှလည်းမဆို။

အရက်ကိုသာ မရပ်မနားသောက်နေလျက်။

တအိုး....။

နှစ်အိုး....။

သုံးအိုး....။

"ဘာလို့ဒီလောက်ထိသောက်နေရတာလဲ၊ဒီလိုသောက်တော့ကော ဘာထူးခြားလာမှာလဲ၊ စိတ်ရှုပ်နေယင် အိပ်လိုက်ပေါ့"

နီနီကဝင်၍ ဖျောင်းဖျနှစ်သိမ့်လိုက်သည်။

ရှောင်မော် ခေါင်းခါယမ်းလိုက်ပြီး....

"ငါမအိပ်ချင်ဘူး၊ အရက်ပဲသောက်မယ်"

ချင့်ဝူဘက်လှည့်ကာ....

"ချင့်ဝူ... မင်းသိသလား"

မေးလိုက်ရာ ချင့်ဝူက ငေးကြောင်ကြောင်ကြည့်ယင်း....

"ဘာကိုသိရမှာလဲ အစ်ကိုကြီး"

"ဖန်အဘိုးကြီးကို ကျင့်ပသတ်ပစ်လိုက်ပြီကွ"

ရှောင်မော်က အော်ပြောလိုက်သည်။

ချင့်ဝူနှင့်နီနီ ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။

ရှောင်မော်အရက်ကို ဆက်သောက်နေပြန်သည်။



လေးအိုး....။

ငါးအိုး....။

ထို့ထက်ပို၍ မသောက်နိုင်တော့။

ရှောင်မော် မှူးလဲကျသွားပေပြီ။

* * *

# အခန်း တစ်ဆယ့်နှစ်

# အလစ်လုပ်ကြံမှု

(၁)

ညနေစောင်းအချိန်ဖြစ်သည်။

ရှောင်မော်က အမူးပြေ၍ နိုးလာချိန်တွင် အနားတွင် နီနီတယောက် ထိုင်စောင့်နေလျက်။

"ဘာလို့ ဒီလောက်ထိ မူးအောင်သောက်ရတာလဲ"

"ဘာမှမတွေးချင်လို့"

"ဒီလိုအရက်တွေသောက်လို့ အဘိုးကြီးက အသက်ပြန်ရှင်မတဲ့လား"

"အဲဒီအတွက်လဲ စိတ်မကောင်းဘူး၊ အဘိုးကြီးဟာ လေးစား ဂုဏ်ယူစရာကောင်းတယ်၊ အဘိုးကြီးကိုယ်စား ငါသေသွား

ယင် သိပ်အောင်းမှာပဲ၊ ခုလိုလဲ စိတ်ဒုက္ခရောက်ရမှာလဲ မဟုတ်ဘူး”

ရှောင်မော်သည် ညည်းညည်းညူညူပြောလိုက်သည်။

ရှောင်မော်၏ စကားအဆုံးတွင် နီနီသည် ရှောင်မော်နားရွက်နား ကပ်ကာ တီးတိုးပြောလိုက်သည်။

“ဘာမှမပူနဲ့ ရှင့်ကိုသတ်မယ့်လူလာနေပြီ”

* * *

## (၂)

ရှောင်မော်နားစွင့်လိုက်သည်။

အခန်းတံခါးဝတွင် ခြေဖွဝင်လာသော ခြေသံသဲ့သဲ့ကို ကြားနေရသည်။

နီနီလေသံဖြင့် တီးတိုးပြောလာ၏။

“ကျွန်မတို့နောက်ကို သွားပုန်းကြမယ်”

ရှောင်မော်က ခေါင်းညိတ်လိုက်ပြီး ခုတင်ပေါ်မှ အသံမကြားအောင် ဖော့ဆင်းလိုက်သည်။

ထို့နောက်........

ခုတင်နောက်ဘက် အကွယ်တွင် နေရာယူထားလိုက်၏။

“ရှီ... ဒုတ်....ဒုတ်....ဒုတ်....”

အဆိပ်အပ် လက်နက်ပုန်းများ တံခါးကြားမှ ခုတင်ဆီသို့ ပြေးလာကြ၏။



အချို့အပ်များသည် ရှောင်မော်၏အရှေ့ မှန်းမှဝေးတွင်ကျရောက်လာသည်။

ခုတင်ပေါ်သို့ ဝင့်ကြည့်လိုက်သည်။

“ဘုရား....ဘုရား”

ခုတင်ပေါ်တွင် မူးမူးနှင့်ဆက်အိပ်နေမိပါက အသက် ဘယ်နေရာက ထွက်ရမည်ပင် မသိနိုင်ပဲ ဖြစ်သွားနိုင်သည့်အခြေအနေ။

ခုတင်ပေါ်တွင် အဆိပ်အပ်လက်နက်ပုန်းများ နေရာအနှံ့ ဖြန့်ကျက် စိုက်ဝင်နေလေသည်။

ရှောင်မော် သည်းခံနိုင်စွမ်းမရှိတော့။

မျက်နှာတခုလုံး နီရဲလာသည်။

မျက်နှာပေါ်မှ အကြောများ တင်းမာလာသည်။

အံကိုတင်းတင်းကြိတ်ထား၏။

ထို့နောက်........

အခန်းတံခါးဆီသို့ လှစ်ကနဲ ခုန်ပြေးလိုက်သည်။

အခန်းတံခါးကို ဆတ်ကနဲဖွင့်လိုက်ရာ....

“အစ်ကိုကြီး”

ထိတ်လန့်တကြား ခေါ်သံနှင့်အတူ ချင့်ဝူကို တွေ့လိုက်ရသည်။

“ငါ့ကို လက်နက်ပုန်းနဲ့ ချောင်းပစ်တဲ့ကောင်ကော ဘယ်ပြေးသွားပြီလဲ”

ရှောင်မော်က အလောတကြီး မေးသော်လည်း ချင့်ဝူက ချက်ချင်း မဖြေနိုင်သေး။

ရှောင်မော်ကို ခြေဆုံးခေါင်းဆုံးကြည့်ယင်း....

"အစ်ကိုကြီးကို မထိဘူးနော်"

မယုံကြည်စွာမေးသည်။

"မထိလို့ မင်းနဲ့စကားပြောနိုင်တာပေါ့ကွ"

စိတ်တိုနေသဖြင့် ခပ်ဆတ်ဆတ်ပြောလိုက်၏။

ချင့်ဝူသည် ရှောင်မော်ကို ဘေးကင်းစွာ တွေ့ရသဖြင့် စိတ်သက်သာရာ ရသွားပုံရသည်။

သက်ပြင်းချလိုက်ပြီး...

"ကျွန်တော်က အစ်ကိုကြီးသေပြီမှတ်နေတာ၊ ဒါနဲ့ နီနီရော"

"သူလဲဘာမှမဖြစ်ဘူး၊ [လူသတ်သမားကို မင်းတွေ့လိုက်သလား"

"တွေ့လိုက်တယ်၊ ဒါပေမယ့်....ကျွန်တော် နောက်ကဖက်သွားနေတုန်းမို့ လူရိပ်ပဲတွေ့လိုက်ရတယ်၊အတွင်းအားကောင်းပုံရတယ်၊ ကျွန်တော်မျက်လုံးထဲမှာ လျှပ်ပြက်သလို ရှတ်တရက်ပဲမြင်လိုက်ရတယ်"

ချင့်ဝူရှင်းပြနေစဉ်၊ အဖွဲ့သားများ ရှောင်မော်အနီးသို့ ဝိုင်းအုံလာကြသည်။

ချင့်ဝူရှင်းပြသမျှကို တအံ့တဩ နားထောင်နေမိကြသည်။

တချို့ကလည်း မခံမရပ်နိုင် ဖြစ်ပုံရသည်။

လက်သီးများ ဆုပ်မိကြသည်။

အံကိုတင်းတင်း ကြိတ်မိကြသည်။

တက်တခေါက်ခေါက် ဖြစ်မိကြသည်။

ရှောင်မော်သည် အဖွဲ့သားများအားလုံးကို တယောက်စီ



ကြည့်လိုက်ပြီးနောက် စိုးရိမ်တကြီး မေးလိုက်သည်။

"လောင်ဝမ်းကော....လောင်ဝမ်း"

* * *

"လောင်ဝမ်း....လောင်ဝမ်း"

ချင့်ဝူက အော်ခေါ်လိုက်သည်။

သို့သော်...

တုံ့ပြန်သံကား လုံးဝထွက်ပေါ်မလာ။

အဖွဲ့သားများ၊ တယောက်မျက်နှာတယောက် ကြည့်လိုက်ကြသည်။

စိုးရိမ်သောအကြည့်များ။

"လောင်ဝမ်းကို လိုက်ရှာကြစမ်း"

ရှောင်မော်က အမိန့်ပေးလိုက်သည်။

အဖွဲ့သားများ၊ ချက်ချင်းလူဖြန့်ကာ လောင်ဝမ်းအား ရှာဖွေရေး စတင်လိုက်သည်။

လောင်ဝမ်းဘယ်ရောက်နေသနည်း။

လူသတ်သမား လက်ချက်ဖြင့် တနေရာတွင် သေဆုံးနေပြီလား။

ထို့အတူ ရှောင်မော်ကို ချောင်း၍လုပ်ကြံသော လူသတ်သမား မည်သူဖြစ်နိုင်သနည်း။

မည်သို့ဖြစ်စေ။
လောင်ဝမ်းက ပျောက်ဆုံးနေပြီ။

* * *

(၃)

ဝန်းကျင်အနှံ့ တောကြောင်များ လှုပ်ရှားနေကြသည်။
သစ်တောလမ်း။
တောင်တက်လမ်း။
နေရာလပ်မကျန် လှုပ်ရှားနေကြသည်။
သို့သော်....
လောင်ဝမ်း၏ အရိပ်အရောင်ကိုကား လုံးဝမတွေ့ရသေးချေ။
ရှောင်မော်သည် စိတ်လည်းတိုနေသည်။
ဒေါသလည်း ဖြစ်နေသည်။
ထို့အတူ စိုးရိမ်လည်း စိုးရိမ်နေမိသည်။

* * *

(၄)

ချင့်ဝူ နောက်ဘက်သို့သွားနေသည့်အချိန်။
လောင်ဝမ်းသည် ကပ်ကြေးတလက်နှင့် ခြေသည်းလက်သည်းများ ညှပ်နေသည်။



စင်စစ်....
လောင်ဝမ်း၏ ခြေသည်းလက်သည်းများက ညှပ်ရလောက်သည့် အထိ မရှည်လှသေးပါ။
သို့သော်....
အားလပ်လျှင် ခြေသည်းလက်သည်း ညှပ်နေတတ်သော အကျင့်က လောင်ဝမ်း၏ ဖျောက်ဖျက်မရသော အကျင့်တရပ်ဖြစ်သည်။
လောင်ဝမ်းသည်သပ်ရပ်စွာနေထိုင်တတ်သူလည်း ဖြစ်သည်။
လက်သည်းခြေသည်းများ ညှပ်ပြီးသည်နှင့် လောင်ဝမ်း၏နားထဲတွင် မသက်ာဖွယ်ခြေသံဖွဖွကို ကြားလိုက်ရသည်။
ခြေသံလာရာသို့ ချက်ချင်းလှည့်ကြည့်လိုက်မိသည်။
လောင်ဝမ်း၏ မျက်လုံးများ ပြူးကျယ်သွား၏။
အကြောင်းမှာ လောင်ဝမ်း၏ အခန်းဝတွင် လူတယောက်ရပ်နေသည်ကို တွေ့ရသောကြောင့် ဖြစ်၏။
ထိုလူသည် လောင်ဝမ်းကိုကျောပေးထားသည့် အနက်ရောင်ဝတ်စုံကို ဝတ်ထားသည့်လူ။
ထိုလူ၏ လှုပ်ရှားမှုသည် ရိုးသားသော လှုပ်ရှားမှု မဟုတ်ကြောင်း လောင်ဝမ်းသတိထားမိ၏။
လောင်ဝမ်းကို အော်ဟစ်ကာ သတိပေးလိုက်ချင်သည်။
သို့သော်
သူ၏လက်ထဲတွင် လက်နက်ပုန်းရှိနေလျှင် ခက်မည်။
နောက်ဆုံး... ဆုံးဖြတ်ချက်ချပြီး လောင်ဝမ်း လှုပ်ရှားလိုက်သည်။

အနက်ရောင်လူဆီသို့ ဦးတည်လှုပ်ရှားလိုက်သည်။

လောင်ဝမ်း လှုပ်ရှားလိုက်သည်နှင့် အနက်ရောင် လူသည် ရှောင်မေဉ်၏ အခန်းတွင်းသို့ လက်နက်ပုန်းများ ပစ်သွင်းပြီးလေသည်။

လောင်ဝမ်းက ထက်ကြပ်မကွာလိုက်သည်။

အနက်ရောင်လူ၏ ကိုယ်ဖော့ပညာသည် အဆင့်မနိမ့်ကြောင်း လောင်ဝမ်း မျက်မြင်တွေ့ရပြီ။

သို့သော်....

လောင်ဝမ်း၏ပညာကလည်း ခေသည်မဟုတ်။

အနက်ရောင်လူထက် မသာလျှင်သာရှိမည်။

နိမ့်မည်တော့မဟုတ်။

အနက်ရောင်အရိပ်သည် ရိပ်ကနဲရိပ်ကနဲ ပြေးလွှားနေ၏။

နောက်ကြောင်းပင် လှည့်မကြည့်။

လောင်ဝမ်းကလည်း ထက်ကြပ်မကွာလိုက်နေသည်။

ပြေးသူနှင့်လိုက်သူ။

တောလမ်းကလေးတွင် လေမုန်တိုင်းတခု ကျရောက်သွားသည့်နှယ်။

*   *   *

ရှောင်မေဉ်၏စခန်းမှ မိုင်ဝက်ခရီး ကျော်လာခဲ့သည်။

ထိုအခါမှ........

အနက်ရောင်လူက ရပ်တန့်ပြီး အသင့်အနေအထား ပုံစံနှင့် လောင်ဝမ်းကို မျက်နှာချင်းဆိုင်သည်။



လောင်ဝမ်းလည်း ကိုယ်ရှိန်ကို သပ်လိုက်သည်။

အနက်ရောင်လူက ရယ်မောလိုက်ပြီး...

"မင်းငါ့နောက်ကို အကြွေးလိုက်တောင်းတာလား"

"ဟုတ်တယ်"

"ငါလိုလူမျိုးက ကြွေးရှင်သိပ်များတယ်၊ မင်းက ဘာကြွေးလိုက်တောင်းတာလဲ"

"ငါမင်းဆီက သွေးကြွေးလိုက်တောင်းတာ"

လောင်ဝမ်းက အံကြိတ်လျက် အသံမာမာဖြင့် ပြောလိုက်သည်။

"သွေးကြွေး"

အနက်ရောင်လူက ပြန်မေးလိုက်သည်။

"ဟုတ်တယ်"

"ဒါဆို သွေးနဲ့ပြန်ဆပ်ရတာပေါ့"

"မင်းပြန်ဆပ်ရမယ့် သွေးကြွေးကတော့ သာမန်သွေးကြွေး မဟုတ်ပဲ တန်ဖိုးမြင့်တယ်ဆိုတာရော နားလည်ရဲ့လား"

အနက်ရောင်လူက မျက်မှောင်ကုပ်လိုက်ပြီး——

"မင်းစကားက ဘာအဓိပ္ပာယ်လဲ"

"တိုင်းပြည်ရဲ့သစ္စာရှိတဲ့ သိုင်းသမားသူရဲကောင်းကို မင်းခုနက ဘာလို့ လက်နက်ပုန်းနဲ့ ချောင်းပစ်ရတာလဲ"

"ဖြည်းဖြည်းပေါ့ကွာ၊ ဒါနဲ့ မင်းနာမည်ကရော"

လောင်ဝမ်းက ဓားကိုဆွဲထုတ်လိုက်ပြီး....

"ငါ့နာမည်က လောင်ဝမ်းတဲ့ မှတ်ထား၊ မင်းနာမည်ကရော"

အနက်ရောင်လူက မပြောပဲ ရယ်ကျဲကျဲလုပ်နေရာ....

"အေးလေ မင်းနာမည်မပြောလဲ ကိစ္စမရှိပါဘူး၊ မင်းက သေမယ့်လူပဲ၊ သေလူရဲ့နာမည်ကို သိစရာမလိုပါဘူး"

အနက်ရောင်လူက သဘောကျစွာ ရယ်လိုက်ပြီး....

"မင်းကငါ့ကိုသတ်မယ်....ဒါဆိုယင်လဲ ငါသေယင် ငါ့ရဲ့ အလောင်းရှေ့မှာ ရေးဖို့ နာမည်တော့ရှိရမှာပေါ့၊ လူသေယင် ဂူရှေ့မှာရေးဖို့ နာမည်တော့ ရှိရမှာပေါ့"

"ဒါဖြင့်ယင်...."

"ငါ့နာမည် တုန်စင်ယိတဲ့ကွ မှတ်ထား"

"တုန်စင်ယိ"

"ဟုတ်တယ် မကောင်းတာအကုန်လုပ်တဲ့တုန်စင်ယိ"

"ဒါကြောင့်လဲ **စောစောက** မျိုးချစ်ပုဂ္ဂိုလ်ကို **မင်းသတ်**တာပေါ့"

လောင်ဝမ်း၏**စကားကြောင့်** အနက်**ရောင်**လူက **နှာခေါင်း** ရှုံ့လိုက်ပြီး....

"ဘာ... မျိုးချစ်ပုဂ္ဂိုလ်....ဘာမျိုးချစ်ပုဂ္ဂိုလ်လဲ၊ ငါသတ်ခဲ့တာ သူများပစ္စည်းတွေ ဒမြတိုက်လုယက်တဲ့ တောကြောင်ကြီး ခုလဲပဲ သူဟာ မန်းချူးနယ်ချဲ့တွေ အကျိုးစီးပွားအတွက် ကိုယ့် အမျိုးသား အချင်းချင်း သတ်ဖြတ်ဖို့ ကြိုးစားနေတဲ့ ကောင်၊ ဒီလိုလူမျိုးကိုများ မျိုးချစ်ပုဂ္ဂိုလ်လို့ မင်းမို့ ပြောရက်တယ်၊ အဲ့ဒီကောင်မျိုး လူကောင်းတဲ့ ထွေ"

စကားအဆုံးတွင် ရွံမုန်းသည့်သဘောဖြင့် တံတွေးတချက် ထွေးလိုက်သည်။



"မင်းလူကောင်းသူကောင်းကို သတ်မိတာကွ"

လောင်ဝမ် က ဒေါသတကြီးအော်ဟစ်သည်။

"ဘာလဲ၊ ဒီအတွက်မကျေနပ်လို့ မင်းကငါ့ကို သတ်ဦးမလို့ ထား၊ ဒီမှာတွေ့လား"

အနက်ရောင်လူက ညာလက်ကို ဆတ်ကနဲလှုပ်ရှားလိုက်သည်။

"တွေ့လား၊ အဆိပ်အပ်၊ မင်းရဲ့ရင်ညွှန့်ကို ချိန်ထားပြီး သား၊ ငါ့လက်ချောင်းလေး တောက်လိုက်တာနဲ့ မင်းဒီလောက ကြီးက အပြီးအပိုင် ထွက်ခွာသွားရလိမ့်မယ်"

လောင်ဝမ်းက မျက်နှာတည်တည်ဖြင့်....

"မင်းတကယ်ပစ်ရဲလား၊ ပစ်ရဲယင်ပစ်လေကွာ၊ ဒီနားမှာ အယ်သူမှမရှိဘူး၊ ပစ်လေကွာ....ပစ်လိုက်စမ်းပါ"

လောင်ဝမ်းက ရင်ကိုကော့ကာ အနက်ရောင် လူအနားသို့ တလှမ်းချင်း လှမ်းသွား၏။

ထိုအချိန်တွင်....

အနက်ရောင်လူသည် မည်သည့်စိတ်ကူး ပြောင်းသွားသည် မသိ။

လက်ထဲမှ အဆိပ်အပ်ကို နံဘေးရှိ သစ်ပင်၏ ပင်စည်သို့ တောက်ထည့်လိုက်၏။

သစ်ပင်၏ ပင်စည်တွင် အဆိပ်အပ်စိုက်ဝင်သွားသည်။

စိမ်းလန်းသောသစ်ရွက်များ အဝါရောင်သို့ချက်ချင်းပြောင်း လဲသွား၏။

လောင်ဝမ်းတုန်လှုပ်သွား၏။

လွန်စွာပြင်းထန်သော အဆိပ်ဟု နားလည်ခံစားမိသည်။

အနက်ရောင်လူလက်ထဲတွင် လက်နက်မရှိတော့ပေ။

လောင်ဝမ်းဓားကို အနက်ရောင်လူဆီသို့ ချိန်ရွယ်ထားလိုက်သည်။

"ခုတ်လိုက်လေကွာ"

တုန်စင်ယိက ပြန်ပြောလာသည်။

လောင်ဝမ်း၏ဓားကိုင်လက်သည် လှုပ်ရှားသွား၏။

သို့သော်....

အနက်ရောင်လူဆီသို့မဟုတ်၊ မလှမ်းမကမ်းရှိ သစ်ပင်ဆီသို့ ပစ်လိုက်ခြင်း ဖြစ်သည်။

ဓားသည် သစ်ပင်၏ပင်စည်ထဲသို့ နက်ရှိုင်းစွာ စိုက်ဝင်သွားသည်။

ဓား၏ ထက်မြက်မှုနှင့် လောင်ဝမ်း၏ အတွင်းအားကို တုန်စင်ယိ မြင်တွေ့သွားကာ မျက်မှောင်ကုပ်သွား၏။

"ဘာလို့ငါ့ကိုမခုတ်တာလဲ"

နားမလည်နိုင်စွာဖြင့် မေးလိုက်ရာ....

"မင်းတောင် လက်နက်မသုံးတာ၊ ငါလဲလက်နက်သုံးစရာမလိုဘူး"

"ဒီလိုဆိုယင် မင်းငါ့ရဲ့အသက်ကို ဘာနဲ့ယူမလဲ"

"လက်သိုင်းနဲ့"

ဟု ပြောပြီးလျှင် လောင်ဝမ်း၏ လက်နှစ်ဖက်သည် အနက်ရောင် လူဆီသို့ ဦးတည်လှုပ်ရှားသွား၏။

အနက်ရောင်လူ၏ အဆင့်ကလည်း မသေးပေ။

ဝင်လာသမျှသော လောင်ဝမ်း၏ လက်သီးသိုင်းကွက်များကို



ကြောင်တကောင်နှယ် ပေါ့ပါးဖျတ်လတ်စွာခုန်ရှောင်ထွက်သွားသည်။

နှစ်ယောက်စလုံး၏ တိုက်ကွက်များကား လျင်မြန်လွန်းလှပေသည်။

လက်နှင့်ခြေများကိုပင် သဲသဲကွဲကွဲမမြင်ရ။ အရိပ်နှယ်သာ တွေ့ရသည်။

လျင်မြန်လွန်းသဖြင့် အမြင်ရှုပ်ထွေးလာ၏။

တိုက်ကွက် သုံးဆယ်ပင်ကျော်နေပြီ။

နှစ်ယောက်စလုံး၏ မောဟိုက်စွာအသက်ရှူသံများ ကြားရသည်။

သို့သော်........

အနိုင်အရှုံးကား မပေါ်သေး။

"ယား"

လောင်ဝမ်းက မာန်သွင်းကာ ညာခြေဖြင့် ခုန်ဝင်လိုက်သည်။

အနက်ရောင်လူက ဗယ်လက်ဖြင့် ဝင်လာသော ခြေကို ပုတ်ထုတ်လိုက်ပြီး တဘက်သို့ ခုန်ထွက်လိုက်သည်။

သို့သော်....

အနက်ရောင်လူသည် လောင်ဝမ်း၏ခြေကို မပုတ်ထုတ်မီ၊ လေကို ရိုက်ထုတ်လိုက်မိသည်။

လောင်ဝမ်း၏ ခြေအနှုတ်အသိမ်းမြန်သလို အနက်ရောင်လူ၏ခြေလက်လှုပ်ရှားမှုကလည်း လျှပ်ပြက်သည့်နှယ် မြန်လွန်းလှ၏။

နှစ်ယောက်စလုံး မောဟိုက်နေကြပြီ။

"မင်းနာမည် လောင်ဝမ်းပဲလား"

အနက်ရောင်လူက တိုက်ခိုက်ရာမှ စတင်မေးလိုက်သည်။

"ငါနာမည်ပြောင်း မထားဘူးကွ"

"မင်းရဲ့သိုင်းပညာအဆင့်မြင့်တယ်၊ ငါနိုင်ဖို့ခဲယဉ်းတယ်"

အနက်ရောင်လူက ဝန်ချလိုက်သည်။

"ငါကတော့ မင်းကိုသတ်မှာပဲ....ဒါပေမယ့် ငါလဲမင်းကို နိုင်ဖို့မလွယ်ဘူး"

လောင်ဝမ်းက မောဟိုက်စွာဖြင့် ပြောသည်။

"ဒါဆို မင်းဓားကို ပြန်ယူပြီး ခုတ်လိုက်ပေါ့"

"လက်နက်နဲ့သာ အနိုင်ယူစတမ်းဆို မင်းအယင် ငါသေနေပြီ၊ မင်းလက်ထဲ အဆိပ်အပ်ရှိဘုန်းက မင်း ငါ့ကို ဘာလို့ မပစ်တာလဲ"

"လက်နက်နဲ့ အနိုင်မယူချင်လို့"

"အေး... ဒါလဲမင်းလိုပဲ၊ လက်နက်နဲ့အနိုင်မယူဘူး"

"မင်းနဲ့ငါ စိဘ်ထားတူတယ်၊ ငါနဲ့ မိတ်ဆွေလုပ်မလား"

တိုက်ခိုက်ရာမှ ရပ်တန့်လိုက်ပြီး အနက်ရောင် ဝတ်စုံနှင့်လူက စစ်ပြေငြိမ်းစကားဆိုလိုက်သည်။

"အေး....မင်းသာလူသတ်သမား မဟုတ်ယင် ငါ မင်းနဲ့ ပေါင်းမယ်၊ ဒါပေမယ့် မင်းကအောက်တန်းကျတဲ့ လူသတ်သမား"

"ငါဟာ လောင်းကစားတဲ့ ဖဲသမား၊ ဖဲရိုက်စရာငွေမရှိမှ တခါတရံ လူသတ်တယ်၊ ဒါပေမယ့်....ငါ အောက်တန်းတော့



မကျသေးဘူး လောင်ဝမ်း"

"ငါ့အစ်ကိုကြီး ရှောင်မော်ကိုသတ်တာတော့ မင်းအောက်တန်းကျတယ်"

လောင်ဝမ်း၏ စကားကြောင့် တုန်စင်ယိ တွေဝေသွားသည်။

စဉ်းစားမရအောင်လည်း ဖြစ်သွားသဖြင့်....

"နေစမ်းပါအုံးကွ၊ ရှောင်မော်ကို ဒီလောက်ထိ မင်းအမှန်းတင်နေရတာလဲ"

"ပြောရယင် ရှည်မယ်"

"ဘယ်လိုပဲဖြစ်ဖြစ်၊ ငါနားထောင်မယ်၊ ဒီလိုမှ မဟုတ်ယင် ငါအိပ်လို့ပျော်မှာ မဟုတ်တော့ဘူး"

"ဒါဆိုလဲ ငါပြောမယ် နားထောင်....မင်း သတ်လိုက်တဲ့ ရှောင်မော်ဆိုတာ မင်းထင်သလို သူများပစ္စည်းတွေကို ဒမြတိုက်လုယက်နေတဲ့ကောင်မဟုတ်ဘူး၊ ရှောင်မော်ရဲ့ စိတ်ဓာတ်နဲ့ လုပ်ရပ်တွေက ဒီလိုကွ"

* * *

"... ........................အဲဒီ ယမ်းထုပ်လက်နက်တွေကိစ္စကြောင့် ငါတို့အဖွဲ့ ဒီကိုရောက်လာရတာပဲ"

လောင်ဝမ်းသည် ရှောင်မော်၏ အကြောင်းနှင့် ယခုကျင့်ပနှင့် တွေ့ရန် လာရောက်ရသည့် အကြောင်းကိစ္စကို အကျိုးအ

ကြောင်းပြည့်စုံစွာ ရှင်းလင်းပြလိုက်သည်။

လောင်ဝမ်း၏ စကားဆုံးသည်နှင့် တုန်စင်ယိ မျက်နှာမှာ မည်းမှောင်သွားလေသည်။

“ဩော်....ရှောင်မော်ဟာ ဒီလိုလူစားလား”

“ငါမလိမ်တတ်ဘူး တုန်စင်ယိ”

“မင်းမလိမ်ယင် ငါသူများရဲ့ အလိမ်ခံအသုံးချ ခံလိုက်ရတာပဲ၊ သူတို့က ရှောင်မော်ဟာ တိုင်းပြည်ကို ရောင်းစားဖို့ ကြံစည်နေတဲ့ မန်ချူးအလိုတော်ရိ မန်ချူး လက်ပါးစေဆိုလို့ ငါသတ်ရတာ၊ ဒီလိုသာဆို ငါမှားသွားပြီ”

“ခုတော့ မင်းအမှားကြီးတရပ်ကို ရင်ဆိုင်မိပြီ၊ မင်းရဲ့အဆိပ်လက်နက်ပုန်းကြောင့် အခု ရှောင်မော်သေပြီ၊ ဒီအတွက် မင်းရဲ့အမှားကို မင်းဘယ်လို ပြုပြင်မလဲ စဉ်းစား”

လောင်ဝမ်း၏ စကားကြောင့် တုံန်စင်ယိ မျက်နှာတင်းမာသွား၏။

“တောက်”

တောက်တချက်ပြင်းစွာ ခေါက်လိုက်ပြီး....

“တော်တော် မုန်းစရာကောင်းတဲ့ လူတွေ၊ ငါ့ကိုသက်သက်မယ့် လိမ်ညာခိုင်းတာ ငါ့ကို ဓားအငှားထိုးခိုင်းတာပဲ၊ ဒီကောင်တွေဆီသွားပြီး ငါစာရင်း အပြတ်ရှင်းရမယ်”

“မင်းကိုခိုင်းတာဘယ်သူတွေလဲ”

တုန်စင်ယိအံ့ကြိတ်ပြီး....

“သူတို့ပေါ့ကွာ”

မကျေမနပ်လေသံဖြင့်ပြောသည်။



“အဲဒီလူတွေအခုဘယ်မှာရှိမလဲ”

တုန်စင်ယိတခဏစဉ်းစားပြီးမှ...

“ဒီကသွားယင် နောက်ထပ်တနာရီလောက်ကြာမယ်”

“ဒါဆို တို့သွားသတ်ကြမယ်”

လောင်ဝမ်းတက်ကြွစွာပြောသည်။

“ကောင်းတယ်၊ အခုအချိန်သွားယင်ငါ့စိတ်ထား ပြောင်းသွားတာကို သူတို့သိကြမှာ မဟုတ်သေးဘူး၊ ဒါကို အခွင့်ကောင်းယူပြီး သူတို့ကိုသတ်ရမယ်၊ ဒီတော့....မင်းပါ လိုက်ခဲ့၊ ဒါပေမယ့်....အပြင်မှာ နေခဲ့ရမယ်၊ ငါ့အမှားအတွက် ငါ့ဘာသာဖြေရှင်းမယ်၊ မင်းဝင်စရာမလိုဘူး”

“ကောင်းပြီ....ဒီကောင်တွေကိုမင်းသတ်လိုက်ယင် မင်းလက်ချက်ကြောင့် သေသွားတဲ့ ရှောင်မော်အတွက် သွေးကြွေးဆပ်သလိုပေါ့”

“ဟုတ်တယ်....ကဲလာသွားကြမယ်”

ဟု ပြောပြီးထွက်ခွာရန်အတွက် ခြေလှမ်းပြင်လိုက်သည်။

သို့သော်...

မထွက်ခွာဖြစ်။

တုန်စင်ယိခြေလှမ်းများရပ်တန့်သွား၏။

* * *

(၅)

တုန်စင်ယိနောက်သို့လှည့်ကြည့်လိုက်သည်။

လောင်ဝမ်းသည် ပြုံးရယ်လျက် တုန်စင်ယိ၏ လက်ကိုဖမ်းဆွဲထားရာ....

"ဘာအစီအစဉ်ပြောယ်လဲလောင်ဝမ်း"

လောင်ဝမ်းပြုံးလိုက်ပြီး....

"မင်းသိပ်သတ္တိရှိတယ်တုန်စင်ယိ"

"အဲဒါနဲ့ဘာဆိုင်လို့လဲ"

"သတ္တိရှိတာကို ငါချီးကျူးတယ်၊ ဒါပေမဲ့ ....မျက်ကန်းသတ္တိမျိုးတော့မရှိသင့်ဘူး၊ အဲဒီကိုမင်းနဲ့ငါ နှစ်ယောက်တည်းမသွားသင့်ဘူး၊ သူတို့က အင်အားများတယ်၊ တို့ကနှစ်ယောက်တည်း၊ ဒီတော့ ငါတို့စခန်းကိုပြန်မယ်၊ စခန်းမှာသေသေချာချာစဉ်းစားတွက်ချက်ပြီးမှ သူတို့ကို အင်အားနဲ့ ပြန်တိုက်ရမယ်၊ တခုတော့ မင်းစဉ်းစားထားပေတော့"

"ဘာကိုလဲ"

"တို့အစ်ကိုကြီး ရှောင်မော်ကိုသတ်တဲ့အတွက် တို့ညီအစ်ကိုတော်ကို မင်းဘယ်လိုဖြေရှင်းမလဲဆိုတာပဲ"

တုန်စင်ယိ ရင်ကော့လိုက်ပြီး....

"ငါယောကျ်ားပဲ၊ လုပ်ရဲယင်ခံရဲရမှာပေါ့၊ မင်းရဲ့ညီအစ်ကိုတွေက မကျေနပ်လို့သတ်လဲခံလိုက်ရုံပေါ့၊ ငါသတ္တိရှိပါတယ်" ရဲဝံ့စွာပြောသည်။



"တကယ်လို့ ငါ....မင်းကိုပြောပြခဲ့တဲ့ ရှောင်မော်ရဲ့ ဇာတ်လမ်းဟာ တကယ့်အဖြစ်အပျက်မဟုတ်ပဲ လုပ်ကြံဇာတ်လမ်းဖြစ်မယ်၊ ရှောင်မော်ဟာလဲ မင်းကိုခိုင်းတဲ့လူတွေပြောသလို သစ္စာဖောက်မျိုးဖျက်ကောင် ဖြစ်နေမယ်ဆိုယင်ကော မင်းဘယ်လိုလုပ်မလဲ"

တုန်စင်ယိသက်ပြင်းချပြီး....

"ဒါဆိုလဲ ဇာတ်သိမ်းတဲ့ထိ ငါအလိမ် ခံသွားရတော့မှာပေါ့"

တုန်စင်ယိစကားကြောင့် လောင်ဝမ်း သဘောကျစွာရယ်ပြီး...

"ကဲ....လာသွားကြမယ်"

တုန်စင်ယိ ပခုံးကိုဖက်လျက်ပြောလိုက်သည်။

ပတ်ဝန်းကျင်သည် သာယာကြည်လင်သွားပြန်ချေပြီ၊

* * *

# အခန်း တစ်ဆယ့်သုံး

## ထောင်ချောက်တိုးမိသောရန်သူ

(၁)

ရှောင်မော်တယောက်တည်းထိုင်ကာ လောင်ဝမ်းအကြောင်း စဉ်းစားနေသည်။

လောင်ဝမ်းအတွက်လည်း စိုးရိမ်ပူပန်နေမိသည်။

"ဒီလောက်ထိ ပူမနေပါနဲ့ အစ်ကိုကြီး၊ လောင်ဝမ်းမှာ အန္တရာယ်ရှိလဲ သူ့ကိုယ်သူကောင်းကောင်းကာကွယ်နိုင်တဲ့လူပါ"

ချင့်ဝူက ရှောင်မော်ကိုဖျောင်းဖျနှစ်သိမ့်သည်။

ထိုအချိန်ကလေးမှာပင်....

လူနှစ်ယောက်။

ရှောင်မော်ဆီသို့ ပြေးလာကြသည်။

ရွှောင်မေ၁်အံ့သြစွာ ငေးကြည့်ယင်း...

"လောင်ဝမ်း....မင်းဘယ်တွေသွားနေတာလဲ"

ရွှောင်မေ၁်က မေးသည်။

လောင်ဝမ်ကလည်း ရွှောင်မေ၁်ကို သေချာစွာကြည့်ပြီး....

"အစ်ကိုကြီး....မသေဘူး"

ဝမ်းသာအားရပြောသည်။

ရွှောင်မေ၁်ပြုံးပြီး...

"အဆိပ်လက်နက်ပုန်းက မျက်စိမှမရှိတာ၊ ဘယ်လိုလုပ်ငါ့ကို မှန်အောင်လုပ်နိုင်မလဲကွ"

ဟု ပြောပြီး လောင်ဝမ်းဘေးတွင်ရပ်နေသော တုန်စင်ယိကို စေ့စပ်စွာအကဲခတ်ကြည့်လိုက်သည်။

လောင်ဝမ်းသည် ရွှောင်မေ၁်၏အကြည့်ကို သဘောပေါက်ပုံရသည်။

တုန်စင်ယိအကြောင်း ရှင်းပြမည်ပြင်ရာ....

"ကျွန်တော့ကို ခွင့်လွှတ်ပါအစ်ကိုကြီး၊ ကျွန်တော်သူများရဲ့လိမ်ညာတာကို ခံလိုက်ရတာ၊ ကျွန်တော်သိပ်အတဲ့ကောင်ပါ"

တုန်စင်ယိက ခွင့်လွှတ်ရန်အတွက် တောင်းပန် စကားဆို၏။

ရွှောင်မေ၁်မျက်မှောင်ကုပ်လိုက်သည်။

"ငါ့ကိုလက်နက်ပုန်းနဲ့ချောင်းပစ်တာ မင်းလား"

တုန်စင်ယိ ခေါင်းညိတ်ပြသည်။

"မင်းနာမည်"

"တုန်စင်ယိပါ"

ရွှောင်မေ၁်သည် လောင်ဝမ်းနှင့် တုန်စင်ယိအား တလှည့်စီ



အကဲခတ်ကြည့်ပြီး——

"ငါရှင်းသွားပြီ"

"ဘာရှင်းတာလဲ"

တချိန်လုံး ငြိမ်သက်နေသော ချင့်ဝူက ဝင်မေးလိုက်သည်။

"သူတို့နှစ်ယောက် အချင်းချင်းယှဉ်ပြိုင်ကြတယ်၊ တယောက်မှမနိုင်ကြပဲ နောက်ဆုံးတော့ မိတ်ဆွေ ဖြစ်သွားကြပြီး၊ ဒီပြန်ရောက်လာကြတာပဲ....ဟုတ်တယ်မို့လား လောင်ဝမ်း"

လောင်ဝမ်းက ခေါင်းညိတ်ပြသည်။

တုန်စင်ယိက ရွှောင်မေ၁်ကိုလေးစားသည့်အကြည့်ဖြင့်ကြည့်နေလျက်။

"ကဲ....တုန်စင်ယိ၊ ငါ့ကိုပြောပြစမ်းပါအုံး၊ ငါ့ကို ဘယ်သူတွေက သတ်ခိုင်းရတာလဲ"

တုန်စင်ယိသည် ဘေးမှလူများကို စေ့ကြည့်ပြီး တလုံးချင်းပီသစွာပြောလိုက်သည်။

တုံးဝူအသင်း။

* * *

(၂)

ရွှောင်မေ၁်သည် မျက်ခုံးနှစ်ဘက်ကွေးကျသွားသည်ထိ မျက်မှောင်ကုပ်လိုက်ပြီး......

"တုံးဝူအသင်းက ဟုတ်လား တုန်စင်ယိ"

တုန်စင်ယိက ပြန်မေးလိုက်သည်။

တုန်စင်ယိ ခေါင်းညိတ်ပြ၏။

ရှောင်မော် ခေါင်းတဆတ်ဆတ်ညိတ်ယင်း........

“ဒါဆိုယင်....ရှက်မိုးဝေနဲ့ စန့်ကွမ်ဝေါင်းတို့လက်ချက်ပေါ့၊ အခုအတိုင်းဆိုယင် ငါတို့သတိထားရတော့မယ်၊ သူတို့ကငါတို့ကို ဂရုတစိုက် စောင့်ကြည့်ပြီး ဖယ်ရှားသုတ်သင်ဖို့ ကြိုးစားနေကြပြီ”

“သူတို့လက်ထဲကို ယမ်းထုပ်တွေများရောက်သွားပြီလား”

ချင့်ဝူက စိုးရိမ်တကြီးဝင်မေးသည်။

ရှောင်မော်ခေါင်းခါလိုက်ပြီး....

“မရောက်နိုင်သေးဘူး၊ တောဘုရင် ကျင့်ပဟ်ာ သိပ်လောဘကြီးတဲ့ငနဲ၊ ဒီအခွင့်အရေးကို ငွေများများရဖို့အတွက် အချိန်ဆွဲပြီး အသုံးချမယ့်ကောင်”

“ဒါဆို ကျွန်တော်တို့ အချိန်မီပါသေးတယ်နော်....အစ်ကိုကြီး”

ချင့်ဝူစိတ်မအေးနိုင်သေးပုံရသည်။

သေချာစေရန် ထပ်ဆင့်မေးသည်။

“တို့ ဝူအသင်းက လှုပ်ရှားလာကြပြီဆိုတော့၊ တို့ဘက်ကလဲ လှုပ်ရှားမှုစရတော့မှာပဲ၊ နည်းနည်းတော့ ခက်ခဲလိမ့်မယ် ထင်သလောက် မလွယ်နိုင်ဘူး”

ရှောင်မော်က အခြေအနေကိုရှင်းပြ၏။

ရှောင်မော်၏ စကားကြောင့် တုန်စင်ယိ တုန်လှုပ်သွားပြီး...

အမှတ်(၁၃၀) ဖြ သမီး
စွန် (၃၈)ဘော နှ



“ဒီ....လျို့ဝှက်ကိစ္စတွေကို ကျွန်....ကျွန်တော့ရှေ့မှာ ပြောနေကြတာ ဘာလဲ....ကျွန်....ကျွန်တော့ကို သတ်ပစ်ကြတော့မလို့လား”

ကြောက်ကြောက်လန့်လန့် မေးသည်။

ရှောင်မော် တုန်စင်ယိကို ကြည့်ပြီး....

“ဘာလို့ ဒီစကားမေးရတာလဲ”

“ကျွန်တော် စောစောက အစ်ကိုကြီးကို ချောင်းသတ်ခဲ့တာပဲမဟုတ်လား”

တုန်စင်ယိ တုန်တုန်ယင်ယင်ဖြေသည်။

“ခုနက....ခုန အခြေအနေပဲ၊ ခုက....ခု အခြေအနေပေါ့၊ အခြေအနေဆိုတာ အမြဲပြောင်းလဲ နေတတ်တာမျိုး၊ ခုနက တမျိုး၊ ခုတမျိုးပေါ့...ခုနက လောင်ဝမ်းနဲ့ မင်းနဲ့ ရန်သူတွေ ဖြစ်ခဲ့ကြပေမယ့် ခုအခြေအနေမှာ မင်းနဲ့လောင်ဝမ်း မိတ်ဆွေ ဖြစ်သွားကြမှတော့....မင်းအပေါ်မှာ မသင်္ကာစရာ ဘာရှိရအုံးမှာလဲ....မင်းကိုတို့ ဘာသံသယမှ မရှိဘူး ယုံကြည်တယ်”

ရှောင်မော့်စကားကြောင့် တုန်စင်ယိ စိတ်သက်သာရာရသွားပုံရသည်။

သက်ပြင်းတချက်ချကာ ပြုံးလိုက်မိ၏။

* * *

(၃)

နေ့အလင်းရောင် ပျောက်သွားပြီ။
ညအမှောင်က ကြီးစိုးမင်းမူလာ၏။
တောကြောင်များ အိပ်စက်သူတို့ အိပ်စက်နေကြပြီ။
သို့သော်....
ခါးတွင်မူ ဓားများက အရန်သင့် အနေအထား ရှိနေ၏။
ရှောင်မော်၏ စခန်းတည်ရာ အရပ်ကား တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေလေသည်။

* * *

မကောင်းမှုပြုသူတို့သည်၊ ညအမှောင်နှင့် တိတ်ဆိတ်မှုကို အဖော်ပြုတတ်ကြသည်သာ။
ညအမှောင်သည် သူတို့၏အဖော်....
တိတ်ဆိတ်မှုသည် သူတို့၏ မိတ်ဆွေ....
ဟု ထင်မှတ်ထားကြလေရော့သလားမသိ။
ယခုလည်းကြည့်...
တိတ်ဆိတ် ငြိမ်သက်၍ မည်းမှောင်နေသော အချိန်မျိုးတွင် ရှောင်မော်၏ စခန်းဝန်းကျင်၌ လှုပ်ရှားမှုများကို တွေ့နေရသည်။

* * *



အနက်ရောင်ဝတ်စုံများ တကိုယ်လုံး ဝတ်ဆင်ထားပြီး.... မျက်နှာဖုံးစွပ်ထားကြသည့်လူများ။
ရှောင်မော်၏စခန်းတွင်းသို့တိတ်တဆိတ်ဝင်ရောက်လာကြပြီ။

* * *

အနက်ရောင် လူလေးယောက်....
ရှောင်မော်၏ စခန်းသို့ဦးတည်ချဉ်းကပ်ရွေ့လျားနေကြ၏။
ရှောင်မော်၏ အခန်းရှေ့ရောက်သည်နှင့် ရပ်လိုက်ကြပြီး....
အခန်းတံခါးကို ဆတ်ကနဲဖွင့်လိုက်သည်။
သို့သော်...
အခန်းထဲတွင် သက်ရှိဆို၍ အိမ်မြောင်တကောင်ပင်မရှိ။
အနက်ရောင်လူ မျက်နှာပျက်သွားသည်။
ထို့နောက်...
ရှေ့ဆက်ကာ အခြားအခန်းများသို့ ချဉ်းကပ်ကာ...
အခန်းတံခါးများကို ဖွင့်ကြပြန်သည်။
အခန်းတိုင်းတွင် လူမရှိကြ။
လူမည်းများ မျက်နှာပျက်သွားကြပြီ။
အခြေအနေမှန်ကို ရိပ်စားမိပုံ ရသဖြင့် နောက်ဆုတ်မည်ပြုရာ....
"အွတ်...."
အနက်ရောင်လူတယောက်၏ မချိမဆံ့ ခံစားလိုက်ရသော အသံနှင့်အတူ ရင်ဘတ်တွင် ဓားတချောင်း စိုက်ဝင်သွား၏။

ထို့နောက်..

ခါးများ နေရာအသီးသီးမှ လွင့်လာကြကာ၊ အနက်ရောင်လူများ၏ အသက်ကို ချွေယူသွားကြ၏။

ဒဏ်ရာရသော အနက်ရောင်လူများ၏ အော်သံသည် စခန်းဝန်းကျင်ပြင်ပတွင် ကျန်နေခဲ့သော လူများကို လှန့်လိုက်သည်နှယ်....

အနက်ရောင်လူများ ရာနှင့်ချီ၍ နေရာအသီးသီးမှထွက်ပေါ်လာကြသည်။

ရှောင်မော်....

ချင့်ဝူ ...

ကမ်းရှန်....

နီနီ နှင့်....

တောကြောင်အဖွဲ့သားများလည်း ပုန်းကွယ်နေသည့် နေရာများမှ ထွက်လာကြသည်။

တိတ်ဆိတ်ငြိမ်သက်နေသော နေရာသည် တခဏခြင်းအခြေအနေပြောင်းလဲသွားလေ၏။

ဓား....ဓားချင်း ထိခိုက်သံများ။

လူ....လူချင်း တိုက်ခိုက်သံများ။

အော်ဟစ်သံများ။

ညည်းညူသံများ။

စသည်ဖြင့် ကမ္ဘာပျက်သည့်အလား ဆူညံသွားတော့သည်။

* * *



(၄)

အခြေအနေ အရပ်ရပ်ကို ရှောင်မော် အကဲခတ်လိုက်သည်။

အင်အားခြင်းက မမျှပေ။

တိုက်ခိုက်နေရသည့် အနက်ရောင်လူများက မိမိတို့ထက်အင်အားသာနေသည်။

ပြင်ပတွင်လည်း ဝိုင်းရံပိတ်ဆို့ထားသည့် အနက်ရောင်လူများက နေရာအနှံ့ရှိနေကြ၏။

"တောကြောင်မှာ ဗိုလ်ဖြစ်ပေမယ့်၊ ဒီနေရာမှာတော့ မင်းဗိုလ်မဖြစ်နိုင်တော့ဘူး"

နောက်ကျောဘက်ဆီမှ ရုတ်တရက် ထွက်ပေါ်လာသော အသံကြောင့် ရှောင်မော်က လှည့်ကြည့်လိုက်သည်။

လူနှစ်ယောက်ကိုတွေ့ရသည်။

အဖြူရောင်အင်္ကျီရှည် ဝတ်ဆင်ထားသော လူတယောက်နှင့် နှင့်အနီရောင်ဝတ်ဆင်ထားသော လူတယောက်။

ရှောင်မော်ကို စိုက်ကြည့်နေကြသည်။

ရှောင်မော်ပခုံးနှစ်ဘက်ကို တွန့်လိုက်ပြီး....

"လူအင်အားချင်း နှိုင်းယှဉ်ပြီး ပြောမယ်ဆိုယင်တော့ ခင်ဗျားရဲ့စကား မှန်ကောင်းမှန်လိမ့်မယ်၊ ဒါပေမယ့် ကျုပ်တို့ရဲ့စိတ်ဓာတ်အင်အားနဲ့ ခင်ဗျားတို့နှိုင်းမယ်ဆိုယင်တော့ခင်ဗျားရဲ့ထင်မြင်ချက်မှားသွားနိုင်တယ်"

အဖြူရောင်လူက ရှောင်မော်စကားကိုသဘောကျသွားပုံရ၏။

အော်၍ပင်ရယ်လိုက်ပြန်သည်။

ရယ်သံကို တုန်စင်ယိနားစွင့်မိသည်။

ရယ်သံကြားရာအရပ်သို့ လှည့်ကြည့်မိသည်၊

အဖြူရောင်လူ၏ဘေးမှ အနီရောင်လူကိုတွေ့သွားပြီး၊ တုန်စင်ယိမျက်နှာထား တင်းမာခက်ထန်သွား၏။

လက်ရှိတိုက်နေသော အနက်ရောင်လူဆီမှ အာရုံကိုပြောင်းလိုက်ပြီး ရယ်မောနေသည့် အနီရောင်လူဆီသို့ ဦးတည် လှုပ်ရှားလိုက်သည်။

သို့သော်....

အနီရောင်လူ၏လှုပ်ရှားမှုက သွက်လက် လျင်မြန်လွန်းလှပေသည်။

အနီရောင်လူ၏ ညာဘက်လက်တဖက်လှစ်ကနဲ ဝေ့သွား၏။

တုန်စင်ယိ၏ ရင်ညွန့်တွင် အောင့်ကနဲခံစားလိုက်ရသည်။

ထို့နောက်....

တကိုယ်လုံးပူလောင်ပြင်းထန်သော ဝေဒနာတရပ်ကို ခံစားလိုက်ရပြီး မြေပေါ်သို့လဲကျသွားလေ၏။

သို့သော်...

မျက်နှာထား တင်းမာနေဆဲ။

ပြူးကျယ်သောမျက်လုံးအစုံက အဖြူရောင်လူဆီသို့ စူးစိုက်ကြည့်လျက်ရှိ၏။

သေသည်အထိ အနီရောင်လူကို ကျေနပ်သွားပုံ မရသောအကြည့်ဖြစ်လေသည်။

*   *   *



(၅)

အနီရောင်လူသည် ရှောင်မော်အနီးသို့ တလှမ်းချင်းလျှောက်လာသည်။

"ငါဘယ်သူလဲဆိုတာ မင်းသိတယ်မဟုတ်လား"

ရှောင်မော်က နှုတ်ခမ်းတွန့်လိုက်ပြီး....

"ရှင်မိုးဝေမဟုတ်လား"

အနီရောင်လူက ခေါင်းတဆတ်ဆတ်ညိတ်လျက်......

"မင်းသိသားပဲ... မင်းမဆိုးဘူး၊ တိုက်ရည်ခိုက်ရည်လဲရှိတယ်၊ ခုနက တုန်စင်ယိဆိုတဲ့ကောင် သူတာဝန်မကျေတဲ့အပြင် ငါ့ကိုပါ ပြန်အာခံချင်တဲ့အတွက် ငါ့အဆိပ်လက်နက်နဲ့အပြစ်ဒဏ်ပေးလိုက်ရတယ်"

ခြိမ်းခြောက်သည့်လေသံဟု ရှောင်မော်က နားလည်လိုက်သည်။

သို့သော်....

ရှောင်မော်က ဂရုမစိုက်သည့်နှယ်။

တည်ငြိမ်သောမျက်နှာထားဖြင့်....

"တုန်စင်ယိဟာ တရုတ်အမျိုးသားတယောက်ပါ ရှက်မိုးဝေ၊ အဲဒီလိုပဲ ခင်ဗျားလဲ တရုတ်တမျိုးသား၊ ကျုပ်လဲ တရုတ်အမျိုးသား၊ ကိုယ့်အမျိုးသားအချင်းချင်းကိုယ်သတ်တာ ဂုဏ်ယူစရာလို့ ခင်ဗျားယူဆသလား"

"နားထောင်လို့တော့ကောင်းသားပဲ"

"ခင်ဗျားဟာ အလကားကောင် ကိုယ့်တိုင်းပြည်ရောင်းစားချင်တဲ့ နောက်လိုက်ခွေး၊ အမေကျော် ဒွေးတော်လှမ်းချင်တဲ့ သစ္စာဖောက်"

စူးရှထက်မြက်သောအကြည့်နှင့်အတူ ခက်ထန်စွာပြောလိုက်သည်။

သို့သော်.......

ရှက်မိုးဝေသည် ရှောင်မော်၏စကားကို ဂရုမစိုက်သည့်မျက်နှာထားဖြင့်....

ခေါင်းတဆတ်ဆတ်ညိတ်ကာပြုံးယင်း....

"မင်း... စိတ်ထဲရှိတာ ကြိုက်ရာပြောနိုင်တယ်၊ ယုတ်စွအဆုံး ငါ့ကိုဆဲချင်သလိုဆဲလိုက်အုံး၊ ငါဂရုမစိုက်ဘူး၊ မင်းဟာလောကမှာ ရေရှည်နေခွင့်မရှိတော့တဲ့ကောင်၊ မကြာခင်သေရတော့မယ့်လူအတွက် မင်းပြောသလိုမျိုး ပြောနိုင်တဲ့ အခွင့်အရေးကို ငါပေးလိုက်တယ်"

ချင့်ဝူသည် ရှောင်မော်အနီးသို့ ပြေးလာသည်။

ရှက်မိုးဝေကဲ ချင့်ဝူကိုကြည့်ပြီး....

"မင်း ......ချင့်ဝူမဟုတ်လား"

"ဟုယ်တယ်"

"မင်း... အရည်အချင်းရှိတဲ့ကောင်ပဲ၊ ငါ့အဖွဲ့ထဲဝင်ပါလား၊ မင်းဘဝရွှေရေးသာယာမယ်၊ ဘယ်လိုလဲ"

ရှက်မိုးဝေက ချင့်ဝူကိုသိမ်းသွင်းစည်းရုံးလိုက်သည်။

ချင့်ဝူ၏မျက်နှာ မည်းမှောင်သွားကာ....

"ခင်ဗျားအဖွဲ့ထဲတော့ မဝင်ဘူး၊ ဒါပေမယ့်....ခင်ဗျားရဲ့



အရေခွံ ကိုတော့ ခွာချင်တယ်"

ရှက်မိုးဝေက ဟားတိုက်ရယ်မောလိုက်သည်။

ချင့်ဝူက ဓားကိုမြဲမြဲဆုပ်ကိုင်ယင်း ဒေါသချောင်းချောင်းထွက်လာသည်။

ရှောင်မော်သည် တိုက်ပွဲအခြေအနေကို အကဲခတ်လိုက်၏။ မိမိအဖွဲ့မှ အကျအဆုံးများနေသည်ကို တွေ့လိုက်ရသည်။ တုံ့ဝူအဖွဲ့သားများက အင်အားဖြင့် ဖိထားသည်ဖြစ်ရာ....

"အားလုံးရပ်လိုက်ကြ၊ ငါ့အမိန့်ကိုနားထောင်ကြ"

ရှောင်မော်က အော်ပြောလိုက်သည်။

တိုက်ခိုက်သံများ ရုတ်ခြည်းတိတ်ဆိတ်သွား၏။

"ငါအမိန့်မရပဲ ဘာမှဆက်မလှုပ်ရှားကြနဲ့"

ရှောင်မော်က ထပ်ဆင့်အမိန့်ပေးလိုက်ပြန်သည်။

ဤသို့သောအခြေအနေအချိန်အခါမျိုးတွင် မိုက်ရူးရဲဆန်စွာဆက်၍ တိုက်ခိုက်နေဦးမည်ဆိုပါက အားလုံး ကျဆုံးရမည်ကို ရှောင်မော်နားလည်သဖြင့် ရပ်တန့်ခိုင်းခြင်းဖြစ်သည်။

ရှက်မိုးဝေသည် အောင်မြင်မှု ရသည့်အတွတ် ဂုဏ်ယူ ဝင့်ကြွားစွာ ရယ်မောလိုက်သည်။

ရှောင်မော်က လှမ်းပြောလိုက်သည်။

"ဒီနေရာမှာ ကျုပ်တယောက်တည်းနေခဲ့မယ်၊ ကျုပ်လူတွေကိုထွက်ပေါက်ပေးလိုက်ပါ၊ ထွက်ခွာခွင့်ပေးလိုက်ပါရှက်မိုးဝေ"

"ကျွန်တော်တို့မသွားဘူး၊ အတူတူအသေခံမယ်"

"ဟုတ်တယ်၊ တိုက်ယင်းသေမယ်၊ ဒီကောင်လက်မှာ အညံ့မခံနိုင်ဘူး"

ရှောင်မော်၏ စကားအဆုံးတွင် ချင့်ဝူနှင့် ကမ်းရှန်က ပြတ်သားစွာဝင်ပြောလိုက်သည်။

"ကျွန်တော်လဲ အရှုံးမပေးနိုင်ဘူး၊ သွေးမြေ ကျတဲ့အထိ ဆက်တိုက်သွားမယ်"

လောင်ဝမ်းကလည်း သူ့ဆန္ဒကိုပြောသည်။

သူတို့လူစုအားလုံး ကျောက်ချ ထားသည့်နှယ် နေရာ၌ မလှုပ်မယှက် ရပ်မြဲရပ်နေကြသည်။

တဖဝါးမျှ ရွေ့လျားခြင်းမရှိ...

ထွက်ခွာသွားလိုဟန် တယောက်မှမပြ။

သေအတူရှင်မကွာ ဆက်လက် တိုက်ခိုက် ကြမည့်ပုံစံများဖြစ်၏။

ထိုအချိန်တွင်....

* * *

"အွတ်....အား"

ရှောင်မော်တို့ကို ဝိုင်းရံထားသည် လူမည်းရှစ်ယောက်။

ယိမ်းတိုက်ထားသည့်နှယ်။

မချိမဆံ့ ခံစားလိုက်ရသော အသံများပြိုင်တူ ထွက်လာကြပြီး လဲကျသွား၏။

လူမည်းရှစ်ယောက်၏ ကျောတွင် ဓားမြှောင် ရှစ်လက်၏ အရိုးများကိုသာ တွေ့လိုက်ရသည်။



ရှုက်မိုးဝေ မျက်နှာပျက်သွားသည်။

"ဝှီး....ဒုတ်"

အမှောင်ရိပ်ထဲမှ လက်နက်ပုန်းများ ပျံလွင့်လာသည်။

ဝိုင်းရံထားသော လူမည်းများ တယောက်ပြီး တလောက်လဲကျကုန်သည်။

လူမည်းများ တုန်လှုပ်သွားကြသည်။

မျက်စိပျက်မျက်နှာပျက် ဖြစ်ကုန်ကြသည်။

အမှောင်ရိပ်မှ လာသောလက်နက်ရှင်များကို လှည့်ပတ်ရှာကြသည်။

အရိပ်အရောင်ပင် မတွေ့။

သူတို့တွေ့နေရသည်က....

အဖြူရောင်အလင်းတန်းများ သူတို့ဆီသို့ ဦးတည်လာနေကြခြင်း။

စက္ကန့်ပိုင်းအတွင်းမှာပင် အခြေအနေပြောင်းလဲသွား၏။

အနက်ရောင်ဝတ်ဆင်ထားသူများ တယောက်ပြီးတယောက်ကျဆုံးသွား၏။

ရှုက်မိုးဝေက အခြေအနေကို ရိပ်စားမိပုံရသည်။

"အားလုံးဆုတ်ကြ"

အသံနက်ကြီးဖြင့်အော်လိုက်ပြီး ချက်ချင်းဆုတ်ခွာကြသည်။

ရှုက်မိုးဝေ ပျောက်ကွယ်သွားပြီ။

ရှောင်မော်နှင့် အဖွဲ့သားများ ငေးငိုင်နေကြသည်။

* * *

(၆)

ရှောင်မော် စဉ်းစား၍မရအောင် ဖြစ်နေသည်။

လက်နက်ပုန်းများ။

ဓားများ။

အဘယ်အရပ်မှလာကြသနည်း။

မိမိတို့အဖွဲ့အား အမှောင်ရိပ်အတွင်းမှလာရောက် ကယ်တင်ကြသူများသည် မည်သူတွေနည်း။

ရှောင်မော် စဉ်းစားရကြပ်သွား၏။

ရှောင်မော်နည်းတူရှက်မိုးဝေလည်း အတွေးရခက်သွားမည်ဟု ရှောင်မော်ခန့်မှန်းမိ၏။

စင်စစ်........

ရှက်မိုးဝေသည် ရှောင်မော်နှင့် အဖွဲ့အား ဖမ်းဆီးရန် ကြိုတင်စီစဉ်မှုဖြင့် လာရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

သို့သော်....

မျှော်လင့်မထားသော လက်နက်ပုန်းများ၊ အဆိပ်ဓားများဖြင့် တန်ပြန်ပစ်ခတ်ခြင်း ခံလိုက်ရသည်ဖြစ်ရာ....

အသက်ကိုလု၍ ဆုတ်ခွာပေးခဲ့ရသည်။

ရှက်မိုးဝေတို့ ဆုတ်ခွာထွက်ပြေး သွားကြသည့်တိုင်၊ ကယ်တင်ရှင်များကား ထွက်ပေါ်မလာကြသေး။

အရိပ်အရောင်လည်း မတွေ့ရတော့ချေ။

ရှောင်မော်နားမလည်တော့ပေ။



မိမိအဖွဲ့ကို လာရောက်ကယ်တင်သူများသည် မည်သည့်အဖွဲ့က ဖြစ်သနည်း။

အဘယ်ကြောင့် မှောင်ထဲမှလာရောက်ကယ်တင်ပြီး၊ မှောင်ထဲတွင် ပျောက်ကွယ်သွားကြသနည်း။

ကွေးယင်းတွေးယင်း ရှုပ်ထွေးလာ၏။

* * *

(၇)

ပြန်လည်တိတ်ဆိတ်သွားပြန်သည်။

တိတ်ဆိတ် ငြိမ်သက်ရာမှ....

ဆူညံလှုပ်ရှားခဲ့ရသည်။

ယခု....

ပြန်လည်တိတ်ဆိတ်သွားပြန်ပြီ။

သို့သော်....

ဝန်းကျင်အခြေအနေကား ပြောင်းလဲသွား၏။

ရှောင်မော်၏ စခန်းတွင်မူလက အမင်္ဂလာ ရုပ်ဝတ္ထုများမရှိသော်လည်း ယခုအချိန်တွင် အမင်္ဂလာ ရုပ်တုများက နေရာအနှံ့။

အနက်ရောင် ဝတ်စုံနှင့် အလောင်း များကား မြင်၍ပင်မကောင်း။

တုံးဝူအသင်းမှ ရှက်မိုးဝေအဖွဲ့သားများအကျအဆုံး များခဲ့သည်ကို မြင်ကွင်းက သက်သေပြုနေသည်။

"နတ်သိကြားတွေကများ ကျွန်တော်တို့ကို လာကယ်သလားမသိဘူးနော်"

ကယ်တင်သည့်သူများကို မတွေ့ရသဖြင့် ချင့်ဝူက ပြောလိုက်ခြင်းဖြစ်သည်။

ချင့်ဝူ၏ စကားကြောင့် ကမ်းရှန်က ပြုံးပြီး....

"နတ်သိကြားတွေက လက်နက်ပုန်းပစ်တတ်သလား"

အရွှမ်း ဖောက်လိုက်သဖြင့် သဘောကျစွာ ရယ်မောကြသည်။

* * *

## အခန်း တစ်ဆယ့်လေး

## အခေါင်းတွင်းမှ ကလနက်

(၁)

လောင်ဝမ်း။

လောင်ဝမ်းသည် တုန်စင်ယီ၏ အလောင်းနံဘေးထွင် မတုန်မလှုပ် ထိုင်နေလျက်။

မျက်နှာ ရွှင်ပျမှုမရှိ။

သူငယ်ချင်းအတွက် ခံစားနေရသည်။

"ချင့်ဦ"

ကြေကွဲသံနှင့် ချင့်ဝူဘက် လှည့်ခေါ် လိုက်သည်။

"ဘာပြောချင်သလဲ လောင်ဝမ်း"

"ကျဆုံးသွားတဲ့ ငါ့ညီအစ်ကိုရဲ့ အလောင်းကို ခမ်းခမ်းနား

နားမြေမြုပ်ချင်တယ်”

“အဲဒီတော့.......”

“ခေါင်းတလုံးကို ရှာပေးပါ”

ချင့်ဝူ၏မျက်လုံးအစုံ ပင့်တက်သွားကာ...

“ဒီလိုတောမြို့မှာ ခေါင်းဘယ်ကရနိုင်မှာလဲကွ”

စိတ်ဓာတ်ကျသောလေသံဖြင့် ပြောသည်။

“ဒါတွေငါမသိဘူး၊ ငါသိတာ ငါ့အစ်ကိုတော် အတွက် မြေမြုပ်ဖို့ ခေါင်းတလုံးလိုချင်တယ်၊ မင်းမရရအောင် ရှာပေးပါ”

တဇွတ်ထိုးပြောလာသော လောင်ဝမ်း၏စကားကြောင့် ချင့်ဝူသက်ပြင်းချပြီး....

“ကောင်းပြီလေ၊ ငါကြိုးစားရှာပေးပါ့မယ်၊ ဒါပေမယ့်... ဒီနေရာက ငါမကျွမ်းကျင်တဲ့နေရာဆိုတော့ ခက်ခက်ခဲခဲ ရှာရမယ်”

“မင်းဘာသာမင်း ဘယ်လိုပဲရှာရှာ ဒါတွေငါမသိဘူး၊ ငါ့ကိုခေါင်းတလုံးသာရှာပေးပါ”

ချင့်ဝူသည် လောင်ဝမ်းကို နားမလည်နိုင်စွာ ကြည့်ပြီး၊ အခေါင်းရှာရန်ထွက်ခွာလာခဲ့တော့သည်။

မည်သည့်အတွက်ကြောင့်၊ လောင်ဝမ်းသည် အခေါင်းကို မရမနေရှာခိုင်းလေသနည်း။

အလောင်းကိုမြေးတူးမြှုပ်လျှင်ကော မရနိုင်တော့ဘူးလား။

လောင်ဝမ်း၏စိတ်သဘောထားကို ချင့်ဝူက မစဉ်းစားတတ်။

သို့သော်...

တခုတော့ရှိသည်။



လောင်ဝမ်းသည် သပ်သပ်ရပ်ရပ်နေထိုင်တတ်သော အကျင့်တော့ရှိသည်။

ထို့ကြောင့်လည်း....

သူ၏အစ်ကိုတော် တုန်စင်ယိကိုလည်း သပ်သပ် ရပ်ရပ် သင်္ဂြိုဟ်ချင်လို့ပဲလား....သို့တည်းမဟုတ်....။

* * *

(၂)

ချင်ဝူနှင့် ယူတွန် ခေါင်းရှာပုံတော်ဖွင့်ရပြီ။

တလမ်းဝင်တလမ်းထွက်။

နေရာအနှံ့။

သစ်သားဆိုင်များပင်မကျန်။

သို့သော်....

“ဘယ်လိုလုပ်ကြမလဲ ချင့်ဝူ”

ယူတွန်က စိတ်မရှည်စွာမေးသည်။

“မတတ်နိုင်ဘူး၊ ရအောင်တော့ ရှာရမှာပဲ၊ မရတဲ့အဆုံးသစ်တောထဲသွားပြီး၊ ကိုယ်တိုင်ခေါင်းလုပ်ပေးရတော့မှာပဲ”

ချင့်ဝူ၏စကားမဆုံးသေး....

ယူတွန်၏မျက်လုံးများ ဝင်းလက်သွား၏။

“ဟော....ချင့်ဝူ....ဟို....ဟိုမှာကြည့်စမ်း”

ဝမ်းသာအားရပြောကာ ရှေ့တူရှုသို့ လက်ညှိုးထိုးပြသည်။

ချင့်ဝူကြည့်လိုက်သည်။

လှမ်းချိုးကွေ့ တခုအတွင်းဆီမှ ထွက်လာကြသော လူနှစ်ယောက်။

ခေါင်းတလုံးကို ထမ်းလာကြသည်။

နှစ်ယောက်စလုံး သပ်ရပ်စွာဝတ်စားဆင်ယင်ထားကြ၏။

ထို့အတူ....

သူတို့ ထမ်းလာကြသော ခေါင်းကလည်း အကောင်းစား ခေါင်းတလုံး။

"ရပ်လိုက်....ရပ်လိုက်"

ချင့်ဝူပြေးသွားကာပြောလိုက်သည်။

လူနှစ်ယောက် ချင့်ဝူကိုငေးကြောင်ကြောင်ကြည့်ကာရပ်တန့်သွားကြ၏။

"အဲဒီခေါင်း ငါလိုချင်တယ်"

ချင့်ဝူ၏စကားကြောင့် ခေါင်းထမ်းလာသူ နှစ်ယောက်မှာ အံ့သြထိတ်လန့်သွားကြပုံရသည်။

မျက်လုံးများပြူးကျယ်သွားပြီး....

"ဗျာ....ဒါ....လူသေမှသုံးရတာ၊ ခင်ဗျားက..."

"ငါ့ဘာသာ ဝင်အိပ်လဲရတာပဲ၊ မီးရှို့ ထင်းဆိုက်ပစ်လို့လဲရတာပဲမဟုတ်လား"

"ဒီအခေါင်းက သူများပစ္စည်း"

"ငါပြန်ဝယ်မယ်ကွာ"

ချင့်ဝူသည် ရလာသောအခွင့်အရေးကို လက်လွှတ်မခံနိုင်ပေ။

ထိုအခေါင်းကို မဖြစ် ဖြစ်သည့်နည်းနှင့် ရအောင်ယူရတော့မည်ဟုဆုံးဖြတ်လိုက်၏။



"ဒါဆိုလဲ ကျွန်တော်တို့ ပိုင်ရှင်ကိုသွားမေးကြည့်အုံးမယ်"

"ငါ အချိန်မဆိုင်းနိုင်ဘူးကွာ ခုလိုချင်တာ"

ချင့်ဝူက စကားဆုံးသည်နှင့် အခေါင်းထမ်းလာသောလူနှစ်ယောက်တယောက်မျက်နှာတယောက်ကြည့်လိုက်ကြပြီး၊ မျက်စပစ်လိုက်ကြသည်။

ထို့နောက်...

ခေါင်းကိုမြေသို့ချလိုက်ပြီး...

"ခင်ဗျားတကယ်လိုချင်နေသလား"

တိကျစေရန် ထပ်မံမေးလိုက်သည်။

"လိုချင်နေတယ်"

ချင့်ဝူကခေါင်းညိတ်လျက်ပြောလိုက်သည်။

"ဒါဆိုလဲယူလိုက်တော့ဗျာ"

ဟုပြောပြီးသည်နှင့်ခေါင်းထမ်းလူနှစ်ယောက်သည်အခေါင်းကိုထားခဲ့ကာ လာလမ်းအတိုင်း ပြေးလွှားသွားကြလေသည်။

"ဟေ့ ဟေ့ လူတွေ... ပိုက်ဆံ ပိုက်ဆံ ယူသွားအုံးလေဗျာ"

ချင့်ဝူကလှမ်းအော်ပြောသော်လည်း နောက်သို့ပင် လှည့်၍မကြည့်တော့။

သို့သော်....ပြေးနေရာမှ...

"မလိုဘူး၊ ခင်ဗျားတို့ကို အလကားပေးလိုက်တာ"

ဟုအော်ပြောလိုက်သည်။

ချင့်ဝူနှင့် ယူတွန်တို့အံ့သြစွာငေးကျန်ခဲ့သည်။

* * *

(၃)

အခေါင်း........

အခေါင်း ကိုလိုက်ရှာခဲ့သည်မှာ နေ့ဝက်ကျော်ပြီ။

မည်သည့်နေရာမှ ရှာမတွေ့ခဲ့။

ရောင်းသည့်ဆိုင်ပင်မရှိ။

ယခုရမည့်ရတော့လည်းကြည့်ဦး၊ လွယ်လွယ်ကူကူနှင့် ရရှိလိုက်သည်။

ပိုက်ဆံလည်း မပေးလိုက်ရ။

အလကား ပေးသွားသည်။

သူတို့အတွက် တကူးတကန့် လာပေးသွားသည့်နှယ်။

အခေါင်းထမ်းလာသော လူနှစ်ယောက်သည် မည်သူတွေနည်း။

နတ်သိကြားများလော။

သို့တည်းမဟုတ်။

အခေါင်းခိုးလာကြသော သူခိုးများလော။

မည်သို့ဖြစ်စေ။

လောင်ဝမ်းအလိုရှိသော ခေါင်းကို ရရှိခဲ့လေပြီ မဟုတ်ပါလား။

* * *



ချင့်ဝူနှင့် ယူတွန်။

အခေါင်းကိုထမ်းရန်အတွက် မလိုက်ကြသည်။

မျက်လုံးပြူးသွားကြ၏။

မရှုပင်မရ။

လေးလွန်းလှသည်။

"ဒီလောက်လေးရအောင် အထဲမှာဘာများရှိနေလို့လဲ"

ချင့်ဝူက ကိုယ်ကိုပြန်မတ်ယင်း ပြောသည်။

"အခေါင်းထဲမှာ အခုလောင်းပဲရှိမှာပေါ့"

ယူတွန်က ပြောလိုက်သည်။

ချင့်ဝူက ခေါင်းခါယမ်းလိုက်ပြီး အခေါင်းကို ပြန်မကြည့်ပြန်သည်။

အားစိုက်၍ မယူရသည်။

"အထဲမှာ အခေါင်းတော့ မဖြစ်နိုင်ဘူး ယူတွန်၊ ပစ္စည်းတမျိုးမျိုးဖြစ်နိုင်မယ်"

ချင့်ဝူ ထင်မြင်ချက်ပေးသည်။

ဒါဆိုလဲ ဖွင့်ကြည့်ကွာ"

"ကောင်းတယ်"

ချင့်ဝူနှင့် ယူတွန် အခေါင်းကို တဘက်တချက် ဖွင့်ချလိုက်သည်။

အခေါင်းအဖုံး ပွင့်သွား၏။

အခေါင်းတွင်းသို့ ငုံ့ကြည့်လိုက်ကြသည်။

မျက်လုံးများ ပြူးကျယ်သွားကာ ပါးစပ်အဟောင်းသား ဖြစ်သွားကြလေ၏။

"ဟာ....ယမ်းထုပ်လက်နက်တွေ"

ချင့်ဝူက တအံ့တသြပြောလိုက်၏။

"ယမ်းထုပ်တွေပဲ၊ ကဲ....မစမ်းယူတွန်၊ တို့စခန်းကိုသယ်သွားကြမယ်"

တက်ကြွစွာပြောယင်း ခေါင်းကို ထမ်းလိုက်ကြ၏။

စိတ်ဓာတ်ကြောင့်လားမသိ၊ အခေါင်းသည် ပေါ့ပါးသွားသည့်နှယ်၊ လေးလံမှုမရှိတော့ချေ။

* * *

(၄)

ရှေ့တွင် ချထားသော အခေါင်းတွင်းသို့ ရှောင်မော် စိုက်ကြည့်နေသည်။

ကမ်းရှန်၊ နီနီနှင့်အဖွဲ့သားများလည်း ဝိုင်းအုံကြည့်နေကြသည်။

သည်လက်နက်များကို မည်သည့်အဖွဲ့က ပေးပို့လိုက်လေသနည်း။

သို့တည်းမဟုတ်...

ကျင့်ပယူဆောင်သွားသည့်ယမ်းထုပ်များပင်လော။

ရှောင်မော်က စဉ်းစားရကြပ်နေသည်။



လူအုပ်ထဲတွင် လောင်ဝမ်းကို ရှာဖွေသည်။

မတွေ့၊ လောင်ဝမ်းကိုမတွေ့ရ။

လူအုပ်ကိုလွန်ကာ အဝေးတနေရာဆီသို့ ကြည့်လိုက်သည်။

လောင်ဝမ်းကားတုန်စင်ယိ၏အလောင်းဘေးတွင်ထိုင်နေဆဲ။

ချင့်ဝူတို့ သယ်ဆောင်လာသည့် ယမ်းထုပ်များကိုပင် ဂရုမစိုက်နိုင်ပါ။

ရှောင်မော်သည် သက်ပြင်းတချက်ချမိသည်။

* * *

(၅)

ဖန်အဘိုးကြီး၏နေအိမ်သို့ ရှောင်မော် တပတ်ပြန်ကျော့လာသည်။

ကျင့်ပ၏ လှုပ်ရှားမှုတစုံတရာ ရှိလေမလားဟူသော အတွေးဖြင့် လာခဲ့ခြင်းဖြစ်သည်။

ရှောင်မော် အဘိုးကြီး၏အိမ်ရှေ့အရောက်တွင် လူတယောက် ပြေးထွက်လာသည်။

ဖန်အဘိုးကြီး၏ ကိုယ်ရံတော် ချင်တဝမ်း"

ချင်တဝမ်းသည် လှိုက်လှဲဝမ်းသာစွာ ပြေးထွက်လာပြီး......

"ခင်းကိုတွေ့ချင်နေတာ အတော်ပဲရှောင်မော်"

ချင်တဝမ်း၏စကားကို ရှောင်မော်အဓိပ္ပာယ်ရှာမရသဖြင့်....

"ကိစ္စရှိနေလို့လား"

ချင်တဝမ်းက ခေါင်းညိတ်လိုက်သည်။

"တောဘုရင်ကျောင်းပ ဒီအိမ်ကိုလာလို့လား"

ချင်တဝမ်းက ခေါင်းခါယမ်းလိုက်သည်။

"ဒါဖြင့်ယင် ဘာကိစ္စကြောင့် တွေ့ချင်ရတာလဲ"

ချင်တဝမ်းအိတ်ထဲမှ စာရွက်တလိပ်ကို ယူပြီး....

ဒီမြေပုံကြောင့်ပဲ"

ရှောင်မော် မျက်ခုံးတွန့်သွားကာ...

"မြေပုံ"

အံ့သြစွာ ရေရွတ်လိုက်မိ၏။

"ဟုတ်တယ်"

"ဘာမြေပုံမို့လဲ"

"ကျောင်းပရဲ့စခန်း တည်ရာကိုပြတဲ့မြေပုံ"

ချင်တဝမ်း၏စကားကြောင့် ရှောင်မော်၏မျက်လုံးအစုံ ဝင်းလက် သွားလေတော့သည်။

* * *

တောဘုရင်ကျောင်းပ၏ဘည်ရာ မြေပုံသည်း ရခဲ့ပြီး။

လက်ထဲ ဘွင်လည်း လက်နက်အင်းအားအပြည့် ရှိနေပြီ။

လုပ်စရာတခုသာ ရှိတော့သည်။

ကျောင်းပထံမှ လက်နက်များ စန့်ကွမ်ဝေါင်းထံ မရောက်ရှိစေရန် ကာကွယ်တားဆီးရေးပင်။

* * *



အခန်းထဲတွင် လူစုံတက်စုံရှိနေကြသည်။

ရှောင်မော်သည် ထိပ်ဆုံးတွင် နေရာယူထား၏။

ရှောင်မော်၏ဘေးတွင်....

ချင့်ဝူနှင့် ကမ်းရှန်။

လူစု၏နောက်ဆုံးနေရာတွင်မူ လောင်ဝမ်းနှင့်နီနီ။

တောကြောင်အဖွဲ့သည် တောဘုရင်အား ယှဉ်ပြိုင်ရန် စည်းဝေး နေကြခြင်းဖြစ်သည်။

အားလုံးသည် ရှောင်မော်ပြောလာမည့်စကားကို စိတ်ဝင်တစား နားစွင့်နေကြလျက်။

ရှောင်မော်သည်စကားစတင်ပြောရန်အတွက်ချောင်းတချက် ဟန့်လိုက်သည်။

လူအများ၏ မျက်လုံးအကြည့်သည် ရှောင်မော်ထံတွင်စုစည်း ကျရောက်လျက်ရှိသည်။

တခန်းလုံး တိတ်ဆိတ်ငြိမ်သက်လျက်....

တဒင်္ဂမျှအကြာတွင် ရှောင်မော်၏ သြဇာအာဏာ ပြည့်ဝသည့် အသံက တိတ်ဆိတ်ငြိမ်သက်ခြင်းကို ဖြိုခွင်းလိုက်သည်။

"အားလုံးနားထောင်ကြပါ၊ အခုသွားရမယ့်နေရာဟာ အင်မတန် ကြမ်းတမ်းပြီး အန္တရာယ်များတဲ့ လမ်းခရီးပဲ....ခရီးလမ်းက ကြမ်းပြီး အန္တရာယ်များသလို ကျောင်းပရဲ့ရန်ကလဲ မသေးဘူး၊ ငါတို့ထက်လူအင်အားသာတယ်၊ ဒါပေမယ့်... ကြောက်စရာမလိုဘူး၊ ဘယ်လိုပဲဖြစ်ဖြစ် ငါတို့ဟာ တခါမှမရောက်ဘူးတဲ့၊ ကိုယ်မကျွမ်းတဲ့ ရန်သူနယ်မြေကို စတင်သွားရမယ့်ခရီး ဖြစ်နေတဲ့အတွက် ဒီနေရာကို ပြန်ရောက်ချင်လဲ ရောက်မယ်....မရောက်ပဲ

သေချင်လဲသေမယ်"

ရှောင်မော်စကားပြောနေရာမှ ခေတ္တရပ်နားလိုက်ပြီး အားလုံးကို အကဲခတ်ကြည့်လိုက်သည်။

တုန်လှုပ်ကြောက်ရွံ့သည့် မျက်နှာထားမျိုးတယောက်မှမတွေ့ကြရ။

အားလုံးပင် တက်ကြွသော မျက်နှာထားကိုယ်စီဖြင့် ရှောင်မော်၏ အမိန့်ကို စောင့်ဆိုင်းနေကြသည့်နှယ်။

"ဒီတော့ မင်းတို့အားလုံးကို ဆုံးဖြတ်ပိုင်ခွင့် ပေးတယ်၊ အန္တရာယ်များတဲ့ခရီးလမ်းကို မလိုက်ချင်တဲ့လူရှိယင် ဒီအခန်းထဲကနေ အပြင်ထွက်သွားနိုင်တယ်၊ ဒီအတွက်လဲ ဘာမှမကန့်ကွက်ဘူး၊ ထွက်သွားခွင့်ပြုတယ်"

ရှောင်မော်၏အသံက မာကျောပြတ်သားလှ၏။

အားလုံး တိတ်ဆိတ်နေလျက်။

တယောက်မျက်နှာတယောက်ကြည့်နေကြသည်။

အားလုံး၏ မျက်နှာထား များသည် ဆုတ်ခွာ မည့် သူတယောက်မှ မရှိသည့်ပုံစံ။

ရန်ဟူသမျှကို မဆုတ်မနစ် ရင်ဆိုင်ကြမည့် အနေအထားကိုယ်စီ။

သို့သော်....

ထိုအချိန်တွင်...

တံခါးဖွင့်သံကို ကြားလိုက်ရသည်။

ထိုနောက်....

လူတယောက်သည် အခန်းတွင်းမှ ပြင်ပသို့ တဖြည်းဖြည်း



ထွက်ခွာသွား၏။

ရှောင်မော်နှင့်အတူ အန္တရာယ်ခရီးကြမ်းကို မလိုက်ချင်တော့သည့် သဘော။

ထိုသူကား....

ရှောင်မော်၏ အချစ်ဆုံးနီနီ။

* * *

(၆)

နီနီ အခန်းအပြင်ဘက် ရောက်ရှိသွားပြီ။

လူအများသည် နီနီထွက်ခွာသွားရာသို့ တအံ့တသြ ငေးကြည့်ကာ ကျန်ရစ်ခဲ့ကြ၏။

ရှောင်မော်အနေဖြင့် မည်သို့မှ တုန်လှုပ်မှုမရှိပေ။

နီနီမလိုက်ပါသည့်အတွက် ခံစားမှုတစုံတရာမရှိ။

သို့သော်...

ချင့်ဝူမနေသာပါ။

ရှောင်မော်အနီးသို့ တိုးကပ်သွားပြီး...

"နီနီနေခဲ့တာကောင်းပါတယ်၊ သူဒီမှာကျန်နေတာ ပြဿနာမဖြစ်နိုင်ဘူးပေါ့၊ ဒါပေမယ့်....လုံခြုံမှုရှိသလား မရှိဘူးလား ဆိုတာတော့ ပြောလို့မရဘူး"

ရှောင်မော်သည် မည်သည့်စကားမှ မတုံ့ပြန်။

နီနီကား အပြင်သို့ရောက်သွားပြီ။

သူမ၏မျက်နှာထားသည် သွေးထွက်သံယိုအရပ်မှ ထွက်ခွာသွားသည့်သူနှယ်။

သူမသည် မည်သည့်နေရာသို့ သွားမည်နည်း။

အိုရန်၏ ညွှဲဆောင်သို့ပင် ပြန်လေမည်လား။

"သူတယောက်တည်းဖြစ်ပါ့မလား"

ကမ်းရှန်က စိုးရိမ်စွာ ပြန်မေးသည်။

"ဘာမှမစိုးရိမ်ပါနဲ့ကမ်းရှန်၊ နီနီဟာ သူ့ကိစ္စ သူသိသလို သူ့ကိုလဲ ကောင်းကောင်းကာကွယ်နိုင်ပါတယ်"

ရှောင်မော်၏စကားရပ်ကြောင့် ချင့်ဝူရော ကမ်းရှန်ပါ အံ့ဩသွားကြ၏။

ရှောင်မော်သည် နီနီအပေါ် အဘယ်ကြောင့် စိတ်ချလေသနည်း။

နီနီထွက်သွားသည့်အတွက် အဖယ့်ကြောင့် မတုန်လှုပ်ရလေသနည်း။

အဖြေရှာမရအောင် ဖြစ်နေလေသည်။

မည်သို့ဖြစ်စေ...

နီနီကား တဖြည်းဖြည်းနှင့် ဝေးသည်ထက်ဝေးသွားလေပြီ။

နီနီ၏ ဦးတည်ရာအရပ်သည် အဘယ်သို့နည်း။

နီနီတွင် ရှောင်မော်နှင့်မလိုက်နိုင်ရန် အခြားအကြောင်းများ ရှိနေသနည်း။

အမုန်တကယ်ပင် ခရီးလမ်း၏ အန္တရာယ်ကို ကြောက်ရွံ့ထိတ်လန့်၍လား...

သို့တည်းမဟုတ်။



သူမတွင် သီးခြားအစီအစဉ်များ ရှိနေသည်လားမသိ။

သို့သော်....

တခုတော့ရှိသည်။

နီနီထွက်သွားရာအရပ်သို့ ကြည့်ကာ လောင်ဝမ်းတယောက် သက်ပြင်းရှည်ကြီးတချက် ချလိုက်သည်ကို မည်သူကမှ ဂရုမထားမိကြပေ။

* * *

## ပွဲသိမ်းတိုက်ပွဲ

(၁)

ခရီးစိမ်း....။

မှန်သည်။

သွားနေရသောခရီးသည် တခါဖူးမျှ မသွားလာခဲ့ဘူးသော နေရာမဟုတ်။

ရင်းနှီးကျွမ်းဝင်သော လမ်းခရီးလည်းမဟုတ်။

ခရီးစိမ်း။

နေရာစိမ်း။

မြေပုံကိုကြည့်၍လာနေရခြင်း။

မြေပုံပါ ထောင်ချောက်အမှတ်အသားများကို ဂရုတစိုက်

ရှာဖွေရသည်။

ထောင်ချောက်များကို ရှောင်ကွင်းကျော်ဖြတ် လာရသည့် အန္တရာယ်ခရီးလမ်း။

တောထဲသို့ တဖြည်းဖြည်း ဝင်လာကြသည်။

တောနက်သည်ထက်နက်လာပြီ။

နား၊ မျက်စိ၊ အစွမ်းကုန် အာရုံဖွင့်ထားရသည်။

အရာရာဘိုင်းကို သတိထားနေရသည်။

တချက်ကလေးမှ မပေါ့ဆရဲ။

ကျားဟိန်းသံ။

သမင်၊ ဒရယ်၊ တောက်သံ၊

ခြသေ့်ဟောက်သံများကို တောနက်အတွင်းဆီမှ ကြားနေရသည်။

လူသားအန္တရာယ်ပင်မက သားရဲအန္တရာယ်ပါ သတိထားနေကြရသည်။

ထိုစဉ် ......

ချင့်ဝူကိုယ်ပေါ် ပျော့အိသောအရာတခု ကျလာ၏။

ချင့်ဝူ ညာလက်လှုပ်ရှားလိုက်၏။

နောက်မှ လိုက်လာကြသောသူ ငေးငိုင်သွားကြသည်။

ချင့်ဝူ၏လက်ထဲတွင် မြွေတကောင်။

ချင့်ဝူ၏လက်အားကြောင့်ထင်သည်၊ မြွေသည် လူးလွန့်နေသည်။

ချင့်ဝူလှုပ်ရှားလိုက်၏။



မြွေသည် တောထဲသို့ လွင့်ဝဲသွားသည်။

အားလုံး သက်ပြင်းချလိုက်ကြပြီး၊ ခရီးဆက်နှင်လာခဲ့ကြသည်။

* * *

တောလမ်း......။

တောင်ကြားလမ်း....။

တောင်တက်လမ်း....။

တောင်ဆင်းလမ်း....။

လမ်းအသွယ်သွယ်ကို ဖြတ်ကျော်လာခဲ့ပြီ။

ကျင့်ပ၏ ပိုင်နက်တွင်းသို့ ဝင်ရောက်လာကြပြီ။

လက်နက်များကို ဆုပ်ကိုင်ကာ အသင့်အနေအထား ပုံစံဖြင့် လျှောက်ခဲ့ကြသည်။

စင်စစ်....

ကျင့်ပကို လုပ်ကြံရမည်ဆိုပါက လွယ်သည်မဟုတ်။

သို့သော်....

ရွေးစရာလမ်းကမရှိတော့။

ကျင့်ပနှင့် ယှဉ်ပြိုင်ရတော့မည်သာ။

တိုက်ခတ်လာသောလေသည် လန်းဆန်းမှုမရှိ။

အန္တရာယ်ရနံ့များ ပါလာသည်ဟု ရှောင်မော်ထင်မိသည်။

* * *

(၂)

နေစောင်းသွားပြီ။
အလင်းရောင်သည် မှိန်ပျပျအာ ရှိတော့သည်။
တဖြည်းဖြည်းနှင့် မှုန်ဝါးလာသည်။
နောက်ဆုံးတွင် အမှောင်က ကြီးစိုးလွှမ်းမိုးသွား၏။
တောထဲတွင် မှောင်အတိကျသွားပြီ။
ရှောင်မော် ကျေနပ်စွာ ပြုံးလိုက်၏။
အမှောင်သည် ရှောင်မော့်အတွက် အကောင်းဆုံး၊ အခွင့်အရေးဟု ယူဆ ပုံရသည်။
ညအမှောင်ကို အကာအကွယ်ယူ၍ လှုပ်ရှားရမည်။
သို့သော်...
မှောင်နေသဖြင့် ခရီးသွားရသည်မှာ ခက်ခဲလာပြန်သည်။
မလျှောက်တတ်က လမ်းပျောက်ရုံတင်မက ထောင်ချောက်ပင် မိသွားနိုင်သည် မဟုတ်ပါလား။

* * *

ပစ်မှတ်....။
ရှောင်မော်၏ပစ်မှတ်သည် တောဘုရင်ကျင့်ပ၊
ထို့အတူ....တောဘုရင်ကျင့်ပဘက်မှကြည့်လျှင်လည်း ရှောင်မော်တို့သည် သူ၏ပစ်မှတ်။
ပစ်မှတ်နှစ်ခုသည် တဖြည်းဖြည်း နီးကပ်လာပြီ။
အန္တရာယ်ရနံ့သည် ပို၍ပြင်းပြလာသည်။



ကျင့်ပ၏ စခန်းနှင့် ဝေးကွာလှသည်မဟုတ်တော့။
အားလုံး စိတ်တည်ငြိမ်ရန် ကြိုးစားနေကြသည်။
တည်ငြိမ်မှုမရှိခြင်းသည် ဆုံးရှုံးခြင်းလက္ခဏာသို့ ပြတတ်သည် မဟုတ်ပါလား။
ရှောင်မော် ရေးဆွဲထားသော စီမံချက်သည် မကြာမီ အကောင်အထည် ဖော်ရတော့မည်။
ကြောက်လန့်စရာ လက်နက်များကလည်း သူ့ဘက်ကိုယ့်ဘက် နှစ်ဘက်စလုံးတွင် ရှိနေကြသည်။
ရှောင်မော်နှင့်အဖွဲ့ စိတ်မာတတ်တက်ကြွနေကြလျက်။
အားလုံးသည် အားမာန်အပြည့်ဖြင့် ရှေ့သို့ချီတက်နေကြပြီ။
သို့သော်....
ထိုအထဲတွင် နီနီတယောက်တော့ ပါဝင်ခြင်းမရှိပေ။
နီနီအဘယ်နေရာရောက်၍...
အဘယ်ခရီးတွင် လျှောက်နေပါလိမ့်။

* * *

(၃)

ည........
တတောလုံး မှောင်မည်းနေသည်။
တခါတရံလေတိုး၍ သစ်ရွက်များ လှုပ်ရှားသွားသံမှအပ အရာအားလုံးသည် တိတ်ဆိတ်ငြိမ်သက်နေလေသည်။

* * *

ကျင့်ပ၏ပထမစခန်းကို မြင်ရသည်နှင့်....

ကမ်းရှန်ပြေးဝင်သွားသည်။

ဒုတိယစခန်း....

တတိယစခန်း....

စခန်းအသီးသီးသို့ဝင်စီးရန်အတွက် နေရာယူလိုက်ကြသည်။

စခန်းအတွင်းပိုင်းသို့....

ချင့်ဝူ..

ရှောင်မော်....

လောင်ဝမ်းတို့ ပြေးဝင်ကြသည်။

သို့သော်....

စခန်းတိုင်းတွင် လူသူတယောက်မှ မရှိကြတော့ပေ။

ရှောင်မော်အခြေအနေကို ရိပ်စားမိသည်နှင့် အမိန့်ချက်ချင်းထုတ်လိုက်သည်။

"အားလုံးနောက်ပြန်ဆုတ်ကြ"

ရှောင်မော်၏အသံသည် တတောလုံး ပဲ့တင်ရိုက်ခတ်သွားသည်။

ရှောင်မော်၏ အသံနှင့်အတူ....

* * *

"ဝုန်း...."

ပေါက်ကွဲသံများက နေရာအနှံ့မှ ထွက်ပေါ်လာသည်။



ရှောင်မော်၏အမိန့် ဒဲချိန်ပိုင်း နောက်ကျသွားပြီ။

ကျင့်ပ၏ ယမ်းထုပ်လက်နက်များက ရှောင်မော်တို့၏ အနီးတဝိုက်တွင် ပေါက်ကွဲကြသည်။

ပေါက်ကွဲလွင့်စင်လာသော ယမ်းထုပ်များကြောင့် အထိအခိုက်ရှိကုန်သည်။

ရှောင်မော်၏အဖွဲ့ ကစင့်ကလျားဖြစ်သွား၏။

မြေတွင်ဝပ်သူဝပ်....

သစ်ပင်အကွယ်သို့ ပြေးသူပြေး....

လဲသူလဲနှင့် ရှုပ်ထွေးသွားကြသည်။

ပြောင်းလဲသွားသော အခြေအနေကို ရှောင်မော်စဉ်းစား၍မရနိုင်တော့။

"အားလုံးဂူထဲကိုဝင်....အကာအကွယ်ယူကြ"

အနီးတွင်ရှိနေသော ဂူထဲသို့ ညွှန်ပြကာ အမိန့်ထုတ်လိုက်သည်။

ဂူထဲသို့အပြေးအလွှားဝင်သွားကြသည်။

ယမ်းထုပ်များကား ပေါက်ကွဲနေဆဲ။

* * *

(၄)

ရှောင်မော်တို့ ဂူထဲတွင် နေရာယူပြီးကြပြီ။

တဘက်မှ ယမ်းထုပ်များကား ဂူနှင့် မလှမ်းမကမ်းတွင် ကျ

ရောက်ပြီး ပေါက်ကွဲသွားကြသည်။

ချင့်ဝူယမ်းထုပ်ဖြင့် တဘက်သို့ ပြန်ပီလည်ပစ်ခတ်သည်။

တဘက်မှ အော်ဟစ်သံများကြားလိုက်ရသည်။

ထိခိုက်သွားပုံရသည်။

ကမ်းရှန်နှင့် လောင်ဝမ်းလည်း လူရိပ်မြင်သမျှကို ပစ်ခတ်သည်။

တဘက်မှလူများသည် ဂူနှင့်နီးသည်ထိ ချဉ်းကပ်လာကြသည်။

ယမ်းထုပ်ပေါက်ကွဲသံများ....

အော်ဟစ်သံများကား တစေတလုံး ဆူညံနေသည်။

ချင့်ဝူ ယမ်းထုပ်ဖြင့် ပစ်လိုက်ပြန်သည်။

ပေါက်ကွဲသံနှင့်အတူ ကျင့်ပ၏ လူတချို့ လဲကျသွားသည်ကို တွေ့လိုက်ရသည်။

ချင့်ဝူ စိတ်ဓာတ်တက်ကြွပြီး....

"ဟေ့ကောင်....ကမ်းရှန် တွေ့သား....ငါကွ"

ဟု လှမ်းအော်ပြောလိုက်သည်။

သို့သော်...

ကမ်းရှန်မည်သို့မျှ တုံ့ပြန်မလာသဖြင့်....

"ဟေ့ကောင်....ငါပြောနေတာကြားရဲ့လား"

ကမ်းရှန်အနားသို့ ကပ်သွားပြီး ပခုံးကို ပုတ်လိုက်သည်။

ကမ်းရှင်၏ ကိုယ်ခန္ဓာသည် ချင့်ဝူဘက်သို့ လဲကျလာ၏။

"ဟာ....ကမ်းရှန်ထိသွားပြီး....ကမ်းရှန်"

ထို့နောက်....



ယမ်းထုပ်များကို တဘက်တချက်ကိုင်ကာ....

"သတ်မယ်....ကမ်းရှန်ကို အတ်တဲ့ကောင်.... ငါကိုယ်တိုင် လက်စားချေမယ်ကွ"

ဟု ပြောယင်း ဂူအပြင်သို့ ပြေးထွက်သည်။

"ဟေ့ကောင်....ချင့်ဝူ"

လောင်ဝမ်းက ချင့်ဝူ၏လက်ကို ဖမ်းဆွဲလိုက်သည်။

"မင်း....ငါ့ကိုမဆွဲနဲ့ သတ်မယ်၊ ဒီကောင်တွေကို သတ်မယ်"

ချင့်ဝူ ဒေါသတကြီး အော်ဟစ်နေ၏။

"မင်း ဂူအပြင်ထွက်တာနဲ့ သေမယ်၊ ကျင့်ပထောင်ချောက်ထဲ ငါတို့ ပိတ်မိနေပြီဆိုတာ နားလည်ရဲ့လား... သွား အထဲဝင်"

ရှောင်မော်က ချင့်ဝူကို ခက်ထန်မာကျောစွာ ပြောလိုက်ပြီး၊ အခြေအနေကို ရှင်းပြလိုက်သည်။

ချင့်ဝူငြိမ်ကျသွားသည်။

သို့သော်....

ကမ်းရှန်၏ အလောင်းကို ကြိတ်မနိုင်ခဲမရကြည့်ယင်း အံ့ကြိတ်နေသည်။

ရှောင်မော် လက်ရှိအခြေအနေကို တွက်ချက် နေသည်၊

လက်ရှိအခြေအနေအရ၊ ရှောင်မော်၏အဖွဲ့သည် ဂူထဲတွင် ပိတ်မိနေပြီ။

ထိုသို့ပိတ်မိရန်လည်း ကျင့်ပကြိုတင် စီစဉ်ထားပုံရသည်။

ကျင့်ပ၏လူများက ဂူအပြင်တွင် ဝိုင်းရံထားကြသည်။

ဂူထဲမှ ထွက်သည်နှင့် ထွက်သည့်လူ သေမည်။

ဂူထဲတွင် ပိတ်အလှောင်ခံယင်း လက်နက်ချ အညှံ့ခံရလေလား။

မဖြစ်နိုင်။

တောဘုရင် ကျင့်ပကို အပြတ်ရှင်းရမည်။

ထိခိုက်လျှင် ပေါက်ကွဲစေ၍ လူအများသေဆုံးစေသော လက်နက်မျာ းစန့်ကွမ်ဝေါင်းလက်ထဲ အရောက်မခံနိုင်။

အခြေအနေသည်၊ သည့်ထက်ပင်ဆိုးလေဦးမည်လား....

ဂူအပြင်တွင် ဝိုင်းရံထားသည့် လူအင်အားမည်မျှရှိသနည်း။

ကျင့်ပ ဘယ်နေရာရောက်နေသနည်း။

ရှောင်မော်စဉ်းစားတွေးတောနေ၏။

* * *

(၅)

မှောင်မည်းသော ညတာကားရှည်လျားလှ၏။

ယမ်းထုပ်ပေါက်ကွဲသံများ ကျဲသွားပြီ။

"မသေချာယင်မပစ်နဲ့၊ ယမ်းထုပ်တွေကိုမဖြုန်းနဲ့"

ရှောင်မော်သတိပေးသည်။

ညဉ့်နက်သည်နှင့်........

တဘက်မှပေါက်ကွဲသံများကို မကြားရတော့။

တိတ်ဆိတ်ငြိမ်သက်နေသည်။



တိတ်ဆိတ်ခြင်းသည် ကောင်းသောလက္ခဏာမဟုတ်။

မိုးသက်မုန်တိုင်းမကျမီ ပင်လယ်ပြင်သည် တိတ်ဆိတ်တတ်သောသဘောဆောင်သည် မဟုတ်ပါလား။

အခြေအနေကိုအကဲခတ်ကာ ရှောင်မော်စိုးရိမ်ပူပန်နေသည်။

ကျင့်ပ တစုံတရာကို စီစဉ်နေပုံရသည်။

ကျင့်ပဘာတွေအကွက်ချ စီစဉ်နေသနည်း။

ရှောင်မော်သည်ကော....ဂူထဲတွင်အပိတ်ခံ၍အညှံ့ခံရလေမည်လော။

အခြေအနေသည်....

အချိန်အခါပေါ်မူတည်၍ ပြောင်းလဲတတ်ပါသည်။

အချိန်ကိုသာ စောင့်ကြည့်ရပေတော့မည်။

* * *

ရှောင်မော်ကြားဖူးပါသည်။

ယုန်များအိမ်ဆောက်လျှင် အပေါက်သုံးပေါက် ထားတတ်သည်။

ဝင်ပေါက်၊ထွက်ပေါက်နှင့် အရေးကြုံကထွက်ပြေးရန် လျှို့ဝှက်မြေအောက်လမ်းသို့သွားသည့်အပေါက်တို့ဖြစ်သည်။

ယခု....ကျင့်ပသည်ကော....

သည်ဂူကိုစီစဉ်စဉ်က အရေးကြုံက ထွက်ပြေးရန် မြေအောက်လမ်းမစီစဉ်ခဲ့ပေဘူးလား...။

ထိုသို့ဆိုပါက.......

သည်ဂူအောက်တွင် မြေအောက်လမ်းသို့သွားသည့်အပေါက်ရှိရမည်။

ကျင့်ပကကော....

ထိုမြေအောက်လမ်း၏ တနေရာတွင်မရှိနိုင်ပေဘူးလား။

ရှောင်မော် စဉ်းစားမိသည်နှင့် ဘာဆက်လုပ်ရမည်ကို နားလည်လိုက်သည်။

ရှောင်မော်ဂူအပြင်၏ အခြေအနေကိုအကဲခတ်လိုက်သည်။

တိတ်ဆိတ်နေဆဲဖြစ်သည်။

ရှောင်မော်ဂူထဲမှ ရုတ်တရက်ပြေးထွက်လိုက်သည်။

* * *

(၆)

နံနက်(၂)နာရီထိုးပြီ။

ညဥ့်သန်းခေါင်ယံ ကျော်သည်နှင့် အရှဏ်ဦးဘက်သို့တဖြည်းဖြည်းနီးလာသည်။

အရုဏ်မရောက်မီအချိန်ကိုပင် သတိထားကြည့်ဖူးပါသလား။

အရုဏ်မရောက်မီကာလသည် အမှောင်ဆုံးကာလဖြစ်သည်ကို သင်သိပါသလား။

ညဥ့်သန်းခေါင်ကျော်သည်နှင့် အမှောင်သည် တဖြည်းဖြည်းကြီးစိုးလာတတ်ပြီး အရုဏ်ရောက်၍ အလင်း လာကာ နီးလေမှောင်မည်းလေဖြစ်သည်ကို သင်ဂရုစိုက်မိပါရဲ့လား။



ယခုလည်းကြည့်....

ညဥ့်(၂)နာရီထိုးပြီ။

မကြာမီ အရုဏ်ဦးအချိန်သို့ရောက်တော့မည်။

သို့သော်....

မှောင်မည်းတိတ်ဆိတ်နေလျက်ရှိသည်။

* * *

လူတယောက်....

သစ်ပင်ပေါ်တွင်ထိုင်လျက် အိပ်ငိုက်နေသည်။

ထိုစဉ်......

အနီရောင်ဝတ်စုံနှင့်လူတယောက်ရောက်လာပြီး သစ်ပင်ပေါ်မှလူကိုမကျေနပ်စွာကြည့်ပြီး....

"ဟေ့ ကောင်...."

ခက်ထန်စွာ လှမ်းအော်လိုက်သည်။

သစ်ပင်ပေါ်မှလူ လန့်ဖျပ်သွားကာ အသံလာရာသို့ ကြည့်လိုက်သည်။

အနီရောင်လူသည် လက်ထဲမှဓားကိုမြှောက်ပြလျက်....

"ဘာလို့အိပ်ငိုက်နေရတာလဲ"

"မ....မအိပ်ငိုက်ပါဘူး"

သစ်ပင်ပေါ်မှလူ ကြောက်ကြောက်ရွံ့ရွံ့ဖြေသည်။

"တိုက်ပွဲဖြစ်နေတယ်ဆိုတာ နားမလည်ဘူးလား"

"နား....နားလည်ပါတယ်"

"နားလည်ယင်မအိပ်နဲ့၊ သတိနဲ့စောင့်၊ အိပ်ငိုက်ယင်ဟိုဘက်က တောကြောင်အကုတ်ခံရမယ်"

အနီရောင်လူသတိပေးလိုက်ပြီး ထွက်ခွာလာခဲ့သည်။

* * *

(၇)

အနီရောင်လူ...

သူ့အမည်သည် ချန်လုံဖြစ်၏။

တောဘုရင်ကျင့်ပ၏ ငယ်သူငယ်ချင်း။

ထို့ကြောင့်လည်း....

ကျင့်ပတောဘုရင်ဖြစ်သည့် အချိန်တွင် ချန်လုံသည် တောဘုရင်၏ ပစ္စည်းထိန်းချုစ်ဖြစ်လာခဲ့သည်။

တောဘုရင် ကျင့်ပအဖွဲ့တွင် ဒုတိယအာဏာအရှိဆုံးသူလည်းဖြစ်သည်။

ယခု...သူသည်အစောင့်ချထားသော ကင်းများကို လိုက်လံစစ်ဆေးနေခြင်းဖြစ်သည်။

ထိုအချိန်တွင်....

ချန်လုံ၏လှုပ်ရှားမှုကို အကဲခတ်နေသူတဦးရှိနေသည်။

* * *



ချန်လုံသည်၊ ကင်းများကိုစစ်ဆေးပြီး၊ ကျောက်တုံးတတုံးပေါ်တွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။

ထို့နောက်...

အနားယူရန်အတွက် မျက်စိကို မှိတ်လိုက်စဉ်၊ နောက်ဘက်ဆီမှ ရုတ်တရက်ကြားလိုက်ရသော ခြေသံကြောင့် မျက်လုံးကို ပြန်ဖွင့်လိုက်သည်။

သို့သော်....

ချန်လုံနောက်ကျသွားချေပြီ။

တဘက်လူ၏ လှုပ်ရှားမှုကား လျင်မြန်လွန်းလှပေ၏။

မှိတ်နေရာမှ ပြန်ပွင့်လာသော ချန်လုံ၏ မျက်လုံးသည် ပြူးကျယ်သွားသည်။

မှန်ပါသည်။

သူ၏လည်ပင်းကို သန်မာသောလက်တဖက်က အားဖြင့်ညှစ်ထားခြင်းခံနေရသည်။

နောက်ဘက်မှလူသည် ချန်လုံ၏ နားနားတွင် နှုတ်ခမ်းကပ်လိုက်ပြီး....

"မင်း....ငါနဲ့အတူလိုက်ခဲ့....မလှုပ်နဲ့၊ လှုပ်တာနဲ့ ငါ့လက်ထဲကဓားက မင်းရဲ့လည်ချောင်းသွေးပါ သောက်သွားလိမ့်မယ်"

ချန်လုံမလှုပ်ရှားရဲတော့။

လည်ချောင်းတွင်ချွန်ထက်သော ဓားနှင့် တေ့ထားသဖြင့် အနေရခက်နေသည်။

* * *

ချန်လုံကို ဖမ်းဆီးနိုင်ခဲ့သဖြင့် ကျင့်ပနှင့်တွေ့ဆုံရန်လွယ်သွားပြီဖြစ်သည်။

မှောင်နှင့်မည်းမည်းတွင် ကျင့်ပကိုရှာရန်မလွယ်။

မြေအောက်လမ်းကို ရှာရန်လည်း ခက်ခဲလှသည်။

ယခုတော့ ......

ရှောင်မော်မစိုးရိမ်တော့။

ကျင့်ပ၏လျှို့ဝှက်မှုမှန်သမျှကို ဖော်ထုတ်နိုင်တော့မည်။

ကျင့်ပ၏ဦးနှောက်ဖြစ်သော ချန်လုံကို လက်ရဖမ်းဆီးမိခဲ့ပြီမဟုတ်ပါလား။

* * *

"သွား...... ရှေကဝင်"

ချန်လုံ၏နောက်ကျောကို ခေါးဖြင့်တေ့ထားယင်း အမိန့်ပေးလိုက်သည်။

ချန်လုံဂူထဲဝင်သွားသည်နှင့်....

နောက်ဘက်ဆီမှ ယမ်းထုပ်ပေါက်ကွဲသံ ကြားလိုက်ရ၏။

ရှောင်မော် ဂူထဲသို့လျင်မြန်စွာဝင်လိုက်သည်။

သို့သော်.......

ခြေထောက်တွင်ရှပ်၍ ထိမှန်ခြင်းခံလိုက်ရသေးသည်။

"အစ်ကိုကြီး....ဘယ်လိုဖြစ်တာလဲ"

ချင့်ဝူ စိုးရိမ်တကြီးမေးသည်။

ရှောင်မော် မောပန်းစွာထိုင်ချပြီး....



"ကိစ္စမရှိဘူး... ဒီကောင်ကို ကြိုးတုပ်လိုက်"

ချန်လုံကို လက်ညှိုးထိုးကာ အမိန့်ပေးလိုက်သည်။

ချင့်ဝူကလည်း လျင်မြန်သည်။

ရှောင်မော်၏အမိန့်ဆုံးသည်နှင့် ချန်လုံကို ချည်နှောင်ပြီးဖြစ်နေပြီ။

"အဲဒီကောင်ကို မေးစမ်း... မြေအောက်လမ်းတွေ ဘယ်မှာလဲ၊ ဘယ်ကသွားရမလဲဆိုတာ"

ရှောင်မော်ထပ်ဆင့်အမိန့်ပေးလိုက်သည်။

ချင့်ဝူ၏လက်သီးက ချန်လုံမျက်နှာပေါ် ချက်ချင်းကျရောက်သွားသည်။

"မြေအောက်လမ်းတွေ ဘယ်မှာလဲ၊ ဘယ်ကသွားရသလဲ"

ချင့်ဝူမေးသည်။

ချန်လုံမဖြေပေ။

အံကြိတ်ထား၏။

ချင့်ဝူပြုံးလိုက်ပြီး...

"မင်းမျက်ခွက်ကမာသားပဲကွ၊ ငါ့လက်သီးက ဒီလောက်ထိမညှာပါဘူး... ကဲ"

နောက်တချက်ထပ်ထိုးလိုက်၏။

ချန်လုံ၏နှာခေါင်း၊ ပါးစပ်တို့မှ သွေးများစီးကျလာ၏။

မျက်နှာလည်း တခဏချင်းဖူးရောင်လာသည်။

"မြေအောက်လမ်းဘယ်ကသွားရသလဲ"

ချင့်ဝူမာကျောစွာ ထပ်မေးသည်။

ချန်လုံ....မျက်လုံးကိုအားယူဖွင့်ကြည့်သည်။

အသနားခံသော အကြည့်ဖြစ်ကြောင်း ချင့်ဝူနားလည်ပုံရသည်။

"ပြောစမ်းကွာ........ပြောစမ်း၊ အချိန်မရှိဘူး"

ချန်လုံ၏နှုတ်ခမ်း တရွရွလှုပ်ရှားလာသည်။

ရှောင်မော်ကျေနပ်စွာ ပြုံးလိုက်၏။

ခြေထောက်မှ ဒဏ်ရာကိုပင် သတိရမနိုင်တော့ပေ။

* * *

## အခန်း တစ်ဆယ့်ခြောက်

## မတော့လည်းပြုံး မတော့တုရင်လည်းဆုံး

* * *

(၁)

တော့တုရင်ကျင့်ပ မျက်မှောင်ကုပ်လျက် စဉ်းစားနေသည်။

ချန်လုံပျောက်ဆုံးနေသည်။

တနေရာရာတွင် ဒဏ်ရာရနေသည်လား။

သို့မဟုတ်....တော့ကြောင်အကုတ်ခံရ၍ သေသွားပြီလား။

အမျိုးမျိုးစဉ်းစားသည်။

မည်သို့ဆိုစေ...နောက်ဆုံးတွင်တော့ ကျင့်ပ ဆုံးဖြတ်ချက်ချလိုက်သည်။

ချန်လုံဘာဖြစ်ဖြစ်အရေးမကြီး....

ရှာဖွေရန်လည်းမလို။

အရေးကြီးသည်က သူ၏ မူလ စီစဉ်ချက်အတိုင်း ဆက်လက်လုပ်ရှားရန်ဖြစ်သည်။

"အားလုံးနားထောင်ကြ"

အနီးတွင်ထိုင်နေကြသူများ ကျင့်ပ၏အသံကြောင့် ခေါင်းထောင်လာကြသည်။

"ဂူထဲမှာ ပိတ်မိနေတဲ့ တောကြောင် ရှောင်မော်ကို မြေအောက်လမ်းကနေ ဝင်တိုက်ကြမယ်၊ ဂူရှေ့က တချို့တဝက် စောင့်ကြပ်နေကြ၊ ဂူပြင်ထွက်ပြေးလာတဲ့ကောင် မှန်သမျှ အသက်ပါမသွားစေနဲ့"

ကျင့်ပ၏အမိန့်သံသည် ကျောက်လိုဏ်ဂူတွင်း ပဲ့တင်သွား၏။

* * *

ထိုအချိန်တွင်....

ရှောင်မော်သည် ချန်လုံထံမှ မြေအောက် လျှို့ဝှက်လမ်းကြောင်းကို စစ်ဆေးမေးမြန်းနေမှန်း ကျင့်ပတယောက် မသိရှိသေးပေ။

ရှောင်မော်၏ ခြေတွင် ဒဏ်ရာရရှိခဲ့သော်လည်း စိတ်ခါတ်မကျ။

ပို၍ပင် စိတ်ဓာတ်ထက်ကြွလာသေးသည်။

ရှောင်မော်ရလိုက်သောဒဏ်ရာသည် တန်ဖိုးရှိသော ဒဏ်ရာဖြစ်သည်။

မှန်ပါသည်။



ရှောင်မော်သည်၊ ချန်လုံထံမှ မြေအောက်လမ်းကြောင်းကို သိရှိသွားပြီဖြစ်သည်။

* * *

## (၂)

ဂူ၏အတွင်းပိုင်းသို့ ဝင်လာကြသည်။

ဂူသည် တဖြည်းဖြည်းကျဉ်းသွား၏။

ထို့နောက်....

လူတယောက်သာဝင်နိုင်သော အပေါက်တပေါက် တွေ့ရသည်။

ထိုအပေါက်ကိုလည်း ကျောက်ပြားတချပ်ဖြင့် သေသပ်စွာ ကာရံပိတ်ဆို့ထား၏။

လောင်ဝမ်းနှင့် ချင့်ဝူ... ကျောက်ပြားကို ဖယ်ရှားလိုက်ကြသည်။

တွေ့ရပြီ။

မြေအောက်လမ်းကြောင်းကို တွေ့ပြီ။

အပေါက်မှ တယောက်ချင်းဝင်သွားကြသည်။

တဖြည်းဖြည်းနှင့် လမ်းကကျယ်လာသည်။

လမ်းကွေ့ လမ်းကောက်များသဖြင့် သတိထား သွားကြရသည်။

လမ်းကွေ့တခု တွေ့တိုင်း အရဲစွန့်၍ မသွားကြပေ။

လမ်းချိုးခကွေ့ကလေးမှ ရှေ့တဘက်ဆီသို့ အကဲခတ်ကြည့်ရှုရသည်။

နားကိုစွင့်ရသည်။

မျက်စိကို ဖွင့်ထားရသည်။

သို့မှသာ....

တဘက်မှဝင်လာနိုင်သော ကျင့်ပ၏ အုပ်စုကို ကိုယ်ကလက်ဦးနိုင်မည်ဖြစ်သည်။

ဆက်၍ လျှောက်လာကြသည်။

တဖြည်းဖြည်းနှင့် လမ်းကကျိုးလာပြန်သည်။

"သတိထားကြ"

ရှောင်မော် လေသံဖြင့် သတိပေးလိုက်သည်။

ရှောင်မော်၏လေသံပင်မဆုံး၊ လမ်းချိုးအကွေ့တဘက်ဆီမှ အလင်းရောင်မှိန်ပျပျကို မြင်လိုက်ရသည်။

ထို့နောက်...

လူစုလူဝေးခြေသံများ၊ တီးတိုးပြောသံများ ကြားရသည်။

ရှောင်မော်နှုတ်ခမ်းနား လက်ညှိုး ထောင်ပြလိုက်သည်။

ငြိမ်သက်ရန် သင်္ကေတဖြစ်သည်။

ချင့်ဝူသည်၊ ချန်လုံ၏ပါးစပ်ကို ဗယ်လက်ဖြင့် ပိတ်ထားပြီး၊ ညာလက်က ဓားချွန်တလက်ကိုင်ထားသည်။

ဓားကလည်း ချန်လုံ၏လည်ချောင်းတွင် နေရာယူထား၏။

ရှောင်မော် ညာလက်မြှောက်ပြလိုက်၏။

အားလုံးသည် ယမ်းထုပ်များကိုင်ဆောင်ကာ အသင့်အနေအထား ဖြစ်နေသည်။



တဘက်မှ လူသံများကို ပိပြင်စွာကြားနေပြီ။

အနေအထားကို ရှောင်မော် အကဲခတ်လိုက်သည်။

လမ်းချိုးအကွေ့မှ တောဘုရင် အုပ်စုထွက်လာကြပြီ။

အချိန်ကို ခေတ္တဆိုင်းထားလိုက်သည်။

တောဘုရင်တဖွဲ့လုံး လမ်းချိုးမှ လွန်လာသည့်အချိန်ကို ခန့်မှန်းတွက်ဆလိုက်ပြီး....

မြှောက်ထားသော ညာလက်ကို အောက်သို့ ချလိုက်သည်။

တောခုကြွခင်များလက်ထဲမှ ယမ်းထုပ်များ တောဘုရင်အဖွဲ့လာရာဆီသို့ တရစပ် ပစ်ခတ်ကြသည်။

တဘက်မှ ပြန်ပစ်ခွင့်ပင် မရနိုင်ကြပေ။

လူများ ရှုပ်ထွေးသွားကြသည်။

ယမ်းထုပ် ပေါက်ကွဲသံများ....

အော်ဟစ်သံများ ညံမစဲပေ။

ရှောင်မော်သည် ထွက်ပြေးသမျှကိုလည်း နောက်မှလိုက်၍ ပစ်ခတ်လျက်ရှိသည်။

တဘက်မှ တောဘုရင်အဖွဲ့သည် မျှော်လင့် မထားသော ဖြစ်ရပ်ကြောင့် အရှုံးကြီးနှင့် ရင်ဆိုင်လိုက်ကြရတော့သည်။

မြေအောက်လမ်းထဲတွင် ယမ်းငွေ့များ ဝေနေ လျက်ရှိသည်။

ရှောင်မော်နှင့်အဖွဲ့အခြေအနေကို အကဲခတ်စောင့်ဆိုင်းလိုက်သည်။

တဘက်မှ ဘာသံမျှမကြားရတော့ပေ။

ယမ်းငွေ့များစဲသွားသည်နှင့် ရှောင်မော်၊ လောက်စမ်းနှင့်

တောကြောင်များ လမ်းကွေ့မှ ထွက်လာကြသည်။

တောဘုရင်အဖွဲ့ကား အလောင်းများသာရှိတော့သည်။

"တို့နိုင်သွားပြီကွ"

လောက်ဝမ်း ဝမ်းသာအားရ အော်ဟစ်လိုက်သည်။

"အောင်ပြီ....အောင်ပြီ"

တောကြောင်များ၏ အော်ဟစ်သံကား မြေပြိုကျမတတ် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

အလောင်းများဆီသို့ ရှောင်မော် တရွေ့ရွေ့လျှောက်လှမ်းလာသည်။

* * *

(၃)

တလောင်းပြီးတလောင်း....

ရှောင်မော်ကြည့်သည်။

မှောက်လျက်သေဆုံးနေသော အလောင်းများကိုလည်း ခြေဖြင့်ကန်၍ လှန်ကြည့်သည်။

ရှောင်မော်သည် လူတယောက်၏အလောင်းကို ရှာဖွေနေခြင်းဖြစ်သည်။

တွေ့ပါပြီ။

ယမ်းထုပ်များ ပေါက်ကွဲ ထိမှန်ထားသဖြင့် တကိုယ်လုံး ကာပေါက်နယ် ဖွာလျာကျဲနေသော အလောင်းကို တွေ့ရပြီ။



အလောင်းသည် မြင်၍ပင်မကောင်းတော့ပေ။

ရုပ်ပျက် ဆင်းပျက်ဖြစ်နေသည်။

ထိုအလောင်းကား....

တောဘုရင် ကျင့်ပ၏ အလောင်းဖြစ်၏။

* * *

"ကျင့်ပသေသွားပြီ"

နောက်မှ ကပ်လိုက်လာသော လောက်ဝမ်းအသံ ထွက်လာသည်။

"ဟုတ်တယ်....တတောရှင်းသွားပြီပေါ့"

ရှောင်မော် တည်ငြိမ်စွာ ပြောလိုက်၏။

"ဒါဆို.... သူ့ဆီက ယမ်းလက်နက်တွေ ဘယ်မှာရှာကြမလဲ"

လောက်ဝမ်း စိုးရိမ်စွာမေးသည်။

"တို့ဖမ်းထားတဲ့ ပစ္စည်းထိန်းချုပ် ချန်လုံရှိနေသေးတာ.... အခွင့်အရေးအများကြီး ရှိတာပေါ့"

"ဟုတ်သားပဲ.. ကျွန်တော် မေ့သွားတယ်၊ ကဲ....ဒါဆို.... ချန်လုံဆီ သွားကြမယ်"

* * *

ကျင့်ပ၏အလောင်းသည် မရှုရက်၊ မမြင်ရက်စရာ ဖြစ်နေပြီ။ သည်ကြားထဲတွင် လောင်ဝမ်းက တရှုတ်တိုက် ဆွဲယူလာရ

ပို၍ ရုပ်ပျက်ဆင်းပျက် ဖြစ်သွားသည်။

ခွေးသေကောင်နယ် ဆွဲယူလာသော ကျွင့်ပ၏အလောင်းကို ကြည့်ကာ ချန်လုံ တုန်လှုပ်ထိတ်လန့်သွား၏။

ချန်လုံ၏မျက်နှာတွင် သွေးလှည့်မတ်မှု မရှိတော့သည်နှယ်။

ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

"ခင်......ခင်ဗျားတို့"

ချန်လုံသည် လက်နှစ်ဖက်ကာကာ ကြောက်ကြောက်လန့်လန့် ဖြစ်နေသည်။

"မင်းဆရာ သေသွားပေမယ့်...မင်းကို တို့မသတ်ပါဘူး"

ရှောင်မော် မျက်နှာထားတည်တည်ဖြင့် ပြောလိုက်သည်။

"ခင်....ခင်ဗျားတို့ ဘာကြောင့်ပြောတာလဲ"

"တို့သိချင်တဲ့မေးခွန်းကို မင်းက လိမ်လိမ်မာမာ ဖြေမယ် ဆိုယင် တို့ရုံးကဘာ အမှန်ပဲ"

"ခင်ဗျားတို့ ဘာမေးကြမှာလဲ"

"ရွှန်ဂိုဏ်းက မင်းတို့ယူလာကြတဲ့ ယမ်းထုပ် လက်နက်တွေ ဘယ်မှာရှိသလဲ၊ ဒါကိုတော့ မင်းသိနိုင်ပါတယ်"

"ကျွန်...ကျွန်တော်...ဒီပစ္စည်းတွေ ထုတ်ပေး လိုက်တာနဲ့ ကျွန်တော့ကို သတ်ပစ်မှာပေါ့"

ချန်လုံ တုန်တုန်ယင်ယင်ဖြင့် ပြောသည်။

"တို့မှာဒီလိုယုတ်မာတဲ့ အကျင့်မရှိဘူးချန်လုံ၊မင်းပြောမှာသာ ရဲရဲပြောပါ၊ မင်းကို ဘယ်သူမှ အနာတရမလုပ်စေရဘူး၊ ငါအာ မခံတယ်"

ချန်လုံ မယုံကြည်စွာကြည့်နေသည်။



ပါးစပ်လည်း လုံးဝမလှုပ်ရှား။

တိတ်ဆိတ်ငြိမ်သက်နေသော ချန်လုံကိုကြည့်ပြီး...

"ကဲ....ငါတစ်၊နှစ်၊သုံး၊လေး သုံးဆယ်ထိ ရေတွက်မယ်၊အဲဒီ အတောအတွင်းမှာ ငါသိချင်တဲ့အဖြေ မင်းမပြောပေတော့၊ မပြောယင် ချင့်ဝူက မင်းရဲ့အသက်ကို ယူလိမ့်မယ်၊ ကဲ...ချင့်ဝူ"

ရှောင်မော်၏စကားပင်မဆုံး။

ချင့်ဝူက လျှင်မြန်အည်။

ချက်ဆို နားခွက်က မီးထတောက်သူဖြစ်၏။

ချန်လုံကို ချုပ်ကိုင်ပြီး၊ ရင်ဘတ်တွင် ဓားဖြင့် တေ့ထားလိုက် ပြီး ဖြစ်နေတော့သည်။

ချန်လုံ မရှုန်းသာ မလွန့်သာ ဖြစ်နေသည်။

တစ်....

နှစ်...

သုံး...

လေး....

ရေတွက်နေရာမှ ချန်လုံ၏ မျက်နှာကဲကို ရှောင်မော် အကဲ ခတ်သည်။

ချန်လုံ ခေါင်းမာနေဆဲရှိသည်။

ဆယ့်ခြောက်....

ဆယ့်ခုနစ်....

ဆယ့်ရှစ်

ချန်လုံ မျက်လုံးစိုင်းဖြင့် လူအားလုံးကို အကဲခတ်ကြည့်နေ သည်။

ထွက်ပေါက် ရှာရန်အတွက် ကြည့်ခြင်းလား မပြောတတ်ပေ။
သို့သော်....
ချင့်ဝှုကား ချန်လုံကို အလွတ်ပေးမည့်လူစား မဟုတ်တန်ရာ။
နှစ်ဆယ့်သုံး.......
နှစ်ဆယ့်လေး.......
နှစ်ဆယ့်ငါး....
ချန်လုံသက်ပြင်းချလိုက်ပြီး၊ နှုတ်ခမ်းတရွရွ လှုပ်လာသည်။
နှစ်ဆယ့်ခုနစ်.......
နှစ်ဆယ့်ရှစ်....
ချန်လုံပါးစပ်ပွင့်လာပြီ။
နှစ်ဆယ့်ကိုး...
"ကျွန်တော်ပြောမယ်"
ချန်လုံ အချိန်လု၍ ကမန်းကတန်း ပြောချလိုက်သည်။
ရှောင်မော်သည် 'သုံးဆယ်' မြောက်နံပါတ်ကိုပင် ဆက်၍ မရေတွက်လိုက်ရတော့။

* * *

(၄)

ချန်လုံကို လောင်ဝမ်းနှင့် ချင့်ဝှု တဘက်တချက်ဝိုင်းရံထားသည်။
ရှောင်မော်သည် ချန်လုံ၏လှုပ်ရှားမှုကို မျက်ခြည်မပြတ်



အကဲခတ်ကြည့်နေလျက်ရှိသည်။
ချန်လုံတကိုယ်လုံး ချွေးများနစ်နေပြီ။
မြေအနက်နှစ်ပေကျော် တူးသည်ထိ မည်သို့မျှ ထူးခြားမှု မရှိလာသေး။
ရှောင်မော်သည် ချန်လုံကို မသင်္ကာသော အကြည့်ဖြင့် ကြည့်လိုက်သည်။
ထိုစဉ်...
"ဒုတ်"
ဟူသော အသံကို ကြားလိုက်ရသည်။
ချန်လုံသည် မာကျောသော အရာတခုကို တူးမိပုံရသည်။
ချန်လုံ အပေါ်သို့ မော့ကြည့်သည်။
"ဆက်တူးပါ"
ရှောင်မော် အမိန့်ဆက်ပေးလိုယူသည်။

* * *

သေတ္တာကြီးသုံးလုံးကို တူးဖော်ရလိုက်သည်။
သေတ္တာထဲတွင် များပြားလှသော ပာမ်းထုပ်လက်နက်များ ထည့်ထား၏။
ဤမျှများပြားသောလက်နက်များကို စွန်ဂိုဏ်းမှသယ်ဆောင်လာနိုင်ခဲ့သော ကျင့်ပ၏အရည်အချင်းကို ချီးကျူးမိ၏။
ထို့အတူ......
ဤလက်နက်ကို ကြံစည်ပြုလုပ်သော စွန်ဂိုဏ်းကိုလည်း ရှောင်

မော် လေးစားဂုဏ်ယူမိသည်။

ရှောင်မော်သည် သေတ္တာများထဲမှ ယမ်းထုပ်လက်နက်များကို စစ်ဆေးပြီး အဖုံးကို ပြန်ဖုံးထားလိုက်သည်။

ထိုစဉ်........

လူတစ်ဦး၏ခြေသံကြောင့် ရှောင်မော် ဆတ်ကနဲ ကိုယ်လှည့်ကြည့်လိုက်သည်။

သပ်ရပ်စွာ ဝတ်ဆင်ထားသော လူတယောက်ကို တွေ့လိုက်ရသည်။

ထိုလူသည် ရှောင်မော်ထံသို့ တလှမ်းချင်း လျှောက်လှမ်းလာပြီး၊ သူ့ကိုယ်သူ မိတ်ဆက်စကား ပြောသည်။

"ကျုပ်........စန်တုံနယ်စား လင်းဝူတီပါ"

* * *

(၅)

ရှောင်မော်မျက်မှောင်ကုပ်သွားပြီး......

"စန်တုံနယ်စားကြီး လင်းဝူတီ"

ရေရွတ်လိုက်မိသည်။

"ဟုတ်ပါတယ်...... ကျုပ်....လင်းဝူတီ"

ရှောင်မော် မည်သည့်စကားမျှ မမေးတော့ချေ။

ထို့သော်....

လင်းဝူတီဆိုသော သူကိုတော့ စေ့စပ်စွာ အကဲခတ်ကြည့်နေ



မိသည်။

လင်းဝူတီ၏ထူးခြားမှုကို ရှောင်မော်သတိထားကြည့်မိ၏။

"မျက်လုံး...."

လင်းဝူတီ၏မျက်လုံးသည် ထူးခြားနေသည်။

လင်းဝူတီ၏မျက်လုံးက ဘယ်သူဘယ်ဝါ ဖြစ်သည်ကို အဖြေပေးနေသည့်နှယ်။

"မင်းကမယုံဘူးလားရှောင်မော် သူဟာ လင်းဝူတီပါ"

နောက်ဘက်ဆီမှ ထပ်မံထွက်လာသော အသံစကားကြောင့် ရှောင်မော်လှည့်ကြည့်၏။

"အိုရန်"

"ဟုတ်ပါတယ်... ငါအိုရန် ဖြစ်တယ်ဆိုတာတော့ မင်းမှာ ဘာသံသယမှမရှိပါဘူး"

အိုရန်၏ စကားမဆုံးခင် လူအများ၏ အသံကို ကြားလာရသည်။

ရှောင်မော် ပတ်ဝန်းကျင်ကိုလှည့်ကြည့်လိုက်သည်။

အင်အားနှစ်ရာခန့်ရှိမည်ဖြစ်သော အိုရန်၏နောက်လိုက်များကို တွေ့လိုက်ရသည်။

* * *

ရှောင်မော်သည် ယမ်းလက်နက်သေတ္တာများအပေါ် ထိုင်ချလိုက်ပြီး၊ လင်းဝူတီဘက် လက်ညှိုးထိုးကာ...

"ခင်ဗျားဟာ စန်တုံနယ်စားလင်းဝူတီဆိုတာအမှန်ပဲလား"

မသက်ာသောအကြည့်ဖြင့် သံသယစကား ပြောလိုက်သည်။

အိုရန်က ခေါင်းညိတ်လိုက်ပြီး....

"ဟုတ်ပါတယ်ကွ....မင်းကဘယ်လိုထင်နေလို့လဲ"

ကြားမှဝင်မေးသည်။

"ငါ့အထင်ကတော့....သူဟာ လင်းဝူတိမဟုတ်ဘူး"

လင်းဝူတိဆိုသူ မျက်နှာပျက်သွား၏။

"ဒါဖြင့်ယင် ဘယ်သူလို့မင်းကထင်နေသလဲ"

အိုရန်က ဗိုင်ခံဝင်မေ့သည်။

"သူ့ရဲ့မျက်လုံးတွေက ဘယ်သူဆိုတာ ဖေါ်ပြနေတာပဲ"

အိုရန်မျက်ခုံးမြင့်တက်သွားကာ....

"သူ့မျက်လုံးက ဘယ်လိုထူးခြားနေလို့လဲ"

"ဝံပုလွေလို ကောက်ကျစ်တတ်တဲ့ ညာဉ်ဆိုးတွေကို ဖေါ်ပြနေတဲ့အတွက် မင်းရဲ့လူဟာ လင်းဝူတိမဟုတ်နိုင်ဘူး၊ ဝံပုလွေ စန့်ကွမ်ဝေါင်း၊ သစ္စာဖေါက်စန့်ကွမ်ဝေါင်းပဲဖြစ်မယ်"

ရှောင်မော်၏ ပြတ်သားမာကျောတည့်စကားကြောင့် ချင့်ဝူ မျက်နှာထားတင်းသွား၏။

လောင်ဝမ်း၏ လက်သည် ဓားရိုးပေါ်တွင် ဆုပ်ကိုင်လိုက်သည်။

ရှောင်မော် အံကြိတ်နေမိ၏။

စန့်ကွမ်ဝေါင်းကား မခိုးမခန့်လေသံဖြင့် ရယ်မောနေသည်။

အိုချန်သည် ပခုံးနှစ်ဘက်ကိုတွန့်လိုက်ပြီး....

"မင်းက စန့်ကွမ်ဝေါင်းထင်တယ်ဆိုယင်လဲ စန့်ကွမ်ဝေါင်း ပေါ့ကွာ"



ရှောင်မော်သည် လက်နက်သေတ္တာကို လက်သီးဖြင့်ထိုးလိုက်ပြီး..

"မင်းအလကားကောင်၊ မင်းဟာ စန်တုံနယ်စား လင်းဝူတိနဲ့ ဘာမှ အဆက်အသွယ်မရှိပဲ သစ္စာဖေါက် ဝံပုလွေကောင် အတွက် အလုပ်လုပ်ပေးဖို့ ငါ့ကိုအသုံးချလိုက်တာပေါ့"

အိုရန် မထေမဲ့မြင်ပြုံးပြီး....

"အခု မင်းသိပြီမဟုတ်လား"

ရှောင်မော်ပြန်မဖြေ။

ကြိတ်မနိုင်ခဲမရ ဒေါသထွက်နေသည်။

"အမှန်တော့ ငါဒီလိုမလုပ်ချင်ဘူး၊ လုပ်လဲမလုပ်သင့်ဘူး၊ ဒါပေမယ့် ကျင့်ပဆိုတဲ့ကောင်ဆီက ဒီပစ္စည်းတွေကို ဝယ်ဖို့ကမ်းလှမ်းတော့လဲ မတန်တဆ ဈေးပြောလို့ တို့မဝယ်နိုင်ဘူး၊ ဒီကောင်ကြီးကို တိုက်ပြီးလုယူဖို့ဆိုတာကလဲ ငါတို့အနေနဲ့မဖြစ်နိုင်ဘူး၊ အဲဒါကြောင့် မင်းကိုခုတုံးလုပ်ပြီး ဒီလိုအကွက်ဆင်လိုက်ရတာပဲ"

အိုရန် ထိုင်ရာမှဆတ်ကနဲထလိုက်သည်။

လောက်ဝမ်း ဓားကိုအသင့်ပြင်ထားလိုက်၏။

ချင့်ဝူ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ထားသည်။

ချန်လုံသည် နှစ်ဘက်စလုံးကို နားမလည်စွာ ငေးကြောင်ကြည့်နေ၏။

ရှောင်မော်၏ ဒေါသမျက်လုံးသည် မီးတောက်မီးလျှံနှယ် ဝင်းဝင်းတောက်နေ၏။

"အခု....မင်းတို့ ဒီလက်နက်တွေကို ပိုင်ပြီလို့ ထင်နေကြ

သလား”

အိုရန် သဘောကျစွာရယ်မောပြီး....

“ဘာလဲ....မင်းတို့က ငါတို့ကိုပြန်တိုက်အုံးမလို့လား”

“တိုက်မယ်ကွ....တိုက်မယ်၊ မင်းတို့သစ္စာဖောက်တွေရဲ့ လက်ထဲ ဒီလက်နက်တွေအရောက်မခံဘူး”

“စဉ်းစဉ်းစားစားလုပ်ပါရှောင်မော်....မင်းတို့ညကလဲ တညလုံး တောဘုရင်နဲ့ တိုက်ခိုက်လာကြရတာ ကိုယ့်လူအင်အားလဲ ကိုယ်ပြန်ကြည့်ပ အုံး၊ အင်အားနည်းတဲ့ မင်းတို့ကို တို့က အင်အားနဲ့ အနိုင်မယူချင်ပါဘူးကွာ”

အိုရန်စကားကြောင့် ရှောင်မော်တွေဝေသွား၏။

မှန်ပါသည်။

ရှောင်မော်တွင် လူအင်အားမရှိလှတော့။

ရှိသည့် လူအင်အားကလည်း တညလုံးတိုက်လာရသဖြင့် ပင်ပန်း နွမ်းလျနေကြပြီဖြစ်သည်။

အိုရန်တွင် လူအင်အားက ရာကျော်ရှိနေသည်။

အိုရန်နောက်လိုက် အားလုံးကလည်း သွက်လက် လန်းဆန်းနေကြသူများဖြစ်နေကြသည်။

ရှောင်မော် လူကဲခတ်မှားသွားသဖြင့် ကိုယ့်ကိုယ်ကို ယူကြုံးမရဖြစ်နေမိသည်။

နောက်ဆုံးတွင်....

အချိန်ဆွဲထားပြီး၊ တမျိုးတဖုံ ကြံစည်ရန်သာ ရှိတော့သည်။

လက်နက်များကိုမူ သစ္စာဖောက်များလက်သို့ မပေးအပ်နိုင်။

ပေးလည်းမပေးချင်။



သစ္စာဖောက်လက်တွင် ပစ္စည်း လက်နက်အင်အား သာသွားပါက တိုင်းပြည်နှင့်လူမျိုး နစ်နာမည်သာ။

သို့သော်...

လက်ရှိအခြေအနေအရ ရှောင်မော်၏ လုပ်ရပ်သည် သစ္စာဖောက်များကို လက်နက်အင်အား ဖြည့်ပေးသလို ဖြစ်သွားခဲ့သည်။

ရှောင်မော်လူကြည့်မှားသွားပြီ။

အချိန်ဆွဲရန်အတွက် နည်းလမ်းကို ရှောင်မော် စဉ်းစားနေစဉ်....

“လူတွေတောင်စုံညီနေမှပဲ”

ဟူသောအသံနှင့်အတူ ရှက်မိုးဝေ၏ စဉ်းလဲသော မျက်နှာထားကို တွေ့လိုက်ရသည်။

ရှက်မိုးဝေသည် ရှောင်မော်ရှိရာသို့ လှမ်းလာပြီး....

“ကျုပ်တို့အတွက် ခုလိုလက်နက်အင်အား အကူအညီပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ရှောင်....အား”

ရှက်မိုးဝေ စကားပင်မဆုံးပေ။

နာကျင်စွာအော်ဟစ်ယင်း လဲကျသွား၏။

ရှေ့ဆင့်နောက်ဆင့်မှာပင်....

အိုရန်နှင့် စန်ကွမ်ဝေါင်းတို့လည်း နောက်ကျောတွင် အဆိပ်အပ်များစိုက်လျက် လဲကျသွားရ၏။

အိုရန် နောက်လိုက်များလည်း၊ အယောက် နှစ်ဆယ်ကျော် လဲကျသေဆုံးသွားကြရ၏။

တချို့မှာ:ဒဏ်ရာ....

တချို့ သံချန်။
တချို့ အဆိပ်အပ်။
လက်နက်အမျိုးမျိုးထိမှန်သွားကြရသည်။
ပြောင်းလဲသွားသော အခြေအနေကို အခွင့်ကောင်း ယူကာ ရှောင်မော်စတင်လှုပ်ရှား၏။
ချင်ဝူ၏လက်များကလည်း လျပ်ပြက်သည့်နှယ်။
လောင်ဝမ်း၏ဓားကလည်း ဝင်းကနဲလက်ကနဲ။
လူများရှုပ်ထွေးသွားကြသည်။
အနက်ရောင် ဝတ်စုံနှင့် လူများကလည်း နေရာအသီးသီးမှ ထွက်လာကြပြီး ရှောင်မော်တို့ဘက်မှ ကူညီတိုက်ခိုက်ပေးကြသည်။
ကောထဲဆီမှလည်း ယမ်းထုပ် ပေါက်ကွဲသံများကို ကြားရသည်။
တိုက်ပွဲထဲတွင် အသံအကျယ်ဆုံး အော်ဟစ်ပြီး အားမာန် အပြည့်နှင့်တိုက်ခိုက်နေသူကား လောင်ဝမ်းဖြစ်သည်။
လောင်ဝမ်း ဘာကြောင့်တက်ကြွနေရသနည်း။
ရောက်ရှိလာသော အမည်းရောင်အကူများနှင့် မည်သို့ ပတ်သက်နေသနည်း။
အမည်းရောင်အဖွဲ့သည် မည်သည့်အဖွဲ့ကနည်း။

* * *

# အခန်း တစ်ဆယ့်ခုနစ်

## အားသစ်မာန်သစ်ဖြင့် ရောင်နီကိုရှေးရှုလျက်

( ၁ )

လူသံများစဲသွားပြီ။
လှုပ်ရှားမှုများရပ်ဆိုင်းသွားပြီ။
အိုရန်....
ရှက်မိုးဝေ....

စန်းကွမ်ဝေါင်းတို့၏ အလောင်းကား အဆိပ် ဒဏ်ကြောင့် မည်းပြာနေကြသည်။

အိုရန်၏ နောက်လိုက် များလည်း၊ သွေးအိုင်ထဲတွင် မြင် မကောင်းကြပေ။

မကောင်းမှုပြုသူများသည် သေဆုံးရာ၌ပင် အသေမလှကြပါ

လားဟု ရှောင်မော်တွေးမိ၏။

ထိုစဉ်...

"အခြေအနေ အားလုံးကောင်းတယ် မဟုတ်လား လောင်ဝမ်း"

တည်ငြိမ်ရင့်ကျက်သောအသံကြောင့် လောင်ဝမ်းလှည့်ကြည့်လိုက်၏။

လောင်ဝမ်းမျက်နှာဝင်းလက်သွား၏။

လောင်ဝမ်းကို မေးသောသူကို ရှောင်မော်ကြည့်လို၏။

အနက်ရောင် ဝတ်စုံဝတ်ဆင်ထားပြီး ခန့်ညားသော လူတယောက်။

ထိုလူကို ရှောင်မော်လည်း ကောင်းကောင်းသိပါသည်။

ရှောင်မော့်နှုတ်မှ တလုံးချင်း ရေရွတ်လိုက်၏။

"စွန်လက်သည်း ကျူယစ်ထူ"

* * *

"စွန်လက်သည်း ကျူယစ်ထူ"

ကိုင်းပြည်နှင့် လူမျိုးအပေါ် သစ္စာရှိသော ထိပ်သီး သိုင်းသမား တယောက်။

သူသည် 'စွန်ဂိုဏ်း'ကို ဖွဲ့စည်းကာ မန်းချူးနယ်ချဲ့များ၊တိုင်းပြည်ကို ရောင်းစားရန် ကြံစည်နေကြသော အလိုတော်ရိများကို နှိမ်နှင်းတိုက်ခိုက်ခဲ့သည်။

ထို့ပြင်........



ကျူးယစ်ထူသည် ဥာဏ်ရည်ထက်မြက်သူလည်း ဖြစ်သည်။

ထို့ကြောင့်လည်း သူသည် ယမ်းများကို အသုံးပြုကာ ပေါက်ကွဲစေတတ်သော ယမ်းထုပ်လက်နက်များကို ဖန်တီးခဲ့သည်။

တနေ့....။

ကျူယစ်ထူမရှိသည့် အခိုက်အတန့်တွင် တောဘုရင် ကျင့်ပသည် လူအင်းအား အလုံးအရင်းဖြင့် ယမ်းထုပ်လက်နက်များကို တိုက်ခိုက်သယ်ယူခဲ့သည်။

ယခုတော့....

ယမ်းထုပ်လက်နက်များကို အကြောင်းပြုကာ အိုရန်၊ ရှက်မိုးဝေ၊ ခံပုလွေ စန့်ကွမ်ဝေါင်းတို့ တလုံးတစုတည်း ကျဆုံးခဲ့ရပြီ။

* * *

ပြင်းထန်သော တိုက်ပွဲကား အဆုံးသတ်ခဲ့လေပြီ။

ကျူယစ်ထူသည် အောင်မြင်ဝင့်ကြွားစွာ လျှောက်လာခဲ့သည်။

ရှောင်မော်ရှေ့တွင် ရပ်လိုက်ပြီး........

"မင်းဟာ တောကြောင်ဆိုပေမယ့်...... ဒီလက်နက် တွေကို ဒီမသမာသူတွေလက်ထဲ ရောက်မသွားအောင် ထိန်းခဲ့တဲ့အတွက် တရုတ်ပြည်ရဲ့ သူရဲကောင်းကြီးအဖြစ် ငါသတ်မှတ်တယ်"

"ဒါပေမယ့်... ကျွန်တော် သူများအသုံးချခံခဲ့ရတယ်.... ကျူအစ်ကိုကြီး"

"ဒါတွေမေ့ပစ်လိုက်ပါ၊ ဘယ်လိုပဲဖြစ်ဖြစ် မင်းလုပ်ရပ်က

မင်းရဲ့ သစ္စာတရားကို သက်သေခံခဲ့ပြီမို့လား"

ရွှောင်မော် ခေါင်းညိတ်လိုက်ကာ....

"ဒါထက် ကျွန်တော်တို့ဆီက ယမ်းထုပ်လက်နက်တွေကို အခေါင်းနဲ့ ပို့ပေးခဲ့တာ...."

"ငါတို့ပဲ......မင်းတို့ကို ရှက်မိုးဝေတို့ ဝိုင်းတိုက်တုန်း ကူညီပေးခဲ့တာလဲ ငါတို့ပဲ"

"ကျွန်တော်တို့ဘက်က အခြေအနေကို ကျူးအစ်ကိုကြီး သိနေရတာ..."

ကျူးယစ်တူပြုံးလိုက်ပြီး၊ လောင်ဝမ်းဘက် လက်ညှိုးထိုးကာ....

"ငါတို့အဖွဲ့ထဲက လောင်ဝမ်းတယောက်လုံး မင်းတို့ဘက်မှာ ရှိနေတာပဲ၊ မင်းတို့နောက်မှာ ငါတို့အမြဲရှိနေတယ်၊ ကျင့်ပဆီ မှာ ယမ်းထုပ်တွေရှိနေတော့ ကျင့်ပကို ယှဉ်တိုက်ယင် မင်းတို့ ဘက်မှာလဲ အဲဒီလို လက်နက်ရှိသင့်တယ်ထင်လို့ ငါတို့လူလွှတ်ပြီး အခေါင်းထဲ ထည့်ပို့ပေးလိုက်တာပဲ"

လောင်ဝမ်းပြုံးနေသည်။

ချင့်ဝူသည် လောင်ဝမ်း၏ ပခုံးကိုပုတ်ပြီး....

"ဒါကြောင့်....ဒီကောင်က အခေါင်းကို မရရအောင် ရှာခိုင်းတာကိုး၊ တတ်လဲတတ်နိုင်တဲ့ကောင်ကွာ"

လောင်ဝမ်း သဘောကျစွာ ရယ်လိုက်သည်။

"ကျွန်တော်တို့ကို အကူအညီပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ကျူးအစ်ကို"

"မင်းကိုလဲ ငါလေးစားပါတယ်၊ မင်းဟာ တိုင်းပြည်အပေါ် သစ္စာရှိတဲ့ သူရဲကောင်းပဲ"



"ယုံလို့ချည်လား"

"စွန် (၃၈) ရဲ့စကားကို ငါယုံတယ်"

ရွှောင်မော် မျက်မှောင်ကုပ်ပြီး......

"စွန် (၃၈) ဆိုတာ ဘာလဲ"

"စွန် (၃၈) ဆိုတာ လှတယ်၊ ဥာဏ်လဲကောင်းတယ်၊ သူက မင်းကိုလဲ ချစ်တယ်"

"ဒါဆိုယင်...."

ရွှောင်မော် တခဏမျှ စဉ်းစားပြီး....

"နီနီလား"

သွက်လက်စွာ မေးသည်။

"သူမဟုတ်ယင် ဘယ်သူရှိအုံးမလဲ၊ သူကမင်းကို ချီးကျူးတော့ တို့ကလဲ လေးစားရတာပေါ့၊ ဟိုအယင်ကတည်းက အိုရန်ဟာ မန်းချူးနဲ့ရော စန့်ကွမ်ဝေါင်းတို့နဲ့ပါ အဆက်အသွယ်ရှိတာ မသင်္ကာလို့ အိုရန်ဆီမှာ အလုပ်လုပ်ဖို့ စွန်(၃၈) ကို ပို့ခဲ့ရတာ ခုလဲသူပါလာပါတယ်"

"နီနီပါလာတယ်"

ရွှောင်မော်ရှင်ပျစွာ မေးသည်။

မေးသံပင်မဆုံး သာယာချိုလွင်သော အသံလေး ပျံ့လွင့်လာသည်။

"နီနီ....ဒီမှာပါရှင်"

နီနီသည် ပြုံးရွှင်သော မျက်နှာထားဖြင့် ရွှောင်မော်ထံ လျှောက်လှမ်းလာ၏။

"ကဲ....ငါ့ညီကို ပြောစရာရှိတာ ပြောရအုံးမယ်"

"'ဘာမျှားလဲကျူအစ်ကို"

'ခုချိန်ကစပြီး ငါ့ညီရဲ့တောကြောင်အဖွဲ့နဲ့ ငါ့ရဲ့စွန်အဖွဲ့ ပူးပေါင်းပြီး၊ ငါတို့တရုတ်ပြည်နဲ့ တရုတ်လူမျိုးတွေအတွက် နယ်ချဲ့မန်ချူးတွေကို လက်တွဲတိုက်ခိုက်ကြမယ်''

ရှောင်မော်ပါးစပ်မှပင် မဖြေတော့။

ညာလက်ကို ချက်ချင်းထုတ်ပေးလိုက်သည်။

ကျူယစ်ထူကလည်း၊ ဗယ်လက်ကို ကမ်းပေးလိုက်၏။

ကျူယစ်ထူနှင့် ရှောင်မော်တို့ လက်နှစ်ဖက် တင်းကျပ်စွာဆုပ်ကိုင်ထားမိကြသည်။

အမှောင်ဆုံးကာလများ ကုန်ဆုံးခဲ့ပေပြီ။

အရှေ့ဆီမှ အာရုဏ်ဦး၏ ရောင်နီသည် နေ့သစ်တနေ့ကို အစပျိုးရန် တာစူနေပေပြီ။

ပြီးပါပြီ

မိုးကျော်သူ
၁၈၀ (အေ) ဘောခ်ဒရီလမ်း
ဗဟန်း၊ ရန်ကုန်မြို့။